www.burmeseclassic.com

ထွန်းဖောင်ဒေးရှင်းစာပေဆု (အတ္ထုပ္ပတ္တိဘာသာရပ်)



ပြည်တော်ချစ်မင်းသား ရွှေဘ ၏

# ဘဝနှင့် အနုပညာ ရုပ်ပုံလွှာ



ကေမျိုး

ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီမှ ထုတ်ဝေသည်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၄၀၀၁၈၆၀၂၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၄၀၀၂၆၈၀၃၁၁

●

ပုံနှိပ်ခြင်း
ပထမအကြိမ်

●

အုပ်ရေ
၅၀၀

●

ထုတ်ဝေခြင်း
၂၀၁၁ ခုနှစ်၊ ဖွန်လ

●

မျက်နှာဖုံးဒီဇိုင်းနှင့် အတွင်းစာစီ
နဝရတ်ကွန်ပျူတာ

ထုတ်ဝေသူ – ဒေါ်သင်းသင်းမာ
ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီ
ပုံနှိပ်သူ – ဦးငွေသိန်း၊ သီတာပုံနှိပ်တိုက်
အမှတ် (၃၂)၊ ဒေါ်သိန်းတင်လမ်း၊
ကန်တော်ကလေး
တန်ဖိုး – ၂၀၀၀ ကျပ်

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၉၂၇

ကေမြူး
ပြည်တော်ချစ်မင်းသား ရွှေဘ၏ဘဝနှင့် အနုပညာရုပ်ပုံလွှာ/
ကေမြူး။ –ရန်ကုန်၊
ထွန်းဖောင်ဒေးရှင်းဘဏ်စာပေကော်မတီစာပေ၊ ၂၀၁၁။
၁၁၆ စာ၊ ၁၉ × ၂၅ စင်တီ။
(၁) ပြည်တော်ချစ်မင်းသား ရွှေဘ၏ဘဝနှင့် အနုပညာရုပ်ပုံလွှာ


www.burmeseclassic.com

www.burmeseclassic.com




# ပြည်တော်ချစ်မင်းသားရွှေဘ၏

# ဘဝ နှင့် အနုပညာရုပ်ပုံလွှာ

## ကေမြူး

ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီမှ ထုတ်ဝေသည်

www.burmeseclassic.com

www.burmeseclassic.com

## ပြည်တော်ချစ်မင်းသားရွှေဘ၏

# ဘဝနှင့် အနုပညာရုပ်ပုံလွှာ



**ရေးသူ • ကေမြူး**

အဖ ဦးကြွယ်၊ အမိ ဒေါ်လယ်တို့မှ ၁၉၅၀ ပြည့်နှစ်တွင် မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၌ မွေးဖွားသည်။ ငါးလုံးတင်ရွာ အစိုးရမူလတန်းကျောင်း၊ ချောင်းဦးအစိုးရအထက်တန်းကျောင်းနှင့် အင်းစိန်စက်မှုလက်မှုသိပ္ပံတို့တွင် ပညာသင်ကြားခဲ့ပြီး စက်မှုအင်ဂျင်နီယာသင်တန်း အောင်မြင်ခဲ့သည်။

ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်းတွင် အလုပ်ရုံစိတ်မှူးအဆင့်မှ စက်ရုံမှူးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး လုပ်သက်ပြည့် အငြိမ်းစားယူ၍ ယခုအခါ အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။ ၁၉၈၃၊ ၁၉၈၅ နှင့် ၂၀၀၅ ခုနှစ်များတွင် ကိုရီးယားသမ္မတနိုင်ငံနှင့် ၂၀၀၈ ခုနှစ်တွင် အိန္ဒိယသမ္မတနိုင်ငံသို့ သွားရောက်၍ အထည်ချုပ်လုပ်ငန်းဆိုင်ရာ နည်းပညာရပ်များ လေ့လာဆည်းပူးခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် စီမံကိန်းထူးချွန်(တတိယအဆင့်) ချီးမြှင့်ခံရသည်။

၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလထုတ် ဖြူနီညိုပြာမဂ္ဂဇင်းမှ ''ပတ္တမြားအစစ် နွံမနစ်''ဝတ္ထုတိုမှာ ပထမဆုံးပုံနှိပ်စာမူဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရင်း ဝါသနာအလျောက် ရှုမဝ၊ သွေးသောက်၊ ရုပ်ရှင်၊ အနုပညာကြေးမုံ၊ မဟေသီ၊ ရုပ်ရှင်မျက်မှန်၊ မြန်မာ့ဓနု၊ ရင်ခုန်သံ၊ ရွှေအမြုတေနှင့် နွယ်နီ စသည့် မဂ္ဂဇင်းများနှင့် ရုပ်ရှင်သတင်းစဉ်၊ ကြီးပွားရေးလမ်းညွှန်၊ မန္တလေးယဉ်ကျေးမှု၊ အလင်းတန်းနှင့် လျှပ်တစ်ပြက် စသည့် ဂျာနယ်များတွင် ဝတ္ထုတို၊ အခန်းဆက်ဝတ္ထုရှည်နှင့် ဆောင်းပါးများစွာ ပါဝင်ရေးသားခဲ့သည်။ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်အမှတ် (၇၂၁၂) ဖြစ်ပြီး ၂၀၀၆ ခုနှစ်တွင် ''မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ရုပ်ရှင်အနုပညာရှင်များ''စာမူဖြင့် စာပေဗိမာန်စာမူဆု (စာပဒေသာ) ရရှိသည်။ ၂၀၀၈ ခုနှစ်တွင် မြန်မာ့ရုပ်ရှင်ခေတ်ဦး ဒါရိုက်တာ ၁၅ ဦးတို့၏ ရုပ်ပုံလွှာများစာမူဖြင့် ပခုက္ကူဦးအုံးဖေ စာပေဆု(ကျမ်းစာပေ)တတိယဆု ရရှိခဲ့သည်။

အမည်ရင်း–ဦးစိန်မြ ဖြစ်သည်။

နေရပ်လိပ်စာ – အမှတ် ၁၅၊ အကွက် (၆၀)၊ နဝဒေးဉယျာဉ်အိမ်ရာ၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း

www.burmeseclassic.com

www.burmeseclassic.com

# ရှေးဦးစကား

မင်းသားရွှေဘသည် ၁၉၄၈ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့၌ စတင်ရုံတင်သည့် ပဲရောက်ရုပ်ရှင်မှ ဒါရိုက်တာ ဆရာခန့်ရိုက်ကူးသည့် လက်နက်ပုန်း ရုပ်ရှင်ကားတွင် ဇာတ်ရံအဖြစ်လည်းကောင်း၊ ၁၉၄၈ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၌ စတင်ရုံတင်သည့် ပဲရောက်ရုပ်ရှင်မှ ဒါရိုက်တာပဲရောက်ဖေကြိုင် ရိုက်ကူးသည့် သတ္တိဗျတ္တိ ရုပ်ရှင်ကားတွင် ဇာတ်ဆောင်(မင်းသား)အဖြစ်လည်းကောင်း စတင်ပါဝင် သရုပ်ဆောင်ခဲ့ပြီး ရုပ်ရှင်နယ်သို့ ခြေချခဲ့သည်။ သတ္တိဗျတ္တိ ရုပ်ရှင်တစ်ကားတည်းဖြင့် ရုပ်ရှင်ကြည့်ပရိသတ် ပြည်သူတို့၏ တစ်ခဲနက်အားပေးသည့် ဇာတ်ဆောင်မင်းသားဘဝကို ခံယူနိုင်ခဲ့ပြီး ရုပ်ရှင်ကားများစွာကို အဆက်မပြတ် ရိုက်ကူးခွင့်ရခဲ့သည်။

စာရေးသူသည် ၁၉၅၅ ခုနှစ်မှ ၁၉၆၅ ခုနှစ် ဝန်းကျင်နှစ်များအတွင်း မူလတန်းကျောင်းသားအရွယ်တွင် မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ငါးလုံးတင်ရွာမှ နယ်လှည့် ရုပ်ရှင်ကားများ အခါအားလျော်စွာ ပြသသည့် ယာယီရုပ်ရှင်ရုံ၌လည်းကောင်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသားအရွယ်တွင် ချောင်းဦးမြို့မှ မြို့လယ် ရုပ်ရှင်ရုံနှင့် နဂါးနီရုပ်ရှင်ရုံများ၌လည်းကောင်း၊ မင်းသားရွှေဘ ပါဝင်သရုပ်ဆောင်သည့် အသံတိတ်နှင့် အသံထွက် ရုပ်ရှင်ကားများကို စတင်ထိတွေ့ကြည့်ရှုခွင့်ရခဲ့ပါသည်။ ထို့နောက် စက်မှုသိပ္ပံ (အင်းစိန်)တွင် ပညာသင်ယူပြီး မိတ္ထီလာ၊ ရွာသစ်ကြီး (စစ်ကိုင်း)နှင့် ရန်ကုန်မြို့များရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ချည်မျှင်နှင့်အထည်စက်ရုံများနှင့် အထည်ချုပ်စက်ရုံများတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်းတွင်လည်း မင်းသားရွှေဘ ပါဝင်သရုပ်ဆောင်သည့် အသံထွက် ရုပ်ရှင်ကားအချို့ကို ဆက်လက်ကြည့်ရှုဖြစ်ခဲ့ပါသည်။ မင်းသားရွှေဘကို ငယ်စဉ်ကလေးဘဝကပင် နှစ်သက်ချစ်ခင် အားပေးစွဲလမ်းခဲ့ပြီး အရွယ်ရောက်ချိန်တွင် မင်းသားရွှေဘ၏ သရုပ်ဆောင်ထူးချွန်မှု၊ ကြိုးစားအားထုတ်မှု၊ ရိုးသားဖြူစင်မှုနှင့် ရဲဘော်ရဲဘက်စိတ်ဓာတ်ရှိမှုတို့ကို တွေ့မြင်ကြားသိလာရသဖြင့် သံယောဇဉ်များလေးစားကာ ဆက်လက်အားပေးဖြစ်ခဲ့ပါသည်။ မင်းသားရွှေဘ၏ နောက်ဆုံးရိုက်ကူးခဲ့သည့် ရုပ်ရှင်ကားအဖြစ် ဖေယျာရွှေပြည်ရုပ်ရှင်မှ ဒါရိုက်တာ ခင်မောင်ဦးနှင့်စိုးသိန်းထွဋ်တို့ ရိုက်ကူးသော မချစ်လဲပြုံး ချစ်လဲပြုံးကို တွေ့ရှိရပြီး ၁၉၈၅ ခုနှစ်၊ ဖွန်လ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့၌ စတင်ရုံတင်ခဲ့ပါသည်။ မင်းသားရွှေဘသည် ရုပ်ရှင်ရိုက်ကူးခြင်းအပြင် ဇာတ်သဘင်၊ ပြဇာတ်ကပြခြင်းနှင့် ဗီဒီယိုရိုက်ကူးခြင်း စသည့် အနုပညာလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့၊ အသက် ၆၀ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပါသည်။ ထို့ကြောင့် စာရေးသူသည် ကလေးဘဝ၊ လူငယ်ဘဝနှင့် လူရွယ်ဘဝတို့တွင် မင်းသားရွှေဘ၏ ရုပ်ရှင်ကားများကို ကြည့်ရှုဖြတ်သန်းစွဲလမ်းခဲ့သူအဖြစ် သတ်မှတ်ရပါမည်။

စာရေးသူသည် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ရင်း ဝါသနာအရ မဂ္ဂဇင်းနှင့် ဂျာနယ်အချို့တွင် ဝတ္ထုတို၊ ဝတ္ထုရှည် အနည်းငယ်နှင့် ဆောင်းပါးများစွာ ရေးသားဖြစ်ခဲ့ပါသည်။ ထိုသို့ရေးသားဖြစ်ရာမှ

www.burmeseclassic.com

www.burmeseclassic.com

ကလေးဘဝမှ လူရွယ်ဘဝတိုင် ကြည့်ရှုဖြတ်သန်းစွဲလမ်းခဲ့ရသော မင်းသားရွှေဘ၏ အကြောင်းအရာအချို့ကိုလည်း ရေးသားရန် ပိုင်းဖြတ်ခဲ့ပါသည်။ စာရေးသူနှင့် မင်းသားရွှေဘတို့မှာ ကျင်လည်ရာနယ်ပယ်မတူညီကြသည့်ပြင် ဆက်နွယ်ပတ်သက်မှုလည်း မရှိ၍ အတ္ထုပ္ပတ္တိအဖြစ် ရေးသားရန် မဝံ့မရဲဖြစ်ရပါသည်။ လက်လှမ်းမီသမျှ ကျမ်းစာအုပ်စာတမ်း၊ ဆောင်းပါးများ၊ မဂ္ဂဇင်းများနှင့် ပုဂ္ဂိုလ်များ၏ အကူအညီဖြင့် မင်းသားရွှေဘ၏ အကြောင်းအရာအချို့ကို ဆောင်းပါးနှင့်စာစုအသွင် ရေးသားပြုစု၍ 'ပြည်တော်ချစ်မင်းသား ရွှေဘ၏ ဘဝနှင့်အနုပညာ ရုပ်ပုံလွှာ'စာမူကို ၂၀၀၉ ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီသို့ တင်သွင်းခဲ့ပါသည်။ ထွန်းဖောင်ဒေးရှင်းဘဏ် စာပေဆုကော်မတီက 'ပြည်တော်ချစ်မင်းသားရွှေဘ၏ ဘဝနှင့် အနုပညာရုပ်ပုံလွှာ' စာမူအား အတ္ထုပ္ပတ္တိ ဘာသာရပ်အဖြစ် သတ်မှတ်၍ ဆုချီးမြှင့်ပြီး စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိပေးခဲ့ပါသည်။

'ပြည်တော်ချစ် မင်းသားရွှေဘ၏ ဘဝနှင့် အနုပညာရုပ်ပုံလွှာ' စာအုပ်နှင့် စာမူဖြစ်မြောက်ရေးတွင် ညှိနှိုင်းကိုးကားသည့် ကျမ်းစာအုပ်စာတမ်းနှင့် ဆောင်းပါးများကို ပြုစုရေးသားကြသည့် စာပေပညာရှင်နှင့် စာရေးဆရာများကိုလည်းကောင်း၊ ညှိနှိုင်းအထောက်အထား ရယူသည့် မဂ္ဂဇင်းများအား စီစဉ်တည်းဖြတ်သည့် အယ်ဒီတာများနှင့် ထုတ်ဝေသူများကိုလည်းကောင်း၊ တွေ့ဆုံဆွေးနွေး အကူအညီပေးကြသည့် ပုဂ္ဂိုလ်များကို လည်းကောင်း၊ ဆုချီးမြှင့်၍ စာအုပ်အဖြစ် ထုတ်ဝေပေးသော ထွန်းဖောင်ဒေးရှင်းဘဏ်နှင့် စာပေကော်မတီကိုလည်းကောင်း ကျေးဇူးတင်ရှိကြောင်း ဂါရဝထားမှတ်တမ်းတင်အပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ပြည်တော်ချစ်မင်းသား ရွှေဘ၏

## ဘဝနှင့် အနုပညာရုပ်ပုံလွှာ

## မာတိကာ


| | | |
|---|---|---|
| ၁။ | ရွှေဘ ဟူသည် | ၁ |
| ၂။ | ဒါရိုက်တာ ပဲရောက်ဖေကြိုင်နှင့် ကျော်ဆွေတို့၏ ပဋိပက္ခကြားမှ မင်းသားဖြစ်လာသည့် ရွှေဘ | ၄ |
| ၃။ | ရွှေဘ၏ဇာတိနှင့် ရွှေဘ၏ ဇာစ်မြစ် | ၇ |
| ၄။ | သတ္တိဗျတ္တိ ရှာပုံတော် | ၁၀ |
| ၅။ | စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားများနှင့် စတန့်မင်းသားရွှေဘအား အကဲဖြတ်ကြပုံ | ၁၆ |
| ၆။ | ရွှေဘ၏ စတန့်ဇာတ်ကြမ်း ဇာတ်လမ်းများနှင့် ဇာတ်ဆောင်စရိုက်များ | ၂၁ |
| ၇။ | အသံတိတ်နှင့် သံစုံသွင်းရုပ်ရှင်ခေတ်မှ ရွှေဘ | ၂၆ |
| ၈။ | အသံထွက်ရုပ်ရှင်ကားများနှင့် ရွှေဘ | ၃၂ |
| ၉။ | ရွှေဘတစ်ဦးတည်းပိုင် သမတရုပ်ရှင် | ၄၁ |
| ၁၀။ | သမတလူကြမ်းအဖွဲ့ | ၄၄ |
| ၁၁။ | ဒါရိုက်တာ ရွှေဘ | ၄၈ |
| ၁၂။ | ပြဇာတ် ဇာတ်ခုံထက်မှ ရွှေဘ | ၅၁ |
| ၁၃။ | မြန်မာ့ဗီဒီယိုရေစီးမှ ရွှေဘ | ၅၄ |
| ၁၄။ | ရွှေဘအား ပြည်သူတို့က ချစ်ကြပုံ | ၅၈ |
| ၁၅။ | တကယ့်ဘဝထဲမှ ရွှေဘ | ၇၁ |
| ၁၆။ | ရွှေဘပါဝင်သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်ကားများ | ၈၄ |
| ၁၇။ | ရွှေဘ သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်ကားအချို့၏ ဇာတ်လမ်းအကျဉ်းချုပ်များ | ၉၇ |
| ၁၈။ | ညှိနှိုင်းကိုးကားသည့် စာအုပ်စာတမ်းနှင့် ဆောင်းပါးများ | ၁၁၄ |


www.burmeseclassic.com

www.burmeseclassic.com





သမတ ရုပ်ရှင်
“လက်တလုံးခြား”မှ ရွှေဘ

# ရွှေဘဟူသည်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ၏ ပထမဦးဆုံး ရုပ်ရှင်ကားအဖြစ် ၁၉၂၀ ပြည့်နှစ်တွင် အမျိုးသားရေး လှုပ်ရှားမှုကို အားကြိုးမာန်တက် ဆောင်ရွက်နေသော ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းကြီး (ဝိုင်အမ်ဘီအေ)၏ ဦးဆောင်သူ တစ်ဦးဖြစ်သည့် ဦးထွန်းရှိန်၏ ဈာပနသတင်းကားနှင့် မေတ္တာနှင့်သူရာ ဇာတ်လမ်းရုပ်ရှင်ကားတို့အား စတင် ရိုက်တင်နိုင်ခဲ့ကြသည်။ မြန်မာ့ရုပ်ရှင်အနုပညာရှင်နှင့် အတတ်ပညာရှင်များသည် မြန်မာ့ရုပ်ရှင် စတင်ထွန်းကားစဉ်ကာလမှ မျက်မှောက်ကာလအထိ ရုပ်ရှင်စက်မှုပစ္စည်းကိရိယာနှင့် ရုပ်ရှင်နည်းပညာရပ်တို့တွင် အခက်အခဲများ ရှိစေကာမူ အဖြူအမည်း အသံတိတ်ရုပ်ရှင်ကားနှင့် အသံထွက်ရုပ်ရှင်ကားမြောက်မြားစွာကို ထုတ်လုပ်ခဲ့ကြပြီးနောက် ၁၉၈၅ခုနှစ်မှ စတင်၍ ဆေးရောင်စုံရုပ်ရှင်ကားများကို ထုတ် လုပ်နိုင်ခဲ့ကြပါသည်။ ထိုမြန်မာရုပ်ရှင်ကားများတွင် (တစ်နည်းအားဖြင့်) ဂန္တဝင်မြောက် မြန်မာရုပ်ရှင်ကားများလည်း ပါဝင်ခဲ့သည့်အပြင် မြန်မာ့ရုပ်ရှင်လောကမှ ထူးချွန်ထက်မြက်သည့် ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များလည်း ပေါ်ထွန်းခဲ့ပါသည်။

ထိုသို့ ထူးချွန်ထက်မြက်သည့် ရုပ်ရှင်အနုပညာရှင်များတွင် မင်းသားရွှေဘမှာ ချန်လှပ်၍မရသည့် ရုပ်ရှင်အနုပညာရှင်တစ်ယောက်ဟု ဆိုချင်ပါသည်။ မင်းသားရွှေဘမှာ မြန်မာ့ရုပ်ရှင်သမိုင်းတွင် နှယ်နှယ်ရရ မင်းသားမဟုတ်ဘဲ ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပေါ်ထွန်းထင်ရှားလာသမျှ မြန်မာ့ရုပ်ရှင်မင်းသားများနှင့် ခေတ်အဆက်ဆက် ရင်ပေါင်တန်းကာ ရုပ်ရှင်ကားမြောက်မြားစွာကို ရိုက်ကူးခွင့်ရခဲ့သည့် ရုပ်ရှင်သူရဲကောင်းတစ်ဦး ဖြစ်ပါသည်။ မင်းသားရွှေဘ ရိုက်ကူးခဲ့သည့် ရုပ်ရှင်ကားလွန်စွာများပြားမှုအပေါ်တွင် အချို့က မြန်မာ့ရုပ်ရှင်သမိုင်းတလျှောက် ရုပ်ရှင်ကားအများဆုံး ရိုက်ကူးခဲ့သည့် မင်းသားဟု သတ်မှတ်ပြောဆိုကြပြီး အချို့က နိုင်ငံတကာရုပ်ရှင်လောကနှင့်ချိန်၍ ကမ္ဘာ့ရုပ်ရှင်လောကတွင် ဇာတ်ကားအများဆုံး ရိုက်ကူးခဲ့သည့် မင်းသားဟုပင် ခန့်မှန်းတင်စားခဲ့ကြပါသည်။ ခေတ်အဆက်ဆက် ရုပ်ရှင်ကားများစွာကို အဆက်မပြတ် ရိုက်ကူးနိုင်ခွင့်ရခြင်းမှာ ရုပ်ရှင်ကြည့်ပရိသတ်အားပေးမှု အစဉ်တစိုက် ရရှိနေခြင်းကြောင့်သာဖြစ်သည်။ ရုပ်ရှင်သက်တမ်း နှစ်ပေါင်း လေးဆယ်ခန့်အတွင်း မင်းသားရွှေဘရိုက်ကူးခဲ့သည့် ရုပ်ရှင်ကားမြောက်မြားစွာအား ကြည့်ရှုအားပေးခဲ့ကြသည့် မြန်မာနိုင်ငံတစ်ဝန်းမှ မင်းသားရွှေဘ၏ ပရိသတ်အင်အားမှာ ထုထည်ကြီးမားလွန်းလှရာ ခန့်မှန်းရန်ပင် ခက်ခဲလှပါသည်။

မင်းသားရွှေဘရိုက်ကူးခဲ့သည့် ရုပ်ရှင်ကားများတွင် သာမန်အထိုးအကြိတ်၊ အပစ်အခတ်၊ အချစ်နှင့်အိမ်ထောင်ရေး ဇာတ်ကားတို့၏ နယ်ပယ်ကိုကျော်လွန်၍ နိုင်ငံနှင့်ပြည်သူကိုလည်း အကျိုးပြု၊ အနုပညာလည်းမြောက်ပြီး ဖျော်ဖြေမှုလည်း ပါဝင်သည့် ရုပ်ရှင်ကားအများအပြားပါဝင်ခဲ့ပါသည်။ ထိုရုပ်ရှင်ကားများကြောင့် ရုပ်ရှင်ကြည့်ပရိသတ်မှ ဇာတိမာန်တက်ကြွမှု၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်မှု၊ အမှန်တရားလိုလားမှု၊ ရပ်ရွာအေးချမ်းသာယာရေးကို မြတ်နိုးမှု၊ တရားဥပဒေစိုးမိုးရေးကို နှစ်သက်မှုနှင့် အသိအမြင် ထက်သန်မှန်ကန်မှု စသည့် အကျိုးတရားတို့ကို အဆမတန် ရရှိခဲ့ကြပါသည်။ ထို့ပြင် မင်းသားရွှေဘ၏ ဖွဲ့လုံ့လဝီရိယဖြင့် ကြိုးစားအားထုတ်မှု၊ သရုပ်ဆောင်အမူအရာ၊ အပြောအဆို ထူးချွန်မှုတို့နှင့် ထူးကဲသောပါရမီကြောင့် ရုပ်ရှင်ကြည့်ပရိသတ်၏ တစ်ခဲနက် အားပေးမှုနှင့် အပြည့်အဝ စွဲလမ်းချစ်ခင်မှုကို မင်းသားရွှေဘက ထူးကဲစွာ ရယူနိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း မင်းသားရွှေဘကို မြန်မာ့ရုပ်ရှင်လောကတွင် ပရိသတ်အင်အား အကြီးမားဆုံးမင်းသားဟုတစ်ဖုံ၊ ပရိသတ်အချစ်ဆုံး မင်းသားဟုတစ်သွယ်၊ မင်းသားသက်တမ်း အရှည်ဆုံး သရုပ်ဆောင်ဟုလည်းတစ်နည်း၊ ကိုယ့်ရှုထောင့်နှင့်ကိုယ် ဝိသေသအမျိုးမျိုး ပြုနေကြခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ လူဦးရေ၏ ၈၅ ရာခိုင်နှုန်းခန့်မှာ တောင်သူလယ်သမား များနှင့် အလုပ်သမားများဖြစ်ကြပြီး မင်းသားရွှေဘအား တစ်ခဲနက်အားပေးပြီး အချစ်ကြီးချစ်ကြသည့် ပရိသတ်အများစုသည်လည်း တောင်သူလယ်သမားများနှင့် အလုပ်သမားများဖြစ်ကြရာ ထူးခြားမှုဟု ဆိုရပါမည်။

မြန်မာ့ရုပ်ရှင် သမိုင်းတစ်လျှောက်တွင် ထူးချွန်ထက်မြက်သည့် ရုပ်ရှင်အနုပညာရှင်နှင့် အတတ်ပညာရှင်များစွာပေါ်ထွန်းခဲ့ရာ ထိုရုပ်ရှင်အနုပညာရှင်နှင့် အတတ်ပညာရှင်များအနက် စာရေးဆရာ၊ အယ်ဒီတာနှင့် ဒါရိုက်

www.burmeseclassic.com

www.burmeseclassic.com



တာပြည့်စုံ၏ ကျွန်တော့်ဇာတ်လိုက် ချစ်ရွှေကြီး၊ စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး၏ မာလာရီ(အကယ်ဒမီကြည်ကြည်မြေး)၊ စာရေးဆရာ မြောင်းမြဘဆွေ၏ ယနေ့ကျော်ဆွေ၊ တက္ကသိုလ်မောင်လှသူ၏ ခင်ယုမေ၊ မြင့်မြင့်ခင်နှင့် ဖိုးပါကြီးတို့အကြောင်းတစ်အုပ်စီနှင့် လင်းယုန်နီ၏ ဝါဝါဝင်းရွှေအကြောင်းတို့အား လုံးချင်းစာအုပ်များ အဖြစ်လည်းကောင်း၊ သွေးသောက်မဂ္ဂဇင်းတွင် စာရေးဆရာ၊ အယ်ဒီတာနှင့် ဒါရိုက်တာပြည့်စုံ၏ ကျွန်တော့်ဇာတ်လိုက်ချစ်ရွှေကြီးနှင့် မြန်မာ့ရုပ်ရှင်နှင့် ဦးညီပု၊ ရုပ်ရှင်မဂ္ဂဇင်းတွင် စာရေးဆရာ ဘုန်းမြင့်(ရွှေမင်းဝံ)၏ ပဲရောက်ဦးဆန်နီနှင့် ဗြိတိသျှဘားမား ဦးညွှန့်တို့အား အခန်းဆက်ဆောင်းပါးများအဖြစ်လည်းကောင်း၊ အနုပညာရှင် အသီးသီးအား ကျယ်ပြန့်စွာ ဂုဏ်ပြုရေးသား မှတ်တမ်းတင်ထားသည်ကို တွေ့ရှိရပါသည်။

BURMESE CLASSIC .com

ထိုလက်လှမ်းမီသမျှ တွေ့ရှိရသော မဂ္ဂဇင်းအခန်းဆက်ဆောင်းပါးများအနက် ကျွန်တော့်ဇာတ်လိုက် ချစ်ရွှေကြီးသာလျှင် လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေနိုင်ခဲ့ပြီး မြန်မာ့ရုပ်ရှင်နှင့် ဦးညီပု၊ ပဲရောက်ဦးဆန်နီနှင့် ဗြိတိသျှဘားမားဦးညွှန့်တို့မှာ လုံးချင်းစာအုပ်အဖြစ် မရောက်ရှိသေးဘဲ ဖြစ်နေပါသည်။ ထို့ပြင် ရွှေလေးမောင်၏ပြည်သူတွေချစ်သော အနုပညာသည်ကြီးများ၊ သိမ်ဖြူ ကြွယ်ဝ၏ နှစ် ၅၀ ခရီး ရုပ်ရှင်ပညာသည်များမှတ်တမ်း၊ စစ်ကိုင်းလှရွှေ၏ ခေတ်ဟောင်းရုပ်ရှင် စတန့်မင်းသား ၁၀ ဦး၊ စံထူး၏ အနုပညာကျော်တစ်ရာ၊ မင်းညွှန့်၏ ချစ်ပန်းသုံးပွင့် (တစ်တွဲလျှင် ရုပ်ရှင်သရုပ်ဆောင်သုံးဦးစီဖြင့်လေးတွဲ)၊ မိုးမြင့်ဟိန်း၏ အကျော်ကြားဆုံးနှင့် ပရိသတ်အင်အားအများဆုံး မင်းသားများ၊ ချစ်နိုင်(စိတ်ပညာ)၏ သူတို့ ဘာကြောင့်အောင်မြင်နှင့် ကျော်သန်းမြင့် (ဗန်းမော်)၏ မြန်မာ့ရုပ်ရှင်ငွေကြယ်ပွင့်တို့ ရုပ်ပုံလွှာများ အမည်ရှိလုံးချင်းစာအုပ်များတွင် ရုပ်ရှင်အနုပညာရှင် များစွာတို့၏ အကြောင်းအရာ အကျဉ်းချုပ် ဆောင်းပါးများအား စုပေါင်း၍ ဂုဏ်ပြုရေးသား မှတ်တမ်းတင်ထားသည်ကို တွေ့ရပါသည်။

မြန်မာ့ရုပ်ရှင် မှတ်တမ်းတစ်လျှောက်မှ ထူးချွန်ထက်မြက်သည့် ရုပ်ရှင်အနုပညာရှင်နှင့် အတတ်ပညာရှင်များစွာအား ကျယ်ပြန့်စွာ ဂုဏ်ပြုရေးသား မှတ်တမ်းတင်ရန် ကျန်ရှိလစ်ဟင်းနေဆဲ ရှိပါသည်။ ထူးချွန်ထက်မြက်သည့် ရုပ်ရှင်အနုပညာရှင်နှင့် ရုပ်ရှင်အတတ်ပညာရှင်တို့အား လုံးချင်းစာအုပ်အဖြစ် ကျယ်ပြန့်စွာ ဂုဏ်ပြုရေးသား မှတ်တမ်းတင်ရန်မှာ အခက်အခဲ အမျိုးမျိုးဖြင့်နက်နဲစွာအချိန်ယူ ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်၍လည်း များစွာကျန်ရှိလစ်ဟင်းနေခြင်း ဖြစ်ပါလိမ့်မည်။

ဂုဏ်ပြုရေးသား မှတ်တမ်းတင်ရန် ကျန်ရှိ လစ်ဟင်းနေသော ထူးချွန်ထက်မြက်သည့် ရုပ်ရှင်အနုပညာရှင်နှင့် အတတ်ပညာရှင်များတွင် တစ်ဦး အပါအဝင်ဖြစ်သော မင်းသားရွှေဘနှင့် စပ်လျဉ်း၍ လက်လှမ်းမီရာ စာအုပ်စာတမ်း၊ စာနယ်ဇင်းဆောင်းပါးများနှင့် မြန်မာ့ရုပ်ရှင်အား ကျွမ်းဝင်နှံ့စပ်စွာသိရှိကြသော ပုဂ္ဂိုလ်ကြီးများထံ ချဉ်းကပ်စူးစမ်းလေ့လာမှုများကို အခြေခံလျက် အတ္ထုပ္ပတ္တိအဖြစ် မဟုတ်ဘဲ သိမြင်နိုင်သမျှ ရှုထောင့်အသွယ် သွယ်အား ဆောင်းပါးများအသွင် ဖန်တီးပြီး စုစည်းဖော်ပြလိုက်ပါသည်။ မင်းသားရွှေဘ၏ စတန့်မင်းသားဘဝသို့ဖွဲ့လို့လ ဝီရိယကြီးစွာ စွန့်စားရောက်ရှိပုံ၊ ရုပ်ရှင်နယ်ပယ်တွင် မင်းသားရွှေဘမှာ သရုပ်ဆောင်ထုတ်လုပ်သူနှင့် ဒါရိုက်တာဘဝများ ခံယူပုံ၊ ဇာတ်သဘင်နယ်ပယ်နှင့် မြန်မာ့ ဗီဒီယိုရေစီးတွင် ကျင်လည်ပုံ၊ မင်းသားရွှေဘအား ပြည်သူများကအချစ်ကြီးချစ်ကြပုံ၊ မင်းသားရွှေဘ၏ စိတ်နေစိတ်ထား၊ အကျင့်စာရိတ္တနှင့် တကယ့်ဘဝအား ဖြတ်သန်းပုံတို့နှင့် မင်းသားရွှေဘ ရိုက်ကူးခဲ့သော ရုပ်ရှင်ကားများနှင့် မင်းသားရွှေဘ သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်ကားအနည်းငယ်၏ ဇာတ်လမ်းအကျဉ်းချုပ်တို့အား အမြွက်မျှ တွေ့ထိသိရှိနိုင်ကြပါသည်။ ထိုသို့ ရွှေဘအကြောင်း တစေ့တစောင်း ရှုမြင်သိရှိကြလျှင် ရွှေဘဟူသည် နှယ်နှယ်ရရ သာမန် ရုပ်ရှင်မင်းသားမဟုတ်ကြောင်းကိုလည်း ပေါ်လွင်ထင်ရှား သိရှိနိုင်ကြပါလိမ့်မည်။ ။

www.burmeseclassic.com

www.burmeseclassic.com





ပြည်ကျော် ဖလင်
"တုံးဆို တိုက်"မှ ရွှေဘ

# ဒါရိုက်တာ ပဲရောက်ဖေကြိုင်နှင့် ကျော်ဆွေတို့၏ ပင့်ပကွကြားမှ မင်းသားဖြစ်လာသည့်

# ရွှေဘ

ပဲရောက်ရုပ်ရှင်ကုမ္ပဏီတည်ထောင်သူမှာ ကြက်တူရွေး အမှတ်တံဆိပ် အသုံးပြုသော Parrot Taxi လုပ်ငန်းပိုင်ရှင် ဦးဆန်နီ ဖြစ်သည်။ ဦးဆန်နီသည် ငယ်စဉ်က ဆင်းရဲနွမ်းပါး၍ မီးသွေးရောင်းချခြင်း၊ ရန်ကုန်မြင်းကွင်း စာရေးလုပ်ခြင်း၊ Parrot Taxi ကုမ္ပဏီ၏ အောက်ခြေလုပ်ငန်းအဝဝ (စာရေးမှ အုပ်ချုပ်ရေးမှူးအထိ) ဆောင်ရွက်ခြင်း စသည်တို့ကို ရိုးသားစွာရုန်းကန်လှုပ်ရှားပြီးမှ Parrot Taxi လုပ်ငန်းပိုင်ရှင်ဘဝကို ပိုင်ဆိုင်လာသူ ဖြစ်သည်။ ထို့ပြင် ဦးဆန်နီမှာ အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်သူ ဗိုလ်ပီ ဗြိတိသျှနယ်ချဲ့ ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုကို ပါဝင်အားပေးပြီး မြန်မာတိုင်းရင်းသားများ အသိပညာကြွယ်ဝကာ ကြီးပွားတိုးတက်စေလိုသူလည်း ဖြစ်

www.burmeseclassic.com



သည်။ ထို့ကြောင့် စာကြည့်တိုက်တည်ထောင် ဖွင့်လှစ်ခြင်း၊ စာကြည့်တိုက်များစွာသို့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်စာတမ်းများ လှူဒါန်းခြင်း၊ 'မြန်မာပြည်သည် မြန်မာတို့အဖို့ ဖြစ်သည်'ဟူသည့် ဆောင်ပုဒ်ဖြင့် စာရေးဆရာကြီး ပီမိုးနင်း ဦးဆောင်တည်းဖြတ်သည့် လမ်းညွှန်ဂျာနယ် ထုတ်ဝေခြင်းနှင့် အမျိုးသားရေးလှုပ်ရှားမှုများတွင် ပါဝင်စွမ်းဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ မြန်မာ့ရုပ်ရှင်မှာ ၁၉၂၀ ပြည့်နှစ်တွင် စတင် ထွန်းကားခဲ့ရာ ၁၉၃၀ ပြည့်ဝန်းကျင်တွင် မြန်မာတို့မှ တစ်ခဲနက်အားပေးနေကြသည်ကို ဦးဆန်နီလေ့လာသိရှိပြီး စာဖတ်သူအရေအတွက်ထက် ရုပ်ရှင်ကြည့်သူအရေအတွက်က သုံးလေးဆမက ကြီးမားလျက် ရှိသည်ကိုလည်း ခန့်မှန်းမိလိုက်သည်။ ထို့နောက် မြန်မာတိုင်းရင်းသားများ အသိပညာကြွယ်ဝရေးနှင့် ကြီးပွားတိုးတက်ရေးတွင် ရုပ်ရှင်ပညာဖြင့် တစ်တပ်တစ်အား ပါဝင်စွမ်းဆောင်နိုင်ရေးကို ရည်ရွယ်၍ ပဲရောက် ရုပ်ရှင်ကုမ္ပဏီကို တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

ပဲရောက် ရုပ်ရှင်ကုမ္ပဏီကို တည်ထောင်ချိန်တွင် မြန်မာ့အဆွေ(အေဝမ်း) ဖလင်၊ ဗြိတိသျှဘားမား ရုပ်ရှင်၊ လန်ဒန်အတ် ရုပ်ရှင်၊ ရန်ကုန် ရုပ်ရှင်၊ ဘားမားအတ် ရုပ်ရှင် စသည်တို့မှ ရုပ်ရှင်ကားအမျိုးမျိုးအား တွင်ကျယ်စွာ ထုတ်လုပ်ပြသနေချိန်လည်း ဖြစ်သည်။ ဦးဆန်နီသည် မြင့်မားကောင်းမွန်သော ရည်ရွယ်ချက်ဖြင့် ပဲရောက်ရုပ်ရှင်ကုမ္ပဏီကို တည်ထောင်ခဲ့သည့်အလျောက် ၁၉၃၁ ခုနှစ်မှ စတင်လျက် ၃၆ ကောင်၊ ဒို့ဒေါင်းလံ၊ ဒေါင်းဒင်္ဂါး၊ အလံတောင်၊ သခင်မျိုး၊ ရန်နိုင်ရန်အောင်၊ ဒို့ဘုရင်၊ အရှင်နှစ်ပါးနှင့် ဗုဒ္ဓရာဇာ စသည့် နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် အမျိုးသားရေး လှုပ်ရှားမှုတို့အား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် ရုပ်ရှင်ကားများကို အောင်မြင်စွာ ဆက်တိုက် ရိုက်ကူးထုတ်လုပ်ခဲ့သည်။ ပဲရောက် အငှားယာဉ်လုပ်ငန်းနှင့် ပဲရောက် ရုပ်ရှင်ကုမ္ပဏီတို့ကို အစွဲပြု၍ ဦးဆန်နီအား ပဲရောက် ဦးဆန်နီအဖြစ် ကင်ပွန်းတပ်ကြရုံမျှမက ဦးဆန်နီ၏သား ပဲရောက်ရုပ်ရှင်ကုမ္ပဏီ လုပ်ငန်းများအား ကူညီစီမံသူသားကိုဖေကြိုင်ကိုပါ ပဲရောက်ကိုဖေကြိုင်ဟု ခေါ်ခဲ့ကြသည်။ ဦးဆန်နီမှာ ဒါရိုက်တာအဖြစ် ရိုက်ကူးမှု မပြုခဲ့သော်လည်း ကိုဖေကြိုင်ကိုမူ ကုမ္ပဏီလုပ်ငန်းများအပြင် အခါအားလျော်စွာ ဒါရိုက်တာအဖြစ် လုပ်ကိုင်စေခဲ့ရာ ဒါရိုက်တာအမည်အား ပဲရောက်ဖေကြိုင်ဟု ခံယူခဲ့သည်။ ဒုတိယကမ္ဘာစစ်မီး မြန်မာနိုင်ငံတွင်းသို့ ကူးစက်လာမှု၊ ဗြိတိသျှနယ်ချဲ့တို့အား ဂျပန်နှင့် မြန်မာတို့ ပူးပေါင်းတိုက်ခိုက်မှုနှင့် ဖက်ဆစ်ဂျပန်တို့အား မဟာမိတ်တပ်များနှင့် မြန်မာတို့ ပူးပေါင်းတော်လှန်မှုတို့ ဖြစ်ပွားစဉ်ကာလ (၁၉၄၂–၁၉၄၅)တွင် ရုပ်ရှင်ရိုက်ကူး ထုတ်လုပ်မှုနှင့်ပြသမှုတို့ ရပ်ဆိုင်းခဲ့ရသည်။ ဘမျိုးဘိုးတူ ဆိုသကဲ့သို့ပင် ကိုဖေကြိုင်မှာလည်း မျိုးချစ်စိတ်ဓာတ် ကိန်းအောင်းလျက်ရှိရာ လွတ်လပ်ရေးကြိုးပမ်းမှု၏ အရန်အင်အားစုဖြစ်သော အာရှလူငယ်အစည်းအရုံးဝင်အဖြစ် ပါဝင်လှုပ်ရှားခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး ဂျပန်တပ်များ ဆုတ်ခွာသွားပြီးနောက် မြန်မာနိုင်ငံအတွင်းသို့ မဟာမိတ်တပ်များ ဝင်ရောက်လာချိန်၌ ဗြိတိသျှဘားမားရုပ်ရှင်မှ ၁၉၄၆ ခု နှစ် ဦးမှာပင် ဒါရိုက်တာဦးဘရှင်၏ စောရစ်ရှား ဇာတ်ကြမ်းကားကိုစတင်ရိုက်ကူးခဲ့သည်။ စောရစ်ရှား ရုပ်ရှင်ကားတွင် တင်ဖေ၊ မေမြနှင့် မင်းသားသစ် ကျော်ရွှေတို့ ပါဝင်သရုပ်ဆောင်ခဲ့ကြရာ ဒါရိုက်တာ ပဲရောက်ဖေကြိုင်သည် စောရစ်ရှားကြည့်ပြီးချိန်တွင် မင်းသားသစ်ကျော်ရွှေကို လွန်စွာနှစ်သက်သဘောကျခဲ့သည်။ ထို့ကြောင့် ဦးဆန်နီနှင့် ဒါရိုက်တာ ဦးအောင်ဖံတို့ဖြင့် ညှိနှိုင်းပြီး ကျော်ရွှေအား ခေါင်းဆောင်မင်းသားတင်ကာ ပဲရောက်ရုပ်ရှင်ကုမ္ပဏီ၏ စစ်ပြီးခေတ် ပထမဆုံးရုပ်ရှင်ကား 'ဗိုလ်ချုပ်'ကို ရိုက်ကူးရန် စီစဉ်ခဲ့သည်။ စစ်ကြိုခေတ်က ကျော်ကြားခဲ့သော စတန့်မင်းသားကျော်ညွန့်နှင့် ချစ်ရွှေတို့၏ ရုပ်ရည်နှင့် အရပ်အမောင်း ဆင်တူခြင်းတို့ကြောင့် ကျော်ရွှေအား ညွန့်ရွှေဟု အမည်ပေး ခေါင်းဆောင်မင်းသားတင်ကာ ခင်နန်းမြင့်နှင့် တွဲဖက်သရုပ်ဆောင်စေခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းအား တွေ့ချင်မြင်ချင်လွန်းလှ၍ ရန်ကုန်မြို့သို့ လာရောက်သည့် ကျေးလက် လူငယ်လေးတစ်ယောက်၏ အဖြစ်သနစ်များကို အကြမ်းအရမ်း၊ အထိုးအကြိတ်နှင့် ဟာသရောစပ်ရိုက်ကူးပြီး ၁၉၄၆ ခုနှစ်တွင် ရုံတင်ခဲ့ရာ လူကြိုက်များပြီး အောင်မြင်မှုကြီးမားခဲ့သည်။ ဗိုလ်ချုပ် ဇာတ်ကား၏ အောင်မြင်မှုကြောင့် ပဲရောက်ရုပ်ရှင်မှ မင်း

www.burmeseclassic.com

www.burmeseclassic.com



သားညွှန့်ရွှေ၊ ညိုအေး၊ နီတွတ်၊ မေသန်းကြည်နှင့် မစောတင်တို့ ပါဝင်သရုပ်ဆောင်သည့် သတ္တိဗျတ္တိအား ဒါရိုက်တာပဲရောက်ဖေကြိုင်က ဆက်လက်ရိုက်ကူးရန် စီစဉ်ခဲ့သည်။

သတ္တိဗျတ္တိ ရုပ်ရှင်ကားဇာတ်ညွှန်းတွင် အင်းစိန်စော်ဘွားကြီးကုန်း (ယခု မင်းဓမ္မကုန်းပတ်ဝန်းကျင်)ပေါ်မှ ဇာတ်ကြမ်းရုပ်ရှင်ခန်းများ ရိုက်ကူးရာ၌ အဆောက်အဦးမြင့်မြင့်၊ တောင်ကုန်းမြင့်မြင့်နှင့် တံတားစသည်တို့မှ ခုန်ချခြင်း၊ ပြေးနေသောယာဉ်တစ်စီးပေါ်မှ အခြားယာဉ်တစ်စီးသို့ ခုန်ကူးခြင်း၊ သားရဲတိရစ္ဆာန်များနှင့် သတ်ပုတ်ခြင်း၊ အခုန်အပျံနှင့် ဒိုင်ဗင် စသည့်စွန့်စားခန်းများတွင် လူစားမထိုးဘဲ မင်းသားများကိုယ်တိုင် သရုပ်ဆောင်စွန့်စားကြရသည်။ မင်းသား ညွှန့်ရွှေ(ကျော်ရွှေ)က ဒါရိုက်တာပဲရောက်ဖေကြိုင်အား ကိုယ်တိုင်ကိုယ်ကျ ပါဝင်သရုပ်ဆောင်ရန် မသင့်လျော်၍ လူစားထိုးပြီး ရိုက်ကူးရန် အကြံပြုသည်။ ဒါရိုက်တာ ပဲရောက်ဖေကြိုင်က လူစားထိုး ရိုက်ကူးသည်ထက် မင်းသားညွှန့်ရွှေ(ကျော်ရွှေ) ကိုယ်တိုင်သရုပ်ဆောင်မှသာ ရုပ်ရှင်ကား ပိုမိုကောင်းမွန်ရန်နှင့် ပရိသတ်ပိုမိုအကြိုက်တွေ့ရန်ရှိကြောင်း ဖျောင်းဖျပြီး လူစားထိုးရိုက်ကူးရန် အကြံအစည်ကို ငြင်းပယ်ခဲ့သည်။ ဒါရိုက်တာ ပဲရောက်ဖေကြိုင်နှင့် မင်းသားညွှန့်ရွှေ(ကျော်ရွှေ)တို့ လူစားထိုးရေးကိစ္စအား ညှိနှိုင်း၍မရသောအခါ မင်းသားညွှန့်ရွှေ(ကျော်ရွှေ)က သတ္တိဗျတ္တိတွင် ပါဝင်သရုပ်ဆောင်မှုမပြုတော့ဘဲ ပဲရောက်ရုပ်ရှင်ကုမ္ပဏီနှင့် လမ်းခွဲခဲ့သည်။ ဒါရိုက်တာ ပဲရောက်ဖေကြိုင်ကလည်း သတ္တိဗျတ္တိ ရုပ်ရှင်ကားအတွက် အခြားမင်းသားတစ်ယောက်ကို အစားထိုးရန် စဉ်းစားဆုံးဖြတ်ပြီး အမြန်ဆုံး ဆက်လက်ရိုက်ကူးရန် စီစဉ်ခဲ့သည်။


ထို့နောက် ဒါရိုက်တာ ပဲရောက်ဖေကြိုင်သည် အေးကြည်အမည်ရှိ အသားဖြူဖြူ၊ ကိုယ်ကာယတောင့်တောင့်၊ မျက်နှာချိုချိုနှင့် လူငယ်ချောချောတစ်ယောက်ကို တွေ့ရှိသဘောကျကာ အမူအရာနှင့် စွန့်စားခန်းအမျိုးမျိုးအား ကျေနပ်သည်အထိ အကြိမ်ကြိမ် စမ်းသပ်စစ်ဆေးပြီး သင်ကြားလေ့ကျင့်မှု ပြုခဲ့သည်။ ပဲရောက်ရုပ်ရှင်ကုမ္ပဏီမှ မင်းသားသစ် ရွှေဘဟု အမည်ပေးကာ ညိုအေးကြီး၊ နီတွတ်၊ မစောတင်၊ မေသန်းကြည်တို့နှင့်အတူ သတ္တိဗျတ္တိကို ဆက်လက်ရိုက်ကူးခဲ့သည်။ မင်းသား ရွှေဘသည် စော်ဘွားကြီးကုန်းထက်မှ ဆိုင်ကယ်စီးရင်း ဆိုင်ကယ်ရောလူပါ ခုန်ချသည့်အခန်းကို လူစားမထိုးဘဲ ကိုယ်တိုင်သရုပ်ဆောင်ရိုက်ကူးခဲ့သည်။ သတ္တိဗျတ္တိ ရုံတင်ချိန်တွင် ရုပ်ရှင်ကြည့်ပရိသတ် အကြိုက်တွေ့ကာ အောင်မြင်ခဲ့ရုံမျှမက မင်းသားရွှေဘလည်း တစ်ကားတည်းနှင့် လျှမ်းလျှမ်းတောက်ကျော်ကြားသည့် စတန့်မင်းသား ဖြစ်ခဲ့သည်။ မင်းသားညွှန့်ရွှေ(ကျော်ရွှေ)ကလည်း မြန်မာ့အဆွေ(အေဝမ်း)ဖလင်နှင့်လက်တွဲ၍ ကျော်ဆွေအမည်ပြောင်းကာ ရုပ်ရှင်ကားများစွာ ရိုက်ကူးပြီး ထိပ်တန်းမင်းသားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ပဲရောက်ရုပ်ရှင်မှ ဒါရိုက်တာဖေကြိုင်၏ သတ္တိဗျတ္တိရိုက်ကူးစဉ်က မင်းသားရွှေဘမှာ စော်ဘွားကြီးကုန်းထက်မှ ဆိုင်ကယ်စီးရင်း ဆိုင်ကယ်ရောလူပါ ခုန်ချသည့်အခန်းကို လူစားမထိုးဘဲ ကိုယ်တိုင်စွန့်စား သရုပ်ဆောင်ခဲ့ရာ၌ မြေပြင်ပေါ်သို့ ရောက်ချိန်တွင် ရွှေဘက အောက်သို့ရောက်သွားပြီး ဆိုင်ကယ်က ရွှေဘအပေါ်ကျကာ ရိုက်ဖိလိုက်၍ ခါးရိုးကျိုးခဲ့ရသည်။ အစမ်းလေ့ကျင့်မှု (Rehearsal) လုပ်စဉ်ကအတိုင်း ကုန်းပေါ်မှ ဆိုင်ကယ်ကိုသာကျစေပြီး လူက ဒိုင်ဗင်ဖြင့် ခုန်ချရန် ဖြစ်သော်လည်း ဆိုင်ကယ်ခြေနင်းတွင် ခြေထောက်ငြိနေသဖြင့် လွှပ်ရှားမရတော့ဘဲ ဆိုင်ကယ်အောက်သို့ လူကျရောက်ခဲ့ခြင်း ဖြစ်သည်။ သတ္တိဗျတ္တိ ရုပ်ရှင်ကားအား ပရိသတ်က တစ်ခဲနက်ကြိတ်ကြိတ်တိုးအားပေးနေကြချိန်တွင် ရွှေဘမှာ ခါးရိုးကျိုးဒဏ်ရာအားကျောက်ပတ်တီးစည်းထားပြီး ဆေးရုံ၌ ဝေဒနာခံစားနေရချိန်ဖြစ်သည်။ စတန့်မင်းသား ဖြစ်ချင်လွန်းလှ၍ စွန့်စွန့်စားစားနှင့် ရဲရဲဝံ့ဝံ့ သရုပ်ဆောင်မှု၏ ရလဒ်အဖြစ် ပရိသတ်တစ်ခဲနက် ကြိတ်ကြိတ်တိုးအားပေးခြင်းကို ရရှိလိုက်သဖြင့် ပြင်းထန်စွာဝေဒနာခံစားရင်း မင်းသားရွှေဘ ကြည်နူးဝမ်းသာ ဖြစ်နေမည်မှာ မုချပင်။ ။

www.burmeseclassic.com

www.burmeseclassic.com





သမတ ရုပ်ရှင်
"လက်တလုံးခြား"မှ
ရွှေဘ

# ရွှေဘ၏ဇာတိနှင့်
# ရွှေဘ၏ဇာစ်မြစ်

မင်းသားရွှေဘ၏ အမည်ရင်းမှာ မောင်အေးကြည် ဖြစ်ပြီးပုသိမ်မြို့၊ မြို့ပတ်လမ်းနေ ပန်းချီဆရာကြီးဦးအောင်မြတ်နှင့် ဖနီးဒေါ်ကွန်း(ဒေါ်ကွမ်း)တို့မှ ၁၂၈၉ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက် (၁၉၂၈ ခုနှစ်၊ မတ်လ၃၁ရက်) နေ့တွင် မွေးဖွားခဲ့ပြီး သားသမီးလေးယောက်အနက် အငယ်ဆုံးသား၊ ကရင်မြန်မာ ကပြားဖြစ်သည်။ မိဘများက ပညာရေးကို အားပေးခဲ့သော်လည်း မောင်အေးကြည်မှာ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



သင်ခန်းစာများထက် လက်ဝှေ့ထိုး၊ ဒိုင်ဗင်၊ မြင်းစီး၊ ရေကူး၊ အလေးမ၊ ခြင်းလုံးခတ် စသည့် အားကစားလှုပ်ရှားမှုများအား ပိုမိုစိတ်ဝင်စားပြီး လေ့ကျင့်ခြင်းနှင့် စတန့်ရုပ်ရှင်ကားများနှင့် အထိုးအကြိတ်၊ အသတ်အပုတ်၊ ဇာတ်ကြမ်းရုပ်ရှင်ကားများအား အလေးပေးကြည့်ရှုခြင်းတို့ကို အားသန်လိုက်စားခဲ့သည်။ ကျောင်းပညာ ၇ တန်းအထိ သင်ကြား၍ ကျောင်းမှနုတ်ထွက်ပြီး ရန်ကုန်ရေကျော်ကျောင်းတွင် ပညာသင်ကြားခဲ့ဖူးသည်ဟု ဆိုကြသည်။

ပုသိမ်မြို့မှ ထွက်ခွာခဲ့ပြီး ရန်ကုန်မြို့ ရေကျော်ရပ်ကွက်၊ လမ်း ၅၀ ထိပ်ရှိ သံဖြူလုပ်ငန်းလုပ်ကိုင်သည့် ဦးလေး၏နေအိမ်တွင် သံဖြူလုပ်ငန်းကို ကူညီလုပ်ကိုင်ရင်း မှီခိုနေထိုင်ခဲ့သည်။ လုပ်ငန်းအားလပ်ချိန်တွင် မြန်မာ့လက်ဝှေ့ကျော် ကျားဘညိမ်းထံတွင် လက်ဝှေ့ထိုးသင်ယူခဲ့သည့်အပြင် ကျန်အားကစားလေ့ကျင့်မှုများကိုလည်း အစဉ်တစိုက် ပြုလုပ်ခဲ့သည်။ ရေကျော်တွင် သွားရင်းလာရင်းနှင့် အားကစားလေ့ကျင့်မှုများ ပြုလုပ်နေသည့် အေးကြည်အား မြင်တွေ့ဖန်များလာသောအခါ ရေကျော်တွင်နေထိုင်သူ ရုပ်ရှင်သရုပ်ဆောင် ညိုအေး (လူကြမ်းညိုအေးကြီး)က သဘောကျ၍ ရုပ်ရှင်ဝါသနာပါသည်ကို စူးစမ်းသိရှိပြီး ပဲရောက်ရုပ်ရှင်ကုမ္ပဏီနှင့် ဆက်သွယ်ပေးခဲ့သည်။ မောင်အေးကြည် အသက် ၁၇ နှစ်အရွယ်တွင် ပဲရောက်ရုပ်ရှင်မှ ဒါရိုက်တာဆရာခန့် ရိုက်ကူးသည့် လက်နက်ပုန်း ရုပ်ရှင်ကားတွင် ဇာတ်ရံအဖြစ် စတင်သရုပ်ဆောင်ခွင့် ရခဲ့သည်။ လက်နက်ပုန်းတွင် တင်မောင်ဝင်း၊ စိန်စိန်၊ ညွန့်ညွန့်နှင့် ညိုအေးကြီးတို့က အဓိကသရုပ်ဆောင်ခဲ့ကြပြီး လောဘ၊ ဒေါသနှင့် မောဟအမိုက်မှောင်ဖုံးလွှမ်းနေသူများကို သင်ခန်းစာပေးထားလျက် လွတ်လပ်ရေးခေတ်ဦးကာလ ၁၉၄၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် သွင်နှင့် ကြည့်မြင်တိုင် ရွှေတိုင်သီရိရုံတို့တွင် ရုံတင်ခဲ့သည်။ ရုပ်ရှင်အတွေ့အကြုံ အနည်းငယ် စတင်ရရှိပြီးနောက် ပဲရောက်ရုပ်ရှင်ကုမ္ပဏီမှ မင်းသားသစ် အလိုရှိကြောင်း ကြားသိတိုင်း အေးကြည်သည် မရက်မကြောက်ဝင်ရောက်ယှဉ်ပြိုင် အစစ်ဆေးခံလေ့ရှိသည်။

ဒါရိုက်တာ ပဲရောက်ဖေကြိုင်နှင့် မင်းသားညွန့်ရွှေ (ကျော်ရွှေ)တို့ သတ္တိဗျတ္တိရိုက်ကူးရင်း ပဋိပက္ခဖြစ် အငြင်းပွားပြီး ညှိနှိုင်းမရ၍ လမ်းခွဲကြရာမှ သတ္တိဗျတ္တိတွင် မောင်အေးကြည်အား ရွှေဘဟုအမည်ပေးပြီး မင်းသားတင် ရိုက်ကူးခဲ့ရာ၌ နောက်ခံအကြောင်းရင်း ဇာစ်မြစ်အား တစ်ဆင့်စကား တစ်ဆင့် နားကြားရသမျှကို ပြန်လည်ပြောဆိုရေးသားခဲ့ကြပါသည်။ ပြန်လည်ပြောဆိုရေးသားမှုများတွင်ကွဲလွဲမှု အတော်အသင့်ရှိနေသော်လည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။

၁၉၅၇ ခုနှစ်မှ စတင်၍ ကျော်တော့လေ့သူကြီး ရုပ်ရှင်ကားဖြင့် ရုပ်ရှင်လောကသို့ သရုပ်ဆောင်မင်းသားဝင်းဇော်အဖြစ် ခြေချပြီးနောက်တွင် ဒါရိုက်တာအဖြစ်ဆောင်ရွက်ခဲ့ရုံမက တေးသံရှင်နှင့် စာရေးဆရာအဖြစ်ပါရပ်တည်ခဲ့သည့် နိုင်ငံကျော် ရုပ်ရှင်မင်းသား ဝင်းဦးနှင့် ဝင်းညွန့်တို့ညီနှင့်ကြည့်ရှင်၏အစ်ကို စာရေးဆရာမိုးမြင့်ဦး (သရုပ်ဆောင်နှင့် ဒါရိုက်တာအောင်မိုးအဖြစ် ရပ်တည်လာသူ)က အကျော်ကြားဆုံးနှင့် ပရိသတ်အင်အားအများဆုံး မင်းသားများစာအုပ်မှ အလုပ်သမား၊ လယ်သမားကိုယ်စားပြု ရွှေဘဆောင်းပါးတွင် ''သတ္တိဗျတ္တိ အသံတိတ်ဇာတ်ကား ရိုက်တဲ့အခါမှာ အခိုင်းကြမ်းတဲ့ ဒါရိုက်တာဖေကြိုင်က ကျော်ရွှေကို မော်တော်ဆိုင်ကယ်နှင့်အတူ စော်ဘွားကြီးကုန်းပေါ်က ခုန်ချရမည့်အခန်း ရိုက်ရာမှာ ကိုယ်တိုင် လုပ်ခိုင်းတယ်။ ကျော်ရွှေက လူစားထိုးပေးပါလို့ တောင်းခံတယ်။ ဒါရိုက်တာဖေကြိုင်ကလည်း လက်မခံဘူး။ ကျော်ရွှေကလည်း အပြတ်ငြင်းတယ်။ ဒီမှာတင် ဒါရိုက်တာဆိုတာ ရိုက်ကွင်းဘုရင်ဆိုတော့ 'မင်းမလုပ်နိုင်ရင် သွားတော့၊ ဒီမှာကျော်ရွှေ ဘဝင်မမြင့်နဲ့။ မင်းမရှိလည်း မင်းအဘလာလိမ့်မယ်'လို့ ပြောဆိုကြိမ်းမောင်းခဲ့သတဲ့။ နောက်တော့ အေးကြည်ကိုတွေ့ပြီး သဘောကျကာ မင်းသားတင်ပေးသတဲ့။ နာမည်ကိုလည်း ရွှေဘလို့ပေးလိုက်တယ်'ဟု ဖော်ပြခဲ့သည်။

စာနယ်ဇင်းလောကနှင့် ရုပ်ရှင်လောကတွင် ကာလကြာမြင့်စွာ ကျင်လည်ခဲ့သော စာရေးဆရာမောင်သူရိန်က စတန့်မင်းသား ရွှေဘဆောင်းပါး (ရုပ်ရှင်အောင်လံမဂ္ဂဇင်း ၁၉၈၉ ဇန်နဝါရီ)တွင် ရုပ်ရှင်မင်းသား စိုးနိုင်၏ပြောပြချက်အား 'ဦးရွှေဘကို ကျွန်တော့်ဖေဖေ ပဲရောက်ဖေကြိုင်က တင်ခဲ့တာပါ။ ဦးရွှေဘ နာမည်အရင်းက ကိုအေးကြည်တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်က ကျွန်တော်တို့ ပဲရောက်ရုပ်ရှင်မှာ မင်းသား ဦးကျော်ရွှေ နာမည်ရနေတယ်။ ဦးကျော်ရွှေက တခြားမှာ ခွဲထွက်အလုပ်လုပ်ဖို့ ကြံစည်နေချိန်ပဲ။ ကျွန်တော့်ဖေဖေက ကျော်ရွှေ တို့ကုမ္ပဏီက ထွက်သွားချင်ထွက်သွားလေကွာ၊ ကျော်ရွှေသွားရင် ကျော်ရွှေရဲ့အဘ လာလိမ့်မယ်ဆိုပြီး ဦးအေးကြည်ကို ရွှေဘအဖြစ် မင်းသားတင်ခဲ့တယ်။ အဲဒီကစပြီး ကျော်ရွှေဟာ ကျော်ဆွေလို့ နာမည်ပြောင်းခဲ့တာပဲ'ဟု တစ်ဆင့်ပြန်လည်၍ ဖောက်သည်ချခဲ့သည်။

ဂီတစာဆို တေးသံရှင်နှင့် စာရေးဆရာအဖြစ် အနုပညာနယ်ပယ်တွင် ကျင်လည်ခဲ့သူ သရုပ်ဆောင်ဒါရိုက်တာ ထပ်ဆင့်အကယ်ဒမီ မြတ်လေးသည် ၁၉၅၈ ခုနှစ်တွင် အပေါင်းလက္ခဏာရုပ်ရှင်ကို တည်ထောင်၍ သရုပ်ဆောင်ဒါရိုက်တာအဖြစ် ပင်လုံထိပ်ထားဦး ရုပ်ရှင်ကားကို ပထမဦးဆုံး ရိုက်ကူးပြီး ရုပ်ရှင်နယ်တွင် ကျော်ကြားအောင်မြင်ခဲ့သည်။ ပင်လုံထိပ်ထားဦး ရိုက်ကူးစဉ်က ပဲရောက်ရုပ်ရှင်ကုမ္ပဏီ၏ ကင်မရာအဖွဲ့နှင့် ရိုက်ကူးခဲ့ရာမှ မြတ်လေးနှင့် ဒါရိုက်တာ ပဲရောက်ဖေကြိုင်တို့ ခင်မင်ရင်းနှီးခဲ့ကြပြီး အခါအားလျော်စွာ ပဲရောက်ကုမ္ပဏီရုံးခန်းတွင် တွေ့ဆုံကာ ထွေရာလေးပါး ပြောဖြစ်ကြသည်။ မြတ်လေးက မင်းသားရွေးနည်း၊ ထိုတစ်နည်း ဆောင်းပါး (ရွှေအမြုတေမဂ္ဂဇင်း၊ ၁၉၉၉ ဒီဇင်ဘာ)တွင် ဒါရိုက်တာ ပဲရောက်ဖေကြိုင်က သတ္တိဗျတ္တိဖြင့် ရွှေဘကို မင်းသားတင်ခဲ့ပုံ အတွေ့အကြုံပြောပြချက်အား 'ကျော်ရွှေတစ်ခေတ်ဖြစ်ချိန်မှာ ငါ မင်းသားသစ်ရှာတယ်။ ရေကျော်က သံဖြူဆရာပေါ့။ ရုပ်ကလည်း ဖြူ၊ ကျန်းမာရေးကလည်းကောင်း၊ အသားအရေကလည်း ဝင်း၊ ကျော်ရွှေထက်တောင် နိုင်ခံ့သေးတယ်။ ဒီငနဲက လာလျှောက်တော့ ခြီထဲခေါ်သွားတယ်။ မင်း ခုမြင်နေကျဖြစ်တဲ့ ခြံနံဘေးက ရေကန်ထဲ ဒိုင်ဗင်ထိုးပြမယ်ဆိုပြီး ခေါင်မိုးပေါ်တက် ဒိုင်ဗင်ထိုးပြတယ်ကွာ။ ကင်မရာကလည်း အရင်အတိုင်း ကင်မရာထောင်၊ ဟိုကြည့်ဒီကြည့်လုပ်၊ သူက ထိုးချ အဟုတ်သားကွ။ အကျလည်းကောင်းတယ်။ ငါက တော်ပြီလို့ပြောတယ် မရဘူး။ ရေစိုစိုစွတ်စွတ်ကြီးနဲ့ မြေပြင်ပေါ်မှာ ကျွမ်းမျိုးစုံထိုးလိုက်တာ၊ တစ်ခါမှာ အကျမကောင်းလို့ အတော်ဖေးပြီးမှ မ,ထူ ယူရတယ်။ သူက ခဏနေတော့



'မကျေနပ်ဘူးဆရာ၊ ကျွန်တော်ပြန်ထိုးပြဦးမယ်'လို့ ပြောတော့ ငါက 'ရပါပြီ၊ ဖလင်ကုန်သွားပြီ'လို့ ပြောယူရတယ်။ ဒီကောင်ကြီးက ခန့်လည်းခန့်၊ သန့်လည်းသန့်၊ သန်လည်းသန်၊ မနောကလည်း ကောင်းပုံရတယ်။ တိုက်ကို ခဏခဏ လာလေ့ရှိတယ်။ ကျော်ရွှေထက် စတန့်မှာ သာမယ့်ကောင်ဆိုပြီး ရွှေဘလို့ ငါချက်ချင်း နာမည်ပေးပြီး သတ္တိဗျတ္တိ ဆိုတဲ့ကား စရိုက်တော့တာပဲ။ ဇာတ်ကြမ်းပေါ့ကွာ။ စွံပါလေရော။ ပိုက်ဆံလည်း သောက်သောက်လဲရ၊ ရွှေဘဆိုပြီး တစ်ခေတ်ဖြစ်သွားတယ်'ဟု ပြန်လည်၍ ရေးသားခဲ့သည်။

စာရေးဆရာ မိုးမြင့်ဦး၊ စာရေးဆရာ မောင်သူရိန်နှင့် သရုပ်ဆောင်ဒါရိုက်တာ ထပ်ဆင့်အကယ်ဒမီ မြတ်လေးတို့၏ တစ်ဆင့်စကား ရေးသားချက်များအား ဆန်းစစ်လျှင် ကျော်ရွှေ(ညွှန့်ရွှေ)က သတ္တိဗျတ္တိ ရိုက်ကူးစဉ် ပဲရောက်ရုပ်ရှင်မှ နုတ်ထွက်သွား၍ စတန့်ရုပ်ရှင်မင်းသားဖြစ်လိုလွန်းလှသည့် အေးကြည်အား အမျိုးမျိုးအကြိမ်ကြိမ် စစ်ဆေးစမ်းသပ်ပြီးမှ ရွေးချယ်ကာ ဒါရိုက်တာ ပဲရောက်ဖေကြိုင်က မင်းသားတင်ခဲ့သည်မှာ ထင်ရှားပါသည်။ ထို့ပြင် ဒါရိုက်တာ ပဲရောက်ဖေကြိုင်၏ ကျော်ရွှေအပေါ် မခံချင်စိတ်နှင့် ထားရှိသောမာနဖြင့် ကျော်ရွှေ၏ အဘ အဓိပ္ပာယ်ဆောင်၍ ရွှေဘဟု ကင်ပွန်းတပ်လိုက်ပုံကိုလည်း ပေါ်လွင်စွာ တွေ့ရှိကြရပါသည်။ ကျော်ရွှေကလည်း လုံးဝဆတ်ဆတ်ထိ အကြောမခံဘဲ ကျော်ဆွေအဖြစ် နာမည်ပြောင်း၍ ရုပ်ရှင်လောကဝယ် အောင်မြင်စွာ လှုပ်ရှားသွားခဲ့ပါသည်။ ။

www.burmeseclassic.com

www.burmeseclassic.com





ပဒေသာ ဖလင် "မိုက်ခေတ်ကုန်ပြီ"မှ ရွှေဘ၊ ကြည်ကြည်ဌေး

# သတ္တိဗျတ္တိ

ရှာပုံတော်

[ ၁ ]

သတ္တိဗျတ္တိ ရုပ်ရှင်ကားတွင် မင်းသားရွှေဘက စတင်ပါဝင်ခွင့်ရပုံနှင့် စပ်လျဉ်း၍ စာရေးဆရာမိုးမြင့်ဦး၏ အကျော်ကြားဆုံးနှင့် ပရိသတ်အင်အားအများဆုံး မင်းသားများစာအုပ်မှ အလုပ်သမားကိုယ်စားပြု ရွှေဘဆောင်းပါးတွင် 'အသက် ၁၇ နှစ်သားခန့်တွင် ဒါရိုက်တာဆရာခန့်၏ လက်နက်ပုန်းဇာတ်ကား၌ ဇာတ်ရံအဖြစ် ပါဝင်ပြီးနောက် ပဲရောက်ရုပ်ရှင်မှ ဒါရိုက်တာဖေကြိုင်၏ 'သတ္တိဗျတ္တိတွင် ခေါင်းဆောင်မင်းသား ဖြစ်လာသည်'ဟုလည်းကောင်း၊ ချစ်နိုင်(စိတ်ပညာ) စီစဉ်တည်းဖြတ်သည့် သူတို့ဘာကြောင့် အောင်မြင် စာအုပ်မှ ကျော်ဖုန်းမြင့် (ဓာတုဗေဒ)

www.burmeseclassic.com

www.burmeseclassic.com



၏ ပြည်သူထဲက ရွှေဘဆောင်းပါးတွင် 'ပဲရောက်ရုပ်ရှင်ခြံတွင် ရိုက်ကူးလျက်ရှိသော ဒါရိုက်တာဆရာခန့်၏ လက်နက်ပုန်း ဇာတ်ကားတွင် ဇာတ်ရံအဖြစ် ရွေးချယ်ခံရသဖြင့် ၁၇ နှစ်သားအရွယ်တွင် ရုပ်ရှင်နယ်သို့ စတင်ရောက်ရှိသည်။ ၁၉၄၄ ခုနှစ်တွင် ပဲရောက်ရုပ်ရှင်မှ ဒါရိုက်တာ ဖေကြိုင်သည် လူကြမ်းမင်းသားညီုအေးနှင့် ကျော်ရွှေတို့ဖြင့် သတ္တိဗျတ္တိကို ရိုက်ကူးကြသည်'ဟုလည်းကောင်း၊ 'မောင်သူရိန်၏ စတန့်မင်းသားရွှေဘ ဆောင်းပါး (ရုပ်ရှင်အောင်လံမဂ္ဂဇင်း ၁၉၈၉၊ ဇန်နဝါရီ)တွင် '၁၉၄၅ ခုနှစ်က သတ္တိဗျတ္တိ ပွဲဦးထွက်ဇာတ်ကား ရိုက်ကူးစဉ် ခါးကျိုးပြီး ဆေးရုံတက်ခဲ့ရဖူးသည်'ဟု လည်းကောင်း၊ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၉)တွင်' ပဲရောက်ရုပ်ရှင်ကုမ္ပဏီမှ ဒါရိုက်တာဦးဖေကြိုင်သည် လူကြမ်းမင်းသားညီုအေးကြီးနှင့် တွဲဖက်သရုပ်ဆောင်နိုင်မည့်သူကို အပူတပြင်း ရှာဖွေနေချိန်တွင် မင်းသားဖြစ်လိုစိတ် ထက်သန်နေသော ရွှေဘကို တွေ့ရှိသွားပြီး ၁၉၄၄ခုနှစ်တွင် သတ္တိဗျတ္တိ ဇာတ်ကား၌ ရွှေဘကို ခေါင်းဆောင်မင်းသားအဖြစ် အသုံးပြုသည်'ဟု လည်းကောင်း အသီးသီးဖော်ပြခဲ့ကြသည်။

တစ်ဖန် ဘုန်းမြင့်(ရွှေမင်းဝန်)၏ ပဲရောက်ဦးဆန်နီဆောင်းပါး (ရုပ်ရှင်မဂ္ဂဇင်း ၁၉၈၅၊ မတ်)တွင် ဒါရိုက်တာဦးအောင်ဖုံရိုက်ကူးပြီး မင်းသားကျော်ရွှေပါဝင်ခဲ့သော ဗိုလ်ချုပ်ဇာတ်ကားမှာ ပဲရောက်ရုပ်ရှင်ကုမ္ပဏီမှ စစ်ပြီးခေတ် ပထမဆုံးထုတ်လုပ်သည့် အသံတိတ်ဇာတ်ကားဖြစ်လေသည်။ ၁၉၄၆ ခုနှစ်ကပေါ်ထွက်ခဲ့သော ဗိုလ်ချုပ်ဇာတ်ကားအဖြစ် ကြေညာခဲ့သည်။ ဗိုလ်ချုပ်ကို ဒါရိုက်တာဦးအောင်ဖုံ ရိုက်ကူးတင်ဆက်ပြသပြီးနောက် ဦးဆန်နီ၏သားကြီး ပဲရောက်ဒါရိုက်တာ ဦးဖေကြိုင်သည် စတန့်မင်းသားကြီး ရွှေဘကို ပထမဦးဆုံး မြေတောင်မြှောက်ပေးလိုက်သည့် သတ္တိဗျတ္တိတွင် မင်းသားရွှေဘ မော်တော်ဆိုင်ကယ်စီးပြီး လွှန်လွှန်ကဲကဲ စွန့်စားခဲ့သည်နှင့်အမျှ ထိခိုက်ဒဏ်ရာရကာ ဆေးရုံတက်ခဲ့ရရှာသည်ဟု ဖော်ပြခဲ့သည်။ စစ်ကိုင်းလှရွှေ၏ ရုပ်ရှင်ဂီတနှင့်ကျွန်တော် စာအုပ်တွင် ရုပ်ရှင်နောက်ခံတေးဂီတလောက အတွေ့အကြုံများကို ၁၉၁၀–၁၉၃၀၊ ၁၉၃၁–၁၉၄၁၊ ၁၉၄၂–၁၉၄၅၊ ၁၉၄၅–၁၉၅၆ ဟူ၍ အပိုင်းလေးပိုင်း ခွဲခြားတင်ပြခဲ့ရာ သတ္တိဗျတ္တိရုပ်ရှင်ကားအား ရွှေဘ၏ပထမဆုံး ရုပ်ရှင်ကားအဖြစ် ပဏာမတေးနှင့်အတူ (၁၉၄၅–၁၉၅၆)အပိုင်း၌ ဖော်ပြထားသည့်အပြင် 'ပဲရောက်၏ သတ္တိဗျတ္တိဇာတ်ကားတွင် သဟာယဆရာတင်က ၁၉၄၈ ခုနှစ်၊ ဝင်းဝင်းရုပ်ရှင်ရုံတွင် တင်ပြသော အေဝမ်း၏ ကမ္ဘာမကြေ ပဏာမတေးဆန်ဆန်သီချင်းကို ရေးပေးလိုက်၏။ ကမ္ဘာမကြေ ရုပ်ရှင်ကားအား ၁၉၄၈ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ဝင်းဝင်းရုံနှင့် ကာမွေးရုံတို့တွင် ပြသခဲ့ပြီးနောက် သတ္တိဗျတ္တိရုပ်ရှင်ကား ပြသခဲ့သည်ဟု ဖော်ပြထားပါသည်။ ထို့အပြင် ဂျကြိုင် (မဟာဝိဇ္ဇာ သမိုင်းအဓိက)က မြန်မာ့ရုပ်ရှင်လောကတွင် ၁၉၅၆ ခုနှစ်အထိ ဝင်ငွေကောင်းခဲ့ဖူးသော ဇာတ်ကားများနှင့် အများဆုံးရိုက်ကူးရသည့် မင်းသား၊ မင်းသမီးများ ဆောင်းပါး (ရုပ်ရှင်အောင်လံမဂ္ဂဇင်း ၁၉၈၉၊ ဖေဖော်ဝါရီ)တွင် 'မင်းသားရွှေဘသည် ၁၉၄၈ ခုနှစ်တွင် ပဲရောက်ရုပ်ရှင်မှ ဒါရိုက်တာဖေကြိုင်၏ သတ္တိဗျတ္တိဇာတ်ကားတွင် ခေါင်းဆောင်မင်းသားအဖြစ် ပထမဆုံးပါဝင်ခွင့်ရ၍ ရုပ်ရှင်လောကသို့ ရောက်လာသည်'ဟုလည်းကောင်း၊ ခေတ်ကြေးမုံကိုဖော်ပြသော ဇာတ်ကားများ ဆောင်းပါး(ရွှေအောင်လံမဂ္ဂဇင်း ၁၉၉၆၊ စက်တင်ဘာ)တွင် ရွှေဘဇာတ်ရံအဖြစ် စတင်ပါဝင်သရုပ်ဆောင်ရသော လက်နက်ပုန်းရုပ်ရှင်ကားနှင့် စပ်လျဉ်း၍ 'ပဲရောက်ရုပ်ရှင်မှ လက်နက်ပုန်းကို ရိုက်ကူးကာ ၁၃–၄–၄၈ တွင် သွင်နှင့် ရွှေတိုင်သီရိ နှစ်ရုံမှာ ပြသခဲ့၏'ဟုလည်းကောင်း၊ အသံထွက်ခေတ် မြန်မာ့ရုပ်ရှင်သမိုင်းမှတ်တိုင်များ ဆောင်းပါး (ရတီမဂ္ဂဇင်း ၁၉၉၃) တွင် 'သတ္တိဗျတ္တိ ဇာတ်ကားတွင် ရွှေဘနှင့် မေသန်းကြည်တို့ ပါဝင်ပြီး ၁၅–၅–၄၈ တွင် သွင်နှင့် ရွှေတိုင်သီရိရုံမှာ ပြသသည်' ဟုလည်းကောင်း ဖော်ပြခဲ့ပါသည်။ ထို့အပြင် ဒဂုဏ်ပဦးဘတင်၏ ကျွန်ုပ်နှင့် မြန်မာ့ရုပ်ရှင်လောက စာအုပ် ရုပ်ရှင်နှင့်ဆင်ဆာ အခန်းတွင် ၁၉၄၈ ခုနှစ်က ဆင်ဆာအဖြတ်ခံရသော ရုပ်ရှင်ကားများတွင် လက်နက်ပုန်းနှင့် သတ္တိဗျတ္တိကို သာဓကအဖြစ် တင်ပြထားပါသည်။

ဒုတိယကမ္ဘာစစ်မီး ကူးလာပြီး မြန်မာနိုင်ငံအား ဖက်ဆစ်ဂျပန်တို့ စိုးမိုးသည့်ကာလ (၁၉၄၂–၁၉၄၅)တွင်

www.burmeseclassic.com

www.burmeseclassic.com



စစ်ဘေးစစ်ဒဏ်ရှိနေ၍ မြန်မာ့ရုပ်ရှင်ကားများ ရိုက်ကူးထုတ်လုပ်ပြသမှု ရပ်ဆိုင်းထားကြရပြီး မြန်မာနိုင်ငံသို့ ဗြိတိသျှတပ်များ ပြန်လည်သိမ်းပိုက်ချိန် ၁၉၄၅ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် ရန်ကုန်မြို့သို့ စတင်ဝင်ရောက်ပြီး နောက်မှသာ မြန်မာရုပ်ရှင်ကားများ ရိုက်ကူးထုတ်လုပ်ပြသနိုင်ခဲ့သည်။ ထို့ကြောင့် ပဲရောက်ရုပ်ရှင်၏ စစ်ပြီးခေတ် ပထမ ဆုံးရုပ်ရှင်ကားအဖြစ် ၁၉၄၆ ခုနှစ်တွင် ဗိုလ်ချုပ်ရုပ်ရှင် ဇာတ်ကားအား ရုံတင်နိုင်ခဲ့ပြီးနောက် သတ္တိဗျတ္တိအား ကျော်ရွှေဖြင့် ဆက်လက်ရိုက်ကူးစဉ် အကြောင်းမညီညွတ်၍ ရပ်နားခဲ့သဖြင့် ရွှေဘနှင့် အစားထိုးပြောင်းလဲရိုက်ကူးခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ သတ္တိဗျတ္တိ ရုပ်ရှင်ကားမှာ ၁၉၄၈ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင်မှ ရုံတင်နိုင်ခဲ့ခြင်းဖြစ်သည်။ သတ္တိဗျတ္တိ ရုံတင်စဉ် ဟံသာဝတီသတင်းစာ ၂၂-၅-၄၈ တွင် ရုပ်ရှင်ကြည့်ပရိသတ် စိတ်ပါဝင်စားစေရန် အောက်ဖော်ပြပါအတိုင်း ထူးခြားစွာ ကြေညာခဲ့သည်။

ကင်မရာထရိတ်တို့ ထရိတ်တို့ မလိုချင်ဘူး။ ပိုက်လည်း မခံနဲ့၊ ယုတ္တိမရှိရင် ပြန်ရိုက်၊ ကြိုက်သလိုသာခိုင်း၊ ကျွန်တော်လုပ်ရဲတယ်၊ တကယ်ရမ်းတယ်၊ တကယ်ကြမ်းတယ်၊ ပြီးတော့ တကယ်နမ်းမယ်၊ အဲဒါမှ သဘာဝ။

မင်းသားရွှေဘသည် ကြော်ငြာသည့်အတိုင်းပင် သတ္တိဗျတ္တိ ရိုက်ကူးစဉ် လူစားမထိုးဘဲ ကိုယ်တိုင်စွန့်စွန့်စားစား၊ ကြမ်းကြမ်းရမ်းရမ်းဖြင့် ဒဏ်ရာအနာတရ ပြင်းထန်စွာ ရရှိသည်အထိ ပါဝင်သရုပ်ဆောင်ပြခဲ့သည်။ သတ္တိဗျတ္တိရိုက်ကူးရင်း ဒဏ်ရာအနာတရ ဖြစ်ပွား၍ မင်းသားရွှေဘသည် ရန်ကုန်ဆေးရုံကြီးတွင် နှစ်လခန့်တက်ရောက်ကုသခဲ့ရသည်။ သတ္တိဗျတ္တိ တစ်ကားတည်းဖြင့် မင်းသားရွှေဘအား ပရိသတ်တစ်ခဲနက် အားပေးခဲ့ပြီး လျှမ်းလျှမ်းတောက် ကျော်ကြားအောင်မြင်ခဲ့ရာ စွန့်စားရကျိုးနပ်သွားသည်။ သတ္တိဗျတ္တိ ရုပ်ရှင်ဇာတ်ကားတွင် မင်းသားရွှေဘနှင့်အတူ မေသန်းကြည်၊ ညိုအေး၊ နီတွတ်နှင့် မစောတင်တို့ ပါဝင် သရုပ်ဆောင်ကြသည်။ မေသန်းကြည်မှာ အသံတိတ်ရုပ်ရှင်ကားများတွင် ကျော်ကြားသော မင်းသမီးဖြစ်သည့်အပြင် သတ္တိဗျတ္တိရုပ်ရှင်ကား ရိုက်ကူးစဉ်က ထွန်းကားနေသော ပြဇာတ်များတွင်လည်း ထင်ရှားသည့် မင်းသမီးဖြစ်သည်။ ညိုအေးသည် လူကြမ်းညိုအေးကြီးအဖြစ် ရုပ်ရှင်နှင့်ပြဇာတ်နယ်ပယ်တွင် ရေပန်းစားနေသည့် သရုပ်ဆောင်ဖြစ်သည်။ မေသန်းကြည်နှင့် ညိုအေးနည်းတူ နီတွတ်သည်လည်း ရုပ်ရှင်နှင့်ပြဇာတ်နယ်ပယ်တွင် အောင်မြင်သည့်လူရွှင်တော်အဖြစ် ရပ်တည်ခွင့်ရနေသူဖြစ်သည်။ ဒါရိုက်တာဖေကြိုင်သည် မင်းသားရွှေဘအား မေသန်းကြည်၊ ညိုအေးနှင့် နီတွတ်တို့၏ အင်အားဖြင့် ဝန်းရံပြီး ပွဲထုတ်ခဲ့ခြင်းဖြစ်သည်။

[ ၂ ]

မြန်မာ့ရုပ်ရှင်သည် ၁၉၂၀ ပြည့်နှစ်တွင် ဦးထွန်းရှိန် ဈာပနသတင်းကားနှင့် မေတ္တာနှင့်သူရာ ဇာတ်လမ်းရုပ်ရှင်ကားတို့အား ပထမဦးစွာ ရုံတင်ပြီး စတင်ထွန်းကားခဲ့သည်။ ထိုစဉ်က အသံတိတ်ရုပ်ရှင်ကားများသာ ရိုက်ကူးထုတ်လုပ်နိုင်ကြပြီး ၁၉၃၂ ခုနှစ်တွင် အသံထွက်ရုပ်ရှင်ကားအဖြစ် ဘားမားအင်ပီရီရယ် ရုပ်ရှင်မှ ငွေပေးလို့မရကားကို ဦးစွာစမ်းသပ်ရိုက်ကူး ရုံတင်နိုင်ခဲ့သည်။ အသံထွက်ရုပ်ရှင် ပစ္စည်းကိရိယာနှင့် နည်းပညာအခက်အခဲ၊ အသံထွက်ရုပ်ရှင်ကား ရိုက်ကူးရာ၌ ကုန်ကျစရိတ် ကြီးမြင့်မှု၊ မြန်မာ့ရုပ်ရှင်ပရိသတ်က အသံတိတ်ရုပ်ရှင် ကားများကို ဆက်လက်အားပေးနေဆဲရှိမှုတို့ကြောင့် ၁၉၂၀ ပြည့်နှစ်မှ ဒုတိယကမ္ဘာစစ်မီး မြန်မာနိုင်ငံသို့ ကူးစက် သည့် ၁၉၄၁ ခုနှစ်အတွင်း အသံထွက်ရုပ်ရှင်ကား ၄၈ကား ထုတ်လုပ်နိုင်ခဲ့သည်။ ပဲရောက်ရုပ်ရှင်မှ အသံထွက်ရုပ်ရှင် ကားများကို စမ်းသပ်ရိုက်ကူးမှုပင်မပြုသေးဘဲ အသံတိတ် ရုပ်ရှင်ကားများကိုသာ ဆက်လက်ရိုက်ကူးနေဆဲရှိသည်။ မြန်မာနိုင်ငံတွင် အသံထွက်ရုပ်ရှင်ကား များမှာ တဖြည်းဖြည်းသာ ထွန်းကားခဲ့ရာ ၁၉၅၇ ခုနှစ်မှ အသံတိတ် ရုပ်ရှင်ကားများ လုံးဝ ပျောက်ကွယ်သွားခဲ့သည်။ မင်းသားရွှေဘ ပထမဦးဆုံးပါဝင်သရုပ်ဆောင်ရသည့်သတ္တိဗျတ္တိမှာလည်း အသံတိတ်ရုပ်ရှင်ကားသာ ဖြစ်သည်။

မြန်မာ့ရုပ်ရှင် ထုတ်လုပ်သူနှင့် ဒါရိုက်တာတို့သည် မေတ္တာနှင့်သူရာ ရုံတင်စဉ်ကပင် ရုပ်ရှင်ကား၏ ရသပေါ်လွင်စေရန်နှင့် ပရိသတ် ရသအပြည့် ခံစားနိုင်စေရန် တေးဂီတ၏ စွမ်းအားကို ရယူခဲ့ကြသည်။ အသံတိတ်ရုပ်

www.burmeseclassic.com

www.burmeseclassic.com



ရှင်ကားဖြစ်သည့် အားလျော်စွာ ရုပ်ရှင်ရုံ၏ တစ်ဖက်ထိပ်တွင် ပိတ်ကားထားပြီး ကျန်တစ်ဖက်ထိပ်တွင် ရုပ်ရှင်၊ ပြဇာတ်တို့အနီး၌ စန္ဒရား၊ မောင်း၊ ပတ္တလားနှင့် တူရိယာအမျိုးမျိုးပါဝင်သော တီးဝိုင်းသမားများနှင့် အဆိုတော်များကို ထားရှိကြသည်။ မြန်မာ့ရုပ်ရှင် ထွန်းကားစကာလတွင် တီးဝိုင်းသမားများနှင့် အဆိုတော်တို့က သင့်လျော်သည့် တီးလုံးနှင့် သီချင်းများကို အဆင်ပြေသလို တီးမှုတ်ခဲ့ကြသည်။ ၁၉၂၃ ခုနှစ်တွင် ရုံတင်သည့် မြန်မာ့အဆွေဖလင်၏ တောမြိုင်စွန်းက လွမ်းအောင်ဖန် ရုပ်ရှင်ကားမှစတင်၍ ရုပ်ရှင်ကား၏ ဇာတ်လမ်းဇာတ်ကွက်နှင့် လိုက်လျောညီထွေသည့် တီးလုံးတီးကွက်များ ဖန်တီးခြင်းနှင့် သီချင်းများ ရေးစပ်သီကုံးခြင်းတို့ကို စတင် ကျင့်သုံးခဲ့ကြသည်။ သတ္တိဗျတ္တိရုပ်ရှင်ကား ရိုက်ကူးရုံတင်ချိန်တွင် ဇာတ်ကားအတွက် ပဏာမတေးနှင့် ဇာတ်လမ်းဇာတ်ကွက်နှင့် လိုက်လျောညီထွေသည့် ဇာတ်ဝင်တေးများကို ရေးစပ်သီကုံးနေကြသည့်အပြင် ရုပ်ရှင်ကား ရိုက်ကူးထုတ်လုပ်သည့် ရုပ်ရှင်ကုမ္ပဏီ အကြောင်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့ သီကုံးထားသည့် ကုမ္ပဏီတေးများလည်း ဖွဲ့နွဲ့သီဆိုမှု ပြုနေကြသည်။ ဇာတ်ကား၏ ပဏာမတေးနှင့် ဇာတ်ဝင်တေးမှာ ဇာတ်ကား တစ်ကားတည်းအတွက်သာ ရည်ရွယ်သီကုံးထားကြသော်လည်း ကုမ္ပဏီတေးမှာမူ ကုမ္ပဏီမှ ရိုက်ကူးထုတ်လုပ်သမျှ ရုပ်ရှင်ကားတိုင်းအတွက် သီဆိုရန် သီကုံးထားခြင်း ဖြစ်ပါသည်။ ကုမ္ပဏီတေးအား ရုပ်ရှင်မပြမီနှင့်ရုပ်ရှင်ပြသစဉ် သီဆိုရုံမျှမက ကြော်ငြာကား လှည့်စဉ်မှာပင် သီဆိုဖွင့်လှစ်လေ့ရှိကြသည်။

## ပဲရောက် ရုပ်ရှင်

(မကြုံဘူးပေါင် ဂုဏ်ထူးဆောင်တဲ့ ပဲရောက်ရုပ်ရှင် အထက်တန်းကထွင်)၂၊ လက်ရွေးစင်ခေါ်ပေါ်ပင်ကားမို့ မှတ်သားဖို့ပင် (ဆန်းသမျှထိပ်တင် မြန်တိုင်းခွင်)၂၊ (ခက်ခဲတဲ့ဉာဏ်စွမ်းပင် စိတ်ကူးကယဉ်လဲယဉ်)၊ တီထွင်ရိုင်းတဲ့ဟာတွေ ဖယ်ခါရှားလို့ ကျက်သရေရှိအောင် ကြံဆောင်၍ပင် ကြွလာသူတွေ့ ကိုယ်တွေ့မျက်မြင် ကြည့်ရှုခါပ (တို့မြန်မာတိုင်းပြည်ခွင် တို့မြန်မာတိုင်းပြည်ခွင် ပဲရောက်ရုပ်ရှင် ဉာဏ်ရည်စိတ်ကူး အဟုတ်ကိုထူးတဲ့ ဖလင်)၂၊ ဘဝင်ကြွလို့ အရင်ကနဲ့ တစ်ဖုံစီကွာခြား အကောင်းဆုံး ကားတကာ့ဘုရင်။

CHO (ပဲရောက်ရုပ်ရှင် အဟုတ်ပင် ယဉ်လဲယဉ် ခမ်းနားလို့ပင် မြို့နယ်လုံးမေတ္တာဝင်)၂၊ (သေသေချာချာ မြန်မာဂုဏ်ရောင်တင်ပြည်ချစ်ဖလင် သည်ခေတ်တွင်)၂၊ အမျိုးသားရေး အားပေးချင် ဆန်းတာတွေဆိုသမျှ ပဲရောက်ဖလင်က တကယ့်ကို စကာထွင်။

အလွန်တရာ ရှုစားချင် တို့များပဲရောက်ရုပ်ရှင် တို့များပဲရောက်ရုပ်ရှင် မြန်မာတိုင်းပြည် စည်ပင်ပြန့်ပွား ခမ်းနားကြီးကျယ်နည်း တကယ်စုံစုံလင်လင် (မျက်စိထဲမှာ စွဲကာနေစဉ်)၂၊ (အဖိုးတန်ကာ တိုးကြံခါ တို့မြန်မာတိုင်းပြည်ခွင်)၂၊ တော်မဝင် သော်တာမင်းလို ထိန်လင်းခါကြည်လင်။

CHO (ပဲရောက်ရုပ်ရှင် အဟုတ်ပင် ယဉ်လဲယဉ် ခမ်းနားလို့ပင် မြို့နယ်လုံးမေတ္တာဝင်)၂၊ သေသေချာချာ မြန်မာဂုဏ်ရောင်တင်ပြည်ချစ်ဖလင် သည်ခေတ်တွင်)၂၊ အမျိုးသားရေး အားပေးချင် ဆန်းတာတွေဆိုသမျှ ပဲရောက်ဖလင်က တကယ့်ကို စကာထွင်။

## သတ္တိဗျတ္တိ ပဏာမ

(မြန်မာပြည် ပဲရောက်ရုပ်ရှင်ခေတ်ပြင် ဇာတ်ဆင်သည်၊ မောင်ဖေကြိုင် စီစဉ်မှုပါ ထူးခြားစွမ်းဉာဏ်ရည်၊ ဇာတ်လမ်းဇာတ်ကွက်ကိုသာပင် ပိုင်ပိုင်နိုင်နိုင် ကြိုးကိုင်သည်)၂ သတ္တိရှိတာတွေ ဗျတ္တိကြောင့်တည်၊ ဗျတ္တိရှိမှသာ ဖွဲ့နဘဲမြဲသည်၊ ဟုတ်တယ်မှန်တယ် ဆိုတာတွေကို ဖွတ်လုပ်ပြလေပြီ။

ချကွာချ ... ထိုးကွထိုး ... တို့ရွှေဘ ... တို့ရွှေဘ။
သေချင်သေပါစီ စွန့်စားခန်းများသည် တွဲဖက်ကြတဲ့ မေသန်းကြည်လှမဒီ။
ချကွာချ ... ထိုးကွထိုး ... တို့ရွှေဘ ... တို့ရွှေဘ။
မောင်နီတွတ်ရဂယ် အူရှင်ဖို့ရာ အသုံးခံပြီ ကြည့်လို့လဲကောင်းမည်။ မစောတင်ပါ ယှဉ်ပြိုင်နွဲ့ဆင်သည်။
ညိုအေးကြီး လူကြမ်းအမူအရာ စုံစွာပါဝင်၊ သတ္တိဗျတ္တိ သင်တန်းဖွင့်နေပြီ။ ။

www.burmeseclassic.com



### အရက် (သတ္တိဗျတ္တိ ဇာတ်ဝင်တေး)

လူကိုဖျက်ဆီးတဲ့အရက်ကိုမသောက်သင့်ကြတော့ပါ။ တကယ်ပင် ဆိုးမိုက်စေခဲ့တာ၊ ကောင်းကျိုးတွေမပါ ဘုရားနတ်လူပါ မကြိုက်တာ၊ ကိုယ်တိုင်ရှောင်ရှားပြီးလည်းပဲ အပေါင်းအသင်းများထဲမှ သေရည်အရက်ကို ပယ်ဖို့ရာ မကောင်းကျိုးကိုသာ ပေးတတ်ပေးတာ အရက်ဟာနောင်အခါတွင် အသက်နဲ့အရှက်ပါ ဘယ်သူမဆို ထိခိုက်နိုင်ကြတာ သတိပေးလို့ နှိုင်းဆော်ချင်တာ သို့မှသာ ကံငါးပါးလည်း လုံခြုံမှာ၊ လူကိုဖျက်ဆီးတဲ့ အရက်ကို မသောက်သင့်ကြတော့ပါ။ တကယ်ပင် ဆိုးမိုက်စေခဲ့တာ၊ ကောင်းကျိုးတွေမပါ၊ ဘုရားနတ်လူပါ မကြိုက်တာ။

### ဂေါ် (သတ္တိဗျတ္တိ ဇာတ်ဝင်တေး)

(ချောတဲ့သူကိုတွေ့သော် ဖွတ်အတင်းပဲမောင်ဂေါ် လှတဲ့သူကိုတွေ့သော် မလွတ်တမ်းအမြဲမရှောင်ဂေါ်၊ ပျိုသော အိုသော ဘာသော ညာသော ငါ့သဘောနဲ့သာဂေါ်)၂ (ကြွတ္တိယ ပျိုအနိုပ်ပေါ် စိတ်ရှိသမျှကို ကြိတ်မနော် ရှုံးတိုးရိပ်တိတ် အမျိုးမျိုးထိပ်ပိတ်ဂေါ်)၂ တကယ်ပင် မရမနေ အနားကပ်နှုူးမယ်နော်၊ အိုရွယ်တူတန်းတူ အရစ်ကျချစ်စရာဂေါ် ချောတဲ့သူ ငါ့သဘောနဲ့သာဂေါ်)၂

သတ္တိဗျတ္တိရုပ်ရှင်ကား၏ ပဏာမတေး၊ အရက်နှင့် ဂေါ် အပါအဝင် ဇာတ်ဝင်တေးများကို အသံတိတ်ရုပ်ရှင်ကားများ ထွန်းကားစဉ်က ရုပ်ရှင်နောက်ခံတေးလောကတွင် ထင်ရှားကျော်ကြားသည့် ဂီတစာဆိုတစ်ဦးဖြစ်သူ သဟာယဆရာတင်က ရေးသားခဲ့သည်။ သတ္တိဗျတ္တိရုပ်ရှင်ကား လှည့်လည်ပြသရာ မြန်မာနိုင်ငံတစ်ဝန်းမှ ရုပ်ရှင်ရုံများတွင်လည်း ထိုသီချင်းများကိုပင် သီဆိုတီးမှုတ်မှုပြုခဲ့ကြသည်။ ပဏာမတေး၏ 'ချက္ကာချ ... ထိုးကွထိုး ... တို့ရွှေဘ ... တို့ရွှေဘ' အပိုဒ်တွင် အဆိုတော်နှင့်အတူ တီးဝိုင်းအဖွဲ့ဝင်အားလုံးက ညီညာစွာ သံပြိုင်ဆိုပေးကြသည်။ နောင်တွင် ရုပ်ရှင်ကြည့်ပရိသတ်ကလည်း တီးဝိုင်းအဖွဲ့နှင့်အတူလိုက်၍ သီဆိုပေးကြရာ သတ္တိဗျတ္တိရုပ်ရှင်ကားပြသရာ ရုံတိုင်းတွင် 'တို့ရွှေဘ' သံများ ညံသွားတော့သည်။ ထုတ်လုပ်သူ ပဲရောက်ဦးဆန်နီ၊ ဒါရိုက်တာပဲရောက်ဖေကြိုင်နှင့် ဂီတစာဆို သဟာယဆရာတင်တို့က မင်းသားရွှေဘအား ပရိသတ်ကြားသို့ ပျံ့နှံ့သွားအောင် ဂီတအနုပညာဖြင့် ကြော်ငြာပေးမှုလည်း ဖြစ်သည်။ မင်းသားရွှေဘအား မွေးထုတ်ပေးခဲ့သည့် ပဲရောက်ရုပ်ရှင်မှ အမျိုးသားရေးကို လှုံ့ဆော်သည့် ရုပ်ရှင်ကား မြောက်မြားစွာ ထုတ်လုပ်ခဲ့ပြီး စစ်ကြိုခေတ်တွင် ရုပ်ရှင်ကုမ္ပဏီကြီးများဖြစ်သော ဗြိတိသျှဘားမား ရုပ်ရှင်၊ မြန်မာ့အဆွေဖလင်နှင့် ရန်ကုန်ရုပ်ရှင် စသည်တို့ကို ရင်ပေါင်တန်းနိုင်ခဲ့သည်။ ပဲရောက် ရုပ်ရှင်၏ ကုမ္ပဏီသီချင်း သို့မဟုတ် ပဲရောက် ပဒေသာသီချင်းကို နိုင်ငံကျော်ဂီတစာဆို ရွှေတိုင်ညွန့်က ရေး စပ်သီကုံးပြီး အဆိုတော် ပြည်မောင်ကြီး၊ ဦးငွေရနှင့် ပဲရောက်ဘသန်းလေးတို့က သီဆိုခဲ့ကြသည်။

ဗြိတိသျှအစိုးရသည် မြန်မာ့ရုပ်ရှင်ကားများ စတင်ထုတ်လုပ်သည့် ၁၉၂၀ ပြည့်နှစ်ကပင် ရုပ်ရှင်ကားများအား စစ်ဆေးပြီးမှ ပြသသည့်စနစ်ကို ကျင့်သုံးခဲ့သည်။ ရုပ်ရှင်ကားများ စစ်ဆေးရာတွင် နိုင်ငံတကာနည်းတူ အစိုးရမှ တာဝန်ပေးသည့် ဌာနဆိုင်ရာအရာရှိများ၊ သတင်းစာဆရာများ၊ လူမှုရေးနှင့် ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာပညာရှင်များဖြင့် ဖွဲ့စည်းခဲ့သည်။ ရုပ်ရှင်ကားများ စစ်ဆေးသည့်အဖွဲ့ (Board of Censor) အား ဆင်ဆာအဖွဲ့ဟု ခေါ်လေ့ရှိကာ ရန်ကုန်ပုလိပ်မင်းကြီးမှ စီမံကွပ်ကဲပြီး နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး၊ လူမျိုးရေးနှင့် ယဉ်ကျေးမှုတို့နှင့် စပ်လျဉ်းပြီး ရိုက်ကူးတင်ပြချက်များမှာ အများပြည်သူ ပြသရန် မသင့်လျော်လျှင် ရုပ်ရှင်ကားအား ပြသခွင့်ပိတ်ပင်ခြင်းနှင့် မလျော်ကန်သည့် ပြကွက်များအား ဖြတ်တောက် ပြသစေခြင်းတို့ကို ဆောင်ရွက်ပေးရသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့်ကာလတွင် ရုပ်ရှင်ကားများ စစ်ဆေးသည့်အဖွဲ့ကို ဆက်လက်ဖွဲ့စည်းထားရှိပြီး ရုပ်ရှင်ကားများအား ပုံမှန်အတိုင်း ဆက်လက် စစ်ဆေးပြသခွင့်ပေးခဲ့သည်။ ဒဂုဏ်ပဦးဘတင်၏ ကျွန်ုပ်နှင့် မြန်မာ့ရုပ်ရှင်လောကစာအုပ် ရုပ်ရှင်ဆင်ဆာအခန်းတွင် ၁၉၄၈ ခုနှစ်အတွင်း ရုပ်ရှင်ကားများ စစ်ဆေးရေးအဖွဲ့မှ စီစစ်ဖြတ်တောက်မှုပြုပြီး ပြသခွင့်ပြုသော ရုပ်ရှင်ကားများစာရင်း ၁၂ကားကို သာဓကအဖြစ် ဖော်ပြထားပါသည်။ ထိုရုပ်ရှင်ကားများတွင် မင်းသားရွှေဘ ဇာတ်ရံအဖြစ် စတင်ပါဝင်

www.burmeseclassic.com

www.burmeseclassic.com





ရွှေပြည်စိုး ရုပ်ရှင်
"ဇာတိသွေး"မှ
ရွှေဘ၊ တင်တင်နွဲ့.

သရုပ်ဆောင်ခဲ့သည့် လက်နက်ပုန်း ရုပ်ရှင်ကားနှင့် မင်းသား ရွှေဘ ဇာတ်ဆောင်မင်းသားအဖြစ် ပထမဦးစွာ ပါဝင်သရုပ်ဆောင်ခဲ့သည့် သတ္တိဗျတ္တိ ရုပ်ရှင်ကားတို့လည်း ပါဝင်ပါသည်။

လက်နက်ပုန်းရုပ်ရှင်ကားမှ 'တင်သား တင်သားမို့ ချစ်စရာ၊ ရင်သား ရင်သားမို့ ချစ်စရာတွေမြင်ပြီး၊ တုန်လှုပ်ခြောက်ခြားတာပဲ' စကားလုံးများနှင့် မိန်းမကယောက်ျားကို ခြေနင့်ကန်သော ပြကွက်များကိုလည်းကောင်း၊ သတ္တိဗျတ္တိ ရုပ်ရှင်ကားမှ မင်းသမီး မေသန်းကြည်က သူမ၏ မိခင်နှင့်ဖခင်တို့ကို ဓားပြတိုက်သည့်အကြောင်း ပြန်ပြောခန်းတွင် ဓားပြများက နှိပ်စက်ညှဉ်းပန်းပုံနှင့် ရက်ရက်စက်စက်သတ်ပုံ ပြကွက်များကိုလည်းကောင်း ဖြတ်တောက်ပြီးမှ ပြသခွင့်ပေးခဲ့ပါသည်။ မင်းသားရွှေဘ ပထမဆုံး ပါဝင်သရုပ်ဆောင်ခွင့်ရသည့် လက်နက်ပုန်းနှင့် သတ္တိဗျတ္တိ ရုပ်ရှင်ကားများအား စစ်ဆေးဖြတ်တောက်ပြီးမှ ပြသခွင့်ပြုခဲ့သည်မှာ အမှတ်တရဖြစ်ဖွယ် ကောင်းလှပါသည်။ ။

www.burmeseclassic.com

www.burmeseclassic.com





"ပျံလေတဲ့ငှက်ခါး"တွင်
ကျေးလက်က ဖက်ဆစ်တော်လှန်ရေးသမားအဖြစ်
တွေ့ရသည့် ရွှေဘ

# စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားများနှင့်

# စတန့်မင်းသား ရွှေဘအား အကဲဖြတ်ကြပုံ

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့တွင် စီးပွားရေးလုပ်ငန်းအဖြစ် ၁၈၉၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် ရုံဝင်ခယူ၍ ရုပ်ရှင်ပြသရာမှ ကမ္ဘာ့ပထမဆုံး ရုပ်ရှင်ပြသမှုလုပ်ငန်း စတင်ထွန်းကားခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် နှစ် ၅၀ ပြည့် ကမ္ဘာ့ရုပ်ရှင် ရွှေရတုသဘင်ကိုလည်း ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲခဲ့ကြသည်။ ၁၉၁၆ ခုနှစ်တွင် နိုင်ငံတကာ ရုပ်ရှင်လောက၌ ချာလီချက်ပလင်နှင့် ဒေါက်ကလပ်ဖဲယားဘင့်တို့သည် အထူးထင်ရှားကျော်ကြားသော မင်းသားများအဖြစ် ရပ်တည်ခွင့်ရခဲ့သည်၊ ချာလီချက်ပလင်မှာ ရုပ်ရှင်ကြည့်ပရိသတ်အား ဟာဒယရွှင်ဆေး တိုက်ကျွေးရာ

www.burmeseclassic.com

www.burmeseclassic.com



တွင် ပြိုင်စံရှားသည့် မင်းသားဖြစ်သည့်နည်းတူ ဒေါက်ကလပ်ဖဲယားဘင့်မှာလည်း ရုပ်ရှင်ကြည့်ပရိသတ်အား ပြောင်စပ်စပ် ပြက်ချော်ချော်လုပ်၍ ရယ်မောစေမှုတွင် ယှဉ်နိုင်သည့်မင်းသားမရှိဟု ဆိုရမည်။ ၁၉၁၉ ခုနှစ်တွင် ဒေါက်ကလပ်ဖဲယားဘင့်သည် ပြောင်စပ်စပ် ပြက်ချော်ချော်အမှုအရာများအစား တည်တည်တံ့တံ့ စွန့်စွန့်စားစား အမှုအရာများလုပ်၍ အသွင်ပြောင်း သရုပ်ဆောင်ခဲ့သည်။ ဒေါက်ကလပ်ဖဲယားဘင့်မှာ နှုတ်ခမ်းမွေး သဲ့သဲ့ထားပြီး အထိုးအကြိတ်၊ အသတ်အပုတ်၊ မြင်းစီး၊ ဓားခုတ်၊ လုံထိုး၊ အပစ်အခတ်၊ ဒိုင်ဗင်၊ အခုန်အပျံ စသည့်အမှုအရာမျိုးစုံကို စွန့်စွန့်စားစား စတင်သရုပ်ဆောင်ပြသခဲ့မှုကြောင့် စတန့်မင်းသားတို့၏ ဖခင်ကြီးဟုပင် သမုတ်ခဲ့ကြသည်။ ဒေါက်ကလပ်ဖဲယားဘင့် ကျော်ကြားပြီးနောက် ဘတ်စကာကီတန်၊ အက်ဒီပိုလို၊ ဗလင်တီနို စသော စတန့်မင်းသားများ ထင်ရှားလာပြီး ကမ္ဘာကျော်ခဲ့ကြသည်။

၁၉၂၀ ပြည့်နှစ်တွင် မေတ္တာနှင့်သူရာဇာတ်လမ်း ရုပ်ရှင်ကား စတင်ပြသနိုင်ပြီး မြန်မာ့ရုပ်ရှင် စတင်ထွန်းကားချိန်၌ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများတွင် စတန့်ဇာတ်ကြမ်းရုပ်ရှင်ကားများ ရိုက်ကူးပြီး လူကြိုက်များနေကြပြီ ဖြစ်ပါသည်။ မြန်မာ့ပထမဆုံး ဇာတ်လမ်း ရုပ်ရှင်ကား မေတ္တာနှင့်သူရာမှာ စတန့်ဇာတ်ကြမ်းကားမဟုတ်စေကာမူ အထိုးအကြိတ်၊ အသတ်အပုတ်ခန်း အနည်းငယ်နှင့် မော်တော်ကားနှစ်စီး အပြိုင်မောင်းပြီး တစ်စီးမှတစ်စီး ခုန်ကူးသည့် စွန့်စားခန်းတို့ ပါဝင်ခဲ့ပါသည်။ ၁၉၂၃ ခုနှစ်တွင် ရုံတင်သည့် နဖူးစာရွာလည်တွင် ထိုးကြိတ်သတ်ပုတ်ခန်း၊ တိုက်ပေါ်မှသစ်ပင်ပေါ်သို့ ခုန်ချခန်းနှင့် မော်တော်ကားဖြတ်ကြိတ်ခန်းတို့ ပါဝင်ပြီး ၁၉၂၄ ခုနှစ်တွင် ရုံတင်သည့် မြန်အောင်ရုပ်ရှင်၏ နှစ်မင်္ဂလာနှင့် ပျဉ်းမနား ရုပ်ရှင်၏ အလင်းရောင် ရုပ်ရှင်ကားတို့တွင် တံတားကြီးများပေါ်မှ ခုန်ချခန်းတို့ ရိုက်ကူးပြသခဲ့သည်။ ထို့နောက် ၁၉၂၅ ခုနှစ်တွင် ဒေါက်ကလပ်ဖဲယားဘင့် သရုပ်ဆောင်ခဲ့သည့် Mark of Zorro နှင့် Son of Zorro ရုပ်ရှင်ကားများအား လန်ဒန်အတ်ရုပ်ရှင်မှ မြန်မာလိုဆီလျော်အောင် မှီငြမ်းပြီး ဗိုလ်ဝနှင့် သားဗိုလ်ဝ တို့အား ရိုက်ကူးရုံတင်ခဲ့ရာတွင် မင်းသားဘတင့်က ဒေါက်ကလပ်ဖဲယားဘင့်နှယ် ဝတ်စားဆင်ယင်ပြီး စွန့်စွန့်စားစားသရုပ်ဆောင်ပြသခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် မြန်မာ့အဆွေဖလင်မှ ရွှေမင်းဝံ ရာဇဝင်ရုပ်ရှင်ကား ရိုက်ကူး ရုံတင်ခဲ့ရာ၌ သမားရိုးကျမဟုတ်ဘဲ ထူးထူးခြားခြား စွန့်စားရသည့် မြင်းစီးခန်းများ ထည့်သွင်းပြသခဲ့သည်။ လန်ဒန်အတ်ရုပ်ရှင်မှ ဗိုလ်ဝနှင့် သားဗိုလ်ဝ ရုပ်ရှင်ကားများအတွက် ဗြိတိန်နိုင်ငံမှ မြင်းများကို မှာယူ၍လည်းကောင်း၊ မြန်မာ့အဆွေဖလင်မှ ရွှေမင်းဝံရုပ်ရှင်ကားအတွက် ရန်ကုန်သို့လာရောက်ပြသသည့် ရုရှားဆပ်ကပ်အဖွဲ့မှ မြင်းများကိုဝယ်ယူ၍လည်းကောင်း အသုံးပြုခဲ့ကြသည်။ မြန်မာ့ရုပ်ရှင်ခေတ်ဦးမှ ထုတ်လုပ်သူနှင့် ဒါရိုက်တာတို့သည် ရုပ်ရှင်ကားကောင်းမွန်ရေးအတွက် မြန်မာမြင်းများထက် ထွားကျိုင်းသော နိုင်ငံခြားမြင်းများကို ငွေကုန်ကြေးကျခံ ဝယ်ယူသုံးစွဲခဲ့ကြသည်မှာ လေးစားဖွယ်ကောင်းလှသည်။

၁၉၂၉ ခုနှစ်တွင် ဗြိတိသျှဘားမား ရုပ်ရှင်မှ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများမှ ရိုက်ကူးသည့် စတန့်ဇာတ်ကြမ်း သီးသန့်ရုပ်ရှင်ကားများနှယ် မြန်မာ့ရုပ်ရှင်လောက၏ သီးသန့်စတန့်ဇာတ်ကြမ်းကားအဖြစ် တစ်ကိုယ်တော် ရုပ်ရှင်ကားကို ဦးဦးဖျားဖျား စမ်းသပ်ရိုက်ကူးရုံတင်ခဲ့သည်။ ပရိသတ်ကြိတ်ကြိတ်တိုး စည်ကားအောင်ပွဲခံခဲ့၍ ဗြိတိသျှဘားမားရုပ်ရှင်မှ ဆယ်နာရီ၊ တစ်သုံးလုံး၊ ဟိုးဟိုးကျော်၊ ဆင်ကြီးဂဠုန်ချီ၊ လူမိုက်ကြီး၊ ဘသမီး၊ သူခိုးမ စသော သီးသန့်စတန့်ဇာတ်ကြမ်းများကို ဆက်တိုက်ရိုက်ကူး ရုံတင်ခဲ့သည်။ ဗြိတိသျှဘားမားရုပ်ရှင်၏ သီးသန့်စတန့်ဇာတ်ကြမ်းကားများ အောင်မြင်မှုကို တွေ့ရှိရ၍ မြန်မာ့အဆွေဖလင်၊ ပဲရောက်ရုပ်ရှင်နှင့် ရန်ကုန်ရုပ်ရှင် စသည့် ကုမ္ပဏီကြီးများနှင့် ကုမ္ပဏီငယ်များကလည်း သီးသန့်စတန့်ဇာတ်ကြမ်းကားများကို ရိုက်ကူးထုတ်လုပ်ခဲ့ကြသည်။ မြန်မာ့ရုပ်ရှင်လောကတွင် သီးသန့်စတန့်ဇာတ်ကြမ်းရုပ်ရှင်ကားများအဖြစ် ၁၉၂၉ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ စစ်ကြိုခေတ် ၁၂ နှစ်ကြာကာလအတွင်း ကား ၂၀၀ ခန့်အား ထုတ်လုပ်နိုင်ခဲ့ကြသည်။ စစ်ကြိုခေတ်တွင် ကျော်စိုး၊ ကျော်ဟိုး၊ ကျော်မိုး၊ တင်ငွေ၊ တင်ဖေ၊ ကျော်အေး၊ ချစ်ရွှေ၊ ကျော်ညွန့်၊ တင်ဆွေနှင့် ရွှေမန်းထွန်းတင်တို့မှာ နာမည်ကြီး စတန့်မင်းသားများ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ရပ်တည်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် မြန်မာနိုင်ငံမှ ဖက်ဆစ်ဂျပန်များ ဆုတ်ခွာပြီး မဟာမိတ်တပ်များ ပြန်လည်ဝင်ရောက်ချိန် ၁၉၄၆ ခုနှစ်မှစတင်၍ မြန်မာ့ရုပ်ရှင်ကား ပြန်လည်ရိုက်ကူးခဲ့ကြသည်။ စစ်ကြိုခေတ်က နာမည်ကြီးခဲ့သော စတန့်ဇာတ်ကြမ်းမင်းသား အများစုတို့မှာ ကွယ်လွန်မှု၊ အသက်အရွယ် ကြီးရင့်မှု၊ ကျန်းမာရေးချို့ယွင်းမှုတို့ကြောင့်လည်းကောင်း၊ အချို့မှာ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းသို့ ရွှေ့ပြောင်းမှုကြောင့်လည်းကောင်း စတန့် ဇာတ်ကြမ်းမင်းသားအဖြစ် ရပ်တည်မှု မပြုကြတော့ချေ။ မြန်မာရုပ်ရှင်ကြည့်ပရိသတ်မှာ သီးသန့် စတန့်ရုပ်ရှင်ကားများကို ဆက်လက်အားပေး ကြည့်ရှုနေဆဲရှိသည်ကို လေ့လာမိသော ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီနှင့် ရုပ်ရှင်ဒါရိုက်တာတို့က စတန့်ဇာတ်ကြမ်း မင်းသားသစ်များကို အပြိုင် မွေးထုတ်ပေးခဲ့ကြသည်။ စတန့်ဇာတ်ကြမ်း မင်းသားများအား မွေးထုတ်စဉ်က ဒုတိယကမ္ဘာစစ် ပြီးစဖြစ်၍ မြန်မာတိုင်းရင်းသားများမှာ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ဖက်ဆစ်ဂျပန် တော်လှန်ရေးစိတ်ဓာတ်နှင့် လွတ်လပ်ရေး ရယူလိုသည့်ဆန္ဒတို့ ပြင်းပြစွာကိန်းအောင်းနေကြချိန်လည်း ဖြစ်သည်။ မြန်မာတို့၏ စိတ်ဓာတ်နှင့် ဆန္ဒကို ရိပ်စားမိသော ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီနှင့် ဒါရိုက်တာတို့သည် ဗြိတိသျှနယ်ချဲ့နှင့် ဖက်ဆစ်ဂျပန်တို့အား ဆန့်ကျင်တော်လှန်သည့် ဇာတ်လမ်းများကို အခြေခံသည့် စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားများကို ရိုက်ကူးခဲ့ကြသည်။ ရန်သူနံပါတ်(၁)၊ သူပုန်သွေး၊ ပျောက်ကျားဗိုလ်၊ သွေးသောက်၊ တောင်တန်းဗိုလ်၊ ဗိုလ်ချုပ်၊ သတ္တိဗျတ္တိ၊ လေနီကြမ်း၊ သွေးတစ်စက်၊ ဗမာ့သွေး၊ မျိုးချစ်သူပုန်၊ ရဲလုလင်၊ တသွေးတမြေ၊ ရဲတံခွန် စသည့် ရုပ်ရှင်ကားအမည်များကို ကြည့်လျှင် မြန်မာ့ရုပ်ရှင်၏ ခေတ်ကို ထင်ဟပ်မှုအား အထင်းသား တွေ့မြင်ကြရပါမည်။ စစ်ပြီးခေတ်တွင် မွေးထုတ်ထင်ရှားခဲ့သော စတန့်ဇာတ်ကြမ်းမင်းသားများမှာ ကျော်ဆွေ၊ တင်ညွန့်၊ ရွှေဘ၊ ကျော်ဖေ၊ ဒိုင်ဗင်တင်လှ၊ သက်ရှည်၊ ကျော်ဝင်း၊ ခင်မောင်ဝင်း၊ တင်မောင်ဝင်း စသည်တို့ ဖြစ်ကြသည်။

စစ်ပြီးခေတ်တွင် ထင်ရှားခဲ့သော စတန့်ဇာတ်ကြမ်းမင်းသားများအနက် ကျော်ဝင်းနှင့် ကျော်ဖေတို့မှာ သဘာဝအမှုအရာ အသားပေးဇာတ်ကားများ (Drama Movies) ကိုပါ စမ်းသပ်ပါဝင် သရုပ်ဆောင်ခဲ့ကြပြီး ၁၉၆၀ ပြည့်ဝန်းကျင်နှစ်များတွင် ရုပ်ရှင်ရိုက်ကူးခြင်းမှ အနားယူမှု၊ ဒိုင်ဗင်တင်လှ၊ ခင်မောင်ဝင်းနှင့် တင်မောင်ဝင်းတို့မှာ အသံထွက်ကားများထွန်းကားချိန် ၁၉၅၇ ခုနှစ်ခန့်မှ စတင်၍ ရုပ်ရှင်ပိတ်ကားနှင့် အလှမ်းကွာသွားမှု၊ ကျော်ဆွေ၊ တင်ညွန့်နှင့် သက်ရှည်တို့မှာ စတန့်ဇာတ်ကြမ်းကားများ (Action Movies)အပြင် သဘာဝအမှုအရာနှင့် စတန့်ဇာတ်ကြမ်းရောယှက်သည့် ရုပ်ရှင်ကားများ(Action Drama Movies) နှင့် သဘာဝအမှုအရာ အသားပေးရုပ်ရှင်ကားများကိုပါရိုက်ကူးမှု၊ ဒါရိုက်တာ၊ ထုတ်လုပ်သူတာဝန်တို့ကိုပါ တိုးချဲ့ထမ်းဆောင်လာမှုတို့ကြောင့် စတန့်ဇာတ်ကြမ်းကားများ ရိုက်ကူးမှုတွင် လျော့နည်းလာကြသည်။ မြန်မာ ရုပ်ရှင်ကြည့်ပရိသတ်မှာ စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားများအား ဆက်လက်အားပေး ကြည့်ရှုနေကြဆဲဖြစ်သော်လည်း စတန့်ဇာတ်ကြမ်း မင်းသားသစ်များမှာ ထပ်မံပေါ်ထွန်းမှု မရှိခဲ့ချေ။ စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားအများစုကို မင်းသားရွှေဘ တစ်ဦးတည်းကသာ အရှိန်အဟုန်မပျက် ဆက်လက်ရိုက်ကူးခွင့် ရရှိနေခဲ့သည်။ ရွှေဘ၏ ပထမဦးဆုံးရုပ်ရှင်ကား သတ္တိဗျတ္တိမှာ ၁၉၄၈ ခုနှစ်တွင် ရုံတင်ခဲ့ပြီး အသက်အရွယ်နှင့် ကျန်းမာရေးကြောင့် ရုပ်ရှင်ရိုက်ကူးခြင်းမှ အနားမယူမီ နောက်ဆုံးရိုက်ကူးသည့် မချစ်လည်းပြုံး ချစ်လည်းပြုံးမှာ ၁၉၈၅ ခုနှစ်တွင် ရုံတင်ခဲ့ပါသည်။ မင်းသားရွှေဘမှာ ရုပ်ရှင်လောကတွင် နှစ်ပေါင်း ၄၀ ခန့်မျှ ကျင်လည်၍ စတန့်ဇာတ်ကြမ်းရုပ်ရှင်ကား အများဆုံးရိုက်ကူးသည့် မင်းသားအဖြစ် ယှဉ်နိုင်သူကင်းစွာရပ်တည် နိုင်ခဲ့သည်။

၁၉၆၈ ခုနှစ်၊ ဇွန်လ ၂၉ ရက်နှင့် ၃၀ ရက်တွင် ပထမအကြိမ် ရုပ်ရှင်နှီးနှောဖလှယ်ပွဲအား ရန်ကုန်မြို့၊ တပ်မတော် ကပွဲရုံ၌ ကျင်းပခဲ့သည်။ ရုပ်ရှင်အနုပညာရှင်နှင့် အတတ်ပညာရှင် အလွှာစုံမှ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပြီး စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာနှင့် ဒါရိုက်တာ ဦးဉာဏမှ နှီးနှောဖလှယ်ပွဲ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ဦးဉာဏသည် စစ်ကြိုခေတ်တွင် ဗြိတိသျှဘားမား

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်မှ ရိုက်ကူးထုတ်လုပ်သော စတန့်ဇာတ်လမ်း ရုပ်ရှင်ကားများစွာ၏ ဝတ္ထုဇာတ်ညွှန်းများအား လည်းကောင်း၊ စစ်ပြီးခေတ်တွင် စတန့်ဇာတ်ကြမ်း မင်းသားရွှေဘနှင့် အံဝင်ခွင်ကျဖြစ်မည့် ဝတ္ထုဇာတ်ညွှန်းများအား လည်းကောင်း အမျိုးသားရေးအမြင်ဖြင့် ရေးသားခဲ့သည့် အနုပညာရှင်ကြီး ဖြစ်ပါသည်။ စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားများ ရိုက်ကူးရခြင်း၏ ရည်ရွယ်ချက် အကြောင်းရင်းနှင့် စပ်လျဉ်း၍ ရုပ်ရှင်နှီးနှောဖလှယ်ပွဲ သဘာပတိ ဦးဉာဏက 'ဟန်ကျပန်ကျ မရှိတဲ့ အကောင်တွေက ဘဝတွေကို တကယ်တမ်းသာ သရုပ်ဖော်ပြရရင်လည်းပဲ အားလုံးထိုင်ငိုစရာကြီး ဖြစ်နေမှာပဲ။ ဒီတော့ ရုပ်ရှင်ကဘယ်နည်းနဲ့ဖြစ်ဖြစ် တကယ့်ဘဝ သရုပ်အမှန်ကြီးနဲ့ထုတ်ပြီး ပြစမ်းဆိုလို့ရှိရင် ဗမာလူမျိုးဆိုတာက တော်တော်ခက်တယ်။ ကိုယ့်မှာမရှိတာသာ သူသိချင်တယ်။ ဥပမာ ဆိုပါတော့ ထိုးတဲ့ကြိတ်တဲ့ဇာတ်လမ်းတွေ၊ ရွှေဘတို့လိုဟာတွေ ဥပမာ အရင်တုန်းက ချစ်ရွှေတို့၊ တင်ငွေတို့၊ ဘာတို့ဆိုတဲ့ ကားတွေ၊ ဘာဖြစ်လို့ သူကြည့်ချင်သလဲတဲ့။ သူ့ဘဝကိုယ်တိုင်က မဟန်နေလို့၊ ဟန်တဲ့၊ နိုင်တဲ့ ဟာကလေးများ သူကြည့်လိုက်ရရင်လည်း စိတ်သက်သာလားမလို့ဆိုပြီး သူကြည့်တာ၊ အလကားကြည့်တာ မဟုတ်ဘူး။ ဒီကောင်ကိုကြည့်ပြီး သူ့စိတ်ထဲ သူများကို ဆော်ချင်တဲ့စိတ်တွေ ရှိတယ်။ ဒါပေမယ့် သူဆော်ရင် ထောင်ကျမယ်။ မတော်တဆ ဘာဖြစ်မယ်ဆိုတာ ရှိတယ်။ ရှိတော့ ဒီကောင်တွေက ထိုးတဲ့ဟာ အားရပါးရ ပြလိုက်တော့လည်း အဲဒါကြီးကြည့်ပြီး သူက ကျေနပ်ပြီး လက်ခုပ်တီးရတဲ့ ဘဝ၊ သူ့ စိတ်ကျေနပ်မှုကလေး၊ အဲဒီတော့ အဖိအနှိပ်ခံပြီး လူနဲ့သူနဲ့ တူအောင် မနေရတဲ့ ဗမာလူမျိုး အများစုဟာ ဒါမျိုးကိုပဲ သူအများဆုံး လိုလားနေမယ်ဆိုတဲ့ဥစ္စာ ဘာမှဆန်းကြယ်တဲ့အရာ မဟုတ်ဘူး'ဟုလည်းကောင်း၊ ဆက်လက်၍ 'တိုင်းပြည်ကို ကြည့်နေရတယ်၊ ကိုယ့်တိုင်းပြည်က ဘာဖြစ်နေသလဲ၊ အားငယ်နေသလား၊ ဥပမာဆိုပါတော့၊ ကုလားဗမာတိုက်ပွဲတွေ ဘာတွေညာတွေဖြစ်၊ အားများငယ်နေသလား၊ ဖြစ်တယ်ဆိုလို့ရှိရင် အားတက်မယ့် စတန့်ကားတွေကို တမင်ခပ်တွင်တွင် ထုတ်ပေးရတယ်။ ထုတ်ချင်လို့ထုတ်ပေးတာ မဟုတ်ဘူး။ ပိုက်ဆံလိုချင်လို့လဲ အဓိကမဟုတ်ဘူး။ ရုံတွေ ရုပ်ရှင်ရုံတွေ သွားကြည့်ခြင်းအားဖြင့် ဒီလို ဒီလိုသတ္တိရှိတဲ့ အကောင်တွေလည်း တို့အထဲရှိသေးတယ်။ လူစွမ်းကောင်းတို့ ဘာတို့သာရှိရင်၊ အနည်းဆုံးတော့ စိတ်အားလေး သက်သောင့်သက်သာလေး တက်လာမလားလို့ဆိုတဲ့ ရည်မှန်းချက်နဲ့ ဒီလိုလုပ်ရတယ်'ဟုလည်းကောင်းတိုင်းပြည်နှင့်လူမျိုးအတွက် စတန့်ရုပ်ရှင်ကားများ ထိရောက်ပုံကို မြွက်ကြားခဲ့သည်။

အသံတိတ်ရုပ်ရှင် ထွန်းကားစဉ် ရုပ်ရှင်နောက်ခံ တေးဂီတမှူး တာဝန်ယူခဲ့သည့် စန္ဒရားပညာရှင်နှင့် စာရေးဆရာ စစ်ကိုင်းလှရွှေမှာ စာနယ်ဇင်းများတွင် ရုပ်ရှင်နှင့်ဂီတဆိုင်ရာ အကြောင်းအရာဆောင်းပါးများစွာကို ရေးသားခဲ့သည့်ပြင် 'ရုပ်ရှင်၊ ဂီတနှင့် ကျွန်တော်' နှင့် 'ခေတ်ဟောင်းရုပ်ရှင် စတန့်မင်းသားကြီး ၁၀ ဦး' စာအုပ်များကိုလည်း ရေးသားပြုစု ထုတ်ဝေခဲ့ပါသည်။ ခေတ်ဟောင်းရုပ်ရှင် စတန့်မင်းသားကြီး ၁၀ ဦး စာအုပ်အမှာစကားတွင် စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားများနှင့် စတန့်ဇာတ်ကြမ်းမင်းသားတို့နှင့် စပ်လျဉ်း၍ စစ်ကိုင်းလှရွှေက 'စတန့်ရုပ်ရှင်များသည် ထိုစဉ်က ခေတ်လူငယ်များအား အမှန်တရားဖော်ထုတ်ရေး၊ အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေး၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးရေး စသည့် စိတ်ဓာတ်တို့ကို သွတ်သွင်းပေးရုံသာမက စွန့်စွန့်စားစား ဆောင်ရွက်လိုစိတ်ကို နှိုးဆော်ပေးရာ ရောက်သည်။ ထို့ပြင် အမျိုးသားလွတ်မြောက်ရေးနှင့် နိုင်ငံ့အကျိုးအတွက် စတန့်ရုပ်ရှင်မင်းသားတို့ ပြည်သူတစ်ယောက်အနေဖြင့် ပါဝင်ထမ်းရွက်ခဲ့သည့် သာဓကများရှိရာ ယင်းတို့ကိုယနေ့ခေတ်လူငယ်များ သိသင့်လှပါသည်'ဟု သုံးသပ်တင်ပြခဲ့ပါသည်။

ထို့ပြင် စာရေးဆရာမောင်ခိုင်လတ်က 'လွမ်းတတ်သူ' ရသစာတမ်း (မဟေသီမဂ္ဂဇင်း ၂၀၀၄ ဇန်နဝါရီ)တွင် 'အီတလီ တောတောင်ရေမြေတွေကို နောက်ခံထားပြီး ရိုက်ကူးထားသော ကောင်းဘွိုင်ကားတွေ ကြည့်မိတိုင်း ရွှေဘကို ပြန်လည်သတိရနေမိလေသည်။ မှုန်တေတေ၊ အေးစက်စက် သရုပ်ဆောင်လေ့ရှိသော ကလင့်အီစ်ဝုဒ်ကို ကြည့်မိတိုင်း ရွှေဘကိုချည်း မြင်ယောင်လို့နေသည်။ ရွှေဘပါဝင်ရိုက်ကူးထားသော ရုပ်ရှင်ကားတွေကို မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



ရှေးဦးကောင်းဘွိုင်ကားတွေဟု ပြောလို့ရနိုင်သည်။ ကင်မရာ၊ ရုပ်ရှင်အတတ်ပညာ၊ သရုပ်ဆောင်မှုတွေ မြန်မာကားတွေထက် သာလွန်ကောင်းမွန်မည်ဖြစ်သော်လည်း ဦးတည်ချက်တွင်မူ မြန်မာကောင်းဘွိုင်ဟု ခေါ်သင့်သောရွှေဘကားတွေလောက် ကောင်းမွန်ခြင်းမရှိပေ။ သူတို့ဆီက ကားတွေမှာ တစ်ကိုယ်တော် လူစွမ်းကောင်းဝါဒ၊ ကလဲ့စားချေမှု၊ အကောက်ကြံမှု စသည်တို့၏ ပုံရိပ်တွေက လွှမ်းမိုးနေတော့၏။ အများအတွက် အနစ်နာခံမှု၊ တရားမဲ့မှုကို ခုခံတွန်းလှန်မှုတို့က ပါးလျားလွန်းလှသည်။ ရွှေဘသရုပ်ဆောင်သော ကားတွေက ပိုမိုနက်ရှိုင်းသိမ်မွေ့သည်ဟု ယူဆချင်ပါသည်'ဟု နိုင်ငံတကာဈေးကွက်ဝင် အနောက်တိုင်း ကောင်းဘွိုင်ရုပ်ရှင်ကားများထက် ရွှေဘပါဝင်သရုပ်ဆောင်သည့် မြန်မာရုပ်ရှင်ကားများက ဦးတည်ချက် မြင့်မားသာလွန်ပုံကို တမ်းတဖော်ကျူးထားပါသည်။

ဗမာ့ခေတ်သတင်းစာ တာဝန်ခံအယ်ဒီတာ (၁၉၄၅–၆၁)၊ မိုးကြိုးသတင်းစာ အယ်ဒီတာချုပ် (၁၉၆၁–၆၄)နှင့် စာနယ်ဇင်းများစွာတွင် ရုပ်ရှင်ဆောင်းပါးနှင့် ရုပ်ရှင်ဝေဖန်ရေးဆောင်းပါးများ ရေးသားနေဆဲရှိသည့် သတင်းစာဆရာ စာရေးဆရာဖိုးသောကြာ (ခေတ်+မိုး)က 'ဦးရွှေဘနာမည်မပါလို့ မကျေနပ်ဘူး'ဆောင်းပါး (အလင်းတန်းဂျာနယ် ၁၃–၉–၂၀၀၄)တွင် 'ဦးရွှေဘ ဇာတ်လိုက်မင်းသားလုပ်တဲ့ ရုပ်ရှင်ဇာတ်ကားတွေမှာ လယ်သမား၊ အလုပ်သမားတွေနဲ့ အဖိနှိပ်ခံလူထုဘက်က အမြဲရပ်တည်ရတဲ့၊ တိုက်ပွဲဝင်ရတဲ့ဇာတ်ရုပ်မို့ သူ့ပရိသတ်ရင်ထဲမှာ ဦးရွှေဘဟာ သူတို့ရဲ့ လူစွမ်းကောင်းပဲ ချစ်ကြတယ်'ဟု ရွှေဘပါဝင်သရုပ်ဆောင်လေ့ရှိသော ဇာတ်ဆောင်စရိုက်အားပရိသတ်စွဲ မက်ချစ်ခင်ကြပုံကို ဖော်ကျူးခဲ့သည်။

စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားများနှင့် မင်းသားရွှေဘတို့မှာ ခွဲခြား၍မရနိုင်ဘဲ ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့်ပန်းပမာ အစဉ်ဒွန်တွဲနေကြပါသည်။ တစ်နည်းအားဖြင့် စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားများအား ရှုမြင်အကဲဖြတ်မှုနှင့် မင်းသားရွှေဘအား ရှုမြင်အကဲဖြတ်မှုတို့သည်လည်း အမြဲတမ်းလိုပင် ထပ်တူဖြစ်နေကြပါလိမ့်မည်။ မြန်မာနိုင်ငံရှိ လူဦးရေ၏ ၈၅ ရာခိုင်နှုန်းခန့်မှာ တောင်သူလယ်သမားများနှင့် အလုပ်သမားများ ဖြစ်ကြသည်။ မြို့ပြနေ အခြားလူတန်းစား ရုပ်ရှင်ကြည့်ပရိသတ်တွင်လည်း မင်းသားရွှေဘအားနှစ်သက်သူများ ရှိနေကြပါသည်။ ၁၉၄၈ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ မင်းသားရွှေဘသည် ရုပ်ရှင်ကားများစွာ အဆက်မပြတ် ရိုက်ကူးနိုင်ခဲ့မှုတို့ကြောင့် မင်းသားရွှေဘမှာ မြန်မာနိုင်ငံတွင် ပရိသတ် ထုထည်အင်အားအကြီးဆုံး မင်းသားဟု သတ်မှတ်နိုင်ပါသည်။ စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာနှင့် ဒါရိုက်တာဦးဉာဏ၊ ဂီတမှူး စန္ဒရားပညာရှင် စာရေးဆရာ စစ်ကိုင်းလှရွှေ၊ စာရေးဆရာမောင်ခိုင်လတ်နှင့် ရုပ်ရှင် ပင်တိုင်ဆောင်းပါးရှင် ဖိုးသောကြာ(ခေတ်+မိုး)တို့ သုံးသပ်အကဲဖြတ်ကြသလို စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားများနှင့် မင်းသားရွှေဘ၏ သရုပ်ဆောင်မှုတို့က ရုပ်ရှင်ကြည့်ပရိသတ်အား အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်၊ ဖက်ဆစ်တော်လှန်ရေး စိတ်ဓာတ်၊ ရပ်ရွာအေးချမ်းသာယာမှုကို မြတ်နိုးသည့်စိတ်ဓာတ်နှင့် တရားဥပဒေနှင့်အညီ နေထိုင်လိုသော စိတ်ဓာတ်တို့အား ရှင်သန်ဖွံ့ဖြိုးစေသည်မှာ အသေအချာ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် စတန့်ဇာတ်ကြမ်းကားများနှင့် မင်းသားရွှေဘ၏ သရုပ်ဆောင် အနုပညာစွမ်းရည်က နိုင်ငံနှင့်ပြည်သူကို တစ်တပ်တစ်အား အကျိုးပြုခဲ့သည်ဟု ဆိုရပါမည်။ ။



www.burmeseclassic.com

www.burmeseclassic.com





ပြည်ကျော် ဖလင်
"တိုင်းကျော်" ဇာတ်ကားမှ
ရွှေဘနှင့် ခင်စိန်ဝင်း

# ရွှေဘ၏

## စတန့်ဇာတ်ကြမ်းဇာတ်လမ်းများ နှင့်

# ဇာတ်ဆောင်စရိုက်များ

ဗြိတိသျှနယ်ချဲ့သည် အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲကို ဆင်နွှဲ၍ ၁၈၂၆ ခုနှစ်တွင် ရခိုင်နှင့်တနင်္သာရီဒေသများကိုလည်းကောင်း၊ အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲကို ဆင်နွှဲ၍ ၁၈၅၂ခုနှစ်တွင် အောက်မြန်မာနိုင်ငံကိုလည်းကောင်း၊ အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲကို ဆင်နွှဲ၍ ၁၈၈၅ ခုနှစ်တွင် အထက်မြန်မာနိုင်ငံကိုလည်းကောင်း သိမ်းပိုက်ခဲ့ပြီး ကိုလိုနီ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံအဖြစ် သတ်မှတ်ကျွန်ပြုခဲ့သည်။ ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာတိုင်းရင်းသားတို့အား ကျွန်သဖွယ် သဘောထားကာ နှိမ့်ချဆက်ဆံတတ်ကြပြီး စည်းကမ်းဥပဒေအမျိုးမျိုးထုတ်ပြန်၍ စစ်ပုလိပ်တို့ဖြင့် ဖိနှိပ်ကြသည်။ မြန်မာ့သယံဇာတနှင့် ကျွန်းသစ်ကို လက်ဝါးကြီးအုပ်ထုတ်ယူပြီး မြန်မာ့စီးပွားရေးကို ချုပ်ကိုင်ကြသည်။ အုပ်ချုပ်ရေးတွင် ဗြိတိသျှတို့နှင့် လက်ပါးစေတို့ကသာ အဓိကနေရာယူထားကြပြီး လယ်ယာလုပ်ငန်းတွင်လည်း အိန္ဒိယသား ချစ်တီးကုလားများကို လွှမ်းမိုးထားနိုင်အောင် ဖန်တီးထားခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံ အနှံ့အပြားတွင် မြန်မာတိုင်းရင်းသားတို့သည် ရရာလက်နက် စွဲကိုင်၍ သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် အစဉ်တစိုက်တော်လှန်တိုက်ခိုက်ကြသည့် နည်းတူ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေအသင်း)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အသင်းချုပ်ကြီး (ဂျီစီဘီအေအသင်း)၊ တို့ဗမာအစည်းအရုံးနှင့် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ)ကဲ့သို့သော အသင်းအဖွဲ့များမှလည်း နိုင်ငံရေးအရ ဦးဆောင်ဆန့်ကျင်ခဲ့ကြသည်။ တို့ဗမာအစည်းအရုံးနှင့် ရဲဘော်သုံးကျိပ်တို့၏ အစီအစဉ်ဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းပြီး ဂျပန်တပ်မတော်၏ အကူအညီဖြင့် ၁၉၄၂ ခုနှစ်တွင် ဗြိတိသျှနယ်ချဲ့အား တိုက်ထုတ်ခဲ့ကြသည်။ ဗြိတိသျှနယ်ချဲ့တို့အား တိုက်ထုတ်ပြီး ဖက်ဆစ်ဂျပန်တို့ စိုးမိုးချိန်တွင် ကျားထက်ဆိုးသော ရှင်ကြီးနှင့် မြန်မာတိုင်းရင်းသားတို့ ရင်ဆိုင်ကြရသည်။ ခွေးတပ်ဆွဲ၊ ပါးရိုက်နားရိုက်၊ ထိုးကြိတ်ကန်ကျောက်၊ ရေနွေးပူလောင်း၊ လက်သည်းခွံခွာ၊ အဓမ္မလုယက်တို့အပြင် အမျိုးသမီးငယ်တို့အား စော်ကား စသည့် ရိုင်းပျမှုတို့ကို ကြုံတွေ့ရသည်။ ထို့ကြောင့် ၁၉၄၅ ခုနှစ်တွင် မဟာမိတ်တပ်များနှင့် ပူးပေါင်း၍ ဖက်ဆစ်ဂျပန်တို့အား တော်လှန်ခဲ့ကြသည်။ သတ္တိဗျတ္တိရုပ်ရှင်ကားဖြင့် မင်းသားရွှေဘ ရုပ်ရှင်စတင်ရိုက်ကူးခွင့် ရချိန်တွင် မြန်မာတိုင်းရင်းသားတို့သည် ဖဆပလအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ဗြိတိသျှနယ်ချဲ့ထံမှ လွတ်လပ်ရေးရရှိရေးအတွက် ကြိုးပမ်းနေချိန်လည်း ဖြစ်သည်။ ဗြိတိသျှနယ်ချဲ့အား ဆန့်ကျင်တိုက်ထုတ်ကာ ဖက်ဆစ်ဂျပန်အား တော်လှန်တိုက်ထုတ်ပြီးစ ကာလဖြစ်ရာ မြန်မာတိုင်းရင်းသားတို့မှာ ဇာတိမာန် တက်ကြွနေကြဆဲရှိသည်။ ရုပ်ရှင်အနုပညာရှင်များကလည်း မြန်မာတိုင်းရင်းသားတို့၏ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်တိုက်ထုတ်ပုံနှင့် ဖက်ဆစ်ဂျပန်တော်လှန်တိုက်ထုတ်ပုံတို့အား ဇာတ်အိမ်ဖွဲ့၍ ဇာတိမာန်တက်ကြွစေမည့် ရုပ်ရှင်ကားများကို စဉ်ဆက်မပြတ် ရိုက်ကူးခဲ့ကြသည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်နေ့တွင် ဗြိတိသျှနယ်ချဲ့ထံမှ မြန်မာတိုင်းရင်းသားတို့ လုံးဝလွတ်လပ်ရေးရခဲ့ကြသော်လည်း ပြည်တွင်းသောင်းကျန်းမှု အရှိန်အဟုန်မှာ ပြင်းထန်ခဲ့သည်။ ပြည်တွင်းသောင်းကျန်းမှုကြောင့် ရပ်ရွာအေးချမ်းသာယာမှုနှင့် ငြိမ်ဝပ်ပိပြားမှု ကင်းမဲ့ခဲ့ကြရသည်။ ပြည်သူတို့မှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ခရီးသွားလာရေးတို့ ကောင်းမွန်စွာ လုပ်ကိုင်မရသည့်အဖြစ်နှင့် ကြုံတွေ့ကြရသည်။ ပြည်တွင်းသောင်းကျန်းမှု အရှိန်အဟုန် ကျဆင်းဆဲကာလမှာပင် တော်လှန်ရေးကောင်စီက နိုင်ငံတော်ကို ထိန်းသိမ်းကာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဖြင့် နိုင်ငံတော်၏ ရှေ့ခရီးကိုဆက်ရန် စီစဉ်ခဲ့သည်။ အရင်းရှင်နှင့် မြေရှင်ယာရှင်တို့အား ဆန့်ကျင်ပြီး လယ်သမားနှင့်အလုပ်သမားတို့အား ရှေ့တန်းတင်သည့် ကာလလည်းဖြစ်သည်။ ထို့ကြောင့် ရုပ်ရှင်အနုပညာရှင်တို့သည် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်တိုက်ထုတ်ပုံနှင့် ဖက်ဆစ်ဂျပန်တော်လှန်တိုက်ထုတ်ပုံတို့ကို ဇာတ်အိမ်များဖွဲ့သည့် ရုပ်ရှင်ကားအပြင် သောင်းကျန်းသူ ချုပ်ငြိမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အရင်းရှင်နှင့် မြေရှင်ယာရှင်ဆန့်ကျင်ရေးနှင့် အလုပ်သမား၊ လယ်သမားရှေ့တန်းတင်ရေးစသည့် အကြောင်းအရာများအား အခြေခံသည့် ဇာတ်အိမ်များကို ဖွဲ့သည့် ရုပ်ရှင်ကားများကိုပါ ဆက်လက်ရိုက်ကူးကြသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်များကလည်း ထိုသို့သော ဇာတ်လမ်းအမျိုးအစားတို့ကို ဖန်တီးရိုက်ကူးကြရန် လှုံ့ဆော်ပေးသကဲ့သို့ ရှိနေသည်။ ထိုသို့သော ဇာတ်အိမ်ဇာတ်လမ်းများဖြင့် အလိုက်ဖက်ဆုံးမင်းသားအဖြစ် လည်းကောင်း၊ ထိုသို့သော ဇာတ်အိမ်ဇာတ်လမ်းများမှ ဇာတ်ဆောင်စရိုက်ကို အပီပြင်ဆုံး သရုပ်ဆောင်နိုင်သူအဖြစ် လည်းကောင်း ထုတ်လုပ်သူနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာတို့ကရော၊ ရုပ်ရှင်ကြည့်ပရိသတ်ကပါ မင်းသားရွှေဘကိုသာ တညီတညွတ်တည်း ရွေးချယ်ခဲ့ကြသည်။ ထို့ကြောင့် မင်းသားရွှေဘ သရုပ်ဆောင်သည့် ရုပ်ရှင်ကားများမှာ အများအားဖြင့် အောက်ဖော်ပြပါ ဇာတ်လမ်းဇာတ်အိမ် ကျောရိုးလေးမျိုးဖြင့် မြင်တွေ့ကြရမည် ဖြစ်ပါသည်။

၁။ ဗြိတိသျှနယ်ချဲ့နှင့် နယ်ချဲ့၏ဘက်တော်သားများ၊ အမျိုးသားသစ္စာဖောက်များနှင့် သူကြီးဆိုးတို့သည် နယ်ချဲ့ဆန့်ကျင်ရေးသမားများနှင့် ကျေးလက်ပြည်သူများအား နည်းမျိုးစုံဖြင့် မတရားမှု၊ ဖိနှိပ်မှု၊ ရက်စက်မှုနှင့် အဓမ္မမှုတို့ ပြုကြရာ ကာလကြာမြင့်သောအခါ နယ်ချဲ့ဆန့်ကျင်ရေးသမားများနှင့် ကျေးလက်ပြည်သူများမှ ဆန့်ကျင်ခုခံမှု အမျိုးမျိုးပြုလုပ်ပြီး အောင်ပွဲခံကြသည့် ဇာတ်လမ်းများ။

၂။ ဖက်ဆစ်ဂျပန်၊ ဂျပန်အလိုတော်ရိများ၊ ဂျပန်စကားပြန်များနှင့် အမျိုးသား သစ္စာဖောက်များသည် ဖက်ဆစ်ဂျပန် တော်လှန်ရေးသမားများနှင့် ကျေးလက်ပြည်သူများအား နည်းမျိုးစုံဖြင့် မတရားမှု၊ ဖိနှိပ်မှု၊ ရက်စက်မှုနှင့် အဓမ္မမှုတို့ပြုကြရာ ကာလကြာမြင့်သောအခါ ဖက်ဆစ်တော်လှန်ရေးသမားများနှင့် ကျေးလက်ပြည်သူများမှ တော်လှန်ခုခံမှု အမျိုးမျိုးပြုလုပ်ပြီး အောင်ပွဲခံကြသည့် ဇာတ်လမ်းများ။

၃။ လက်နက်ကိုင်သောင်းကျန်းသူများနှင့် လူဆိုးဓားပြများသည် ကျေးလက်ပြည်သူများ၊ ပြည်သူ့စစ်များနှင့် ကာကွယ်ရေးများအား နည်းမျိုးစုံဖြင့် မတရားမှု၊ ဖိနှိပ်မှု၊ ရက်စက်မှုနှင့် အဓမ္မမှုတို့ ပြုကြရာ ကာလကြာမြင့်သောအခါ ကျေးလက်ပြည်သူများ၊ ပြည်သူ့စစ်များနှင့် ကာကွယ်ရေးများမှ ခုခံတိုက်ခိုက်မှု အမျိုးမျိုးပြုလုပ်ပြီး အောင်ပွဲခံကြသည့် ဇာတ်လမ်းများ။

၄။ မြေရှင်၊ ယာရှင်များသည် တောင်သူလယ်သမားများအားလည်းကောင်း၊ အရင်းရှင်၊ ဓနရှင်များသည် အလုပ်သမားများအားလည်းကောင်း နည်းမျိုးစုံဖြင့် မတရားမှု၊ ဖိနှိပ်မှု၊ ရက်စက်မှုနှင့် အဓမ္မမှုတို့ ပြုကြရာ ကာလကြာမြင့်သောအခါ တောင်သူလယ်သမားများနှင့် အလုပ်သမားများမှ ပြန်လည်ခုခံမှု အမျိုးမျိုးပြုလုပ်ပြီး အောင်ပွဲခံကြသည့် ဇာတ်လမ်းများ။

ထိုဇာတ်အိမ် ဇာတ်လမ်းလေးမျိုးတွင် မင်းသားရွှေဘသည် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးသမား၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးသမား၊ ကျေးရွာပြည်သူ့စစ်ခေါင်းဆောင်၊ ကာကွယ်ရေးတပ်ဖွဲ့ဝင်၊ ရိုးသားသော တောင်သူလယ်သမားနှင့် မဟုတ်မခံ အလုပ်သမားတို့၏ ဇာတ်ရုပ်နှင့် စရိုက် (Character) တို့တွင် ပါဝင်သရုပ်ဆောင်လေ့ရှိသည်။ မင်းသားရွှေဘ သရုပ်ဆောင်သည့် ဇာတ်ရုပ်နှင့် ဆက်နွှယ်ပတ်သက်နေသည့် အဖေ၊ အမေ၊ ညီမနှင့် ချစ်သူရည်းစား စသည့်ဇာတ်ကောင်များမှာလည်း ဇာတ်လမ်းအရ မတရားမှု၊ ဖိနှိပ်မှု၊ ရက်စက်မှုနှင့် အဓမ္မမှုတို့၏ ဒဏ်ကို ကြီးမားစွာခံရသူများ ဖြစ်ကြသည်။ မင်းသားရွှေဘ၏ ဇာတ်ရုပ်များမှာ အထိုးအကြိတ်၊ အသတ်အပုတ်၊ အခုန်အပျံနှင့် ဒိုင်ဗင်တို့တွင် ထူးချွန်ကျွမ်းကျင်သူများ ဖြစ်ကြရုံမျှမက မဟုတ်မခံသူ၊ အနစ်နာခံသူ၊ စွန့်လွှတ်စွန့်စားသူ၊ ကူညီရိုင်းပင်းသူ စသည့် ပရဟိတစိတ်ဓာတ်ရှိသူများ၊ မျိုးချစ်စိတ်ဓာတ် ပြင်းထန်သူများနှင့် အမျိုးသားရေးစိတ်ဓာတ် ရှိသူများ ဖြစ်ကြသည်။ ဗြိတိသျှနယ်ချဲ့၏ ဖိနှိပ်ချုပ်ချယ် ကျွန်ပြုမှု၊ ဖက်ဆစ်ဂျပန်တို့၏ ရက်စက်ယုတ်မာမှုနှင့် ပြည်တွင်းသောင်းကျန်းသူတို့၏ နှိပ်စက်ကလူပြုမှုတို့ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး အရင်းရှင်၊ ဓနရှင်၊ မြေရှင်ယာရှင်တို့၏ မတရားမှုတို့ကို ခံစားကြရသည့် ပြည်သူတို့မှာ မင်းသားရွှေဘ၏ ဇာတ်ရုပ်များက ဗြိတိသျှနယ်ချဲ့၊ ဖက်ဆစ်ဂျပန်၊ သောင်းကျန်းသူ၊ အရင်းရှင်၊ ဓနရှင်၊ မြေရှင်ယာရှင်တို့နှင့် အပေါင်းပါတို့အား လက်တုံ့ပြန် အနိုင်ရပုံနှင့် လက်စားချေ အောင်ပွဲခံပုံကို ကြည့်ရသောအခါ ကျေနပ်ကြပြီး နှစ်ထောင်းအားရဖြစ်ကာ လက်ခုပ်သြဘာ ပေးကြသည်။ ရုပ်ရှင်ပိတ်ကားထက်မှ မင်းသားရွှေဘ ဇာတ်ရုပ်များ၏ အနိုင်ရယူမှုကို ပြည်သူတို့၏ အနိုင်ရရှိမှုသဖွယ် ခံစားရကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပြီး မင်းသားရွှေဘ၏ ဇာတ်ရုပ်များကို အားကျကြသည်။ ထို့ကြောင့် တောင်သူလယ်သမားနှင့် အလုပ်သမား

www.burmeseclassic.com

www.burmeseclassic.com



အခြေခံလူတန်းစားများက မင်းသားရွှေဘ သရုပ်ဆောင်သည့် ရုပ်ရှင်ကားမှန်သမျှ လက်မလွတ်တမ်း ကြည့်ကြခြင်းဖြစ်သည်။ ဇာတ်လမ်းကျောရိုး လေးမျိုးဖြင့်သာ ရွှေဘ၏ ရုပ်ရှင်ကားများကို ရိုက်ကူးလေ့ ရှိကြရာတွင် အခါအားလျော်စွာ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းခိုင်မာမှု၊ ဒါရိုက်တာ၏ ညွှန်ကြားတင်ပြပုံ ကောင်းမွန်မှု၊ ရွှေဘနှင့် တွဲဖက်ပါဝင်ကြသည့် သရုပ်ဆောင်များ၏ ပီပြင်စွာ ပါဝင်ကပြမှုနှင့် ဓာတ်ပုံ၊ အသံနှင့် တေးဂီတပံ့ပိုးမှု စွမ်းအားတို့ကြောင့် ရွှေဘ၏ ရုပ်ရှင်ကားအချို့မှာ သာမန်ထက် ထင်ရှားအောင်မြင်ပြီး ပိုမိုလူကြိုက် များပြားခဲ့ကြသည်။ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး ရုပ်ရှင်ကားများအဖြစ် တောပုန်းကြီးစံဖဲ၊ ဝရမ်းပြေး ဘိုးသိန်း၊ ဗိုလ်စံဖဲ စသည်တို့သည် လည်းကောင်း၊ ဖက်ဆစ်ဂျပန်တော်လှန်ရေး ရုပ်ရှင်ကားများအဖြစ် ရင်မြေကတုတ်၊ ပျံလေတဲ့ငှက်ခါး၊ ခရီးပန်းတိုင်နှင့် ပွဲကြီးပွဲကောင်း စသည်တို့သည် လည်းကောင်း၊ ပြည်တွင်းသောင်းကျန်းသူ ချုပ်ငြိမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးဦးတည်သည့် ရုပ်ရှင်ကားများအဖြစ် ရန်သူ့ကျော့ကွင်း၊ လူစွမ်းကောင်း ၇ ယောက်၊ ဤသစ်ဆုံ၊ တစ်နေဝင်သော်နှင့် တရားခံ စသည်တို့သည် လည်းကောင်း၊ ရိုးသားသော ကျေးလက်မှ လယ်သမား လူငယ်လူရွယ်တို့၏ ဘဝသရုပ်ဖော် ရုပ်ရှင်ကားများအဖြစ် လူရိုးလူမိုက်၊ ဗိုလ်ရွှေဘော်၊ မိန်းမဘဝ၊ တို့ပိုင်တဲ့မြေ၊ တောကဖိုးတုတ် စသည်တို့သည်လည်းကောင်း၊ အဖိနှိပ်ခံ အလုပ်သမား လူငယ်လူရွယ်တို့ဘဝကို ထင်ဟပ်သော ရုပ်ရှင်ကားများအဖြစ် ဂွစာ၊ ဘဝ ဟူသည်၊ မောင်းထောင်ရွှေဘနှင့် လူကောင်းတစ်ယောက် စသည်တို့သည်လည်းကောင်း၊ သာမန်ထက် ထင်ရှားအောင်မြင်ပြီး လူကြိုက်များသော ရုပ်ရှင်ကားများအဖြစ် ရပ်တည်ခဲ့ကြသည်။ ရွှေဘသည် မြန်မာနိုင်ငံ၏ အခြေခံလူတန်းစားနှစ်ရပ်ဖြစ်သည့် လယ်သမားနှင့် အလုပ်သမားတို့အား ကိုယ်စားပြုရပ်တည်သည့် မင်းသားဖြစ်သည့်နည်းတူ လယ်သမားနှင့် အလုပ်သမားတို့၏ ဇာတ်ရုပ်တွင် ပါဝင်သရုပ်ဆောင်ရာ၌ အခြားမင်းသားများ ယှဉ်မရနိုင်လောက်အောင် ပြိုင်စံရှားသည့် မင်းသားလည်းဖြစ်သည်။

ထိုဇာတ်လမ်းလေးမျိုးအပြင် တရားဥပဒေစိုးမိုးရေးနှင့် ရာဇဝတ်မှုပပျောက်ရေး ဦးတည်ချက်နှင့် ရာဇဝတ်ဘေး ပြေးမလွတ် ဆောင်ပုဒ်တို့ကိုဖော်ကျူးသည့် ဇာတ်လမ်းများတွင် ရွှေဘသည် ရဲအရာရှိ စုံထောက်နှင့် လူဆိုးလူမိုက် ဇာတ်ရုပ်များကိုလည်း ဆေးစက်ကျရာ အရုပ်ထင်ဆိုသကဲ့သို့ပင် ပါဝင်ကပြပြီး သင်ခန်းစာပေးခဲ့သည်။ ထိုရုပ်ရှင်ကားများတွင် မင်းအာဏာ၊ တရားတစ်ဖက် ဓားတစ်လက်၊ ဒို့နှစ်ယောက်၊ လူဆိုးကြီး၊ မိုက်သွေးတစ်စက်၊ ဗီဇ စသည်တို့မှာ ထင်ရှားခဲ့ကြသည်။ စတန့်ဇာတ်ကြမ်းကားများသာ အဓိကရိုက်ကူးခဲ့သည့်အပြင် ပခန်းကိုကြီးကျော်နှင့် တောင်တော်သခင်မ နတ်သမိုင်းရုပ်ရှင်ကားများကိုလည်း ထူးထူးခြားခြား ရိုက်ကူးခဲ့ပါသည်။

စတန့်ဇာတ်ကြမ်း ဇာတ်လမ်းများနှင့် ဇာတ်လမ်းပါ ဇာတ်ဆောင်နှင့် ဇာတ်ပို့တို့၏ စရိုက်များမှာ တိုက်ရိုက်ဆက်စပ်လျက်ရှိပါသည်။ တစ်နည်းအားဖြင့် ဇာတ်လမ်းကိုအခြေခံ၍ ဇာတ်ဆောင်နှင့် ဇာတ်ပို့တို့၏ လှုပ်ရှားမှု၊ ပြုမူမှုနှင့် ပြောဆိုမှုတို့ ဖြစ်ပေါ်လာရပါသည်။ ထိုလှုပ်ရှား၊ ပြုမူမှုနှင့် ပြောဆိုမှုတို့အား လိုက်လံဝင်စား၍ ရုပ်ရှင်အနုပညာရှင်များက သရုပ်ဆောင်ကြခြင်း ဖြစ်ပါသည်။ စတန့်ဇာတ်ကြမ်း ဇာတ်လမ်းဖြစ်၍ အထိုးအကြိတ်၊ အသတ်အပုတ်၊ အထိုးအခုတ်၊ အခုန်အပျံ သက်သက်သာ မင်းသားရွှေဘ လှုပ်ရှားပြသ၍ မရနိုင်ဘဲ ဇာတ်လမ်းပါဇာတ်ဆောင်၏ စရိုက်အရ ပြုမူမှု၊ ပြောဆိုမှုနှင့် ခံစားမှုတို့ကိုလည်း သရုပ်ဆောင်ပြရပါသည်။ ထိုသို့ သရုပ်ဆောင်ရာတွင် အားပြိုင်ဇာတ်ကောင်တို့၏ ဖိနှိပ်ညှဉ်းပန်းရက်စက်မှုအား ခံစားရပုံ၊ ဖိနှိပ်ညှဉ်းပန်းရက်စက်မှုအား မခံမရပ်နိုင်ပုံ၊ အားပြိုင်ဇာတ်ကောင်တို့အား ပြန်လည်ခုခံတွန်းလှန်ပုံနှင့် အနိုင်ယူပုံတို့အား မင်းသားရွှေဘသည် မျက်နှာအမူအရာ၊ မျက်လုံး အမူအရာနှင့် ခန္ဓာကိုယ် အစိတ်အပိုင်းလှုပ်ရှားမှုတို့ဖြင့် ပိုင်ပိုင်နိုင်နိုင် သရုပ်ဆောင်ပြနိုင်သူဖြစ်သည်။ ရွှေဘ၏ သရုပ်ဆောင်စွမ်းရည်ကြောင့် ရုပ်ရှင်ကြည့်ပရိသတ်သည်လည်း ဝမ်းနည်းမှု၊ အားတက်မှု၊ ဝမ်းသာမှု စသည်တို့ကို လိုက်ပါခံစားကြရပြီး ရွှေဘအား အချစ်ကြီးချစ်ကြခြင်း ဖြစ်ပါသည်။ ။

www.burmeseclassic.com

www.burmeseclassic.com



# ပြည့်ကျော်ဖလင်း၏ သက်ရွေးစင်ကား

●ဇာတ်လမ်းနှင့်ဇာတ်ကောင်ကိုသဘာဝကျကျပါဝင်သည်



မျှော် မြို့ခနှင့် ရွှေဂုံရုံကြီးများမှာ မျှော်

www.burmeseclassic.com

www.burmeseclassic.com





ပြည်ရွှေဘို ရုပ်ရှင်
"စခန်းအောင်မြေ"မှ
ရွှေဘ၊ တင်တင်လှ

## အသံတိတ် နှင့် သံစုံသွင်းရုပ်ရှင်ခေတ်မှ

# မင်းသား ရွှေဘ

မြန်မာ့ရုပ်ရှင်သည် ၁၉၂၀ ပြည့်နှစ်တွင် ဦးထွန်းရှိန် ဈာပနသတင်းကားနှင့် မေတ္တာနှင့်သူရာ ဇာတ်လမ်းရုပ်ရှင်ကားတို့ ရုံတင်ပြီး စတင်ထွန်းကားစဉ်က အသံတိတ်ရုပ်ရှင်ကားများသာ ရိုက်ကူးနိုင်ခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် ဘားမားအင်ပရီရယ်ရုပ်ရှင်မှ ငွေပေးလို့မရအား အိန္ဒိယနိုင်ငံသို့ သွားရောက်ရိုက်ကူး၍လည်းကောင်း၊ ဗြိတိသျှဘားမားရုပ်ရှင်မှ လောကနိဗ္ဗာန်အား ကိုယ်ပိုင်စက်ကိရိယာများဖြင့် မြန်မာနိုင်ငံမှာပင် ရိုက်ကူး၍လည်းကောင်း မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်သမိုင်း၏ ပထမဆုံးအသံထွက် ရုပ်ရှင်ကားများကို ထုတ်လုပ်နိုင်ခဲ့ကြသည်။ စက်ပစ္စည်းကိရိယာနှင့် ကျွမ်းကျင်မှုအခက်အခဲ၊ ရုပ်ရှင်ကြည့်ပရိသတ်မှ အသံတိတ်ကားများကို အားပေးနေမှုနှင့် ထုတ်လုပ်မှုစရိတ်မြင့်မားမှုတို့ကြောင့် မြန်မာရုပ်ရှင်ထုတ်လုပ်သူများသည် အသံထွက်ရုပ်ရှင်ကားများကို အရှိန်အဟုန်ဖြင့် ရိုက်ကူးမှုမပြုနိုင်ကြဘဲ စမ်းသပ်ရိုက်ကူး ရုံတင်ခဲ့ကြသည်။ ၁၉၃၇ ခုနှစ်တွင် စကားပြော (Dialogue) အသံ မပါသော်လည်း သီချင်းနှင့် တီးလုံးများကို ဖလင်ဆေးသားပေါ်သို့ အသံပြောင်းကူးယူပြသသည့် သံစုံသွင်းရုပ်ရှင်ကားများကို စတင်ဖန်တီးနိုင်ခဲ့ကြသည်။ ရန်ကုန်မြို့တွင် ၁၉၅၆ ခုနှစ်အထိ အသံတိတ်နှင့် သံစုံသွင်း ရုပ်ရှင်ကားများ ရိုက်ကူးထုတ်လုပ်ရုံတင်ခဲ့ကြပြီး ၁၉၅၇ ခုနှစ်မှစတင်၍ အသံထွက်ရုပ်ရှင်ကားများ သက်သက်သာ ရိုက်ကူးရုံတင်ခဲ့ကြသည်။ မြန်မာ့ရုပ်ရှင်သမိုင်း၏ အသံတိတ်ရုပ်ရှင် ထွန်းကားသောကာလ (၁၉၂၀–၁၉၅၆) နှစ်ပေါင်း ၃၆ နှစ်အတွင်း အသံတိတ်ရုပ်ရှင်ကား ၁၀၃၂ ကားကိုလည်းကောင်း၊ သံစုံသွင်းရုပ်ရှင် ထွန်းကားသောကာလ (၁၉၃၇–၁၉၅၆) နှစ်ပေါင်း ၁၉ နှစ်အတွင်း သံစုံသွင်းရုပ်ရှင်ကား ၃၀ ကားကိုလည်းကောင်း၊ အသံထွက်ရုပ်ရှင်ကားများ ကြိုးပမ်းစမ်းသပ်ရိုက်ကူးထုတ်လုပ်သော ကာလ (၁၉၃၂–၁၉၅၆) နှစ်ပေါင်း ၁၄ နှစ်အတွင်း အသံထွက်ရုပ်ရှင်ကား ၁၆၁ ကားကိုလည်းကောင်း ထုတ်လုပ်ခဲ့ကြသည်။ စတန့်မင်းသား ရွှေဘအား မွေးထုတ်ပေးခဲ့သော ပဲရောက်ရုပ်ရှင်ပင်လျှင် ကုမ္ပဏီ၏ ပထမဆုံး အသံထွက်ရုပ်ရှင်ကား (၁၆ မီလီမီတာ) မယားဆိုးလင်အား ၁၉၅၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်တွင် ရုံတင်နိုင်ခဲ့သည်။ ပဲရောက်ရုပ်ရှင်ကုမ္ပဏီ၏ သက်တမ်းတစ်လျှောက်လုံးတွင် အသံတိတ် ၈၅ ကား၊ သံစုံသွင်း ၂ ကားနှင့် အသံထွက် ၅ကား ထုတ်လုပ်ခဲ့ရာ၊ ထုတ်လုပ်သမျှ၏ ၉၂ ရာခိုင်နှုန်းမှာ အသံတိတ်ရုပ်ရှင်ကားများ ဖြစ်ကြသည်။ ပဲရောက်ရုပ်ရှင်မှ ရိုက်ကူးထုတ်လုပ်သော သံစုံသွင်းနှင့် အသံထွက်ရုပ်ရှင်ကားများအနက် သွေးဆိုးနှင့်လူထူးလူဆန်း သံစုံသွင်းရုပ်ရှင်ကား ၂ ကားနှင့် မယားဆိုးလင် အသံထွက်ရုပ်ရှင်ကား တစ်ကားတွင် မင်းသားရွှေဘ သရုပ်ဆောင်ခွင့်ရခဲ့သည်။

မင်းသားအဖြစ် ရွှေဘစတင်ပါဝင်သရုပ်ဆောင်ခွင့်ရသော သတ္တိဗျတ္တိရုပ်ရှင်ကား ရုံတင်သည့် ၁၉၄၈ ခုနှစ်မှ အသံတိတ်နှင့် သံစုံသွင်းရုပ်ရှင်များ နောက်ဆုံးရုံတင်သည့် ၁၉၅၆ ခုနှစ်အထိ ရှစ်နှစ်အတွင်း အသံတိတ်ရုပ်ရှင်ကား ၁၅၈ ကား၊ သံစုံသွင်းရုပ်ရှင်ကား ၁၈ ကားနှင့် အသံထွက်ရုပ်ရှင်ကား ၁၁၃ ကား ရုံတင်ခဲ့သည်။ ထိုအချိန်က ရုပ်ရှင်ကြည့်ပရိသတ်များ အများဆုံးအားပေးကြည့်ရှုသည့် ရုပ်ရှင်ကား အမျိုးအစားများမှာ စတန့်ဇာတ်ကြမ်း၊ ရာဇဝင်နှင့်သိုက်သမိုင်း၊ ဟာသ၊ အချစ်နှင့်အိမ်ထောင်ရေး ရုပ်ရှင်ကားတို့ဖြစ်ကြပြီး လူကြိုက်အများဆုံးမင်းသားနှင့် မင်းသမီးများမှာ မောင်တင်မောင်၊ အေဝမ်းညွှန့်မောင်၊ ခင်မောင်၊ တင်ညွှန့်၊ ရွှေဘ၊ ခင်မောင်ညွှန့်၊ ဖိုးပါကြီး၊ ဇေယျ၊ ကျော်ဆွေ၊ အေးကြူ၊ မေရီမြင့်၊ မေရှင်၊ မေမြင့်၊ မေသစ်၊ မေမြ၊ မေဆန်း၊ ကြူကြူ၊ မြင့်မြင့်ခင်၊ တင်တင်မူ၊ မေသန်းကြည်၊ စိန်စိန်၊ မေရီမြတို့ ဖြစ်ကြသည်။ ရုပ်ရှင်ကြည့် ပရိသတ်မှာ စတန့်ဇာတ်ကြမ်းကားများကို ပိုမိုကြည့်ရှု အားပေးကြသည့်အလျောက် စတန့်မင်းသား တင်ညွှန့်နှင့်ရွှေဘတို့မှာ ရုပ်ရှင်ကားအများဆုံး ရိုက်ကူးခွင့်ရကြရုံမျှမက ဝင်ငွေအကောင်းဆုံး အသံတိတ်နှင့် သံစုံသွင်းရုပ်ရှင်ကားများတွင်လည်း တင်ညွှန့်နှင့်ရွှေဘတို့၏ ရုပ်ရှင်ကားအများဆုံး ပါဝင်ခဲ့ကြသည်။ ၁၉၄၈ ခုနှစ်မှ ၁၉၅၆ ခုနှစ်အတွင်း ရုံတင်ခဲ့ကြသည့် အသံတိတ်နှင့်သံစုံသွင်း ရုပ်ရှင်ကားများတွင် တင်ညွှန့်မှ ၉၀ကားနှင့် ရွှေဘမှ ၇၂ ကားဖြင့် ရုပ်ရှင်ကားအများဆုံး ရိုက်ကူးရသော မင်းသားများအဖြစ်လည်းကောင်း၊ မေမြင့်မှ ၃၅ ကားနှင့် မေရီမြင့်မှ ၂၆ ကားဖြင့် ရုပ်ရှင်ကားအများဆုံး ရိုက်ကူးရသော မင်းသမီးများအဖြစ်လည်းကောင်း ရပ်တည်ခဲ့ကြသည်။

သတ္တိဗျတ္တိ စတန့်ဇာတ်ကြမ်း အသံတိတ်ရုပ်ရှင်ကား တစ်ကားတည်းဖြင့် မင်းသားရွှေဘအား ပရိသတ်က တစ်ခဲနက် အားပေးကြသဖြင့် ပဲရောက်ရုပ်ရှင်ကုမ္ပဏီသည် မင်းသားရွှေဘဖြင့် ရုပ်ရှင်ကားများ ဆက်လက်ရိုက်ကူးရန် စီစဉ်ခဲ့သည်။ လူသတ်ကောင်ကို မင်းသားရွှေဘ ခေါင်းဆောင်သည့် ဒုတိယရုပ်ရှင်ကားအဖြစ် စစ်ကြိုခေတ်တွင် ဗြိတိသျှဘားမား၊ မြန်မာအဆွေ(အေဝမ်း)နှင့် ရန်ကုန်ရုပ်

www.burmeseclassic.com

www.burmeseclassic.com



မတ်လ (၂၉) ရက်နေ့

ဘည်း မြွက် သူ မင်း သား တင် ညွန့်




ဒါ ရိုက် တာ ကိုကို ၏

ရွှေဘ၊ မြမောင်၊ အဆိုကျော်သန်းမေလေး၊ ပန်းဝါ ခေါင်းဆောင်၍

## ဆုထူးပန်၊ တပင်ရွှေထီး၊ ဘုရင့်နောင်၊ မင်းရန်အောင်

## (၄) ရုံတပြိုင်တည်း ရှုစားကြရတော့မည်

www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့တွင် လူကြိုက်များသော စတန့်ရုပ်ရှင်ကား များစွာကို ရိုက်ကူး၍ ကျော်စိုး၊ ကျော်ဟိုး၊ ကျော်ဦး၊ ကျော်အေးနှင့် ချစ်ရွှေ စသည့် ထိပ်တန်းစတန့်မင်းသားများကို မွေးထုတ်ခဲ့သော ဒါရိုက်တာဆရာရွှေအား ရိုက်ကူးစေခဲ့သည်။ လူသတ်ကောင် အောင်မြင်ပြီးနောက် ဒါရိုက်တာပဲရောက်ဖေကြိုင်က မင်းသားရွှေဘ၏ တတိယရုပ်ရှင်ကားအဖြစ် ဒီလုံးကို ရိုက်ကူးရုံတင်လိုက်သည်။ ဒီလုံးတွင် ရွှေဘနှင့်အတူ သူရမေသန်းကြည်၊ ဝင်နီ၊ ညွန့်မောင်ကြီး၊ နီတွတ်တို့ပါဝင်ပြီး ၁၉–၃–၄၉ နေ့တွင် သွင်ရုံ၌ ရုံတင်ခဲ့သည်။ ဒီလုံးရုပ်ရှင်ကားအား ပဲရောက်ရုပ်ရှင်ကုမ္ပဏီက 'ပြည်သူ့ဘဏ္ဍာကို ထိမယ်မကြံနဲ့၊ ပြုတ်အောင်နှံလိုက်မယ်' ဟု လူထုကို ဇာတိမာန်တက်ကြွစေသော သွေးမအေးစေသည့် လှန့်လုံးကလေးများဖြင့် တစ်ခန်းပြီးတစ်ခန်း အပြကောင်းသဖြင့် တစ်ရုံလုံး လက်ခုပ်သံညံခဲ့သည်' စသည့် စာသားများဖြင့် တပ်လှန့်ကြော်ငြာခဲ့သည်။ ဆက်လက်၍ ပဲရောက်ရုပ်ရှင်က ရောင်နီ၊ လက်ကိုင်တုတ်၊ နယ်ခြားမိုက်ခဲ၊ မိုက်ရဲမိုက်ခဲ၊ ငမိုး၊ မယားဆိုးလင်၊ သွေးဆိုး၊ လူထူးလူဆန်းစသော ရုပ်ရှင်ကားများ ရိုက်ကူးသည့်နည်းတူ အခြားရုပ်ရှင်ကုမ္ပဏီများကလည်း အလုအယက်ညှိနှိုင်း ရိုက်ကူးခဲ့ကြသည်။ ထို့ကြောင့် မင်းသားရွှေဘသည် အသံတိတ်နှင့် သံစုံသွင်းရုပ်ရှင်ကား ၇၂ ကားကို ရိုက်ကူးပြီး ၁၉၄၈ ခုနှစ်မှ ၁၉၅၆ ခုနှစ်အတွင်း ရုပ်ရှင်ကား ဒုတိယအများဆုံး ရိုက်ကူးခွင့်ရသည့် မင်းသားအဖြစ် ရပ်တည်ခွင့်ရခဲ့သည်။ ထိုရုပ်ရှင်ကား ၇၂ ကားအနက် သွေးဆိုး၊ လူထူးလူဆန်း၊ ချစ်သူရန်ညှိုးနှင့် ဇာဂတို့မှာ သံစုံသွင်းရုပ်ရှင်ကားများ ဖြစ်ကြသည်။

အသံတိတ်နှင့် သံစုံသွင်း ရုပ်ရှင်ကားများ ထွန်းကားဆဲ ထိုစဉ်ကာလတွင် ရုပ်ရှင်တစ်ကား၏ ထုတ်လုပ်မှုကုန်ကျစရိတ်မှာ အနည်းဆုံး ကျပ်တစ်သောင်းခန့်သာ ရှိပြီး ကားကောင်းကားသန့် ဖြစ်ရေးအတွက် ငွေကုန်ကြေးကျခံရိုက်ကူးလျှင် အများဆုံး ကျပ်ငါးသောင်းခန့်သာ ကုန်ကျလေ့ရှိသည်။ ထိုအခြေအနေတွင် ရန်ကုန်မြို့လယ်ရုံများတွင် ရုံတင်ပြသရာ၌ ရက်သတ္တပတ် တစ်ပတ်အတွင်း ဝင်ငွေကျပ်တစ်သောင်းကျော်ရရှိလျှင် လူကြည့်များ၊ ဝင်ငွေကောင်းသည့် ရုပ်ရှင်ကားအဖြစ် သတ်မှတ်ခဲ့ကြသည်။ ၁၉၄၈ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ ၈ နှစ်အတွင်း ဝင်ငွေကောင်းသည်ဟု သတ်မှတ်ခဲ့သည့် အသံတိတ်နှင့် သံစုံသွင်း ရုပ်ရှင်ကား ၇၀ ခန့်ရှိရာတွင် တင်ညွန့်သရုပ်ဆောင်သည့် ရုပ်ရှင်ကား ၁၈ ကားနှင့် ရွှေဘသရုပ်ဆောင်သည့် ရုပ်ရှင်ကား ၁၇ ကား တွေ့ရှိရပါသည်။ ထို့ကြောင့် အသံတိတ်နှင့် သံစုံသွင်းရုပ်ရှင်ကားတို့၏ ခေတ်နှောင်းကာလတွင် တင်ညွန့်နှင့်ရွှေဘမှာ ရုပ်ရှင်ကားအများဆုံး ရိုက်ကူးရသည့် မင်းသားများအဖြစ် ရပ်တည်နိုင်ခဲ့ကြရုံမျှမက ဝင်ငွေ အထူးကောင်းသည့် ရုပ်ရှင်ကား အရေအတွက်အများဆုံးမင်းသားများအဖြစ်လည်း တွေ့ရှိကြရပါသည်။ တင်ညွန့်မှာ ၁၉၄၆ ခုနှစ်တွင် ဆွေဗမာဖလင်မှ ဒါရိုက်တာဦးလွန်းဖေ၏ စစ်ပြန် အသံတိတ်ရုပ်ရှင်ကားကြီးဖြင့် ရုပ်ရှင်နယ်သို့ ခြေချအောင်မြင်ခဲ့သည့် မင်းသားဖြစ်ပြီး ၁၉၅၄ ခုနှစ်မှစတင်၍ သရုပ်ဆောင်အဖြစ်သာမက တင်ညွန့်ရုပ်ရှင်ကိုတည်ထောင်ပြီး အောင်မြင်သောထုတ်လုပ်သူနှင့် ဒါရိုက်တာအဖြစ် ကျင်လည်ခဲ့သူလည်း ဖြစ်သည်။

စတန့်မင်းသားရွှေဘ ပါဝင်သရုပ်ဆောင်ခဲ့ပြီး လူကြိုက်များ ဝင်ငွေအထူးကောင်းခဲ့သည့် အသံတိတ်၊ သံစုံသွင်းရုပ်ရှင်ကား ၁၇ ကားမှာ စောရန်အောင်၊ နယ်ခြားမိုက်ခဲ၊ တစ်ယူသန်၊ ဝရမ်းညီနောင်၊ တောပုန်းကြီးစံဖဲ၊ ပြည်သူ့ရင်သွေး၊ ဘာလဲအချစ်၊ သူပုန်မင်းသား၊ လက်ကိုင်တုတ်၊ ဗိုလ်တကာ့ဘုရင်၊ လူမိုက်အလိုရှိသည်၊ တစ်ဖောက်ကန်း၊ ထူး၍မဆန်း၊ ကျန်စစ်သား၊ ချစ်ခွင့်ရယ်မကြုံ၊ ဟယ် ဘဝ၊ ဒိုးကလေးတို့ ဖြစ်သည်။

၁၉၅၁ ခုနှစ်တွင် ရုံတင်သည့် စောရန်အောင်မှာ ၁၆ မီလီမီတာဖလင်ဖြင့် မြန်မာရုပ်ရှင်ပညာရှင်များ ကြံဆရိုက်ကူးသော ဆေးရောင်စုံ အသံတိတ်ရုပ်ရှင်ကားဖြစ်သည်။ ၁၉၅၁ ခုနှစ်အတွင်းမှာပင် စောရန်အောင်ကို ရိုက်ကူးခဲ့သော ဒါရိုက်တာစိန်မြင့်သည် ရွှေဘသရုပ်ဆောင်သည့် မင်းသွေး အသံတိတ်ဆေးရောင်စုံကားကို ဆက်လက်ရိုက်ကူးရုံတင်ခဲ့ရာ သာမန်ဝင်ငွေသာ ရရှိခဲ့သည်။ ကျန်စစ်သားမှာ ပုဂံခေတ်တွင် ထင်ရှားခဲ့သော စစ်သူကြီးနှင့် ဘုရင်ကျန်စစ်မင်း၏ ဇာတ်ကြောင်းဖြစ်ရာ စတန့်မင်းသား ရွှေဘ၏ ရှားပါးသော ရာဇဝင်ရုပ်ရှင်ကားဖြစ်သည်။ ၁၉၂၆ ခုနှစ်တွင် မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ မဲတော

www.burmeseclassic.com

www.burmeseclassic.com



ရွာမှ တောင်သူလယ်သမားဖြစ်သူ ဗိုလ်စံဖဲမှ နောက်လိုက်နောက်ပါများဖြင့် ဗြိတိသျှနယ်ချဲ့အား ဆန့်ကျင်တော်လှန်ခဲ့ရာ ယင်းတကယ့်ဖြစ်ရပ်အား အခြေခံပြီး အောင်သပြေရုပ်ရှင်မှ ဒါရိုက်တာဦးကျော်မြင့်က တောပုန်းကြီးစံဖဲ အသံတိတ်ရုပ်ရှင်ကားကို ရိုက်ကူး၍ ၁၉၃၃ ခုနှစ်တွင် ရုံတင်ခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် မျိုးချစ် စိတ်ဓာတ်ရှင်သန်ရေးတွင် ကြီးမားစွာ အထောက်အကူ ပြုခဲ့ပြီး လူကြိုက်များခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ဒါရိုက်တာ ဦးကျော်မြင့်ပင် ဘီဘီဘီ ရုပ်ရှင်အတွက် မောင်သင်၊ မြမြရီနှင့် ကျော်လွင်တို့ဖြင့် တောပုန်းကြီးစံဖဲ အသံထွက်ကို ပြန်လည်ရိုက်ကူးခဲ့သော်လည်း အသံတိတ် တောပုန်းကြီးစံဖဲနှယ် ကြီးမားသောအောင်မြင်မှုကို မရခဲ့ချေ။ ဒိုးကလေးမှာ မြန်မာ့ရုပ်ရှင်လောကတွင် အနောက်တိုင်းလက်ဝှေ့ပွဲများကို နောက်ခံထားသည့် အားကစား အခြေခံရုပ်ရှင်ကားဖြစ်ပြီး ကမ္ဘာကသိသည့် မြန်မာလက်ဝှေ့ကျော် ကျားဘညိမ်းထံမှ သင်ကြားလေ့ကျင့်ခဲ့သည့် လက်ဝှေ့ပညာ စွမ်းရည်များကို ရွှေဘက ပီပီ ပြင်ပြင် ပြသခဲ့သည်။ အောင်မြင်ခဲ့သော ဘာလဲအချစ် အသံတိတ်ရုပ်ရှင်ကားကို ၁၉၆၀ ပြည့်နှစ်တွင် ပဒေသာဖလင်မှ ဒါရိုက်တာ ဦးဘိုးဟန်ကပင် ရွှေဘနှင့်ကြည်ကြည် ဧွေးတို့ဖြင့် 'ဒါလားကွအချစ်' အသံထွက်ရုပ်ရှင်ကားအဖြစ် ထပ်မံရိုက်ကူးခဲ့ရာ အောင်မြင်မှု ရခဲ့ပြန်သည်။ မင်းသားသက်ရှည်သည် ပသီ ပုံပြင်ဇာတ်လမ်းများကို အခြေခံ၍ ဂမုန်းဘီလူး၊ သူပုန်မင်းသားနှင့် ရူပမာလာ စသည့် ဇာတ်ကားများကို မင်းသားရွှေဘနှင့် ပူးပေါင်းရိုက်ကူးခဲ့ရာ သူပုန်မင်းသားမှာ အထူးအောင်မြင်ခဲ့သည်။ အသံတိတ်နှင့် သံစုံသွင်း ခေတ်နှောင်းကာလတွင် ဝင်ငွေ အထူးကောင်းခဲ့ကြသော တစ်ယူသန်၊ ရန်သူ့ရင်သွေး၊ သူပုန်မင်းသား၊ ထူး၍မဆန်းနှင့် ချစ်ခွင့်ရယ်မကြုံတို့တွင် မင်းသားရွှေဘသည် ခေတ်ပြိုင်မင်းသားများဖြစ်သော တင်ညွန့်၊ သက်ရှည်၊ ဇေယျနှင့် ဖိုးပါကြီးတို့ဖြင့် လက်တွဲသရုပ်ဆောင်ခဲ့ရာ ထူးခြားလှသည်။

မြန်မာ့ရုပ်ရှင်လောက အပါအဝင် နိုင်ငံတကာရုပ်ရှင်လောကတွင် အောင်မြင်ကျော်ကြားဆဲ ထိပ်တန်းသရုပ်ဆောင် (အထူးသဖြင့်မင်းသား)များ တစ်ကားတည်း အတူတကွ ပူးတွဲသရုပ်ဆောင်ရေးစီစဉ်လျှင် အခက်အခဲများ ကြုံတွေ့ရလေ့ရှိသည်။ မင်းသားတစ်ယောက်နှင့်တစ်ယောက်အကြား သရုပ်ဆောင်ကြေး အနိမ့်အမြင့်၊ ဇာတ်လမ်းအရပါဝင်သရုပ်ဆောင်ရမည့်အခန်းစဉ်အရေအတွက် အနည်းအများ၊ သရုပ်ဆောင်စွမ်းရည် ပြသခွင့် ရှိမရှိ၊ ဇာတ်ပို့ဇာတ်ရံနှင့် မင်းသမီးအင်အား ကောင်းမကောင်း စသည်တို့ကို နှိုင်းယှဉ်စဉ်းစားလေ့ရှိကြသည်။ စဉ်းစားနှိုင်းချိန်၍ ရုပ်ရှင်ကားရိုက်ကူးရန် လက်ခံပြီးချိန်တွင် ရုပ်ရှင်စာတန်း၊ ရုံဆင်ပိုစတာနှင့် ကြော်ငြာတို့တွင် နာမည်ရှေ့နောက်ထားရှိမှုကဲ့သို့သော ပြဿနာလေးများက ဆင့်ကဲပေါ်ပေါက်တတ်သေးသည်။ ဒုတိယကမ္ဘာစစ်အပြီး ရုပ်ရှင်လုပ်ငန်းများ ပြန်လည်လှုပ်ရှားချိန် ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် စစ်ပြန် စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားဖြင့် တင်ညွန့်ကလည်းကောင်း၊ ၁၉၄၈ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် သတ္တိဗျတ္တိ စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားဖြင့် ရွှေဘကလည်း ရုပ်ရှင်လောကတွင် ခြေချပြီး ပွဲဦးထွက် တစ်ကားတည်းဖြင့် အောင်မြင်ကျော်ကြားခဲ့ကြသူများ ဖြစ်သည်။ လူငယ် စတန့်မင်းသားအဖြစ် တင်ညွန့်နှင့်ရွှေဘတို့ လျှမ်းလျှမ်းတောက်အောင်မြင်နေချိန်တွင် ရန်ကုန်ရုပ်ရှင်မှ လူငယ်ဒါရိုက်တာ ရွှေဘော်က တစ်ယူသန် အသံတိတ်ရုပ်ရှင်ကားတွင် တင်ညွန့်နှင့် ရွှေဘအား ပူးတွဲသရုပ်ဆောင်ရန် စီစဉ်ခဲ့သည်။ တင်ညွန့်နှင့် ရွှေဘတို့နှစ်ဦး တစ်ယူသန်ရုပ်ရှင်ကို ရိုက်ကူးရန် လက်ခံချိန်တွင် မင်းသားနှစ်ဦးစလုံးက ရုပ်ရှင်ကားစာတန်း၊ ရုံဆင်ပိုစတာနှင့် ကြော်ငြာတွင် နာမည် ရှေ့နောက်ထားရှိမှုကိစ္စကို ဆွေးနွေးကြသည်။ ဒါရိုက်တာရွှေဘော်က ကြိုတင်တွက်ဆထားနှင့်ပြီးသည့် ကိစ္စဖြစ်၍ တင်ညွန့်က ရုပ်ရှင်လောကသို့ ဦးစွာခြေချ အောင်မြင်ခဲ့သောကြောင့် တင်ညွန့်၏နာမည်ကို ရှေ့ကရေးပြီး ရွှေဘ၏နာမည်ကို နောက်မှရေးမည်ဟု ညှိနှိုင်းပေးနိုင်ခဲ့သည်။ နာမည်ထားရှိမှုကိစ္စ ပြေလည်ပြီး ရုပ်ရှင်ကားရိုက်ကူးချိန်တွင် ရိုက်ကွင်းတစ်ခု၌ မင်းသားနှစ်ဦးစလုံးမှာ အနုပညာ မာန်မာနကိုယ်စီဖြင့် အောင်မြင်မှုအထွတ်အထိပ်သို့ ရောက်နေသော လူငယ်လေးများဖြစ်သည့် အားလျော်စွာ ဒါရိုက်တာ ရွှေဘော်အား အခက်ကြုံစေခဲ့သည်။ စာရေးဆရာ

www.burmeseclassic.com

www.burmeseclassic.com



အယ်ဒီတာနှင့် ဒါရိုက်တာပြည့်စုံက တစ်ယူသန်မင်းသားများ ဆောင်းပါး (သွေးသောက် မဂ္ဂဇင်း ၁၉၈၇ ဧပြီ)တွင် ဒါရိုက်တာရွှေဘော် အခက်ကြုံရပုံကို 'နာမည်ပြဿနာပြီးသွားသော်လည်း တကယ့်ရိုက်ကွင်းကျတော့ ပြဿနာက ကြီးထွားလာပြန်သည်။ အဓိကအခန်းဖြစ်တဲ့ တင်ညွန့်–ရွှေဘတို့ ဖိုက်တင်ခန်းမှာ သူနိုင်ကိုယ်နိုင်၊ သူလဲကိုယ်လဲ ဆိုတဲ့နေရာမှာ ဘယ်သူကနိုင်လို့ ဘယ်သူက အရင်လဲရမှာလဲလို့ ဆိုတဲ့ပြဿနာ ရိုက်ကွင်းပေါ်မှာ ပေါ်ပေါက်လာပါသည်။ တင်ညွန့်က အရင်လဲရင် ရွှေဘလက်သီးပြင်းလို့၊ ရွှေဘက အရင်လဲရင် တင်ညွန့် လက်သီးပြင်းလို့ဟု ပရိသတ်ဝေဖန်မှုကို မခံနိုင်သော 'တစ်ယူသန်'မင်းသားနှစ်လက်၏ မာန်မာနများကို ဒါရိုက်တာက ပြောမရ ဆိုမရအောင် ဖြစ်နေ၏။ နေကလည်း ကျဲကျဲပူ၊ ဇာတ်ကားကလည်း အသံတိတ်၊ အနှောင့်အယှက်မရှိသော တောတန်းတစ်နေရာ၊ မင်းသားနှစ်ယောက်က ဘောက်ကျနေလို့၊ ရုပ်ရှင်(ပြော၂)ရရင် (ဒိုင်လော့)ရမည့်ကိန်း ဆိုက်နေ၏။ ဒီလိုနဲ့ပင် တစ်နေကုန်ခါနီး ညနေစောင်းသို့ ရောက်လာပြီ၊ ဒါရိုက်တာနဲ့ ဓာတ်ပုံဆရာကလည်း လက်မှိုင်ချနေကြ၏။ နေဝင်ခါနီးဆဲဆဲ တစ်ယူသန် မင်းသားနှစ်ဦး လက်ဆွဲနှုတ်ဆက်လိုက်ကြကာ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ ရုပ်ရှင်ကြည့်ပရိသတ်ကို ရုပ်ရှင်ထဲမှာ သဏ္ဍာန်လုပ်သရုပ်တူအောင် စွမ်းဆောင်ပြရုံဖြင့် လေထဲမှာလက်သီးကို ဝှေ့ယမ်းပြီး လဲကျသွားခြင်းကို စွန့်ပစ်ပြီး၊ ယခု တစ်ယူသန်ဇာတ်ကားတွင် ကိုယ်ခံပညာ၏စွမ်းအင်ကို တကယ်အသုံးချပြီး အပြင်မှာ ရန်သူချင်း ရန်ဖြစ်ကြသည့်အတိုင်း တကယ်ထိုး၊ တကယ်ချ၊ တကယ် ဖိုက်ရန် သဘောတူလိုက်ကြသည်။ ဒါရိုက်တာကလဲ ခိုင်း၍ မလဲချင်ကြသော တင်ညွန့်၊ ရွှေဘတို့မှာ လက်ဝှေ့ပွဲလို ချက်ကောင်းကိုထိပြီး လဲကျခြင်းကိုသာ သဘောတူကြပြီး၊ တကယ် သတ်ပွဲကြီးအဖြစ် ဖိုက်ကြမည်ဖြစ်သည်။ ဓာတ်ပုံကလည်း မိအောင်ရိုက်ရန်၊ ဆေးရုံကားလည်း ကြိုတင်ခေါ်ထားရန်၊ သွေးထွက်သံယိုပါကလည်း အမှုမလုပ်ကြစတမ်း လက်မှတ်ထိုး၍ သတ်ပုတ်ရန်ပြောဆိုကြရာ ဒါရိုက်တာဦးရွှေဘော်မှာ မျက်လုံးပြူးမျက်ဆံပြူးနှင့် ဖြစ်သွားပြီး 'မလုပ်ကြပါနဲ့ တစ်ယူသန်မင်းသားတို့ရယ်၊ ခင်ဗျားတို့သေတာ အရေးမကြီးဘူး၊ ကျုပ်ပါ အချုပ်ခံနေရပါမယ်၊ အချိန်လည်း မရှိတော့ဘူး၊ ပေ ၄၀၀ အကုန်ရိုက်မယ်၊ ဘယ်သူမှမလဲနဲ့၊ ကဲ–ရိုက်မယ် ဟုပြောကာ မလဲကျစတမ်း ပေ ၄၀၀ ရိုက်လိုက်ပါတော့သည်။ သဘာဝမကျသော ဖိုက်တင်ဖြစ်ရခြင်းမှာ 'တစ်ယူသန်'ဇာတ်ကားမှ တစ်ယူသန် မင်းသားများကြောင့်ပင် ဖြစ်ရ၏။' ဟု ဖောက်သည်ချ တင်ပြထားပါသည်။ ငယ်ရွယ်စဉ် ထိပ်တန်းမင်းသားအဖြစ် ကျော်ကြားစဉ်ကာလ တင်ညွန့်နှင့်ရွှေဘတို့၏ပြုမူလုပ်ဆောင်ကြပုံက မျိုးဆက်သစ်လူငယ်များအတွက် သင်ခန်းစာနှင့် အသိတရားအဖြစ် ယနေ့ထက်တိုင် အမှတ်တရ မျှဝေနေဆဲရှိသည်။

ပဲရောက်ရုပ်ရှင်မှ ဒါရိုက်တာပဲရောက်ဖေကြိုင် ရိုက်ကူး၍ ရွှေဘနှင့်ခေတ်ပြိုင် ထင်ရှားသောသရုပ်ဆောင်များဖြစ်သည့် ကျော်ဖေ၊ မေသန်းကြည်နှင့် ညွှန့်ညွှန့်ဆွေတို့ သရုပ်ဆောင်သည့် လူထူးလူဆန်း သံစုံသွင်းရုပ်ရှင်ကားကို ၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့လယ် ဘုရင့်ရုံ၌ ရုံတင်ခဲ့သည်။ လူထူးလူဆန်းမှာ ထူးထူးခြားခြား အောင်မြင်မှု မရရှိခဲ့စေကာမူ မြန်မာ့ရုပ်ရှင်သမိုင်းတွင် ရန်ကုန်မြို့လယ်၌ နောက်ဆုံးရုံတင်ခဲ့သည့် အသံတိတ် သံစုံသွင်းရုပ်ရှင်ကား သို့မဟုတ် မြန်မာ့ရုပ်ရှင် အသံတိတ် သံစုံသွင်းတစ်ခေတ်ကို အဆုံးသတ်သွားသည့် ရုပ်ရှင်ကားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





# အသံထွက်ရုပ်ရှင်ကားများနှင့် ရွှေဘ

မြန်မာ့ရုပ်ရှင်လောက၏ အသံထွက်ရုပ်ရှင်ကား စမ်းသပ်ထုတ်လုပ်သည့် ကာလ (၁၉၃၂–၁၉၅၆) တွင် ဗြိတိသျှဘားမား ရုပ်ရှင်နှင့် မြန်မာအဆွေ (အေဝမ်းဖလင်) တို့ကသာ အသံထွက်ရုပ်ရှင်ကားများကို အများဆုံးထုတ်လုပ်အောင်မြင်ခဲ့ကြသည်။ ပဲရောက်ရုပ်ရှင်၏ ပထမဆုံး အသံထွက် ရုပ်ရှင်ကားအဖြစ် ၁၆ မီလီမီတာဖလင်ကို အသုံးပြု၍ ဒါရိုက်တာပဲရောက်ဖေကြိုင်က ရွှေဘ၊ သူရ၊ မေသန်းကြည်နှင့် ဝင်နီတို့ဖြင့် မယားဆိုးလင်ကို ရိုက်ကူးပြီး ၁၉၅၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ရုံတင်နိုင်ခဲ့သည်။ မယားဆိုးလင်မှာ ပဲရောက်ရုပ်ရှင်၏ ပထမဆုံး အသံထွက်ကားဖြစ်သည့်နည်းတူ ပဲရောက်ရုပ်ရှင်မှ မွေးထုတ်ခဲ့ပြီး ပဲရောက်ရုပ်ရှင်ကုမ္ပဏီတွင် အခြေခံလူပ်ရှားနေရသည့် မင်းသားရွှေဘ၏ ပထမဆုံး အသံထွက် ရုပ်ရှင်ကားလည်း ဖြစ်သည်။ အသံထွက် ရုပ်ရှင်ကားများ စမ်းသပ်ထုတ်လုပ်သောကာလတွင် စတန့်မင်းသား ဖြစ်ခွင့်ရခဲ့သော မင်းသားရွှေဘမှာ ပဲရောက်ရုပ်ရှင်အပြင် ရန်ကုန်ရုပ်ရှင်၊ သက်ရှည်ဖလင်၊ အောင်သပြေရုပ်ရှင်၊ ဗမာ့ရုပ်ရှင်၊ ရွှေဝယ်သီရိရုပ်ရှင်၊ ပဒေသာဖလင်၊ စန်းသော်တာ

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်၊ အောင်မိတ်ဆက်ရုပ်ရှင်၊ သန်းမြင့်ဖလင်၊ အရှေ့တိုင်းရုပ်ရှင်နှင့် စိန်မေရုပ်ရှင်စသည့် ကုမ္ပဏီများတွင် ရုပ်ရှင်ကား ၇၀ ကျော် ၈၀ ခန့် ရိုက်ကူးခွင့် ရခဲ့ရာ၌ အသံထွက်ရုပ်ရှင်ကား အနည်းငယ်သာ ရိုက်ကူးခဲ့ရသည်။

အမျိုးသားရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှု အထောက်အကူပြု ရုပ်ရှင်ကားများစွာကို အစဉ်တစိုက် ရိုက်ကူးခဲ့သော ပဲရောက်ရုပ်ရှင်ကုမ္ပဏီ၏ ဖခင်ကြီး ပဲရောက်ဦးဆန်နီသည် ၁၉၅၆ ခုနှစ်၊ ဇူလိုင် ၂၁ ရက်နေ့တွင်လည်းကောင်း၊ ပဲရောက်ရုပ်ရှင်ကုမ္ပဏီ၏ စီမံခန့်ခွဲမှုတာဝန်များအား ဒုတိယကမ္ဘာစစ် မတိုင်မီအချိန်မှစတင်၍ ဦးဆန်နီနှင့် လက်တွဲထမ်းရွက်ခဲ့သူ ဒါရိုက်တာ ပဲရောက်ဖေကြိုင်သည် ၁၉၆၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်နေ့တွင်လည်းကောင်း မရှေးမနှောင်း ကွယ်လွန်ခဲ့ကြသည်။ ဦးဆန်နီနှင့် ဦးဖေကြိုင်တို့ ကွယ်လွန်သည့်နည်းတူ ပဲရောက်ရုပ်ရှင်ကုမ္ပဏီ၏ လုပ်ငန်းများမှာလည်း တစစကျဆင်းလာကာ ဒါရိုက်တာ ဦးသုခ၏ ဖို+မ နှင့် ဒါရိုက်တာ ပဲရောက်ဖေကြိုင်၏ သတ္တိဗျတ္တိ အသံထွက်ရုပ်ရှင်ကားများ ရိုက်ကူးပြီးနောက် ရုပ်ဆိုင်းသွားခဲ့သည်။ ပဲရောက်ရုပ်ရှင်မှ မွေးထုတ်ခဲ့သော စတန့်မင်းသားရွှေဘသည်လည်း အသံတိတ်နှင့် သံစုံသွင်း ရုပ်ရှင်ကားများ ချုပ်ငြိမ်းပြီး အသံထွက် ရုပ်ရှင်ကားများ ထွန်းကားသည့် ၁၉၅၇ ခုနှစ်ဝန်းကျင်တွင် ရုပ်ရှင်ကားရိုက်ကူးမှု အလွန်နည်းပါးခဲ့သည်။ စတန့်မင်းသားရွှေဘသည် အသံတိတ်နှင့် သံစုံသွင်းခေတ်နှောင်းကာလ (၁၉၄၈–၁၉၅၆)တွင် ကြီးကြီးမားမား စန်းတက်ခဲ့ပြီး ၁၉၅၇ ခုနှစ်ဝန်းကျင်တွင် မှေးမှိန်ကျဆင်းလာခဲ့သည်။

စတန့်မင်းသားရွှေဘ စန်းကျ မှေးမှိန်နေချိန်တွင် ပြည်ကျော်ဖလင် ကုမ္ပဏီကို တည်ထောင်ပြီး အသံထွက်ရုပ်ရှင်ခေတ်ဦးကာလ၏ ပထမဆုံးအမျိုးသမီးဒါရိုက်တာ ဒေါ်မြမြက စာရေးဆရာအောင်လင်း၊ ရန်ကုန်ဘဆွေ၊ မြင့်မြင့်ခင်နှင့် နှင်းဆီတို့ သရုပ်ဆောင်သည့် ဗေဒါရုပ်ရှင်ကားကို ပွဲဦးထွက်အဖြစ် အောင်မြင်စွာ ရိုက်ကူးရုံတင်ခဲ့သည်။ မြန်မာ့ရုပ်ရှင်သမိုင်းတွင် ဒေါ်မြမြမတိုင်မီက ရုပ်ရှင်ခေတ်ဦးကာလ၌ ဒေါ်ခင်ညွန့် (မိုးခေါင်ကျော်စွာ)၊ အသံတိတ်ခေတ်နှောင်းကာလ၌ မေရီမြင့်(ပင်မြင့်မာလာ)နှင့် မေမြင့် (သူကလေး)တို့သာ အမျိုးသမီးဒါရိုက်တာအဖြစ် ပေါ်ထွန်းခဲ့ကြသည်။ ဒေါ်မြမြသည် ကွယ်လွန်ချိန်ထိ ပြည်ကျော်ဖလင်၏လုပ်ငန်းများကို ဦးဆောင်ကာ ဒါရိုက်တာအဖြစ် ရုပ်ရှင်ကားများစွာကို ရိုက်ကူးနိုင်ခဲ့သည်။ ဒါရိုက်တာ ဒေါ်မြမြမှာ ပဲရောက်ဦးဖေကြိုင်၏ ဇနီးဖြစ်သည့်ပြင် မင်းသားစိုးနိုင်၏မိခင်လည်း ဖြစ်သည်။ ဒေါ်မြမြသည် ဦးဖေကြိုင်မွေးထုတ်ခဲ့သော စတန့်မင်းသားရွှေဘ မှေးမှိန်နေသည်ကို မလိုလားသဖြင့် ပြည်ကျော်ဖလင်မှ ဒါရိုက်တာ ပျော်တော်ဆက်သန်းနွဲ့ ရိုက်ကူးသည့် တိုင်းကျော် အသံထွက်ရုပ်ရှင်ကားဖြင့် ၁၉၆၀ ပြည့်နှစ်တွင် တစ်ကျော့ပြန် ပွဲထုတ်ခဲ့သည်။ တိုင်းကျော်တွင် ရွှေဘနှင့်အတူ မြမောင်၊ မေရီမြနှင့် ခင်စိန်အေးတို့ သရုပ်ဆောင်ခဲ့ကြရာ ပြသသည့် ရုံတိုင်းတွင် ပရိသတ် ကြိတ်ကြိတ်တိုး စည်ကားခဲ့သည်။ ပဲရောက်ရုပ်ရှင်မှ ဒါရိုက်တာဖေကြိုင်၏ သတ္တိဗျတ္တိဖြင့် အသံတိတ်ရုပ်ရှင် ခေတ်နှောင်းကာလတွင် မင်းသားရွှေဘ ထင်ရှား လူကြိုက်များခဲ့သကဲ့သို့ ပြည်ကျော်ဖလင်မှ ဒါရိုက်တာသန်းနွဲ့၏ တိုင်းကျော်ဖြင့် အသံထွက်ရုပ်ရှင်ခေတ်ဦးကာလတွင် မင်းသားရွှေဘ ကျော်ကြားအောင်မြင်ခဲ့သည်။

တိုင်းကျော်ဖြင့် မင်းသားရွှေဘ တစ်ကျော့ပြန် အောင်မြင်လာချိန်တွင် စစ်ကြိုခေတ်က ထင်ရှားခဲ့ကြသော မင်းသားကြီးများမှာ အသက်အရွယ်နှင့် ကျန်းမာရေးအရ အချို့ ဇာတ်ပို့အဖြစ် သရုပ်ဆောင်နေကြပြီး အချို့မှာ ရုပ်ရှင်လောကမှ ထွက်ခွာသွားကြပြီ ဖြစ်ပါသည်။ မင်းသားရွှေဘနှင့် ခေတ်ပြိုင်မင်းသားများဟု ဆိုနိုင်သည့် ကျော်ဝင်း၊ ကျော်ဖေ၊ ဒိုင်ဗင်တင်လှ၊ ခင်မောင်ဝင်း၊ တင်မောင်ဝင်း၊ ဖိုးပါကြီး၊ မျိုးချစ် စသူတို့မှာ ကားရိုက်ကြဲသွားကြပြီး တင်ညွန့်၊ သက်ရှည်၊ ကျော်ဆွေနှင့် ခင်မောင်ညွန့်တို့မှာ မင်းသားအဖြစ် စိစစ်သရုပ်ဆောင်ကြရင်း အောင်မြင်သော ထုတ်လုပ်သူနှင့် ဒါရိုက်တာများအဖြစ် လှုပ်ရှားနေကြသည်။ အသံထွက် ရုပ်ရှင်ကားများသာ ထုတ်လုပ်ပြသလာချိန်တွင် ဇေယျ၊ ထွန်းဝေ၊ ခင်မောင် ဇင်၊ မြင့်အောင်၊ ခင်မောင်ညွန့်၊ မောင်မောင်တာ၊ ဗိုလ်ဗကို၊ သိန်းဇော်၊ မြင့်စိုး၊ ကောလိပ်ဂျင်နေဝင်း၊ မြတ်လေး၊ မောင်သင်၊ ဝင်းဦးနှင့် ဝင်းညွန့်တို့ ထင်ရှားအောင်မြင်လာကြပြီး ညွန့်ဝင်း၊

www.burmeseclassic.com

www.burmeseclassic.com



တွံတေးသိန်းတန်၊ ဇော်ခင်၊ ဇော်လွင်၊ စိန်မြင့်၊ စိုးနိုင်၊ ကြည်စိုး၊ အောင်လွင်၊ စိုးရွှေ စသူတို့က ထက်ကြပ်မကွာ လိုက်ပါထိုးဖောက်နေကြသည်။ ထင်ရှားအောင်မြင်နေကြသည့် မင်းသားများနှင့် လိုက်ပါထိုးဖောက်နေကြသည့် မင်းသားများသည် အများအားဖြင့် စတန့်ဇာတ်ကြမ်း၊ ဟာသ၊ ရာဇဝင်၊ သဘာဝ စသည်ဖြင့် သီးသန့်လမ်းကြောင်း လျှောက်ကြသူများ သို့မဟုတ် ပုံသေဇာတ်ရုပ်တွင်သာ ကပြကြသူများ မဟုတ်ဘဲ ဇာတ်လမ်းပါ ဇာတ်ဆောင်စရိုက်အတိုင်း လိုက်ပါသရုပ်ဆောင်တတ်ကြသည့် စရိုက်ရှင် ရုပ်ရှင်သရုပ်ဆောင်သူများ ဖြစ်ကြသည့်အပြင် ထူးချွန်ထက်မြက်သည့် ရုပ်ရှင်အနုပညာရှင်များလည်း ဖြစ်ကြသည်။ ထို့ပြင် မြန်မာ့ရုပ်ရှင်သည် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ရုပ်ရှင်ကားထုတ်လုပ်မှုမှာ နှစ်စဉ် ကား ၇၀ မှ ၈၀ ခန့်ထိ ထုတ်လုပ်နေချိန်ဖြစ်သည်။ နှစ်စဉ် ရုံတင်ရုပ်ရှင်ကားအများဆုံး မင်းသားအဖြစ် ဇေယျ၊ ထွန်းဝေ၊ ခင်မောင်ဇင်၊ မြင့်အောင်၊ ကောလိပ်ဂျင်နေဝင်း၊ တွံတေးသိန်းတန်နှင့် ညွန့်ဝင်းတို့ အခါအားလျော်စွာ ရပ်တည်လာခဲ့ကြသော်လည်း မင်းသားရွှေဘ၏ ရုပ်ရှင်ရိုက်ကူးမှု စံချိန်ကို မမီခဲ့ကြချေ။ မင်းသားရွှေဘ၏ တစ်နှစ်တာကာလ ရုပ်ရှင်ကား ရိုက်ကူးရုံတင်ရမှု အရေအတွက်စံချိန်အား သာဓကအဖြစ် ၁၉၅၄ ခုနှစ်တွင် ၁၆ ကား၊ ၁၉၆၁ ခုနှစ်တွင် ၁၆ ကားနှင့် ၁၉၆၃ ခုနှစ်တွင် ၁၈ ကားအထိ တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၈၅ ရာခိုင်နှုန်းခန့်မှာ အခြေခံလူတန်းစားဖြစ်သော လယ်သမားနှင့် အလုပ်သမားများ ဖြစ်ကြသည်။ လယ်သမားနှင့် အလုပ်သမားတို့သည် စတန့်ဇာတ်ကြမ်း ဇာတ်လမ်းများကို အထူးနှစ်ခြိုက်ကြကာ စတန့်ဇာတ်ကြမ်းဇာတ်လမ်းများမှ ဇာတ်ဆောင်စရိုက်မှန်သမျှ ရွှေဘနှင့်သာ အလိုက်ဖက်ဆုံးနှင့် အံဝင်ခွင်ကျအဖြစ်ဆုံးဟု ခံယူအားပေးကြသည်။ အသံတိတ်နှင့် သံစုံသွင်းရုပ်ရှင်ကား ထွန်းကားသည့်ကာလတွင် ရုပ်ရှင်ကားအများဆုံး ရိုက်ကူးခွင့်ရခဲ့သည့် စတန့်မင်းသားတင်ညွန့်မှာ အသံထွက်ရုပ်ရှင်ကားများသာ ထုတ်လုပ်ချိန်တွင် ရွှေဘနှယ် ရုပ်ရှင်ကားအများအပြား ရိုက်ခွင့်မရတော့ချေ။ တိုင်းကျော်ရုပ်ရှင်ကား ရုံတင်သည့် ၁၉၆၀ ပြည့်နှစ်မှ စတင်၍ မင်းသားရွှေဘရိုက်ကူးခဲ့ရသည့် အသံထွက်ရုပ်ရှင်ကား အရေအတွက်အား မည်သည့်မင်းသားမှ မီအောင် ရိုက်ကူးခွင့် မရသည်မှာ ထူးခြားလှသည်။ ၁၉၇၅ ခုနှစ်ဝန်းကျင်နှစ်များအထိ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သော လူငယ်မင်းသားများနှင့်အပြိုင် မင်းသားရွှေဘမှာ ရုပ်ရှင်ကားများစွာကို တွင်ကျယ်စွာ ရိုက်ကူးခွင့်ရခဲ့သည်။ မြန်မာ့ရုပ်ရှင် သက်တမ်းအား ၂၅ နှစ်တစ်ကြိမ် ပိုင်းခြားပြီး ငွေရတုကာလ ၁၉၂၀–၁၉၄၅၊ ရွှေရတုကာလ ၁၉၄၅–၁၉၇၀၊ စိန်ရတုကာလ ၁၉၇၀–၁၉၉၅နှင့် မျက်မှောက်ခေတ်အား ပတ္တမြားရတုကာလ ၁၉၉၅–၂၀၂၀ ဟု သတ်မှတ်သုံးစွဲကြပါသည်။ ထိုသို့ ပိုင်းခြားသတ်မှတ်သည့် ကာလများတွင် ရွှေဘမှာ ရွှေရတုကာလတစ်လျှောက်လုံး ရုပ်ရှင်ကား အများဆုံးရိုက်ကူးခဲ့ရသည့် အလင်းလက်ဆုံးနှင့် ရုပ်ရှင်ကြည့်ပရိသတ် ပြည်သူအင်အား အကြီးမားဆုံး မင်းသားအဖြစ် ရပ်တည်နိုင်ခဲ့သည့်အပြင် စိန်ရတုကာလ ထက်ဝက်ခန့်အထိ ရုပ်ရှင်ကားများစွာကို ဆက်လက်သရုပ်ဆောင်ခွင့် ရခဲ့သည်။ မင်းသားရွှေဘသည် အသံတိတ်နှင့် သံစုံသွင်းရုပ်ရှင်ကား ၇၀ ကျော်ခန့်နှင့် အသံထွက်ရုပ်ရှင်ကား ၂၀၀ ကျော်ခန့် ရိုက်ခွင့်ရခဲ့ပြီး မြန်မာ့ရုပ်ရှင်သက်တမ်း နှစ် ၉၀ ကာလ ၁၉၂၀–၂၀၁၀ တွင် ရုပ်ရှင်ကား အများဆုံးရိုက်ခွင့်ရသည့် မင်းသားအဖြစ် စံချိန်တင်နိုင်ခဲ့ပါသည်။ မင်းသားရွှေဘ သရုပ်ဆောင်သည့် ရုပ်ရှင်ကားများမှာ အထိုးအကြိတ် အသတ်အပုတ်တို့ အခြေခံသည့် စတန့်ဇာတ်ကြမ်းကားများ ဖြစ်ကြပြီး ဇာတ်လမ်းနှင့်ဇာတ်ညွှန်း ခိုင်မာမှု၊ ဒါရိုက်တာ၏ စီစဉ်ညွှန်ကြား တည်းဖြတ်မှု၊ သရုပ်ဆောင်များ အံဝင်ခွင်ကျ ပါဝင်ကပြမှု၊ တေးဂီတပံ့ပိုးမှုနှင့် ဓာတ်ပုံနှင့် အသံကောင်းမွန်မှု စသည့် အင်္ဂါရပ်များ ပြည့်စုံမှုအပြင် အချို့ရုပ်ရှင်ကားများမှာ နိုင်ငံနှင့်ပြည်သူကိုလည်း အကျိုးပြု၊ အနုပညာလည်းမြောက်ပြီး၊ ဖျော်ဖြေမှုလည်းပါ၍ သာမန်ထက်ပိုမို အောင်မြင်ကြသည်။ တိုင်းကျော်၊ နှစ်ဖက်ချွန်၊ ဗိုဇ၊ လူရိုးလူမိုက်၊ ဗိုလ်ရွှေဘော်၊ တရားခံ၊ ဒါလားကွ အချစ်၊ ရန်သူ့ကျော့ကွင်း၊ ဝရမ်းပြေးဘိုးသိန်း၊ မင်းအာဏာ၊ တရားတစ်ဖက် ဓားတစ်လက်၊ မမေ့တဲ့နိုင်အောင်၊ တနေ့ဝင်သော်၊ ပွဲကြီးပွဲကောင်း၊ လူစွမ်းကောင်း ခုနစ်ယောက်၊ သူမိုက်ကိုယ်မိုက်၊ ဤသစ်ဆုံ၊ တောက ဖိုးတုတ်၊ ဂွစာ

www.burmeseclassic.com



မြွေမြွေချင်း ခြေမြင်၊ ရွှေလဝင်းကို ခွင်းမည့်သူ၊ တို့နှစ်ယောက်၊ ၃၀၂၊ ဖွဲ့ စသည့် ရုပ်ရှင်ကားများသည် သာမန်ထက် ပိုမိုအောင်မြင်ပြီး ရုပ်ရှင်ကြည့်ပရိသတ် တစ်ခဲနက် အားပေးမှု ရရှိခဲ့ကြသည်။

၁၉၅၇ ခုနှစ်တွင် မြန်မာရုပ်ရှင် အသံတိတ်နှင့် သံစုံသွင်းရုပ်ရှင်ကားများ ချုပ်ငြိမ်းပြီး အသံထွက်ရုပ်ရှင်ကားများသာ ရိုက်ကူးကြရာ၌ မင်းသားရွှေဘမှာ ရုပ်ရှင်ကားရိုက်ကူးမှု လျော့နည်းကျဆင်းသွားခဲ့သည်။ အသံထွက်ခေတ်ဦးမှ ရိုက်ကူးခွင့်ရသော ရုပ်ရှင်ကားများအနက် ၁-၂-၅၇ နေ့တွင် သွင်ရုံ၌ရုံတင်သည့် ရွှေဘ၊ ဒိုင်ဗင်တင်လှ၊ မယ်ဗမာသန်းသန်းအေးနှင့် ခင်ခင်ဆွေတို့ သရုပ်ဆောင်ပြီး ဒါရိုက်တာဦးအောင်မြတ် ရိုက်ကူးသော ၃၀၂ မှာ ထင်ရှားလူကြည့်များသည်။ ဒါရိုက်တာဦးအောင်မြတ်မှာ စစ်ကြိုခေတ်တွင် အောင်မြင်သော စတန့်ဇာတ်ကြမ်းရုပ်ရှင်ကားများနှင့် ဟာသရုပ်ရှင်ကားများစွာကို ရိုက်ကူးခဲ့သည့် ထိပ်တန်းဒါရိုက်တာဖြစ်၍ ၃၀၂ ကို သေသပ်စွာ ရိုက်ကူးနိုင်ခဲ့သည်။ မင်းသားရွှေဘကလည်း ရုပ်ရှင်ကားရိုက်ကူးမှုကျဆင်းချိန်တွင် အသံထွက်ရုပ်ရှင်ခေတ်ဦး ရိုက်ခွင့်ရခြင်းဖြစ်၍ ကြိုးစားသရုပ်ဆောင်ခဲ့သည်။ ရုပ်ရှင်သုတေသီဂျေကြိုင် (မဟာဝိဇ္ဇာ သမိုင်းအဓိက)က အသံထွက်ခေတ် မြန်မာရုပ်ရှင်သမိုင်းမှတ်တိုင်များ ဆောင်းပါး (ရတီမဂ္ဂဇင်း ၂၀၀၉ မတ်လ)တွင် ၃၀၂ ရုပ်ရှင်ကား၌ မင်းသားရွှေဘ၏ သရုပ်ဆောင်မှုနှင့်စပ်လျဉ်း၍ 'မင်းသားရွှေဘ၏ အသံထွက်ခေတ်ပြောင်း ဇာတ်ကားမှာ အဆင့်မြင့်ပြီး အသံတိတ်ဇာတ်ကြမ်းကားများဖြင့် ခေတ်စားခဲ့သော ရွှေဘ၏ အသံထွက်အမှုအရာတွင် ပထမအကောင်းဆုံး သရုပ်ဆောင်ခဲ့သည့် ဇာတ်ရုပ်ဖြစ်သည်။ ညီမကို ပညာတတ်ကြီးတစ်ယောက် ဖြစ်လာရန် သူ ငွေကိုကြိုးစားရှာဖွေမည်ဟု နှစ်သိမ့်ပြောဆိုပုံ၊ ညီမဖြစ်သူက ဘွဲ့ရပညာတတ်ဖြစ်လာသောအခါ ပီတိဖြစ်ပြီး ဝမ်းသာပုံ၊ ညီမဖြစ်သူက ဆိုရှယ်ကျလွန်းပြီး၊ အပေါင်းအသင်းမိတ်ဆွေများနှင့် အချိန်မရွေး သွားလာလည်ပတ်လျှင် ညီမဖြစ်သူအား မပြောရက်၊ မဆိုရက် ကြိတ်မှိတ်ခံစားရာ၊ ဇာတ်သိမ်း၌ ရာဇဝတ်မှု၊ လူသတ်မှု ကျူးလွန်ခြင်းအတွက် ညီမဖြစ်သူ ဝတ်လုံက ပြစ်မှုထင်ရှား၍ တရားခွင်၌ ပုဒ်မ ၃၀၂ ဖြင့် လျှောက်လဲ၍ ပြစ်ဒဏ်ခံရပုံ၊ ညီမဖြစ်သူ ဝတ်လုံက ခွင့်လွှတ်ရန် တောင်းပန်လျှင် မျက်ဝန်းအစုံမှ မျက်ရည်များ ဝိုင်း၍ ညီမဖြစ်သူအား ခွင့်လွှတ်ပါတယ် ပြောပြီး ရဲကားပေါ်လိုက်ပါသွားပုံတို့မှာ ပရိသတ်ရင်ကို ဆို့နင့်သွားအောင် သရုပ်ဆောင်ပြသွားသည်' ဟု ရေးသားတင်ပြခဲ့သည်။

တိုင်းကျော်ရုပ်ရှင်ကားတွင် ရွှေဘ၊ မြမောင်၊ သန်းနွဲ့၊ မေရီမြင့်နှင့် ခင်စိန်အေးတို့ ပါဝင်သရုပ်ဆောင်ပြီး တိုင်းကျော်အမည်ရှိ ကလေးငယ်တစ်ယောက်အား ဗဟိုပြု၍ ဖြစ်ပွားခဲ့သော ဇာတ်လမ်းဖြစ်ရာ ရွှေဘ နိုင်နင်းသော အထိုးအကြိတ်များ၊ ဇာတ်ဆောင်စရိုက်များနှင့် သရုပ်ဆောင်ဒါရိုက်တာသန်းနွဲ့ ဖန်တီးတတ်သော ဟာသများဖြင့် ရောယှက်တန်ဆာဆင်ထားရာ ရုပ်ရှင်ကြည့်ပရိသတ်အကြိုက်တွေ့ခဲ့ကြသည်။ အသံတိတ်ခေတ်နှောင်းကာလတစ်လျှောက်လုံး ပရိသတ်စွဲမက် နှစ်ခြိုက်ခဲ့ရသော မင်းသားရွှေဘမှာ အသံထွက်ခေတ်ဦးတွင် အမြင်အတွေ့ကြိုပါးမှေးမှိန်ခဲ့ရာမှ တိုင်းကျော်တွင် ပီပီပြင်ပြင် သရုပ်ဆောင်ပြသောအခါ ရုပ်ရှင်ကြည့်ပရိသတ်မှာ တစ်ခဲနက်အားပေးခဲ့ကြသည်။ ၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေဂုန်ရုံတွင် ရုံတင်ခဲ့ရာ မင်းသားရွှေဘ၏ ဒုတိယအကြိမ် ပြန်လည်စန်းတက်သော ရုပ်ရှင်ကားအဖြစ် ပြောစမှတ် ဖြစ်ခဲ့ကြသည်။

နှစ်ဖက်ချွန်ဇာတ်လမ်းမှာ လူသတ်တရားခံ အစစ်မဟုတ်ဘဲ တရားခံအဖြစ် ထောင်ချောက်ဆင် လုပ်ကြံဖန်တီးပြီး ထောင်ကျခံနေရသည့် ချစ်သူအား ဒုက္ခအသွယ်သွယ်နှင့် အန္တရာယ်အဖုံဖုံကြားမှ မိန်းမပျိုတစ်ဦးက အခက်အခဲများကို ရင်ဆိုင်ကျော်လွှားပြီး တရားခံအစစ်အား ဖော်ထုတ်ကယ်တင်ပုံကို ဖော်ကျူးထားသည်။ နှစ်ဖက်ချွန် ရုပ်ရှင်ကားကြော်ငြာတွင် 'မဟုတ်မခံ ဒဏ်ပြန်ဆော်ရမှ ကျေနပ်တဲ့ရွှေဘ၊ စုံထောက်လိုတစ်မျိုး၊ သူခိုးလိုတစ်သွယ် သံသရာလည်ခဲ့ရတဲ့ မေရီမြင့်၊ မပြည့်တဲ့ အိုးကလေးမှ ရေဖြည့်ချင်တဲ့ ကျော်ဖေ၊ မေရီမြက သူ့စည်းကမ်းကို မလိုက်နာလျှင် အကြောင်းသိသွားမည်ဆိုပါလား' ဟု ဖော်ပြခဲ့ရာ မင်းသားရွှေဘ သရုပ်ဆောင်ရသည့် ဇာတ်ဆောင်စရိုက်ကို မြင်တွေ့နိုင်ကြပါသည်။ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com



တွင် ၁၉၅၇ ခုနှစ်၌ ရုံတင်ပြသခဲ့ရာ ဝင်ငွေကောင်းခဲ့ရုံမျှမက သတင်းစာကြီးများကလည်း ချီးကျူးခဲ့ကြသည်။ အိုးဝေသတင်းစာက 'ဒါရိုက်တာတက္ကသိုလ်ဝင်းဖေသည် ထုံးစံအတိုင်း စုံထောက်ဇာတ်လမ်းကို ရိုက်ကူးခြင်းဖြစ်ရာ ဇာတ်ကောင်များအဖြစ် ရွှေဘ၊ ကျော်ဖေ၊ မေရီမြင့်၊ မေရီမြတို့၏ အမူအရာများမှာလည်း လှုပ်ရှားအသက်ဝင်လှ၏'ဟု လည်းကောင်း ဖော်ပြခဲ့ရာ နှစ်ဖက်ချွန် ရုပ်ရှင်ကား၏ ကောင်းမွန်သည့် အဆင့်အတန်းနှင့် မင်းသားရွှေဘ၏ သရုပ်ဆောင်အစွမ်းကို သိခွင့်ရကြပါသည်။

စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာနှင့် ဒါရိုက်တာ ဦးဉာဏမှ အမျိုးသားရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေးတို့အား ဦးတည်သည့် ဝတ္ထုများစွာကို ရေးသားခဲ့သည့်အပြင် ဝတ္ထုဇာတ်ညွှန်းရေးသူနှင့် ဒါရိုက်တာအဖြစ်ပါ ရုပ်ရှင်ကားများစွာကို ရိုက်ကူးခဲ့ပါသည်။ ဦးဉာဏသည် စစ်ကြိုခေတ်က စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားများအား ရုပ်ရှင်ကြည့်ပရိသတ်အကြိုက် နှစ်သက်အောင် စတင်စွမ်းဆောင်ရာ၌ ပါဝင်ခဲ့ပြီး လွတ်လပ်ရေးရရှိပြီးကာလတွင် စတန့်မင်းသား ရွှေဘ၏ ထုထည်ကြီးမားလှသော ပရိသတ်အင်အားကို လေ့လာအကဲဖြတ်မိသူဖြစ်သည်။ ထို့ကြောင့် ရွှေဘနှင့်လိုက်ဖက်သည့် ဝတ္ထုဇာတ်ညွှန်းများကို ရေးသား၍ အမျိုးသားရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေးတို့အား ဦးတည်သည့် ရုပ်ရှင်ကားများအား ရိုက်ကူးလေ့ရှိသည်။ စစ်ပြီးခေတ်တွင် ဦးဉာဏသည် ရုပ်ရှင်ဒါရိုက်တာအဖြစ် တစ်ခါတစ်ရံသာ ကြိုကြားဆောင်ရွက်ခဲ့ပြီး ဝတ္ထုဇာတ်ညွှန်းမြောက်မြားစွာကို ရေးသားပေးခဲ့သည်။ စစ်ပြီးခေတ် ဦးဉာဏ၏ ဝတ္ထုဇာတ်ညွှန်းများတွင် မင်းသားရွှေဘအတွက်ရေးသားသည့် ဝတ္ထုဇာတ်ညွှန်းက အများဆုံးဖြစ်ပြီး ထိုဝတ္ထုဇာတ်ညွှန်းများတွင် ဒါလားကွအချစ်၊ မင်းအာဏာ၊ လောကဓံစစ်ပွဲ၊ တရားတစ်ဖက် ဓားတစ်လက်၊ မောင်းထောင်ရွှေဘ၊ တောကဖိုးတုတ်၊ ဂွစာ၊ မိုးကြိုးသွေး၊ ရောင်ကြီးဗွေမောင်မောင်ရွှေနှင့် ရိုင်းတဲ့ဘဝတို့မှာ ထူးခြားစွာကျော်ကြားပါသည်။ ဒါလားကွအချစ်မှာ အသံတိတ်ရုပ်ရှင်ကားအဖြစ် ဦးဘိုးဟန်ရိုက်ကူး၍ ရွှေဘနှင့် မေမြင့် သရုပ်ဆောင်ပြီး လူကြိုက်များခဲ့သည့် ဘာလဲအချစ်ကို ခေတ်နှင့်အညီ ပြန်လည်ဆန်းသစ်ထားခြင်းဖြစ်သည်။ စိတ်ကြမ်းကိုယ်ကြမ်း မည်မျှဖြစ်သည့် ယောက်ျားဖြစ်စေကာမူ ရွှေဘနှင့် လျှမ်းလျှမ်းတောက် ကျော်ကြားနေသည့် ကြည်ကြည်ဌေးတို့ ပထမဦးဆုံးအကြိမ် တွဲဖက်သရုပ်ဆောင်ထားသဖြင့် ရုပ်ရှင်ကြည့်ပရိသတ် စိတ်ပါဝင်စားမှုကြီးမားကာ လူကြိုက်များခဲ့သည်။ သက်နှင်းဘရားသားရုပ်ရှင်မှ ဝတ္ထုဇာတ်ညွှန်း ဦးဉာဏနှင့် ဒါရိုက်တာ (ကျား)ဦးသိန်းမောင်တို့ ရိုက်ကူး၍ ချစ်ရွှေ၊ ကျော်ညွှန့်နှင့် ခင်မြရင်တို့ သရုပ်ဆောင်သည့် မင်းအာဏာ (အသံတိတ်) ရုပ်ရှင်ကားကို ၁၉၄၀ ပြည့်နှစ်က ရုံတင်ခဲ့သည်။ ငယ်စဉ်ကတည်းက ချစ်ခင်တွယ်တာခဲ့ကြသည့် မိဘမဲ့ညီအစ်ကိုနှစ်ဦးမှာ ကြီးပြင်းချိန်တွင် အစ်ကို(ချစ်ရွှေ)က စုံထောက်နှင့် ညီ(ကျော်ညွှန့်)က အစ်ကိုချစ်သူ(ခင်မြရင်)၏ မောင်အားသတ်မိသည့် တရားခံအဖြစ် ဆုံစည်းကြရာ တာဝန်အရ အစ်ကိုက ညီအား ပစ်ခတ်ဖမ်းဆီးရသည့် ကြေကွဲဖွယ်ဇာတ်လမ်းတွင် စွန့်စားမှုများနှင့် အထိုးအကြိတ်များ ရောယှက်ထားရာ လူကြိုက်များခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် မင်းအာဏာအား အသံထွက်ရုပ်ရှင်ကားအဖြစ် မင်းလွင်ရုပ်ရှင်မှ ဝတ္ထုဇာတ်ညွှန်း ဦးဉာဏနှင့် ဒါရိုက်တာဘုန်းမော်တို့က ရွှေဘ၊ ကျော်သန်း၊ ကြည်ကြည်ဌေး၊ ပန်းဝါတို့ဖြင့် ပြန်လည်ဆန်းသစ်ခဲ့ရာ အောင်မြင်မှုရခဲ့ပြန်သည်။ တရားတစ်ဖက် ဓားတစ်လက်မှာ မိဘမဲ့ပရဟိတသင်တန်းကျောင်းများ ရှင်သန်ဖွံ့ဖြိုးရေးနှင့် ထောင်ထွက်ဟူသည့် ဘဝ၏ အမည်းစက်အား ကောင်းမွန်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို စွဲမြဲစွာ လုပ်ကိုင်ချေဖျက်ရန် ရည်ရွယ်ချက်ဖြင့် တင်ပြခဲ့သည်။ ရွှေဘ၊ ဗိုလ်ဗကိုနှင့် ကြည်ကြည်ဌေးတို့၏ အားပြိုင်သရုပ်ဆောင်မှုများက ပရိသတ်အား ဆွဲဆောင်မှုပြုခဲ့သည်။ ဆေးရောင်စုံရုပ်ရှင်ခေတ်တွင် ဒါရိုက်တာမောင်နန္ဒက မင်းအာဏာကို တတိယအကြိမ်အဖြစ် ရန်အောင်၊ မေသန်းနုတို့ဖြင့်လည်းကောင်း၊ ဒါရိုက်တာအောင်မြင့်မြတ်က တရားတစ်ဖက် ဓားတစ်လက်အား ဒုတိယအကြိမ်အဖြစ် ရန်အောင်၊ မြင့်နိုင်၊ မေသန်းနုတို့ဖြင့် လည်းကောင်း ပြန်လည်ဆန်းသစ်ခဲ့ကြသည်။ ရုပ်ရှင်သုတေသီ ဂျေကြိုင်(မဟာဝိဇ္ဇာသမိုင်း အဓိက)က အသံထွက်ခေတ် မြန်မာ့ရုပ်ရှင်သမိုင်းမှတ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



များ ဆောင်းပါး (ရတီမဂ္ဂဇင်း ၂၀၀၉ မတ်)တွင် 'ရွှေဘပါဝင်၍ အထိုးအကြိတ်ကားဟုသာ အမှန်အားဖြင့် ထင်စရာဖြစ်သော်လည်း အထိုးအကြိတ်ကား သက်သက်မဟုတ် တသသစွဲလမ်းရအောင် သရုပ်ဖော်သွားသော ဇာတ်ကားများ ရှိခဲ့သည်။ ဥပမာ လောကဓံစစ်ပွဲ၊ လူရိုးလူမိုက်၊ တရားခံ၊ တနေဝင်သော်၊ ပျံလေတဲ့ငှက်ခါး၊ မင်းအာဏာနှင့် တရားတစ်ဖက် ဓားတစ်လက် စသည်တို့ဖြစ်သည်'ဟု ဖော်ပြခဲ့သည်။

မင်းလွင်ရုပ်ရှင်မှ ဒါရိုက်တာဦးဘိုးဟန် ရိုက်ကူးပြီး ၁၁-၅-၆၂ ရက်နေ့တွင် ရန်ကုန် ရွှေဂုန်ရုံနှင့် မြို့ပတ်ရုံများတွင် ပြသခဲ့သော တရားတစ်ဖက် ဓားတစ်လက်တွင် သူသည် လူမှန်းသိစကပင် ဘဝပေးအခြေအနေကြောင့် အချုပ်ခန်းနှင့်ထောင်တို့တွင် ကြီးပြင်းခဲ့ရသော ရာဇဝင်လူဆိုးရွှေမိုး ဖြစ်ခဲ့ရသည်။ သို့သော် ရွှေမိုးသည် လူဆိုးတစ်ယောက်ဖြစ်သော်လည်း မလိမ်မညာတတ်ခြင်း၊ အားနည်းသူကို ကူညီတတ်ခြင်း၊ အဓိပ္ပာယ်မဲ့သော ဆိုးသွမ်းမိုက်မဲမှုများ မကျူးလွန်ခြင်း၊ ကျေးဇူးသိတတ်ခြင်း၊ မိတ်ဆွေများအပေါ်၌ သစ္စာရှိခြင်း စသော လူ့ကျင့်ဝတ်များရှိနေသည်။ ရာဇဝင်လူဆိုးကြီးဘဝမှ အကျွတ်တရားရကာ ပုတီးသမားဖြစ်နေသော သူ့ သူငယ်ချင်း ညွန့်ဖေနှင့် လူငယ်များဂေဟာ စာရိတ္တပြုပြင်ရေး ဆရာမလေး ခင်မျိုးမြင့်တို့က ရွှေမိုးအား လူကောင်းတစ်ယောက်ဖြစ်အောင် လုပ်ဆောင်ပေးကြရင်း နောက်ဆုံးတွင် ရွှေမိုးအတွက် ညွန့်ဖေက အသက်ပေးသွားခဲ့သည်ကို ယူကျုံးမရဖြစ်ရပုံကို ရွှေဘက ဗိုလ်ဗကို၊ ကြည်ကြည်ဌေးတို့နှင့် အားပြိုင်သရုပ်ဆောင်ပြသခဲ့ရာ ရွှေမိုးဇာတ်ရုပ်ကို ပရိသတ်စွဲလမ်းတ,သ ဖြစ်ကြရသည်'ဟု ခံစားဖော်ပြခဲ့သည်။

ရွှေဘနှယ် ထင်ရှားသော ရုပ်ရှင်မင်းသားများစွာပေါ်ထွန်းခဲ့သည့်အနက် ရွှေဘနှင့်အများဆုံး တွဲဖက်သရုပ်ဆောင်ခွင့်ရခဲ့သည့် မင်းသားမှာ စတန့်မင်းသား တင်ညွန့်ဖြစ်သည်။ တင်ညွန့်ရော ရွှေဘပါ လျှမ်းလျှမ်းတောက်ကျော်ကြားစဉ် အသံတိတ် ရုပ်ရှင်ခေတ်က ဒါရိုက်တာရွှေဘော်၏ တစ်ယူသန်(၁၉၅၂)၊ ဒါရိုက်တာမျိုးအောင်၏ ဘုန်းမောင့်တစ်ယောက်တည်း (၁၉၅၃)နှင့် ဒါရိုက်တာကိုအေးမြင့် ထူး၍မဆန်း(၁၉၅၄)တို့တွင်သာ တွဲဖက်သရုပ်ဆောင်ပြီး အလုမ်းဝေးခဲ့ကြသည်။ အသံထွက်ရုပ်ရှင်ကားများ ထွန်းကားချိန် ၁၉၆၀ ပြည့်နှစ်တွင် ထွန်းထွန်းဦးရုပ်ရှင်မှ ဒါရိုက်တာထွန်းဝေ(တင်ညွန့် ရုပ်ရှင်)၏ ဗီဇတွင် တင်ညွန့်နှင့် ရွှေဘပြန်လည်ဆုံတွေ့ကြသည်။ ငယ်စဉ်ကပင် ဗီဇမတူညီသည့်ကြားမှ ချစ်ခင်ခဲ့ကြသည့် သူငယ်ချင်းသုံးဦးတို့ ကြီးပြင်းချိန်တွင် ရဲအရာရှိ(တင်ညွန့်)နှင့် လူဆိုးလူမိုက် (ရွှေဘ)တို့သည် သူတို့ ငယ်ချစ်ဦး(မေသစ်)နှင့် ဆုံစည်းမိရာမှ ကြုံတွေ့ရသည့် ရင်နင့်ဖွယ်အဖြစ်အားတရားဥပဒေပညာပေး၊ အချစ်နှင့် အထိုးအကြိတ်များဖြင့် တန်ဆာဆင်ထားသည်။ တင်ညွန့်နှင့် ရွှေဘတို့ သေနတ်ကိုယ်စီ ချိန်ရွယ်နေကြသည့်ကြားမှ ဗျာများပူပန်နေရသော မေသစ်၏ဓာတ်ပုံဖြင့် တင်ညွန့်၊ ရွှေဘ တကယ်ချတဲ့ ဗီဇဟု ကြော်ငြာခဲ့ရာ ပရိသတ်စိတ်ဝင်စားအောင် ဖမ်းစားနိုင်ခဲ့သည်။ ထို့နောက် တင်ညွန့်ရော ရွှေဘပါ ရင့်ကျက်လာပြီး မိတ်ကောင်းဆွေကောင်းနှင့် ရဲဘော်ရဲဘက်အဖြစ်ဖြင့် ပွဲကြီးပွဲကောင်း၊ လူစွမ်းကောင်း တစ်ယောက်၊ လာလာလေ၊ သုံးယောက်ပေါင်း လောင်းကျော်၊ ရွှေဓားဗိုလ်၊ မြေကြီးနှင့်ရွှေထီး၊ ရဲစွမ်းသတ္တိ၊ အောင်လံလွင့်လွင့်၊ ဖွဲ၊ သွေးမှာသတ္တိရှိသောကြောင့်၊ ဟိန်း စသည့် အသံထွက်ရုပ်ရှင်ကား ၁၂ ကားခန့်အထိ တစ်ဦးနှင့်တစ်ဦး မာန်မာနကင်းမဲ့စွာဖြင့် လက်တွဲသရုပ်ဆောင်ခဲ့ကြသည်။ ၂၀၀၇ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်သမိုင်းတွင် ဆေးရောင်စုံမြင်ကွင်းကျယ် ရုပ်ရှင်ကား လေးကားနှင့် အဖြူအမည်း မြင်ကွင်းကျယ် ရုပ်ရှင်ကား ၃၀ ခန့်သာ ထုတ်လုပ်ခဲ့သည့် အနက် ရွှေဘပါဝင်သရုပ်ဆောင်သည့် ပွဲကြီးပွဲကောင်း၊ လူစွမ်းကောင်း ခုနစ်ယောက်၊ ပခန်း ကိုကြီးကျော်နှင့် သူမိုက်ကိုယ်မိုက် ရုပ်ရှင်ကား (၄)ကားမှာ အသံထွက် အဖြူအမည်း မြင်ကွင်းကျယ်ကားများဖြစ်၍ ထူးခြားပါသည်။

တရားခံမှာ ရွှေဘ၏ ကျော်ကြားသော ရုပ်ရှင်ကားများအနက်မှ တစ်ကားဖြစ်ပြီး ကျေးလက်တွင် ရိုးသားပျော်ရွှင်စွာ အသက်မွေးနေစဉ် သားငယ်အားရှင်ပြုလုဆဲတွင်မှ သောင်းကျန်းသူများ၏ ရက်စက်ယုတ်မာစွာ သတ်ဖြတ်ခံရမှုဖြင့် ကြုံရသည့် ကျေးလက်ကာကွယ်ရေးခေါင်းဆောင်အဖြစ် ရွှေဘက သရုပ်ဆောင်ခဲ့သည်။ ၁၉၆၂ ခု

www.burmeseclassic.com

www.burmeseclassic.com



နှစ်၊ ဩဂုတ်လ ရုပ်ရှင်မျက်မှန်မဂ္ဂဇင်းတွင် မြန်မာ့ရုပ်ရှင်ဇာတ်ကားဝေဖန်ချက် ဆောင်းပါးများကို အစဉ်တစိုက်ရေးသားခဲ့သော ရုပ်ရှင်ဝေဖန်ရေးဆရာစံရှားက တရားခံရုပ်ရှင်ကားတွင် ရွှေဘ၏ သရုပ်ဆောင်ပုံအား 'ရွှေဘမှာအထိုးအကြိတ်ကို ဦးတည်၍ ကြမ်းကြမ်းတမ်းတမ်း လုပ်ကိုင်ပါဝင် သရုပ်ဆောင်သော အကြမ်းမင်းသားအဖြစ်အသိအမှတ်ပြုထားခြင်း ခံရသော်လည်း ဇာတ်လမ်းအရလွှမ်းကွက် ဆွေးကွက်များ ရလာပါက ထိုလွှမ်းကွက် ဆွေးကွက်များကို မိမိရရ၊ ပိုင်ပိုင်နိုင်နိုင် သရုပ်တူလုပ်ဆောင်သွားနိုင်သော မင်းသားတစ်ဦး ဖြစ်ပေသည်။ ဤကားတွင်ရှင်ပြုရန် စီစဉ်ထားပြီးသည်ကို လူဆိုးများသတ်သွား၍ရွှေဘပြန်ရောက်ချိန်၌ သားသေဆုံးသွားသည်ကို တွေ့ရသော ရွှေဘအတွက် ခံစားချက်သရုပ်တူ လုပ်ဟန်မှာအကြမ်းမင်းသားများ မလုပ်နိုင်သော သရုပ်တူလုပ်ဟန်များကို ပိုင်ပိုင်ကြီး လုပ်ဆောင်သွားသည်ကို တွေ့ရပေသည်'ဟု ကောက်ချက်ချခဲ့ရာ ရွှေဘမှာ စတန့်ဇာတ်ကြမ်း(action)ရော သဘာဝဇာတ်ကြမ်း(Drama)ပါ သရုပ်ဆောင်နိုင်စွမ်းရှိသည်ကို တွေ့ရသည်။

စာရေးဆရာ ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)၏ ဝတ္ထုအား ဘုန်းမော်က ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာမျိုးအောင်ရိုက်ကူးသည့် ဝရမ်းပြေး ဘိုးသိန်းမှာ ၁၉၆၃ ခုနှစ်၌မြန်မာနိုင်ငံတစ်ဝန်းတွင် ကြိတ်ကြိတ်တိုး စည်ကားခဲ့သည့်ရုပ်ရှင်ကားဖြစ်သည်။ ကိုလိုနီခေတ်က ဗြိတိသျှနယ်ချဲ့နှင့်လက်ပါးစေ (ပုလိပ်၊ သူကြီး၊ ရာဇဝတ်အုပ် စသည်)တို့၏ ကျေးလက်ပြည်သူတို့အပေါ် မတရားမှုနှင့် ဖိနှိပ်မှုတို့အား တို့ဗမာအစည်းအရုံးနှင့် ဝံသာနုတို့ ဦးဆောင်မှုဖြင့် ကျေးလက်ပြည်သူတို့က ဆန့်ကျင်တော်လှန် ကြပုံအား ရွှေဘ၊ သင်းသင်းလှဲ့၊ မြမြရီတို့ ဦးဆောင် ရိုက်ကူးခဲ့သည်။ ပထမအကြိမ် ရိုက်ကူးအောင်မြင်မှုအား ခြေရာခံ၍ ၁၉၈၃ ခုနှစ်တွင် ဒါရိုက်တာ ဗိုလ်ဗကိုက ညွှန့်ဝင်း၊ စိုးရွှေ၊ မြင့်နိုင်၊ ဗိုလ်ဗကို၊ နွဲ့နွဲ့မူတို့ဖြင့် ဒုတိယအကြိမ်ထပ်မံရိုက်ကူးရာတွင်လည်း အောင်မြင်မှု ရခဲ့ပြန်သည်။ ဝါရင့် ရုပ်ရှင်ဝေဖန်ရေးဆရာ၊ စာရေးဆရာ၊ သတင်းစာဆရာ စိန်ခင်မောင်ရီက ဒါဖတ်ပြီးမှ ရုပ်ရှင်ကြည့်ပါ ဆောင်းပါး (သောင်းပြောင်းထွေလာ မဂ္ဂဇင်း၊ ၁၉၈၃ စက်တင်ဘာ)တွင် ဒုတိယအကြိမ်ရိုက်ကူးသည့် ဝရမ်းပြေးဘိုးသိန်းရုပ်ရှင်ကားနှင့် စပ်လျဉ်း၍ ဇာတ်ကားကောင်း တစ်ကားဖြစ်ကြောင်း၊ ဒါရိုက်တာဗိုလ်ဗကို၏ အကောင်းဆုံးလက်ရာဖြစ်ကြောင်း၊ ညွှန့်ဝင်း၊ ဗိုလ်ဗကိုနှင့် မြင့်နိုင်တို့သရုပ်ဆောင်ပုံ ပီပြင်ထူးချွန်ကြောင်းတို့ကို ချီးကျူးခဲ့ပြီးနောက် ''ဖြစ်သင့်သည်မှာ အချုပ်ခန်းမှ ထွက်ပြေးကြသည့်အချိန်တွင် တစ်ဆက်တည်း ဘိုးသိန်းက ရန်သူများကို ကလဲ့စားချေသည့် အခန်းများအား တောက်လျှောက်ဝင်သင့်သည်။ ရှေးကဤဇာတ်လမ်းကို မင်းသားရွှေဘ ပါဝင်ရိုက်ကူးခဲ့ရာ၊ ဘိန်းပစ်ဖမ်းပေးသူ အက်တူးမောင်လေးအား ဝါးချွန်ဖြင့် ထိုးသတ် လက်စားချေသည့်အခန်းမှာ ကြောက်ခမန်းလိလိ သည်းထိတ်၊ ရင်ဖိုများဖြစ်ပါ၏။

ရှေးက ဘိုးသိန်းဇာတ်ကား၌ ရွှေဘက ဘိုးသိန်းအဖြစ်ပါဝင်ခဲ့ရာ လူကြိုက်များခဲ့သည်။ လူကြိုက်များခဲ့ရသည့် အချက်တစ်ချက်သည် ရွှေဘသည် တောသူတောင်သား ရုပ်ရည်ရှိသူတစ်ဦး ဖြစ်သောကြောင့်လည်းဖြစ်သည်''ဟု ပထမ ဝရမ်းပြေးဘိုးသိန်းရုပ်ရှင်ကားနှင့်ရွှေဘ၏ သရုပ်ဆောင်ပုံတို့ကို တမ်းတသတိရစွာ ပြန်လည်ဖော်ကျူးခဲ့သည်။ ထိုနည်းတူ ရုပ်ရှင်သုတေသီ ဂျေကြိုင်(မဟာဝိဇ္ဇာ၊ သမိုင်းအဓိက)က အသံထွက် မြန်မာ့ရုပ်ရှင်သမိုင်းမှတ်တိုင်များ ဆောင်းပါး (ရတီ မဂ္ဂဇင်း၊ ၂၀၀၉ မတ်)တွင် ၁-၁၁-၆၃ တွင် မြို့မရုံ၌ပြသသော ဝရမ်းပြေးဘိုးသိန်း ဇာတ်ကားကို ပရိတ်သတ်အလွန်ကြိုက်နှစ်သက်ကြပြီး အားပေးမှု အထူးရခဲ့သော ဇာတ်ကားကြီးဖြစ်သလို မင်းသားရွှေဘဆိုလျှင် ထိုးကြိတ်၊ သတ်ပုတ်နေမည့်ကားဟု ထင်ရသူများအတွက် ပါစင်အောင်လွဲပြီးစိတ်ဝင်စားဖွယ်ရာ မြန်မာ့တော်လှန်ရေးကား ဖြစ်နေသည်ကို ကြည့်ရှုမှတ်သားမိသည်။ ရွှေဘပါဝင် ရိုက်ကူးသွားသော ဇာတ်ကားများတွင် ဘိုးသိန်းဇာတ်ကောင်ဇာတ်ရုပ်ကို သဘာဝအကျဆုံး လုပ်ဆောင်ပြနိုင်၍ အကောင်းဆုံး ဇာတ်ကားတစ်ကားဟု ဆိုနိုင်၏'ဟု မှတ်ချက်ပြုခဲ့သည်။ ဝရမ်းပြေး ဘိုးသိန်းနည်းတူ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး၌ ရှုပ်ရှုပ်ချွံချွံ ပါဝင်ခဲ့သည့် သာစည်မြို့နယ်၊ မဲတောရွာမှ လယ်သမားကြီး စံဖဲအား ဂုဏ်ပြုရိုက်ကူးခဲ့

www.burmeseclassic.com

www.burmeseclassic.com




သော ဒါရိုက်တာ၊ စာရေးဆရာ ဗိုလ်အေးမောင် ရိုက်ကူးသည့် ဗိုလ်စံဖဲသည်လည်း လူကြိုက်များခဲ့သည်။ ဒါရိုက်တာ စာရေးဆရာဗိုလ်အေးမောင်သည် ဗိုလ်စံဖဲ၏ အဖြစ်အပျက်အား ဝတ္ထုအသွင်ရေးသားပြီး ၁၉၆၀ ပြည့်နှစ်တွင် စာပေဗိမာန်မှ ထုတ်ဝေခဲ့သည်။ ထိုနည်းတူ မြန်မာ့ရုပ်ရှင်ခေတ်ဦးတွင် ဒါရိုက်တာ ဒဂုဏ်ပဦးဘတင်မှ ဗြိတိသျှနယ်ချဲ့အစိုးရမှ တောပုန်းစံဖဲအား တရားရုံးတွင် အမှုစွဲဆို စစ်ဆေးပုံအား သတင်းကားအဖြစ် ရိုက်တင်ခဲ့သည့်အပြင် ဒါရိုက်တာ ဦးကျော်မြင့်မှ တောပုန်းကြီးစံဖဲ အမည်ဖြင့် ၁၉၅၃ ခုနှစ်တွင် အသံတိတ်ရုပ်ရှင်ကားအဖြစ် ရွှေဘ၊ မြင့်မြင့်ခင် တို့ဖြင့်လည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် အသံထွက် ရုပ်ရှင်ကားအဖြစ် မောင်သင်၊ မြမြရီ တို့ဖြင့်လည်းကောင်း နှစ်ကြိမ်တိုင်တိုင် ရိုက်ကူးရုံတင်ခဲ့သည်။ ဗိုလ်စံဖဲ သို့မဟုတ် တောပုန်းကြီးစံဖဲ၏ စရိုက်လက္ခဏာများကို အကိုက်ညီဆုံး သရုပ်ဆောင်နိုင်စွမ်းရှိသူအဖြစ် ပရိသတ်က ရွှေဘကိုသာ တွေးထင်သတ်မှတ်ထားကြ၍ ရွှေဘ သရုပ်ဆောင်သည့်ကားများက ပိုမိုလူကြိုက်များခဲ့ကြသည်။

တင်ညွန့်ရုပ်ရှင်မှ ဒါရိုက်တာ မင်းသားတင်ညွန့်က ခေတ်ပြိုင်မင်းသားများဖြစ်သော ကျော်ဆွေ၊ တင်ညွန့်နှင့် ရွှေဘတို့ အတူတကွ ပါဝင်သရုပ်ဆောင်ရန် 'ဖွဲ' ရုပ်ရှင်ကားကိုလည်းကောင်း၊ မဟာဗောဓိရုပ်ရှင်မှ ဒါရိုက်တာ မောင်မိုးမြင့်က ကျော်ဆွေ၊ ရဲဘော်သက်ရှည်နှင့် ရွှေဘတို့ ပါဝင်သရုပ်ဆောင်ရန် သွေးမှာ သတ္တိရှိသောကြောင့် ကိုလည်းကောင်း ရိုက်ကူးရန် စီစဉ်ခဲ့ကြသည်။ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ဖွဲ ရုပ်ရှင်ကားအား တင်ညွန့်၊ ရွှေဘ၊ ဖော်လွင်တို့ဖြင့်လည်းကောင်း၊ သွေးမှာသတ္တိရှိသောကြောင့်အား တင်ညွန့်၊ ရဲဘော်သက်ရှည်၊ ရွှေဘတို့ဖြင့်လည်းကောင်း ရိုက်ကူးခဲ့သဖြင့် ကျော်ဆွေနှင့်ရွှေဘ အတူတကွ ပါဝင်သရုပ်ဆောင်မှု မပြုဖြစ်သော်လည်း၊ မိုးရုပ်ရှင်မှ ဒါရိုက်တာ ကျော်ဆွေနှင့် ထင်လင်း(ကျော်ဆွေ၏ညီ)တို့၏ မြွေမြွေချင်းခြေမြင်တွင် ခင်ယုမေနှင့်စန်းစန်းဝင်းတို့နှင့်အတူ ကျော်ဆွေနှင့်ရွှေဘတို့ လက်တွဲ သရုပ်ဆောင်ခွင့်ရခဲ့ကြသည်။ ကျော်ဆွေနှင့် ဒါရိုက်တာ ပဲရောက်ဖေကြိုင်တို့၏ ပဋိပက္ခကြားမှ မင်းသားဖြစ်ခဲ့ရသော ရွှေဘနှင့်ခေတ်ပြိုင်ကျော်ဆွေတို့ ရှားရှားပါးပါး ထူးခြားစွာ တစ်ကားတည်း အတူတကွ သရုပ်ဆောင်ထားကြ၍ ပရိသတ်စိတ်ဝင်စားမှု ကြီးမားခဲ့ပြီး၊ ရုံတင်ချိန်တွင် ပရိသတ်စည်ကား အကြိုက်တွေ့ခဲ့ကြသည်။ ခင်မောင်ဇင်၊ ခင်မောင်မြင့်၊ ရွှေဘနှင့် ကြည်ကြည်ဌေးတို့ သရုပ်ဆောင်သည့် တောင်တော်သခင်မမှာ မန္တလေးအနီးမှ မရွှေဥ၏ ဇာတ်လမ်းအား ဖွဲ့နွဲ့ထားသည့် နတ်သမိုင်းကားဖြစ်ပြီး၊ ရွှေဘနှင့် ခင်မောင်မြင့်တို့မှာ မင်းကြီး၊ မင်းလေးညီနောင်အဖြစ် သရုပ်ဆောင်ထားသည်။ ပခန်းကိုကြီးကျော်တွင်လည်း ရွှေဘက ကိုကြီးကျော်အဖြစ် ပါဝင်ကပြခဲ့ရာ၊ တောင်တော်သခင်မနှင့် ပခန်းကိုကြီးကျော်မှာ ရွှေဘ၏ ထူးခြားသော အသံထွက် နတ်သမိုင်းကားများ ဖြစ်သည်။ ဤသစ်ဆုံမှာ ၁၉၆၃ ခုနှစ် အနုပညာစာပေဆိုင်ရာ ဝတ္ထုရှည်အား ရိုက်ကူးခဲ့ခြင်းဖြစ်ရာ တပ်မတော်နှင့် သောင်းကျန်းသူတို့အကြားမှ ကျေးရွာသားတို့အဖြစ်ကို ဖော်ကျူးပညာပေးထား၍ ရည်ရွယ်ချက်မြင့်မားသော ရုပ်ရှင်ကားဖြစ်သည်။ ရွှေလဝင်းကိုခွင်းမည့်သူမှာ ဆယ်စုနှစ် သုံးစုတွင် ပေါ်ထွန်းထင်ရှားခဲ့သော ရွှေဘ(၁၉၄၈)၊ ကောလိပ်ဂျင်နေဝင်း(၁၉၅၈)နှင့် ကျော်ဟိန်း(၁၉၆၈)တို့၏ ထူးထူးခြားခြား အနုပညာပေါင်းစည်းမှုဖြစ်ပြီး မင်းသားရွှေဘက ဦးရွှေလဝင်းအား ကလဲ့စားချေရန် ကြိုးပမ်းနေသည့် လူမိုက်တစ်ယောက်အဖြစ် သရုပ်ဆောင် စွမ်းရည်ပြထားသည်။ တို့လူကလေးများဆိုသလေ မှာ ရုပ်ရှင်စက်မှုလုပ်သားများ စုပေါင်းထုတ်လုပ်သည့် ရုပ်ရှင်ကားဖြစ်ပြီး ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ ထွန်းထွန်းဝင်း၊ ဆွေဇင်ထိုက်၊ စံရှားတင်၊ ချိုပြုံးနှင့်အတူ ရွှေဘက အားဖြည့်ကူညီပါဝင်ထားသည်။ ဆိုးပေ (ဒါရိုက်တာ စိုးသိမ်းထွဋ်)နှင့်မောင်မဲ (ဒါရိုက်တာခင်မောင်ဦး)တို့သည် ဝါရင့်မင်းသားကြီး ကျော်ဆွေနှင့် ဂျစ်တူးတွင် လက်တွဲ သရုပ်ဆောင်ခွင့်ရရှိပြီးနောက် မင်းသားရွှေဘနှင့် မချစ်လဲပြုံး၊ ချစ်လဲပြုံးတွင် လက်တွဲသရုပ်ဆောင်ကြခြင်း ဖြစ်သည်။ မချစ်လဲပြုံး ချစ်လဲပြုံးမှာ ၁၉၈၅ ခုနှစ်တွင် ရုံတင်ခဲ့ရာ မင်းသားရွှေဘ၏ နောက်ဆုံး ရိုက်ကူးရုံတင်ခဲ့သည့် ရုပ်ရှင်ကားလည်း ဖြစ်သည်။ မချစ်လဲပြုံး ချစ်လဲပြုံး ရုံတင်ချိန်တွင် မြန်မာ့ရုပ်ရှင် ဆေးရောင်စုံကားများ စတင်

www.burmeseclassic.com

www.burmeseclassic.com





စမ်းသပ် ထုတ်လုပ်ချိန်နှင့် ဗီဒီယို ရုပ်ရှင်ကားဈေးကွက် စတင် ဖြစ်ထွန်းနေချိန်လည်း ဖြစ်သည်။

မင်းသား ရွှေဘသည် ကိုယ်ပိုင် သမ္မတရုပ်ရှင်ကို တည်ထောင်ပြီးနောက် တောကဖိုးတုတ်(၁၉၆၃)၊ ဂွစာ(၁၉၆၄)၊ သတ္တိခဲ(၁၉၆၄)၊ ဒို့နှစ်ယောက်(၁၉၆၅)၊ လက်တစ်လုံးခြား(၁၉၆၇)၊ အမိုက်ထဲကရွှေ(၁၉၆၈)၊ နောက်ဆုံးကျည်ဆံ(၁၉၇၂)နှင့် ငမန်းစွယ်နှင့် ကျွန်းသန္တာ(၁၉၈၅) တို့ကို ထုတ်လုပ်ကာ သရုပ်ဆောင်ခဲ့သည်။ သမ္မတရုပ်ရှင်မှ ထုတ်လုပ်သည့် ရုပ်ရှင်ကားများမှာ အတိုင်းအတာ ကိုယ်စီဖြင့် အောင်မြင်မှုရသဖြင့် စဉ်ဆက်မပြတ် ရိုက်ကူး ထုတ်လုပ်နိုင်ခဲ့သည်။ ထိုရုပ်ရှင်ကားများအနက် မင်းသား ရွှေဘ နှစ်ကိုယ်ခွဲ ပါဝင်သရုပ်ဆောင်သည့် ဒို့နှစ်ယောက် ရုပ်ရှင်ကားနှင့် စပ်လျဉ်း၍ ၂၉-၁၀-၆၅ နေ့တွင် ရုံတင်စဉ်က ရန်ကုန်သတင်းစာ၏ ပင်တိုင်ရုပ်ရှင်ဝေဖန်ရေး ဆရာအမ်ကျော်က ''မင်းသားရွှေဘ ပါဝင်သော ကားများတွင် အရမ်းထိုး၊ အရမ်းပစ်ခတ်သော အကြမ်းဇာတ်ကားများသာ ရိုက်ကူးပြသခြင်းဖြင့် နာမည်ကြီးလာသော မင်းသားတစ်ဦးဖြစ်ပြီး ယခုဇာတ်ကားတွင် အထိုးအကြိတ်ကို အဓိကမထားဘဲ အဆင့်အတန်းမြင့်မြင့် ဇာတ်ကွက် ဇာတ်လမ်းဖြင့် ပထမဆုံး ရိုက်ကူးပြသသော ဇာတ်ကား အဖြစ်တွေ့ရကြောင်း၊ မင်းသား ရွှေဘအနေဖြင့် အထိုးအကြိတ် ဇာတ်ကားကိုသာ ရိုက်ကူးခဲ့သော ဇာတ်ကြမ်း မင်းသားတစ်ဦးဖြစ်သော်လည်း အလွမ်းဇာတ်ကားတွင် ကြည့်ရသူတို့ ရင်ခိုက်အောင်၊ တသသဖြစ်အောင် သရုပ်ဆောင်ထားသည်ကို တွေ့ရကြောင်း၊ ဒို့နှစ်ယောက်ဇာတ်ကားတွင် ဗိုလ်မှူးအောင်ဝင်းအဖြစ် ပါဝင်သော ရွှေဘ တစ်ကိုယ်နှင့် တပ်ကြပ်မောင်ဝင်းအဖြစ် ပါဝင်သော ရွှေဘ တစ်ကိုယ်တို့ တွေ့ဆုံခန်းများကို သပ်သပ်ရပ်ရပ် ရိုက်ပြနိုင်သည်ကို တွေ့ရကြောင်း'ဟု ချီးကျူးခဲ့သည်။

မင်းသားရွှေဘသည် ခေတ်ပြိုင် မင်းသားများဖြစ်သော ကျော်ဆွေ၊ တင်ညွန့်၊ ကျော်ဖေ၊ ကျော်ဝင်း၊ ရဲဘော်သက်ရှည်၊ ဇေယျ၊ ဖိုးပါကြီး စသူတို့နှင့် အတူတကွ လက်တွဲသရုပ်ဆောင်ခဲ့သည့်နည်းတူ အသံထွက် ရုပ်ရှင်ကားများ ထွန်းကားချိန်တွင်မှ ၁၀ နှစ်ခန့်နောက်ကျ မင်းသားဖြစ်ခဲ့ကြသော မြင့်အောင် (စံပဲဟော့၊ စိန်လားဟော့ မောင်တို့၊ နောက်ဆုံးကျည်ဆံ)၊ ကောလိပ်ဂျင်နေဝင်း (ရွှေလဝင်းကို ခွင်းမည့်သူ၊ ဒို့လူကလေးများ ဆိုသလေ)၊ ဝင်းညွန့်(ဦးသူ အနိုင်ယူ)၊ ခင်မောင်ဇင်(တောင်တော်သခင်မ၊ မိန်းမဘဝ)၊ ခင်မောင်မြင့်(တောင်တော်သခင်မ၊ မိန်းမဘဝ) စသူတို့နှင့်လည်းကောင်း၊ ၁၅ နှစ်ခန့် နောက်ကျ မင်းသားဖြစ်ခဲ့ကြသော ဇော်လွင်(ဖွဲ၊ ဤသစ်ဆုံ)၊ စိုးရွှေ (တနေဝင်သော်၊ ဟိန်း)၊ တွံတေးသိန်းတန်(သတ္တိသွေးနှင့် တေးလုလင်) စသူတို့နှင့်လည်းကောင်း၊ အနှစ် (၂၀)ခန့် နောက်ကျမင်းသားဖြစ်ခဲ့သော ကျော်ဟိန်း (ရွှေလဝင်းကို ခွင်းမည့်သူ၊ ဒို့လူကလေးများ ဆိုသလေ)၊ ထွန်းထွန်းဝင်း (ဒို့လူကလေးများ ဆိုသလေ)၊ ခင်မောင်ချင်း(ဟိန်း၊ ရဲစွမ်းသတ္တိ)၊ ကိုမြင့်(ဖွဲ)၊ ဆိုးပေနှင့်မောင်မဲ(မချစ်လဲပြီး ချစ်လဲပြီး) တို့နှင့်လည်းကောင်း စင်ပြိုင်မင်းသားအဖြစ် လက်တွဲသရုပ်ဆောင်ခွင့် ရခဲ့သည်။ ရွှေဘ၏ မင်းသားသက်တမ်း ရှည်လျားမှုကြောင့် ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သော မင်းသားများနှင့် လက်တွဲသရုပ်ဆောင်ခွင့် ရခဲ့သည်မှာလည်း ထူးခြားမှုဖြစ်သည်။ မင်းသားရွှေဘသည် အသက်အရွယ် ကြီးရင့်လာသည့်တိုင် သားအရွယ်၊ တူအရွယ် မင်းသားများနှင့်အတူ စင်ပြိုင်မင်းသားအဖြစ် သရုပ်ဆောင်ခွင့်ရခဲ့ရာ အံ့သြဖွယ်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



# ရွှေဘ တစ်ဦးတည်းပိုင် သမ္မတ ရုပ်ရှင်



ဒုတိယကမ္ဘာစစ်မကျူးမီကာလ ၁၉၄၁ ခုနှစ်မတိုင်မီက မြန်မာ့ရုပ်ရှင်လောကတွင် ထင်ရှားခဲ့ကြသော သရုပ်ဆောင် မင်းသားများသည် သရုပ်ဆောင်သက်သက်သာ လုပ်ကိုင်ခဲ့ကြပြီး ထုတ်လုပ်သူနှင့် ဒါရိုက်တာအဖြစ် တွဲဖက်လုပ်ကိုင်သူမှာ ဦးညီပုနှင့် ဒဂုဏ်ပဦးဘတင်သာ မှတ်သားရ၍ မရှိသလောက် နည်းပါးခဲ့ပြီး ထုတ်လုပ်သူနှင့် ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့ကြသည့်တိုင်အောင် ကြီးမားကျယ်ပြန့်စွာ အောင်မြင်ထင်ရှားသူမှာလည်း နည်းပါးလှပါသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပြီး ၁၉၄၆ ခုနှစ်နောက်ပိုင်း ပေါ်ထွန်းထင်ရှားလာကြသော သရုပ်ဆောင် မင်းသားများစွာမှာ သရုပ်ဆောင်ကြရုံမျှမက ထုတ်လုပ်သူနှင့် ဒါရိုက်တာအဖြစ်ပါ ဆောင်ရွက်ခဲ့ကြရာ၌ သရုပ်ဆောင် မင်းသားအများစုမှာ အတိုင်းအတာကိုယ်စီဖြင့် အောင်မြင်ထင်ရှားခဲ့ကြသည်။ အေဝမ်းညွှန့်မောင် (မင်္ဂလာတောင်ညွန့်ဖလင်)၊ ခင်မောင်ညွှန့် (အောင်မင်္ဂလာရုပ်ရှင်)၊ တင်ညွှန့်(တင်ညွှန့်ရုပ်ရှင်)၊ သက်ရှည်(သက်ရှည်ဖလင်နှင့်မဟာဗောဓိရုပ်ရှင်)၊ ကျော်ဝင်း (ခင်ဦးရုပ်ရှင်နှင့် မြတ်မော်ဦးရုပ်ရှင်)၊ ကျော်ဖေ (မာလာဦးရုပ်ရှင်)၊ ကျော်ဆွေ (မိုးရုပ်ရှင်)၊ မောင်မောင်တာ (နေပြည်တော် ရုပ်ရှင်)၊ ဝင်းဦး(စန္ဒာရုပ်ရှင်)နှင့်မြတ်လေး(လေးနှင့်အပေါင်းရုပ်ရှင်) တို့သည် အောင်မြင်သော ထုတ်လုပ်သူများအဖြစ် ရပ်တည်နိုင်ခဲ့ကြသည်။

စတန့်မင်းသား ရွှေဘသည်လည်း ထုတ်လုပ်သူအဖြစ် တစ်ဖက်တစ်လမ်းမှ လုပ်ကိုင်ရန် ကြိုးပမ်းမှုများ ရှိခဲ့သည်။ ၁၉၅၃ ခုနှစ်ခန့်က ရွှေဘနှင့် မင်းသမီးဝင်နီတို့ ပူးပေါင်းပြီး ရွှေနီရုပ်ရှင်ကိုတည်ထောင်၍ အသံတိတ်ရုပ်ရှင်ကား အနည်းငယ်ထုတ်လုပ်ခဲ့သည်။ ထို့နောက် ရွှေနီရုပ်ရှင်ကို ဖျက်သိမ်းပြီးချိန်တွင် ရွှေဘတစ်ဦးတည်း နိုးတူးရုပ်ရှင်ကို တည်ထောင်ခဲ့သော်လည်း မိုက်ဖော်မိုက်ဖက် အပါအဝင် အသံတိတ်ရုပ်ရှင်ကား (၃)ကားခန့်သာ ထုတ်လုပ်ပြီး ရပ်ဆိုင်းသွားခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် တိုင်းကျော် အသံထွက်ရုပ်ရှင်ကားဖြင့် တစ်ကျော့ပြန်လျှမ်းလျှမ်းတောက် ကျော်ကြားပြီးနောက် ၁၉၆၃ ခုနှစ်တွင် ရွှေဘသည် ရွှေဘတစ်ဦးတည်းပိုင်ကုမ္ပဏီဟု ကြော်ငြာပြီး သမ္မတရုပ်ရှင်ကိုတည်ထောင်၍ ရုပ်ရှင်ကားများစွာကို အဆက်မပြတ်ရိုက်ကူးကာ အောင်မြင်သော ထုတ်လုပ်သူဘဝကို ခံယူနိုင်ခဲ့သည်။ ရွှေဘ၏ သမ္မတရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သမျှ ရုပ်ရှင်ကားအများစုအား တာဝန်ခံရိုက်ကူးသူမှာ ဒါရိုက်တာနေဒွန်းဖြစ်သည်။ ဒါရိုက်တာနေဒွန်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် ရှုပ်ရှုပ်ချုံချုံ ပါဝင်ခဲ့၍ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့်ရခဲ့ပြီး ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်၌ ရုပ်ရှင်နှင့်ပြဇာတ် ညွှန်ကြားရေးဝန်ဦးဉာဏ၏ စောင့်ရှောက်မှုဖြင့် ရုပ်ရှင်နှင့်ပြဇာတ်ဌာန ဝန်ထမ်းအဖြစ်လည်းကောင်း၊ မြန်မာနှင့် အမေရိကန် ပူးပေါင်းရိုက်ကူးသည့် လူထုအောင်သံရိုက်ကူးစဉ်က စကား

www.burmeseclassic.com

www.burmeseclassic.com



ပြန်အဖြစ် လည်းကောင်း ဆောင်ရွက်စဉ်ကပင် ရုပ်ရှင်ကို စိတ်ဝင်စားခဲ့သည်။ ဦးဉာဏ ညွှန်ကြားရေးဝန်အဖြစ် အငြိမ်းစားယူ၍ ရုပ်ရှင်လောကသို့ ပြန်လည်ခြေချသောအခါ ဦးဉာဏနှင့်အတူ လိုက်ပါပြီး ရုပ်ရှင်နယ်တွင် ကျပန်းပါဝင်လုပ်ကိုင်ရင်း အတွေ့အကြုံများစွာရမှ ဒါရိုက်တာအဖြစ် ခံယူခဲ့သူဖြစ်သည်။ ဒါရိုက်တာနေဒွန်း ရိုက်ကူးခဲ့သည့် ရုပ်ရှင်ကား ၃၀ ဝန်းကျင်ခန့်တွင် အများဆုံးလက်တွဲရိုက်ကူးခဲ့သည့် သရုပ်ဆောင်မင်းသားမှာ ရွှေဘဖြစ်သည်။ စာရေးဆရာ ဒါရိုက်တာဦးဉာဏက မင်းသားရွှေဘနှင့် လိုက်ဖက်သည့် စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားများအတွက် ဝတ္ထုဇာတ်ညွှန်းများ ရေးပေးလေ့ရှိရာမှ ဒါရိုက်တာနေဒွန်းနှင့် မင်းသားရွှေဘတို့ ဆုံစည်းပြီး စိတ်တူကိုယ်တူဖြစ်၍ လက်တွဲခဲ့ကြဟန် ရှိပါသည်။

သမ္မတရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်ခဲ့သော ရုပ်ရှင်ကားများမှာ အောက်ပါအတိုင်း ဖြစ်သည်။

သမ္မတရုပ်ရှင်မှ ထုတ်လုပ်ခဲ့သော ရုပ်ရှင်ကားများအနက် တောကဖိုးတုတ်၊ ဂွစာ၊ သတ္တိခဲနှင့် ဒို့နှစ်ယောက်တို့မှာ ရွှေဘ၏ အထူးပိုမိုထင်ရှားသော ရုပ်ရှင်ကားများတွင် ပါဝင်ပြီး အောင်မြင်မှုကြီးမားစွာ ရခဲ့သည်။ မမမိုးတွင် သမ္မတရုပ်ရှင်မှ ထုတ်လုပ်သော်လည်း ရွှေဘပါဝင်သရုပ်ဆောင်မှု လုံးဝမပြုလုပ်ဘဲ ရွှေဘထံတွင် ရုပ်ရှင်အနုပညာပညာရပ်များ ဆည်းပူးရင်း ဒုတိယဇာတ်ဆောင်မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်လေ့ရှိသော အောင်ကျော်အား ဇာတ်ဆောင်မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်စေခဲ့သည်။ သမ္မတရုပ်ရှင်မှ ဒုတိယဇာတ်ဆောင်မင်းသား အောင်ကျော်အား ဇာတ်ဆောင်မင်းသားအဖြစ် အဆင့်မြှင့်တင်ပေးခဲ့သည့်နည်းတူ ရုပ်ရှင်လောကတွင် ကျင်လည်လျက်ရှိသော အခြား လုပ်ဖော်ကိုင်ဖက်များဖြစ်သည့် နေဝင်း၊ ဆရာနိုင်နှင့် မြတ်သိန်းထွဋ် တို့ကိုလည်း ဒါရိုက်တာ၏တာဝန်များကို ယုံကြည်ရဲဝံ့စွာ ပေးအပ်ပြီး အဆင့်

| စဉ် | ရုပ်ရှင်ကားအမည် | ဒါရိုက်တာ | သရုပ်ဆောင်များ |
|---|---|---|---|
| ၁။ | တောကဖိုးတုတ် | နေဒွန်း | ရွှေဘ၊ သင်းသင်းလှဲ့၊ သန်းနွဲ့ |
| ၂။ | ဂွစာ | နေဒွန်း | ရွှေဘ၊ သင်းသင်းလှဲ့၊ တင်တင်လှ |
| ၃။ | သတ္တိခဲ | နေဒွန်း | ရွှေဘ၊ အောင်ကျော်၊ ကြည်ကြည်ဌေး |
| ၄။ | ဒို့နှစ်ယောက် | နေဒွန်း | ရွှေဘ၊ ကြည်ကြည်ဌေး၊ နှင်းနွယ်စိုး |
| ၅။ | လက်တစ်လုံးခြား | နေဝင်း | ရွှေဘ၊ အောင်ကျော်၊ ကြည်ကြည်ဌေး |
| ၆။ | အမှိုက်ထဲကရွှေ | နေဒွန်း | ရွှေဘ၊ ရွှေလှ၊ ကြည်ကြည်ဌေး |
| ၇။ | နောက်ဆုံးကျည်ဆံ | ရွှေဘ | ရွှေဘ၊ မြင့်အောင်၊ သင်းသင်းလှဲ့၊ ဦးကျော့ကက်လုံး၊ ဌေးဝင်း၊ စံတင် |
| ၈။ | မမမိုး | ဆရာနိုင် | အောင်ကျော်၊ သီသီ၊ တင်တင်လှ |
| ၉။ | ငါးမန်းစွယ်နှင့် ကျွန်းသဏ္ဍာ | မြတ်သိန်းထွဋ် | ရွှေဘ၊ မြင့်နိုင်၊ သင်းသင်းလှဲ့၊ နွဲ့နွဲ့မူ |
| ၁၀။ | မချစ်ခဲ့မိရင်ကောင်းမယ် | နီဝင်းထွန်း | စိုးသူ၊ ခိုင်ခင်ဦး |
| ၁၁။ | ပန်းမွှေ့ရာဆီသို့ | မြန်အောင်မြစိန် | ကျော်သူ၊ မေဝင်းမောင် |
| ၁၂။ | အချစ်နိဒါန်းစတော့မည် | အောင်မြင့်ထိပ် | စိုးသူ၊ ခင်သီတာထွန်း၊ မေသန်းနု |

www.burmeseclassic.com

www.burmeseclassic.com



မြှင့်ပွဲထုတ်ခဲ့သည်။ မင်းသားရွှေဘသည် အောင်ကျော်အား ဇာတ်ဆောင်မင်းသားအဖြစ် မြှင့်တင်ခြင်းနှင့် ဒါရိုက်တာနေဝင်း၊ ဆရာနိုင်နှင့် မြတ်သိန်းထွဋ်တို့အား ဒါရိုက်တာအဖြစ် တာဝန်ပေးအပ်ခြင်းတို့ကို ကြည့်လျှင် သမ္မတရုပ်ရှင်၏ ထုတ်လုပ်သူအဖြစ် ချီးမြှင့်သင့်သူကို ရဲရဲဝံ့ဝံ့ ချီးမြှင့်ခဲ့သည်ကို မြင်တွေ့နိုင်ပါသည်။ နောက်ဆုံးကျည်ဆံတွင် စတန့်ရုပ်ရှင်ကားများဖြင့် တစ်ကျော့ပြန်ကျော်ကြားလာသော မင်းသားမြင့်အောင်နှင့် မင်းသားရွှေဘနှင့် မတွဲဖူးသေးသော ဦးကျော်ကျက်လုံး၊ ဌေးဝင်း၊ စံတင်တို့နှင့် မင်းသားရွှေဘ ထူးခြားစွာ သရုပ်ဆောင်ထားသည်။ သမ္မတရုပ်ရှင်မှ ထုတ်လုပ်သော ငါးမန်းစွယ်နှင့် ကျွန်းသန္တာ ရုပ်ရှင်ကားမှာ ဒါရိုက်တာမြတ်သိန်းထွဋ်၊ တွဲဖက်ဒါရိုက်တာ မင်းညီနှင့် သရုပ်ဆောင်သစ် ကျော်ဇေယျဝင်းတို့အား ပွဲထုတ်ထားခြင်း၊ သမ္မတရုပ်ရှင် ထုတ်လုပ်ရေးအတွက် မင်းသားရွှေဘနှင့် ဇနီးသင်းသင်းလှဲ့တို့ နောက်ဆုံးရုပ်ရှင်ကားအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ခြင်း၊ မြင့်နိုင်၊ ဌေးဝင်း၊ စံတင်၊ အံ့ကျော်၊ နေစိုး၊ သိုက်စိုး၊ ပန်းချီအောင်စိုးနှင့် ဝင်းမြင့် စသော မြန်မာ့ရုပ်ရှင်လောကဦး မင်းသားရွှေဘနှင့် တွဲလေ့တွဲထနည်းပါးသည့် သရုပ်ဆောင်များနှင့် လူကြမ်းအားလုံးနီးပါး ပါဝင်သရုပ်ဆောင်ထားခြင်း၊ မြန်မာ့ရုပ်ရှင်လောကတွင် ရှားပါးလှသည့် ပင်လယ်ပြင်မြင်ကွင်းများအား နောက်ခံထားခြင်းတို့ကြောင့် ထူးခြားလျက်ရှိပါသည်။ မင်းသားရွှေဘမှ ငွေရေးကြေးရေးကုန်ကျစရိတ်ထက် ရုပ်ရှင်ကြည့်ပရိသတ်အား အသွင်ဆန်း၊ အမြင်ဆန်းစွာ ကြည့်ရှုခံစားနိုင်ရန် စွမ်းဆောင်ခြင်းဖြစ်သည်။ ငါးမန်းစွယ်နှင့် ကျွန်းသန္တာတွင် သရုပ်ဆောင်ထုတ်လုပ်ပြီးနောက် ကျန်းမာရေးအခြေအနေနှင့် အသက်အရွယ် ကြီးရင့်လာမှုတို့ကြောင့် မင်းသားရွှေဘသည် သမ္မတရုပ်ရှင်အတွက် သရုပ်ဆောင်နှင့် ဒါရိုက် တာတို့အဖြစ် မဆောင်ရွက်တော့ဘဲ မချစ်ခဲ့မိရင်ကောင်းမယ်၊ ပန်းမွေ့ရာဆီသို့နှင့် အချစ်နိဒါန်းစတော့မည် စသည့် ရုပ်ရှင်ကားများအား ထုတ်လုပ်သူအဖြစ်သာ ဆောင်ရွက်တော့သည်။



"ဘဝဟူသည်"မှ ရွှေဘ၊ သီသီ။

www.burmeseclassic.com

www.burmeseclassic.com





တင်ညွန့် ရုပ်ရှင် "ရွှေဓါးမိုလ်" မှ ရွှေဘ၊ နှင်းဆီ၊ တင်ညွန့်

သမတ

# လူကြမ်းအဖွဲ့

စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားများတွင် စတန့်မင်းသားမှာ အဓိကသရုပ်ဆောင်မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်ရလေ့ရှိသည်။ ဇာတ်လမ်းကောင်းတစ်ပုဒ် ဖြစ်ပေါ်ရေးနှင့် ပရိသတ်အကြိုက် တွေ့စေရေးတို့အတွက် မင်းသားချည်းသက်သက် သရုပ်ဆောင်ရုံဖြင့် မပြည့်စုံဘဲ ဇာတ်ပို့ဇာတ်ရံများလည်း ပါဝင်သရုပ်ဆောင်ကြရသည်။ ဇာတ်ပို့ဇာတ်ရံများတွင်လည်း ဇာတ်လမ်းအရ အဓိကမင်းသား ပါဝင်သရုပ်ဆောင်ရသည့် ဇာတ်ရုပ်နှင့် အားပြိုင်

www.burmeseclassic.com

www.burmeseclassic.com



ရသည့် ဇာတ်ကောင်များနေရာတွင် ဝင်စားသရုပ်ဆောင်ရသူများမှာ အရေးပါလှပါသည်။ မင်းသားရွှေဘ၏ စတန့်ဇာတ်ကြမ်း ဇာတ်လမ်းများတွင် ဗြိတိသျှနယ်ချဲ့၊ ဖက်ဆစ်ဂျပန်၊ သောင်းကျန်းသူ၊ လူဆိုးဓားပြ၊ မတရားသောမြေရှင်ယာရှင်၊ ဓနရှင်ငွေရှင်တို့နှင့် ယင်းတို့၏လက်ပါးစေများ (သူကြီးဆိုး၊ အလိုတော်ရိ၊ လူယုံ၊ မန်နေဂျာ . . . စသည်) စသည့် ဇာတ်ရုပ်များမှာ မင်းသားနှင့်အဓိကအားပြိုင်ရသည့် ဇာတ်ကောင်များ သို့မဟုတ် လူကြမ်းသရုပ်ဆောင်များ ဖြစ်ကြသည်။ ရုပ်ရှင်ကြည့်ပရိသတ်က စတန့်မင်းသားအား သနားကရုဏာပွားအောင်နှင့် ဇာတ်နာအောင် လူကြမ်းသရုပ်ဆောင်များက ရက်စက်စွာလုပ်ဆောင်မှု၊ ကြမ်းကြုတ်စွာ ပြောဆိုဆက်ဆံမှု၊ ပြင်းထန်စွာ ထိုးကြိတ်နှိပ်စက်မှုတို့ ပြုလုပ်ပေးကြရသည်။ ထို့ပြင် လူကြမ်းသရုပ်ဆောင်များသည် ထိုးကြိတ်၊ သတ်ပုတ်၊ ခုတ်ထစ်ရာတွင် စတန့်မင်းသားနည်းတူ ကျွမ်းကျင်ကြရသည့်အပြင် သဘာဝအမူအရာ (Drama Action) များ ပီပြင်စွာ သရုပ်ဆောင်ကြရကာ အပေးအယူလည်း မျှကြရသည်။ စတန့်ဇာတ်ကြမ်းရုပ်ရှင်ဇာတ်ကားကောင်းတစ်ခု ဖြစ်ပေါ်ရေးနှင့် ပရိသတ်အကြိုက်တွေ့ရေးတွင် စတန့်မင်းသားနည်းတူ လူကြမ်းတို့သည်လည်း အရေးပါသောကဏ္ဍမှ ပါဝင်လျက် ရှိကြသည်။

စတန့်မင်းသား ရွှေဘမှာ မြန်မာ့ရုပ်ရှင် ရွှေရတုကာလတစ်လျှောက်လုံး ရုပ်ရှင်ကား အများဆုံးရိုက်ကူးရသည့် မင်းသားအဖြစ် ရပ်တည်ခဲ့ပြီးနောက် စိန်ရတုကာလခေတ်ဦးနှစ်များအထိ စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားများအား ဆက်လက်ရိုက်ကူးခွင့် ရခဲ့သည်။ ရွှေဘာ ကျော်ကြားထင်ရှားစဉ်က လူကြမ်း သရုပ်ဆောင်များအဖြစ် ကျော်သောင်း၊ ညိုအေး၊ ကျော်ဇော၊ စန်းဟန်၊ ညွန့်မောင်၊ လှဖေ၊ သောင်းရွှေ၊ လှမောင်လေး၊ ရာဘ၊ ကျော်လွင်၊ သိန်းဟန်၊ ခင်ရွှေ၊ မှတ်ဆိတ်၊ ချီးဗူး၊ ရွှေညာ၊ မင်းလွင်၊ လက်သီးမောင်မောင်၊ ဖေတင်၊ စံသိန်း၊ မောင်ကြူး၊ လှမောင် စသူတို့ ထင်ရှားခဲ့ကြသည်။ ထို့နောက် ၁၉၆၀ ပြည့်လွန်နှစ်များတွင်မှ ဌေးဝင်း၊ စံတင်၊ အံ့ကျော်၊ ပေါက်ကြီးနှင့် မြင့်နိုင်တို့သည် လည်းကောင်း၊ ၁၉၈၀ ပြည့်လွန်နှစ်များတွင် အောင်နိုင်၊ သတိုးစော၊ ကိုကိုဦးနှင့် မင်းစိန်တို့သည်လည်းကောင်း ထင်ရှားလာကြခြင်း ဖြစ်သည်။ မြန်မာ့ရုပ်ရှင်လောက၏ ခေတ်အဆက်ဆက်တွင် စတန့်မင်းသားများနည်းတူ လူကြမ်းသရုပ်ဆောင်များသည် ထိခိုက်မှု၊ အနာတရဖြစ်မှု၊ ပင်ပန်းမှုတို့တွင် တန်းတူရည်တူ ရှိကြသော်လည်း သရုပ်ဆောင်ကြေးတွင်မူ မင်းသားနှင့် လူကြမ်းတို့မှာ မယှဉ်သာလောက်အောင် ကွာခြားကြသည်။ တစ်ခါတစ်ရံ လူကြမ်းသရုပ်ဆောင်များကပင် မင်းသားတို့ထက် ပိုမိုပြီး ထိခိုက်အနာတရ ဖြစ်ခဲ့ကြရသည်။ ဒါရိုက်တာ ကျော်ဆွေ၏ 'ဒဏ်' ရိုက်ကူးစဉ်က လူကြမ်းလှဖေမှာ အရှိန်ပြင်းစွာ ပြေးနေသော မြင်းနှင့်သစ်ပင် ပင်စည်ကြားညှပ်သွား၍ ဆေးရုံတက်ရမှု၊ ဒါရိုက်တာထွန်းလင်းကျော် (လူရွှင်တော်ပါနောက်)၏ လင်းဆွဲ ရိုက်ကူးစဉ်က ငမိုးရိပ်ချောင်းတွင်းသို့ ဒိုင်ဗင်ထိုးချရာ၌ လူကြမ်းစိုးတင့် အဆုတ်ကွဲသေဆုံးမှု၊ ဒါရိုက်တာဖေကြိုင်၏ ဗျတ်ဝိဗျတ္တ ရိုက်ကူးစဉ်က လူကြမ်းဝင်းမောင် ကန်ရေပြင်အောက် နုန်းတွင်း၌ ခေါင်းစိုက်သေဆုံးမှု၊ ဒါရိုက်တာ တက္ကသိုလ်ကိုကိုလေး၏ ညီမအတွက် ပုံတစ်သွယ် ရိုက်ကူးစဉ် ယမ်းဖောက်ခွဲရာ၌ လူကြမ်းဌေးဝင်း၏ မျက်လုံးတစ်လုံး ထိခိုက်ပျက်စီးမှု၊ ဒါရိုက်တာဌေးဝင်း၏ ကြောင်လက်သည်း ရိုက်ကူးစဉ် လုံမင်းသား စံတင်အစား ဒိုင်ဗင်ထိုးရာမှ လူကြမ်းဗန်တိုဇော်မင်း ဇက်ကျိုးသေဆုံးရမှုတို့မှာ လူကြမ်းသရုပ်ဆောင်တို့၏ ရုပ်ရှင်အနုပညာအတွက် ပေးဆပ်ကြရမှုများ ဖြစ်သည်။

သုံးပွင့်ဆိုင် စကားပြောခြင်း အင်တာဗျူးကဏ္ဍ (ရုပ်ရှင်သစ္စာမဂ္ဂဇင်း ၁၉၈၅ ဩဂုတ်)တွင် တင်ညွှန့်နှင့် ရွှေဘတို့နှင့်အတူ လူကြမ်းအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ပြီး မြတ်လေး၊ ညွန့်ဝင်းနှင့် ကျော်ဟိန်းတို့ ခေတ်မှစတင်၍ ဇာတ်ပို့အဖြစ် သရုပ်ဆောင်ခဲ့သော ဦးလှမောင်၊ မင်းသား ကျော်ဆွေ၏ မွေးထုတ်မှုကြောင့် ထင်ရှားကျော်ကြားလာသော လူကြမ်းနှင့် သရုပ်ဆောင်ဌေးဝင်းနှင့် လူကြမ်းအဖြစ်သာမက သဘာဝဇာတ်ရုပ်စုံတွင် သရုပ်ဆောင်နိုင်သော အကယ်ဒမီအံ့ကျော်တို့ သုံးဦးနှင့် အယ်ဒီတာမှ ဆွေးနွေးပွဲအသွင် အင်တာဗျူးလုပ်ခဲ့ပါသည်။ ထိုဆွေးနွေးပွဲတွင် ဦးလှမောင်က 'ကျုပ်တို့အချိန်က လူကြမ်းတွေဟာ အခုလို သိုင်းတွေဘာတွေနဲ့တော့ မဟုတ်ဘူးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ထိုးတော့ထိုးရတယ်။ ဥပမာ ကိုရွှေဘ၊ သူက ထိုးခန်းနဲ့ ပရိသတ်က လက်ခံတာဆိုတော့ အနည်း ဆုံး လူကြမ်း ဆယ်ယောက်လောက်နဲ့ထိုးမှ ပရိသတ်ကလည်း ကြိုက်တာ၊ သူကလည်း ထိုးရင် မရှောင်နဲ့၊ ရှောင်တာနဲ့ အတင်းကို လိုက်ထိုးတာ(ရယ်၍) ပြောရဦးမယ် ပိတ်ကားပေါ်မှာတော့ တကယ်ထိုးတာ၊ အပြင်မှာ တကယ်မထိုးဘူး မထင်နဲ့၊ တချို့ဆိုရင် ပါးတွေနာပြီး ဆန်ပြုတ်သောက်ရတဲ့ အထိဖြစ်တာ၊ ဒါ တကယ်ပါ၊ ဒီလို အထိုးခံရဖန်များတော့ မျက်နှာပေါ်မှာ မာပြီး ကျွဲပခုံးတွေဖြစ်၊ ကြာတော့ ခံနိုင်ရည် ရှိလာတာပေါ့ဗျာ။ ဒါလည်း အနုပညာတစ်ခုပါပဲ။ ဘာလို့လည်းဆိုတော့ ပရိသတ်က ရွှေဘကွ၊ ချကွ၊ ဟုတ်ပြီကွနဲ့ စိတ်ပါလာအောင်၊ ခံစားနိုင်အောင် ကျုပ်တို့တစ်တွေ တကယ်အနာခံပြီး ပို့ပေးခဲ့တာလို့ မြင်တယ်'ဟု လူကြမ်းဘဝ အတွေ့အကြုံနှင့် လူကြမ်းတို့၏ အနာခံသရုပ် ဆောင်ရပုံကို ဖွင့်ဟခဲ့ပါသည်။

အသက်အန္တရာယ် ကြုံတွေ့ရမှုနှင့် ဒဏ်ရာအနာတရဖြစ်မှုတို့ ရှိနေငြား လူကြမ်းကြီးငယ်တို့မှာ ဝမ်းရေးနှင့် ရုပ်ရှင်ကို ဝါသနာထုံမှုကြောင့် သရုပ်ဆောင်အလုပ်ကို စွဲစွဲမြဲမြဲ ဖက်တွယ်ခဲ့ကြသည်။ ရုပ်ရှင်ကိုဖက်တွယ် အနစ်နာခံကြိုးစားရုန်းကန်ခဲ့ကြသော လူကြမ်းသရုပ်ဆောင်များထဲမှပင် ကျော်သောင်း၊ အံ့ကျော်၊ မြင့်နိုင်၊ ဦးကျောက်လုံးနှင့် အောင်ခိုင်တို့သည် သရုပ်ဆောင်ထူးချွန်ဆု(အကယ်ဒမီ)ကို ဆွတ်ခူးနိုင်ခဲ့ကြပြီး စံတင်၊ ငွေးဝင်း၊ အံ့ကျော်၊ သတိုးစောနှင့် အောင်ခိုင်တို့သည် ဇာတ်ဆောင်မင်းသားအဖြစ်လည်းကောင်း၊ ဦးကျော်သောင်း၊ လှမောင်လေး(လှဦး)၊ ကျော်ဇော(ကျော်မင်း)၊ ညွန့်မောင်၊ ဦးကျောက်လုံး၊ ငွေးဝင်း(တင်လှ)၊ စံတင်၊ အောင်ခိုင်နှင့် သတိုးစောတို့သည် ဒါရိုက်တာအဖြစ် လည်းကောင်း ခံယူတက်လှမ်းခဲ့ကြသည်။

၁၉၆ဝ ပြည့်နှစ်လွန်များတွင် ထိခိုက်မှု၊ အနာတရဖြစ်မှုနှင့် ပင်ပန်းမှုတို့ကြားမှ သရုပ်ဆောင်ကြေး နိမ့်ပါးစွာဖြင့် သရုပ်ဆောင်နေကြသော်လည်း အချို့ထုတ်လုပ်သူနှင့် ဒါရိုက်တာတို့သည် ပုံမှန်သရုပ်ဆောင်ကြေးကိုပင် မပေးလိုကြဘဲ ဈေးနှိမ်မှု၊ ရုပ်ရှင်ကားများ၌ သရုပ်ဆောင်ခွင့်ရရှိရေးအတွက် ထုတ်လုပ်သူနှင့် ဒါရိုက်တာတို့အား လိုက်လံဆက်သွယ်နေကြရမှု၊ သရုပ်ဆောင်ကြေးအား ထိုက်တန်စွာ မရရှိမှု၊ အချို့သော ရုပ်ရှင်လူကြမ်းသရုပ်ဆောင်တို့မှာ ကားရိုက်ကြပြီး စားဝတ်နေရေး ခက်ခဲမှုတို့ကို ကြုံတွေ့လာခဲ့ကြသည်။ ထို့ကြောင့် လူကြမ်းသရုပ်ဆောင်များညှိနှိုင်းကာ တာမွေ အနောက်မြင်းပြိုင်ကွင်းလမ်းဘက် ၌ အိမ်တစ်လုံး (လူကြမ်းခင်ရွှေ၏ ယောက္ခမနေအိမ်) ငှားရမ်း၍ လူကြမ်းသရုပ်ဆောင်များ၏ စုရပ်အဖြစ် စီစဉ်ထားရှိခဲ့ကြသည်။ လာရောက်ဆက်သွယ်ကြသည့် ထုတ်လုပ်သူနှင့် ဒါရိုက်တာတို့နှင့် ညှိနှိုင်း၍ ဝါရင့်လူကြမ်းသရုပ်ဆောင်များ ဖြစ်ကြသော ညိုအေး၊ ကျော်ဇော၊ စန်းဟန်နှင့်လှဖေတို့က လူကြမ်းအဖွဲ့အား ဦးဆောင်ပြီး ထိုက်သင့်သော သရုပ်ဆောင်ကြေး ရရှိရေးနှင့် ရုပ်ရှင်ရိုက်ကူးခွင့် ပုံမှန်ရရှိရေးကို စီစဉ်ပေးကြသည်။ မြန်မာ့ရုပ်ရှင် လူကြမ်းသရုပ်ဆောင်များသည် စည်းလုံး ညီညွတ်စွာဖြင့် ရုပ်ရှင်လောကတွင် လူကြမ်းသရုပ်ဆောင်များ ပုံမှန်ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းမှုဖြစ်သည်။

လူကြမ်းသရုပ်ဆောင်များအား စတန့်ဇာတ်ကြမ်းကားများတွင် မပါလျှင်မဖြစ်သော သရုပ်ဆောင်များအဖြစ်လည်းကောင်း၊ စတန့်မင်းသားများအား ပရိသတ်ချစ်ခင်နှစ်သက်ရေးတွင် အဓိကပါဝင် စွမ်းဆောင်ပေးကြသော သရုပ်ဆောင်များအဖြစ် လည်းကောင်း၊ စတန့်မင်းသားများနှင့်တန်းတူ ထိခိုက်မှု၊ အနာတရမှုနှင့် ပင်ပန်းမှုဒဏ်ကို ခံကြရသူများအဖြစ် လည်းကောင်း၊ မင်းသားနှင့်တန်းတူ သရုပ်ဆောင်ကြရသော်လည်း သရုပ်ဆောင်ကြေးနည်းပါးစွာရသည့် သရုပ်ဆောင်များအဖြစ်လည်းကောင်း၊ မင်းသားရွှေဘက နားလည်ခံယူခဲ့သည်။ လူကြမ်းသရုပ်ဆောင်တို့အား ရဲဘော်ရဲဘက်နှင့် လုပ်ဖော်ကိုင်ဖက်အဖြစ် သဘောထားသော မင်းသားရွှေဘက လူကြမ်းအဖွဲ့အား သမ္မတရုပ်ရှင် ထုတ်လုပ်ရေး၏ အမည်ကိုသုံးစွဲ၍ သမ္မတလူကြမ်းအဖြစ် ရပ်တည်သွားကြရန် ကူညီအားပေးတိုက်တွန်းခဲ့သည်။ ထို့ပြင် သမ္မတလူကြမ်းအဖွဲ့၏ စုရပ်တွင် ရုပ်ရှင်ရိုက်ကူးမှု မပြုရဘဲ စောင့်ဆိုင်းနေရသည့် လူကြမ်းများ (အလုပ်မရှိသူများ)အား မင်းသားရွှေဘက နေ့တွက်စရိတ် ငါးကျပ် စိုက်ထုတ်တောက်ပံ့ခဲ့သည်။ သမ္မတလူ

www.burmeseclassic.com



ကြမ်းအဖွဲ့တွင် အင်အားငါးဆယ်နီးပါးရှိရာ ရုပ်ရှင်ကားရိုက်ကူးမှုမပြုရဘဲ စောင့်ဆိုင်းနေရသည့် လူကြမ်းအရေအတွက် များပြားလေ၊ မင်းသားရွှေဘ၏ စိုက်ထုတ်ကျခံရမှု များပြားလေပင် ဖြစ်သည်။ ထိုစဉ်ကာလက ထမင်းကြော်နှင့် ခေါက်ဆွဲကြော်တစ်ပွဲ နှစ်ကျပ်ခွဲနှင့် လက်ဖက်ရည်တစ်ခွက် ငါးဆယ်ပြားခန့်သာရှိရာ မင်းသားရွှေဘ၏ ထောက်ပံ့ငွေဖြင့်ပင် ရုပ်ရှင်ကားရိုက်ကူးမှု မပြုရသည့် လူကြမ်းမှာ ထိုနေ့အတွက် စားသောက်ရေး ပြေလည်နိုင်ပါသည်။ ချွေတာသုံးစွဲလျှင် ထိုလူကြမ်းမှ မိသားစုစရိတ်အဖြစ် အိမ်ပြန်ယူနိုင်ပါသည်။ မင်းသားရွှေဘ၏ စေတနာနှင့် သဒ္ဓါထားမှုကို နားလည်ကြသည့် လူကြမ်းသရုပ်ဆောင်များက သမ္မတလူကြမ်းအဖွဲ့ကို လိုက်နာဖွဲ့စည်းခဲ့ကြသည်။ သမ္မတလူကြမ်းအဖွဲ့ဝင်များအား မင်းသားရွှေဘက ကူညီထောက်ပံ့မှုပေးခဲ့ပြီး ရိုက်ကူးရေးနှင့် သရုပ်ဆောင်ကြေးကိစ္စ စသည်တို့ကို လူကြမ်းသရုပ်ဆောင်များဖြစ်သော ညိုအေး၊ ကျော်ဇော၊ စန်းဟန်နှင့် လှဖေတို့က စီမံခန့်ခွဲခဲ့ကြသည်။

စာရေးဆရာ မိုးမြင့်ဦး (မင်းသားအောင်မိုး) ၏ အကျော်ကြားဆုံးနှင့် ပရိသတ်အင်အား အများဆုံး မင်းသားများစာအုပ်မှ အလုပ်သမား၊ လယ်သမားကိုယ်စားပြု ရွှေဘဆောင်းပါးတွင် ပြောကြားသည့်နေရာနှင့် အချိန်မဖော်ပြခဲ့ဘဲ သမ္မတလူကြမ်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ရွှေဘ၏ပြောစကားကို ‘ခုအချိန်ဟာ အလုပ်သမားတွေ ရန်ဖြစ်ဖို့ အချိန်မဟုတ်ပါဘူး။ ရွှေဘမှာ သမ္မတရုပ်ရှင်နဲ့ သမ္မတလူကြမ်းအဖွဲ့ရှိတယ်။ ဘဏ်မှာ တစ်ပြားမှ ငွေမရှိပါဘူး။ လူ ၄၀ ကို ကျွေးထားတယ်။ ကုမ္ပဏီတွေဟာ အသုံးမကျဘူး။ နာမည်မကြီးရင် မသုံးချင်ဘူး။ ခုအငတ်ပြဿနာဖြေရှင်းကြဖို့ ခေါ်တာပါ။ ဘယ်အဖွဲ့ထဲကိုဖြစ်ဖြစ် ဝင်ရမယ်။ တော်တဲ့လူကိုသာ သုံးပါ။ မတော်တဲ့လူ မသုံးပါနဲ့ဆိုတာ မဟုတ်ဘူး။ သမ္မတလူကြမ်းအဖွဲ့ဖွဲ့တာ ချမ်းသာချင်လို့ မဟုတ်ဘူး။ ကျွန်တော့်လို အလုပ်သမားတွေကို ထမင်းကျွေးနေရင် အလုပ်သမားတွေ ဘယ်သူမှ ထမင်းမငတ်ဘူး’ဟု ဖော်ပြခဲ့သည်။ မင်းသားရွှေဘ၏ လုပ်ဖော်ကိုင်ဖက် သရုပ်ဆောင်လူကြမ်းများအပေါ် ထားရှိသည့် ရဲဘော်ရဲဘက်စိတ်ဓာတ်နှင့် စာနာထောက်ထားစိတ်ကို လေးစားဖွယ်ရာ မြင်တွေ့လိုက်ကြရပါသည်။ မြန်မာ့ရုပ်ရှင်သမိုင်းတွင် မင်းသားရွှေဘနှယ် လုပ်ဖော်ကိုင်ဖက် ဇာတ်ပို့ ရုပ်ရှင်သရုပ်ဆောင်များအား ကျောသားရင်သား မခွဲခြားဘဲ အနစ်နာခံ ကြည့်ရှုစောင့်ရှောက်သည့် မင်းသားမပေါ်ထွန်းသေးဘဲ ရွှေဘတစ်ဦးတည်းသာ ရှိသည်ဟုပင် ဆိုရပါမည်။



ပဒေသာ ဖလင် “မိုက်ခေတ်ကုန်ပြီ” မှ
ရွှေဘ၊ ကြည်ကြည်ဌေး

မြန်မာ့ရုပ်ရှင်သမိုင်းတွင် သမ္မတလူကြမ်းအဖွဲ့မှာ လူကြမ်းသရုပ်ဆောင်များအား ပထမဦးစွာ စုစည်းနိုင်ပြီး လူကြမ်းများ၏ စားဝတ်နေရေး၊ လူမှုရေးနှင့် သက်သာချောင်ချိရေးကို ရှေးဦးစွာ ဆောင်ရွက်နိုင်သည့် အဖွဲ့အဖြစ် ထင်ရှားခဲ့ပါသည်။ သမ္မတလူကြမ်းအဖွဲ့ မှေးမှိန်သွားပြီးနောက် ကျော်ဇော်မော် လူကြမ်းအဖွဲ့၊ ကိုလူချော လူကြမ်းအဖွဲ့ စသည့်အဖွဲ့များလည်း ပေါ်ထွန်းလှုပ်ရှားခဲ့ကြသည်။ သို့သော် မင်းသားရွှေဘနှယ် တစ်ဦးတည်းက အစဉ်တစိုက် တာဝန်ယူပံ့ပိုးမှုမျိုး မဟုတ်တော့ဘဲ စေတနာရှင်များ၏ အခါအားလျော်စွာ ပါဝင်ပံ့ပိုးမှုနှင့် ကိုယ့်အားကိုယ်ကိုး ရန်ပုံငွေရှာဖွေမှုတို့သာ ရှိခဲ့သည်။ ။

www.burmeseclassic.com

www.burmeseclassic.com





# ဒါရိုက်တာ ရွှေဘ

စစ်ကြိုခေတ်တွင် သရုပ်ဆောင်အဖြစ် ကျော်ကြားခဲ့ကြသော ဦးညီပု၊ ဦးမောင်မောင်စိုး၊ ဒဂုဏ်ပ ဦးဘတင်၊ ဦးအောင်ဖေ၊ ဦးတင်မောင်(အေဝမ်း)၊ ရွှေညာမောင်(ဦးချင်းစိန်)နှင့် ဦးသုခတို့မှာ နောင်တွင် ထုတ်လုပ်သူနှင့် ဒါရိုက်တာများ အဖြစ်လည်း မြန်မာ့ရုပ်ရှင်လောကတွင် ကာလကြာမြင့်စွာ ကျင်လည်ခဲ့ကြသည်။ စစ်ပြီးခေတ်တွင် သရုပ်ဆောင်အဖြစ် ထင်ရှားခဲ့ကြသော တင်ညွန့်၊ ရဲဘော်သက်ရှည်၊ ကျော်ဆွေ၊ ဗိုလ်ဗကို၊ မောင်မောင်တာ၊ မြတ်လေး၊ ဝင်းဦးတို့နည်းတူ ရွှေဘသည်လည်း ထုတ်လုပ်သူနှင့် ဒါရိုက်တာအဖြစ် ကျင်လည်ခဲ့သည်။ စတန့်မင်းသား ရွှေဘမှာ ရုပ်ရှင်ကားများစွာကို ရာနှင့်ချီ၍ စံချိန်တင်ပါဝင်သရုပ်ဆောင်ခဲ့ပြီး ရုပ်ရှင်ကားထုတ်လုပ်သူအဖြစ် ၁၅ ကားခန့် ထုတ်လုပ်ခဲ့သော်လည်း ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့သော ရုပ်ရှင်ကားမှာ နည်းပါးလှသည်။

**ဒါရိုက်တာရွှေဘ၏ ရုပ်ရှင်ကားများ**

| စဉ် | ရုပ်ရှင်ကားအမည် | ထုတ်လုပ်သူ | သရုပ်ဆောင်များ |
|---|---|---|---|
| ၁။ | အချစ်နှင့်စစ်သား | အောင်ဇေယျွန့် | ရွှေဘ၊ သန်းသန်းဆင့် |
| ၂။ | ရွှေဓားဗိုလ် | တင်ညွှန့် | တင်ညွှန့်၊ ရွှေဘ၊ နှင်းဆီ |
| ၃။ | ဗိုလ်ရွှေဘ | နယူးဘားမား | ရွှေဘ၊ စန်းစန်းဝင်း |
| ၄။ | နောက်ဆုံးကျည်ဆံ | သမ္ပတ | ရွှေဘ၊ မြင့်အောင်၊ သင်းသင်းလှဲ့၊ ဌေးဝင်း၊ စံတင်၊ ဦးကျောက်လုံး |

www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့သည့် ရုပ်ရှင်ကား အရေအတွက် နည်းပါးခြင်းမှာ သရုပ်ဆောင်အဖြစ် လက်ခံရိုက်ကူးရသည့် ရုပ်ရှင်ကား များပြားလာမှုကြောင့် မအားလပ်မှုနှင့် ဒါရိုက်တာအဖြစ် ဆောင်ရွက်ရန် ဆန္ဒနည်းပါးမှုတို့ကြောင့် ဖြစ်ပါလိမ့်မည်။ ထို့ပြင် ထုတ်လုပ်သူတို့၏ ရင်းနှီးမှုဖြင့် တိုက်တွန်းအားပေးမှုကြောင့် မငြင်းသာ၍ ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့ဟန် တူပါသည်။ ကိုယ်ပိုင်သမ္ဘတရုပ်ရှင် ထုတ်လုပ်ရေးအတွက်ပင် အခြားဒါရိုက်တာများသာ တာဝန်ပေးခဲ့ပြီး နောက်ဆုံးကျည်ဆံ တစ်ကားတည်းသာ ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သည်။ အချစ်နှင့်စစ်သားမှာ သာမန်စတန့် ဇာတ်ကြမ်းအမျိုးအစား မဟုတ်ဘဲ ငွေကြေးကုန်ကျစရိတ်မြင့်မားမှု၊ ပင်ပန်းဆင်းရဲမှု၊ ခက်ခက်ခဲခဲ စီမံဆောင်ရွက်ရမှုတို့ကြောင့် အများအားဖြင့် ဒါရိုက်တာများမှာ ရိုက်ကူးရန် ဝန်လေးတတ်ကြသည့် စစ်ရုပ်ရှင်ကားဖြစ်သည်။ ဓာတ်ပြားလောကတွင် အောင်မြင်ကျော်ကြားနေသည့် တေးသံရှင် သန်းသန်းဆင့်ကို ခေါင်းဆောင် ရုပ်ရှင်သရုပ်ဆောင်မင်းသမီးအဖြစ် ပွဲထုတ်ခဲ့သည်။ ထို့နောက် သန်းသန်းဆင့်မှာ အရိုင်းစံပယ်၊ မှားတဲ့အခါလဲ မှားပေမပေါ့၊ ကဲ မယုံချင်နေ၊ အောင်ပင်လယ်၊ ပင့်ကူနီ၊ ကြာဖံတဲ့ပေါ့၊ မျှော်တော်ရောင် စသည့်ရုပ်ရှင်ကားများကို ဆက်တိုက်သရုပ်ဆောင်ပြီး ထင်ရှားခဲ့သည်။ သန်းသန်းဆင့်မှာ အချစ်နှင့်စစ်သား မရိုက်ကူးမီ ဒါရိုက်တာ အေဝမ်းသိန်းဇော်၏ ရွှေထုပ်တဲ့မြပုဝါ တစ်ကားတွင်သာ ဇာတ်ပို့မင်းသမီးအဖြစ် ပါဝင်ခဲ့ဖူးပါသည်။

ရွှေဓားဗိုလ်ကို ခေတ်ပြိုင်စတန့်မင်းသား တင်ညွန့်က ထုတ်လုပ်ပြီး ရွှေဘနှင့်စင်ပြိုင် သရုပ်ဆောင်မှု၊ ရွှေဘ ဆောင်ရွက်သည့် ရုပ်ရှင်ကားတွင် တင်ညွန့်က ပထမဦးဆုံး ပြန်လည်ပါဝင်သရုပ်ဆောင်ထားမှု၊ သမားရိုးကျ အထိုးအကြိတ်၊ အသတ်အပုတ် အက်ရှင်ခန်းများနှင့်အတူ မြန်မာ့ရိုးရာ ဓားရေးပြပုံနှင့် ဓားခုတ်ခန်းများ ပါဝင်မှုနှင့် ကမ္ဘာကျော် ဟောင်ကောင်ရှောဘရားသားမှ ရိုက်ကူးသော လက်တစ်ဖက်ပြတ် ဓားသမား (The new one armed swords man) ရုပ်ရှင်ကားထက် ခုနစ်နှစ်ခန့်စောပြီး ရုံတင်ခဲ့မှုတို့တွင် ထူးခြားလှပါသည်။ ရွှေဓားဗိုလ် ရိုက်ကူးစဉ်က ဓားခုတ်ခန်းတွင် မင်းသားရွှေဘ၏ မျက်လုံးထိခိုက်မှုဖြစ်ပွားခဲ့ရပြီး ရွှေဘ ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့သော ရုပ်ရှင်ကားများ၌ ရွှေဓားဗိုလ်မှာ အောင်မြင်မှုအကြီးမားဆုံးဟုလည်း ဆိုကြသည်။ ထို့ပြင် ရုပ်ရှင်ကြည့်ပရိသတ်တစ်ရပ်လုံး လိုလိုက တင်ညွန့်နှင့်ရွှေဘတို့အား ရုပ်ရှင်နောက်ခံဇာတ်ဝင်တေးများ သီဆိုမှုမပြုကြဟု သာနားလည်ထားကြရာ ဒါရိုက်တာရွှေဘ၏ ရွှေဓားဗိုလ် ရုပ်ရှင်ကားတွင် ဗိုလ်ကလေးတင့်အောင် ရေးသားသည့် ရွှေဓားဗိုလ်သီချင်းကို တင်ညွန့်က လည်းကောင်း၊ မိုးပျံလက်သီး သီချင်းကို ရွှေဘကလည်းကောင်း သီဆိုခဲ့ကြသည်မှာ ထူးခြားလှပါသည်။ ရှားရှားပါးပါး ရွှေဘသီဆိုသည့် မိုးပျံလက်သီးနှင့် တင်ညွန့်သီဆိုသည့် ရွှေဓားဗိုလ် သီချင်းတို့မှာ စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။ စတန့်မင်းသားနှစ်ဦး ကြုံတောင့်ကြုံခဲ သီဆိုထားသည့် သီချင်းများလည်း ဖြစ်ကြပါသည်။

## မိုးပျံလက်သီး

သတ္တိဗျတ္တိ စပ်မိမေး ဓာတ်သိဖြေကြ အဝေးကရှောင်ခွာ တရားနည်းလမ်းကျတော့ ဂုတ်ခွစီးလည်း ငြိမ်ပြီးခံနေမှာ၊ မဟုတ်မတရား စော်ကားရင်သာ အဆိုးဉာဏ်တွေ ဖျက်ဆီးနိုင်မဲ့ မိုးပျံလက်သီးနဲ့ တီးလိုက်မှာ)၂ မသမာမိုက်သူများ သတိထားကြ သေသေချာချာ ဟောဒီလက်သီးက ဖျက်ပြီးတော့ ပျက်စီးအသက်ခန္ဓာ ....

(ဘယ်ချောက်ခါ ညာလှမ်းလို့ မသာလမ်းပို့လိုက်မှာ တုံးဆိုတိုက်ခါ ကျားဆိုကိုက်တာ ထိုက်သလိုစံမှာ)၂

လက်သီးတစ်လုံးခြားမှာ အသက်ပြီးဆုံးမသွားစရာ သတိတရားနဲ့ ရှောင်ရှားပါ။ ကျားကျားဟော့ ကျားဘသား မတိမ်းမစောင်း ဘိန်းဖောင်းနဲ့ (ထိုးပြမှာ)၂ အမျိုးမှန် အဖိုးတန် မိုးပျံလက်သီး မြည်းကြည့်လိုက်စမ်းပါ။

## ရွှေဓားဗိုလ်

(ဓား ...ဓား ...ဟောဒီဓားဟာ ရန်သူဆိုဗိုလ်မထား လက်စားချေမဲ့ဓား)၂ သိုင်းပညာအဟုတ် ခုတ်ပြမဲ့ဓားပါ။ (သစ္စာဖောက်လောက်ကောင်များ သုတ်သင်မဲ့ဓားပါ)၂ (ရွှေဓားကို လာမစကြနဲ့ ဘယ်သူ့မှမမှုပါ ဖားကိုတုလို့ ခရုခုန်ရင်သာ အိုင်ပျက်ရုံရှိတော့မှာ ယှဉ်ရဲယှဉ်ကြည့်စမ်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ တွေ့ရမှာကတော့ (သေသေချာချာ)၂ ရန်သူကိုနိုင်ရာ စားလို့ ပောဒီဓားနဲ့ စွမ်းအားပြတော့မှာ . . . ။

(ပျက်စီးအောင် စလွယ်သိုင်းကျတော့ ငှက်ကြီးတောင်ဓားမဟုတ်ပါ အမျိုးပြုတ်စရာ အထိုးအခုတ်မှာ ကျင်ကျင်လည်စွာ)၂ ဓားပညာအသစ်အဆန်း တစ်ဂဏန်းကွဲ့ မှတ်လိုက်ကြပါ။ (လာပါစေ ဗိုလ်ခြေတစ်သောင်း)၂ မတိမ်းမစောင်းရအောင် ဘိန်းဘောင်းနဲ့သာ ခုတ်ပြချင်တယ်။

နောက်ဆုံးကျည်ဆံတွင် မင်းသားရွှေဘက ဇာတ်နယဉ်များတွင်သာ သရုပ်ဆောင်ခဲ့ရာမှ အထိုးအကြိတ်၊ ဓားခုတ်လှံထိုး၊ အသတ်အပုတ် ရုပ်ရှင်ကားများတွင် ပြောင်းလဲသရုပ်ဆောင်ပြီး ဒုတိယအကြိမ် ပြန်လည်ကျော်ကြားလာသော မင်းသား မြင့်အောင်နှင့် တွဲဖက်သရုပ်ဆောင်မှု၊ ကျော်ဆွေ၊ ကောလိပ်ဂျင်နေဝင်း၊ မြတ်လေးနှင့် ညွန့်ဝင်းတို့ဖြင့်သာ တွဲဖက်သရုပ်ဆောင်လေ့ရှိသော သမ္မတလူကြမ်း အဖွဲ့ဝင်များမဟုတ်သည့် ဦးကျောက်လုံး၊ ဌေးဝင်း၊ စံတင် စသည့် လူကြမ်းသရုပ်ဆောင်များနှင့် ထူးခြားစွာ ပူးပေါင်းပါဝင်မှုတို့ပြုခဲ့ရာ ရုပ်ရှင်ကြည့်ပရိသတ်အတွက် အက်ရှင်ခန်းနှင့် အားပြိုင် သရုပ်ဆောင်မှုများတွင် အရသာတစ်မျိုး ပေးထားပါသည်။

ဗိုလ်ရွှေဘမှာ မင်းသားရွှေဘ ရိုက်ကူးလေ့ရှိသော စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားအမျိုးအစား ဖြစ်သည်။ မည်သည့်ရုပ်ရှင်မင်းသားမှ သုံးစွဲလေ့မရှိသော ကိုယ်ပိုင်အနုပညာအမည်ကို သုံးစွဲထားသည်မှာ ထူးခြားလှသည်။ ဒါရိုက်တာရွှေဘက ကိုယ်ပိုင်အနုပညာအမည် ရွှေဘအား ရုပ်ရှင်ကားအမည် ဗိုလ်ရွှေဘအဖြစ် သုံးစွဲခဲ့သည့်နည်းတူ စာရေးဆရာ ဒါရိုက်တာ ဇာတ်ညွှန်းဆရာ ဦးညဏနှင့် ဒါရိုက်တာဦးဝင်းမောင်တို့ ပူးပေါင်း၍ ရုပ်ရှင်ကားအမည် မောင်းထောင်ရွှေဘအဖြစ်လည်း သုံးစွဲခဲ့ကြပါသည်။ ။






အောင်မင်္ဂလာရုပ်ရှင်
စတန့်ဒါရိုက်တာဦးအောင်ကြီး၏
အထူးလက်ရာ
ရဲရဲတောက်
စတန့်ဇာတ်ကြမ်း
စတန့်ထိပ်ခေါင်ရွှေဘ၊ မယ်ဒဂုန်မေမြင့်ရီတို့
ခေါင်းဆောင်၍အောင် ဂ်လာအဖွဲ့သား
များစုံညီစွာကြောက်ခမန်းလိလိ
စွန့်စွန့်စားစား ရိုက်ကူးထားသည်။
ဧပြီလ ၂၆ ရက်နေ့
မြို့မ၊ ရတနာပုံ၊ မရိုးဆန်းရုံကြီးများတွင်
တင်ဆက်ပါမည်။


www.burmeseclassic.com

www.burmeseclassic.com





အောင်ကျော် ရုပ်ရှင်
“ပွဲတိုင်းကျော်”မှ
ရွှေဘနှင့် ကြည်ကြည်ဌေး

# ပြဇာတ် ဇာတ်ခုံထက်မှ ရွှေဘ

ရုပ်ရှင်ကားများ ရိုက်ကူးမှုနည်းပါးချိန်တွင် ထင်ရှားသော ရုပ်ရှင်မင်းသားများသည် ပြဇာတ်ကပြလေ့ရှိကြသကဲ့သို့ ပြဇာတ် ဇာတ်ခုံထက်ဝယ် ကျော်ကြားသော ပြဇာတ်မင်းသားများသည်လည်း ရုပ်ရှင်ကားများတွင် မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်လေ့ရှိကြသည်။ ကျော်အေး၊ ကျော်ဝင်း၊ ခင်မောင်ညွန့်၊ ရဲဘော်သက်ရှည်၊ ဒိုင်ဗင်တင်လှ၊ ရွှေဘ၊ ဇော်လွင်၊ ကြည်စိုး၊ တွံတေးသိန်းတန်၊ ဝင်းဦး၊ ညွန့်ဝင်းနှင့် ခင်မောင်ချင်း စသည့် ရုပ်ရှင်မင်းသားများသည် ပြဇာတ် ဇာတ်ခုံထက်တွင် ပြဇာတ်မင်းသားများအဖြစ် ကျင်လည်ခဲ့ရာ၌ အောင်မြင်ခဲ့ကြသည်။ ထိုနည်းတူ တက္ကသိုလ်မျိုးချစ်၊ တက္ကသိုလ်မျိုးမြင့်၊ ဖိုးပါကြီး၊ ခင်မောင်မြင့်၊ ဝင်းဗိုလ်၊ ဆန်းဝင်း စသည့် ပြဇာတ်မင်းသားများနှင့် သန်းနွဲ့၊ ဂျော်လီဆွေ၊ ချစ်မောင်၊ မြင့်ဖေ၊ ကွမ်းသီး၊ မေတ္တာ၊ မိုးဒီ၊ မော့စ် စသည့် ပြဇာတ်လူရွှင်တော်များသည်လည်း ရုပ်ရှင်ကားများတွင် ပါဝင်သရုပ်ဆောင်ရာ၌ အောင်မြင်ခဲ့ကြပါသည်။

၁၉၅၇ ခုနှစ်တွင် အသံတိတ် ရုပ်ရှင်ကားများ ကွယ်ပျောက်ပြီး အသံထွက် ရုပ်ရှင်ကားများချည်းသာ ထွန်းကားချိန်တွင် မင်းသားရွှေဘမှာ ရုပ်ရှင်ကားရိုက်ရမှု နည်းပါးခဲ့သည်။ မင်းသားရွှေဘနည်းတူ အသံတိတ်ရုပ်ရှင်ခေတ်တွင် ထင်ရှားခဲ့ပြီး အသံတိတ်ရုပ်ရှင်ကားများစွာကို မင်းသားရွှေဘနှင့် လက်တွဲ ထုတ်လုပ်ရိုက်ကူးခဲ့သည့် မင်းသားသက်ရှည်က ဦးဆောင်လျက် ပဒေသာကပွဲသဘင်ကို ဖွဲ့စည်းပြီး မြန်မာပြည်အနှံ့အပြား လှည့်လည်၍ ပြဇာတ်

www.burmeseclassic.com

www.burmeseclassic.com





**အောင်ကျော် ရုပ်ရှင်
"ပွဲတိုင်းကျော်"မှ
ရွှေဘ**

များအား အဓိကထား ကပြခဲ့ကြသည်။ ရဲဘော်သက်ရှည်၊ ဒိုင်ဗင်တင်လှ၊ ရွှေဘ၊ ရွှေစင်မေ၊ မြင့်မြင့်ရီ၊ မခင်ကြည် စသည့် မင်းသား၊ မင်းသမီးများနှင့် ဇာတ်ပို့ ဇာတ်ရံများစွာ ပါဝင်ကာ (၂) နှစ်ကျော်ခန့်ကြာ ကပြခဲ့သည်။ ပြည်ကျော် ဖလင်မှ ဒါရိုက်တာသန်းနွဲ့၏ တိုင်းကျော်ရုပ်ရှင်ကားဖြင့် ပြန်လည်ကျော်ကြားပြီး ရုပ်ရှင်ကားများ အဆက်မပြတ် ရိုက်ကူးခွင့်ရချိန်တွင် ပြဇာတ်လှည့်လည် ကပြခြင်းမှ မင်းသားရွှေဘ ရပ်နားခဲ့သည်။

ထို့နောက် ၁၉၇၅ ခုနှစ်တွင် သမ္မတရုပ်ရှင်ပြဇာတ် နှင့် ဇာတ်သဘင်ကိုတည်ထောင်၍ ရွှေဘက ပြဇာတ်ပိုင်း ကို တာဝန်ယူကပြခဲ့သည်။ ရွှေဘနှင့်အတူ ကြည်ကြည် ဌေး၊ သင်းသင်းလှဲ့၊ ဦးကြယ်နီ၊ ဒေါ်စိန်ခင်၊ ဦးသိန်းမောင်၊ မဠူသင်း စသည့် ရုပ်ရှင်သရုပ်ဆောင် လုပ်ဖော်ကိုင်ဖက် များနှင့် သမ္မတလူကြမ်းအချို့က လိုက်ပါ ကပြကြသည်။ မင်းသားရွှေဘအား ဇာတ်ခုံထက်တွင် လူကိုယ်တိုင်ကိုယ် ကျ မြင်လိုကြည့်လိုကြသော ပရိသတ်မှာ ကပြလေရာတွင် ကြိတ်ကြိတ်တိုး အားပေးခဲ့ကြသည်။ အထူးသဖြင့် မြို့ကြီး ပြကြီးများမှ ပရိသတ်များထက် နယ်မြို့များနှင့် ကျေးလက် ပရိသတ်က ပိုမို၍ သဲသဲလှုပ်အားပေးကြသည်။ ရွှေဘက လည်း ရုပ်ရှင်ကားအဖြစ် ပရိသတ်တစ်ခဲနက်အားပေးခဲ့ ပြီး ပြဇာတ်အဖြစ် ကပြရန် လိုက်လျောညီထွေသည့် ဝရမ်းပြေးဘိုးသိန်း၊ တောကဖိုးတုတ်၊ လူရိုးလူမိုက်၊ လူ ဆိုးကြီး စသော ရုပ်ရှင်ကားများကို ပြဇာတ်အသွင်ပြောင်း လဲ ကပြခဲ့သည်။ ရွှေဘကို ချစ်ခင်ကြသည့် ပြည်သူများ ကလည်း ညအခါ ဇာတ်ခုံထက်တွင် လူကိုယ်တိုင် ကပြ သည်ကို ကြည့်ရှုဖြင့်အားမရဘဲ နေ့အခါ ဇာတ်ရုံနောက် အနားယူရာ ရွှေဘအခန်းသို့ဝင်ပြီး ကြိတ်ကြိတ်တိုးမျှ လာရောက်တွေ့ဆုံ အားပေးကြသည်။ ပြီးတော့ မင်းသား

www.burmeseclassic.com

www.burmeseclassic.com



ရွှေဘအတွက် လက်ဆောင်အဖြစ် ခြံထွက်သီးနှံများ၊ ဒေသထွက်ကုန်များနှင့် စားသောက်ဖွယ်ရာ မျိုးစုံဖြင့် လာရောက်ကြသည်။ ထိုအခါ ပရိသတ်မှာ ရွှေဘ၏ဖော်ရွေမှု၊ မာန်မာနကင်းမဲ့မှု၊ အသားဖြူဖြူ ကာယဗလတောင့်တောင့်နှင့် ဥပမိရုပ်ကောင်းပုံနှင့် သာမန်လူတစ်ယောက်လို ဝတ်စားဆင်ယင်ပုံတို့ကို နဖူးတွေ့ဒူးတွေ့ မြင်တွေ့ရသောအခါ ရွှေဘအား အချစ်ပိုကြသည်။ သုံးနှစ်ကျော်ခန့် မြန်မာပြည်အနှံ့အပြား လှည့်လည်ကပြပြီးချိန်တွင် အသက်အရွယ်အရ ရွှေဘ၊ ကြည်ကြည်ဌေး၊ ဦးကြယ်နီ၊ ဒေါ်စိန်ခင်၊ ဦးသိန်းမောင်နှင့် သမ္မတလူကြမ်းအချို့၏ ကျန်းမာရေး မကောင်းကြတော့မှုကြောင့် သမ္မတရုပ်ရှင်ပြဇာတ်နှင့် ဇာတ်သဘင်ကို ရပ်နားလိုက်သည်။ ဇာတ်သဘင် ပစ္စည်းအချို့ကို ရောင်းချခဲ့ပြီး အချို့ကို ဇာတ်သဘင်ဖြင့် ဆက်လက်အသက်မွေးဝမ်းကျောင်း ပြုလိုသူများသို့ အခမဲ့ပေးခဲ့သည်။

သမ္မတရုပ်ရှင် ပြဇာတ်နှင့်ဇာတ်သဘင် ရပ်နားသည့်သတင်းကို ကြားသိကြသည့် ဇာတ်သဘင်ပိုင်ရှင်နှင့် ကန်ထရိုက်တို့သည် ရွှေဘအား ချစ်ခင်အားပေးခဲ့ကြသည့် ပရိသတ်အင်အားကြီးမားပုံကို သိရှိကြသူများပီပီ ရွှေဘတစ်ဦးတည်းအနေဖြင့်ဖြစ်စေ၊ ရွှေဘ၏ အသိုက်အဝန်းဖြင့်ဖြစ်စေ၊ ယင်းတို့၏ အဖွဲ့များဖြင့် ပူးပေါင်းပါဝင်ကပြရန် အလုအယက် ကမ်းလှမ်းလာကြသည်။ မင်းသားရွှေဘနည်းတူ မြသပိတ်တောင်ဆရာတော်ကို ကိုးကွယ်ကြသည့် ဓမ္မမိတ်ဆွေများဖြစ်၍ မငြင်းသာသဖြင့် ဇာတ်ပိုင်ရှင်နှင့် ကန်ထရိုက်တာများဖြစ်သော ကျောက်ပန်းတောင်း ဦးညို၏ ကျောက်ပန်းတောင်း မင်းမင်းဇာတ်အဖွဲ့နှင့် မန္တလေး ဦးဘသိန်း၏ မန္တလေးသိန်းဇော် ဇာတ်အဖွဲ့တို့တွင် လိုက်ပါ၍ ပြဇာတ်ကပြမှုကို သုံးနှစ်ခန့် ဆက်လက်လုပ်ကိုင်ခဲ့ရသည်။ မန္တလေး၊ မုံရွာ၊ ကျောက်ပန်းတောင်းစသည့် မြို့များတွင် ဇာတ်သဘင်အဖွဲ့များသည် အခြေချတည်ထောင်ကြပြီး မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ မြို့ရွာများသို့ လှည့်လည်ကပြလေ့ရှိကြသည်။ အချို့သော အရပ်ဒေသများမှာ မိမိတို့ဒေသနှင့် ဇာတ်သဘင်အဖွဲ့ ဝေးကွာစေကာမူ နှစ်သက်သည့် မင်းသား၊ မင်းသမီး၊ လူရွှင်တော်တို့ ပါဝင်လျှင် တကူးတက ငှားရမ်းလေ့ရှိကြသည်။ ရွှေဘပါဝင်ကပြသည် ဟူသောအစွဲအလမ်းဖြင့် ရွှေဘပါဝင်ကပြသည့် ဇာတ်သဘင်တို့ကို အလုအယက် ငှားရမ်းကြ၍ ပွဲချိုးစိပ်စိပ် ကပြခဲ့ကြရသည်။

ဤသို့ဖြင့် မြန်မာ့ရုပ်ရှင်လောက၏ ရွှေရတုကာလတစ်လျှောက်လုံး သရဖူဆောင်းခဲ့ရင်း ပြဇာတ် ဇာတ်ခုံထက်သို့ (၃)ကြိမ်တိုင်တိုင် ၁၀ နှစ်ခန့်ကြာ တက်ရောက်ပြီး ရွှေဘအောင်ပွဲခံခဲ့သည်ဟု ဆိုရပါလိမ့်မည်။ ထိုသို့ ဇာတ်ခုံထက်သို့ သုံးကြိမ်တက်ရာမှ လက်တွေ့ရရှိခဲ့သည့် ပြဇာတ်ကပြမှု အနုပညာအမွေကို သားလတ်ဖြစ်သူ ဝင်းနိုင်သို့ ပေးဝေနိုင်ခဲ့သည်။ သားလတ်ဝင်းနိုင်သည် ရွှေကိုလေးအမည်ဖြင့် ကျောက်ပန်းတောင်းမင်းမင်းဇာတ်နှင့် အခြားဇာတ်သဘင်များတွင် ပြဇာတ်ပိုင်း တာဝန်ယူကပြခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။

မင်းသားရွှေဘသည် ရုပ်ရှင်တွင် ကာလကြာမြင့်စွာ အောင်မြင်မှုသရဖူဆောင်းကာ ပြည်သူတို့၏ အားပေးမှုကို အပြည့်အဝ ရယူနိုင်ခဲ့သည့်နည်းတူ ပြဇာတ်ကတော့လည်း တစ်ခဲနက်အားပေးမှုကို ခံယူခဲ့ရသည်။ ချစ်နိုင် (စိတ်ပညာ)တည်းဖြတ်သည့် သူတို့ဘာကြောင့် အောင်မြင်စာအုပ်မှ ကျော်ဘုန်းမြင့် (ဓာတုဗေဒ)၏ ပြည်သူထဲကရွှေဘဆောင်းပါးတွင် ‘ညဖက်ပြဇာတ်ကပြီးနောက် အနားယူလျှင် ရွှေဘကိုလာကြည့်သူ အဘိုးအဘွားများက ရှောင်၍မရ၊ မင်းလားကွ ရွှေဘဆိုတာ၊ အေးနော် ဗလကောင်းသားပဲ၊ကိုင်ကြည့်ပါရစေနော် ...ဆိုကာ လာကြည့်သူများက ရွှေဘ၏ လက်ဖျံနှင့်လက်မောင်းများကို နှိပ်ကြည့်၊ ကိုင်ကြည့်ကြသည်။ ဤအဖြစ်မျိုး နှစ်ရက်သုံးရက် ကြုံရသောအခါ တစ်ယောက်တစ်ချက်စီ နှိပ်ကြည့်သည့်ဒဏ်ကြောင့် လက်တွေအညိုအမည်းစွဲကာ လူကြမ်းကြီးရွှေဘ ဆေးထိုးယူရသည့်အဖြစ်သို့ ရောက်ခဲ့ရသည်’ဟု ဖော်ပြခဲ့သည်ကို ထောက်ရှု၍ ကျေးလက်ပြည်သူ ပရိသတ်နှင့် မင်းသားရွှေဘတို့၏ ပြေပြစ်ညက်ညောလှသော ချစ်ခင်သည့် ဆက်ဆံရေးကို ကြည်နူးဖွယ်ရာတွေ့ရပါသည်။ အနုပညာရှင်နှင့် ပရိသတ်ကြားမှ မင်းသားရွှေဘ၏ စံထားဖွယ်ကောင်းလှသည့် မာန်မာန မထားသော ဆက်ဆံရေးဟု ဆိုရပါမည်။ ။

www.burmeseclassic.com

www.burmeseclassic.com





မျိုးလှိုင် ဖလင် "လောဘဒဏ်"မှ ရွှေဘနှင့် တင်တင်ဝင်း

# မြန်မာ့ဗီဒီယိုရေစီးမှ
# ရွှေဘ

မြန်မာနိုင်ငံတွင် ၁၉၈၁ ခုနှစ်တွင် မြန်မာရုပ်မြင်သံကြား အစီအစဉ်ကို စတင်ထုတ်လွှင့်ရာမှ တယ်လီဗီးရှင်း (Television) ခေါ် ရုပ်မြင်သံကြားစက်များမှာ နေအိမ်များ၏ ဧည့်ခန်းတွင် နေရာယူခဲ့ကြသည်။ တစ်ဆက်တည်းလိုပင် ရုပ်မြင်သံကြားနှင့် ဆက်စပ်အသုံးပြုရသည့် ဗီဒီယိုနည်းပညာရပ်များကို အခြေခံထားသည့် ဗီဒီယိုပြစက်အမျိုးမျိုးကိုလည်း သုံးစွဲလာကြသည်။ ရုပ်မြင်သံကြားစက်နှင့် တွဲဖက်၍ ဗီဒီယိုပြစက်အမျိုးမျိုးကို သုံးစွဲပြီး နိုင်ငံရပ်ခြားမှ နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်လာသည့် ဗီဒီယိုဇာတ်လမ်းကားနှင့် ဗီဒီယိုသီချင်းကားများကိုလည်း ကြည့်ခွင့်ရလာသည်။ ထို့နောက် ၁၉၈၅ ခုနှစ် ဝန်းကျင်နှစ်များတွင် မြန်မာ့ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များ ပူးပေါင်း၍ ပြည်ပမှတင်သွင်းသည့် ဗီဒီယိုကင်မရာနှင့် ဆက်စပ်ပစ္စည်းများအား အသုံးပြု၍ ဗီဒီယိုဇာတ်လမ်းကားများကို စပ်းသပ်ရိုက်ကူးခဲ့ကြသည်။ စမ်းသပ်ရိုက်ကူးမှုအောင်မြင်သောအခါ မြန်မာဗီဒီယိုဇာတ်လမ်း (ဗီဒီယို

www.burmeseclassic.com

www.burmeseclassic.com



တိတ်ခွေ)များအား ဈေးကွက်သို့ စမ်းသပ်ဖြန့်ချိခဲ့ရာမှ အခြေအနေကောင်းကို တွေ့ရှိခဲ့ကြသည်။ ထိုသို့ စမ်းသပ်ဖြန့်ချိမှုတွင် ဒါရိုက်တာကေသီပန်ဦးခင်ဇော်ရိုက်ကူး၍ မင်းဦးနှင့် ဇင်မာဦးတို့ သရုပ်ဆောင်ခဲ့သည့် မမုန်းကြေး မမေ့ကြေးမှာ စတင်အောင်မြင်ထင်ရှားရာတွင် ပါဝင်ခဲ့သည်။

ဗီဒီယိုဈေးကွက် အောင်မြင်ကျယ်ပြန့်လာသောအခါ မြန်မာ့ရုပ်ရှင်အနုပညာရှင်များသည် ရုပ်ရှင်ကားကြီးများကို ရိုက်ကူးကြရင်းမှ ဗီဒီယိုဇာတ်လမ်းကားများကိုပါ အခြေအနေ ပေးလျှင်ပေးသလို ဝင်ရောက်ရိုက်ကူးခဲ့ကြသည်။ ရုပ်ရှင်ရိုက်ကူးမှုဖြင့် နှစ်ပေါင်းလေးဆယ်နီးပါး ရပ်တည်ခဲ့ပြီး အခါအားလျော်စွာ ပြဇာတ်များကပြ အောင်မြင်ခဲ့သော စတန့်မင်းသားကြီး ရွှေဘသည်လည်း မြန်မာ့ဗီဒီယိုရေစီးတွင် စီးမျောခွင့်ရခဲ့သည်။ ဗီဒီယိုဇာတ်လမ်းများ ဈေးကွက်သို့ စတင်ထိုးဖောက်စကာလတွင် မင်းသားကြီးရွှေဘမှာ အသက် ၅၇ နှစ်ခန့်ရှိနေပြီး ဇရာ၏ဖိစီးမှုကိုလည်း စတင်ခံစားနေရပြီ ဖြစ်သော်လည်း မင်းသားရွှေဘ၏မျိုးဆက် သားသမီးများမှာ အနုပညာအမွေကို ဆက်ခံနိုင်သည့်အရွယ်သို့ ရောက်ရှိနေကြပြီ ဖြစ်ပါသည်။ ထို့ကြောင့် စတန့်မင်းသားရွှေဘသည် ရုပ်ရှင်ကားများ ရိုက်ကူးစဉ်ကနှယ် တစ်ဦးတည်း ပါဝင်သရုပ်ဆောင်မှု မပြုတော့ဘဲ ဗီဒီယိုဇာတ်လမ်းများ ရိုက်ကူးရာတွင် သားသမီးများနှင့် ပူးတွဲပါဝင် သရုပ်ဆောင်မှုပြုခဲ့သည်။ လူလားမြောက်လာကြသော သားသမီးများကိုလည်း ဥမ္မာရွှေဘ၊ ဆုအောင်(သားကြီးအေးစိုး)၊ သားရွှေဘ(သားလတ်သစ္စာ)၊ ရွှေကိုလေး(သားလတ်ဝင်းနိုင်)၊ မာလာရွှေဘ ဟူသည့် အမည်များဖြင့် အနုပညာအမွေကို ဆက်ခံလှုပ်ရှားစေခဲ့သည်။

ဒါရိုက်တာမင်းစိုးဝဏ်၏ 'ဦးဘောဂနှင့် တန်ဖိုးမဖြတ်နိုင်သောပတ္တမြား'ဗီဒီယိုဇာတ်လမ်းတွင် ရွှေဘနှင့် သားရွှေဘတို့ လက်တွဲခေါင်းဆောင်ပြီး ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့ကြသည်။ မောင်သူရိန်၏ စတန့်မင်းသားရွှေဘ ဆောင်းပါး (ရုပ်ရှင်အောင်လံမဂ္ဂဇင်း ၁၉၈၉ ဇန်နဝါရီ)တွင် ဒါရိုက်တာမင်းစိုးဝဏ်က 'ဦးသာစုခြံထဲမှာ ဦးဘောဂ ဗီဒီယိုကားရိုက်တော့ ဦးရွှေဘကို သူ့ငယ်မှုပြန် ဖိုက်တင်ခန်းများ ထည့်ရိုက်ဖို့ ပြောပြတယ်။ ဇာတ်အတွက်လည်း အားကိုးတယ်လေ။ ဒါပေမယ့် ဦးရွှေဘက သူ့ကိုရိုက်မည့်အစား သူ့သားလေး မောင်သစ္စာကို ဖိုက်တင်ခန်းများများ ရိုက်ပါလို့ ပြောသွားတယ်'ဟု အတွေ့အကြုံ ပြောပြပုံကိုလည်းကောင်း၊ စာရေးဆရာတက္ကသိုလ်မြတ်ဇင်က'အစ်ကို အခု မျက်စိမှုန်သွားပြီကွ၊ တင်ညွန့်ရဲ့ ရွှေဓားဖိုလ်ဇာတ်ကားရိုက်တုန်းက ကျော်ဇောနဲ့ ဓားခုတ်ခန်းမှာထိထားတဲ့ မျက်စိဒဏ်ရာကြောင့်ပေါ့ကွာ။ အခု ဗီဒီယိုတွေပဲကြည့်ပြီး အပျင်းဖြေနေရတယ်။ ရုပ်ရှင် သိပ်ရိုက်ချင်တယ်ကွာ။ အစ်ကို့သားတွေလည်း ညီလေးမြင်သားပဲ၊ လုပ်နိုင်လာပြီလေ။ အခုတော့ မျက်စိမကောင်းမှ အိုအိချိုလို မျက်မမြင်ဓားကားတောင် ရိုက်ချင်တယ်။ ညီလေးတို့ အစ်ကိုနဲ့လိုက်အောင် ဇာတ်ကြည့်ရေးပေးစမ်းပါကွာ။ အစ်ကို့သားတွေအတွက်လည်း အကွက်ပါပါရေးနော်'ဟု ရွှေဘနှင့်တွေ့ဆုံစဉ်က ပြောပြပုံကိုလည်းကောင်း ဖော်ပြခဲ့ပါသည်။ မင်းသားရွှေဘ၏ အသက်အရွယ်နှင့် ကျန်းမာရေးအခြေအနေ ယိုယွင်းလာငြား ရုပ်ရှင်သရုပ်ဆောင်အဖြစ် ဆက်လက်ကျင်လည်လိုဆဲ ရှိသည့်ဆန္ဒ၊ သားသမီးများအား အောင်မြင်သည့် ရုပ်ရှင်သရုပ်ဆောင်များ ဖြစ်ရေးအတွက် အနစ်နာခံသည့် စိတ်ဓာတ်နှင့် ထားရှိသည့် စေတနာမှာ ပေါ်လွင်လှပါသည်။

BURMESE CLASSIC .com

ထို့ပြင် မြန်မာ့ရုပ်ရှင်လောကတွင် ဗီဒီယိုရုပ်ရှင်ကားများ ဈေးကွက်ဝင်လာပြီး ကျယ်ပြန့်စွာစတင်ထွန်းကားချိန်နှင့် အဖြူအမည်း ရုပ်ရှင်ကားများအစား ဆေးရောင်စုံရုပ်ရှင်ကားများကို ပြောင်းလဲထုတ်လုပ်ရန် စိုင်းပြင်းချိန်တွင် စတန့်မင်းသားရွှေဘမှာ အသက်အရွယ်နှင့် ကျန်းမာရေးအရ ရုပ်ရှင်ရိုက်ကူးမှု နည်းပါးမှေးမှိန်နေချိန် ဖြစ်ပါသည်။ မင်းသားရွှေဘ၏ သရုပ်ဆောင်စွမ်းရည်ကို သိရှိမှု၊ ရွှေဘ၏ အသက်အရွယ်နှင့် ဇာတ်ဆောင်စရိုက်ကိုက်ညီမှုနှင့် ရွှေဘ၏ သရုပ်ဆောင်အမှုအရာများကို ပြန်လည်ရှင်သန်စေလိုမှုတို့ကို အရင်းခံပြီး စာရေးဆရာ ကဗျာဆရာမောင် နှင်းခိုင် (ပျဉ်းမနား)မှ ဒီလစ်ကူးမားမှ ရွှေဘသို့ဆောင်းပါး (ရုပ်ရှင်သတင်းစဉ် ၁၇–၅–၈၅)တွင် 'နိုင်ငံခြားကားတွေကို မိတ္တူကူးရိုက်နေကြပေမယ့်လည်း တချို့ အောင်မြင်တာရှိ သလို၊ တချို့ မအောင်မြင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မအောင် မြင်သလဲဆိုတော့ မူရင်းကားရိုက်တဲ့ ဒါရိုက်တာရဲ့အရည်အသွေးကို မမီတာရယ်၊ သရုပ်ဆောင် အရွေးမှားတာရယ်၊ သရုပ်ဆောင်ချက် မမီတာရယ်၊ ရိုက်ကွင်းရိုက်ကွက် နေရာဒေသ အရွေးမှားတာရယ်ကြောင့်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် မိတ္တူကူးတယ်ဆိုပေမယ့်လည်း ကူးတတ်မှထပ်မိပါတယ်။ မကူးတတ်ရင် အဟပ်ကွာတတ်ပါတယ်။ ကျွန်တော်ကြည့်ခဲ့ရတဲ့ နိုင်ငံခြား အိန္ဒိယကား တစ်ကားဟာ တကယ်မိတ္တူ ကူးချင်စရာကောင်းတဲ့ ကားတစ်ကားပါ။ ဒီကားကတော့ SHAKE I ဆိုတဲ့ အိန္ဒိယကား ဖြစ်ပါတယ်။ ဒီကားမှာ ရှေး ခေတ်စူပါစတား မင်းသားကြီး ဒီလစ်ကူးမားနဲ့ မျက်မှောက်ခေတ် စူပါစတားမင်းသား အမီတာဘပ်ဂျန်းတို့ ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဒီလစ်ကူးမား ပါဝင်အစွမ်းပြတဲ့ ကားဆိုရင်လည်း မှားမယ်မထင်ပါဘူး။ ဒီလစ်ကူးမားဟာ သူရဲ့ သရုပ်ဆောင် အနုပညာကိုလည်း ကောင်းကောင်းပြထားပါတယ်။ ဒီကားဟာ Action Drama ကားပါ၊ ပေတစ်သောင်းငါးထောင်ကျော် ရှည်ပါတယ်။ ထူးခြားတာက အိန္ဒိယကားတို့၏ ထုံးစံအတိုင်း တေးသီချင်းတွေကို ဖောဖောသီသီမသုံးဘဲ သူ့ဇာတ်ကွက်နဲ့သူ အံဝင်သလောက်ပဲ သုံးထားပါတယ်။ ပေရှည်သလောက် ဇာတ်ကွက်ဇာတ်လမ်းကလည်း ရှည်တယ်။ ရှည်ပေမယ့်လို့ ဒါရိုက်တာဟာ စေ့စေ့စပ်စပ်နဲ့ ဇာတ်အရှိန်ကို တိုးမြှင့်ယူသွားတယ်။ ဒါကြောင့် ကြည့်ရတာ မညည်းဘူး။ ဒီကားကို ကြည့်ရင်းကြည့်ရင်းနဲ့ မြန်မာမှုပြုလိုက်ရင် ကောင်းမှာပဲလို့။ ဒီလစ်ကူးမားနေရာမှာ ရွှေဘကိုထား၊ အမီတာဘပ်ဂျန်းနေရာမှာ ကျော်ဟိန်းကိုထားပြီးတော့ စံရှားတင်၊ ခင်သီတာထွန်း၊ အောင်ထွန်းလေး၊ အံ့ကျော်၊ သိုက်စိုး အပါအဝင်နဲ့ ရိုက်လိုက်ရင်တော့ မလွဲတမ်းပေါက်ကောင် အနေနဲ့ မြက်မြက်စားရမယ့် ကားကောင်းကားသန့်လေး တစ်ကား ဖြစ်မှာမလွဲဘူးလို့ ထင်မိပါတယ်'ဟု တိုက်တွန်းရေးသားခဲ့သည်။ မောင်နှင်းခိုင်(ပျဉ်းမနား)မှာ စာရေးပြီး ကဗျာများ ဖွဲ့နွဲ့ရုံမျှမက သရုပ်ဆောင်ဒါရိုက်တာ ကျော်ဆွေထံတွင် ရုပ်ရှင်အနုပညာရပ်များအား လေ့လာဆည်းပူးခဲ့သူလည်း ဖြစ်ပါသည်။ မောင်နှင်းခိုင်(ပျဉ်းမနား)၏ တိုက်တွန်းချက်အရ SHAKE I အိန္ဒိယရုပ်ရှင်ကားအား မြန်မာရုပ်ရှင်ကား သို့မဟုတ် ဗီဒီယိုဇာတ်လမ်းကား ရိုက်ကူးမှုပြုခြင်း၊ မပြုခြင်းထက် ကမ္ဘာကျော် ရုပ်ရှင်မင်းသားကြီး ဒီလစ်ကူးမား၏ ဇာတ်ဆောင်စရိုက်နှင့် သရုပ်ဆောင်စွမ်းရည်ကို မြန်မာမင်းသားကြီးရွှေဘမှ ပခုံးချင်းယှဉ်နိုင်ကြောင်း မီးမောင်းထိုးပြထားမှုက ဂုဏ်ယူစရာ ဖြစ်နေပါသည်။ ဒီလစ်ကူးမား၏ သရုပ်ဆောင်အနုပညာစွမ်း ပြခဲ့သည့် ဇာတ်ရုပ်တွင် မင်းသားရွှေဘနှင့် ခေတ်ပြိုင်မင်းသားများစွာနှင့် နောက်မျိုးဆက်မင်းသားများစွာမှ မရွေးချယ်ဘဲ မင်းသားရွှေဘအား လျာထားမှုက ကျေနပ်စရာကောင်းလှပါသည်။

မောင်နှင်းခိုင်(ပျဉ်းမနား)နည်းတူ စာရေးဆရာ၊ ကဗျာဆရာနှင့် ပြဇာတ်ဇာတ်ညွှန်းဆရာ ဗိုနန်းကလည်း ဗံဒါရိုပ်စကားဝိုင်းဆောင်းပါး (ရုပ်ရှင်သစ္စာမဂ္ဂဇင်း ၁၉၈၅ စက်တင်ဘာ)တွင် 'စာရေးဆရာဘဝမှ ရုပ်ရှင်ထဲဝင်၊ ဖခင်ခန်း၌ ပါဝင်သရုပ်ဆောင်နေသည့် ပုဂ္ဂိုလ်ကြီးမှ တို့ဟာရွှေဘ ပရိသတ်ပဲ။ သူ့ရုပ်ရည်နဲ့ အားကြိုးမာန်တက် သရုပ်ဆောင်တတ်ပုံတွေကို ခုထိ စွဲလမ်းတုန်းပဲ။ သူက ဗမာဆန်တယ်ကွ။ ခိုးဆိုးတိုက်ခိုက်ပြီး ဇာတ်လမ်းအဆုံးမှာ ထောင်ကျရင်ကျ။ မကျရင် သေသွားတဲ့ကားမျိုး။ ခုအခါတော့ သင်ခန်းစာပေး ကားပေါ့ကွာ။ အဲဒီကားမျိုးမှာဆိုရင် သူ အကောင်းဆုံးပေါ့။ သူ့ကို လှလှပပ ပေးမဝတ်နဲ့၊ ညှဉ်းသိုးသိုး ပေတီပေကျံပေးဝတ်၊ မြင်းစီး၊ သေနတ်ပစ်၊ လက်သီးထိုးအကောင်းဆုံး မင်းသားပေါ့ကွာ။ အခုပေါ်နေတဲ့ မင်းသားလေးတွေကို သားနေရာထား၊ သူ့ကို အဖေလူဆိုးကြီးနေရာမှာ ထားပြီး ရိုက်လိုက်ရရင် ရွှေဘတစ်ခေတ် ပြန်ဖြစ်နိုင်သေးတယ်ကွ'ဟု ရွှေဘ၏ သရုပ်ဆောင်မှုကို တမ်းတမ်းတတ ဖော်ကျူးခဲ့သည်။ မောင်နှင်းခိုင်(ပျဉ်းမနား)နှင့် ဗိုနန်းတို့မှ မင်းသားရွှေဘ၏သရုပ်ဆောင်မှုကို တမ်းတဖော်ကျူးနေချိန်တွင် သရုပ်ဆောင်းထားသော ညွှန့်ဝင်းနှင့် ကျော်ဟိန်းတို့ကြားသို့ စိုးသူ၊ ဇော်ဦး၊ သီဟတင်စိုး၊ ပြေငြိမ်း၊ ရန်အောင်၊ ရဲအောင်စသော မင်းသားငယ်များက ထိုးဖောက်နေကြပြီး ဆေးရောင်စုံရုပ်ရှင်ကားများ စတင်ပြောင်းလဲ ထုတ်လုပ်နေကြချိန်နှင့် ဗီဒီယိုဈေးကွက် စတင်ကျယ်ပြန့်ချိန်ဖြစ်သည်။ ဇာတ်လမ်းဇာတ်အိမ် ကောင်းကောင်းနှင့် ဒါရိုက်

www.burmeseclassic.com

www.burmeseclassic.com





တာကောင်းကောင်းတို့ဖြင့် မောင်နှင်းခိုင်(ပျဉ်းမနား)နှင့် ဗိုနန်းတို့ အကြံပြုချက်အတိုင်း ဗီဒီယိုကားနှင့် ရုပ်ရှင်ကားများသာ ရိုက်ကူးဖြစ်ခဲ့လျှင် မင်းသားရွှေဘ၏ ရုပ်ရှင်နှင့် ဗီဒီယိုခေတ် မှချဖြစ်လာပါလိမ့်မည်။ မောင်နှင်းခိုင်(ပျဉ်းမနား) နှင့် ဗိုနန်းတို့မှ မင်းသားရွှေဘ၏ သရုပ်ဆောင်အမူအရာများအား တမ်းတမ်းတတဖြင့် တောင်းဆိုခဲ့ကြသလို ရုပ်ရှင်ကြည့်ပရိသတ်ကလည်း မင်းသားရွှေဘ၏ သရုပ်ဆောင်အမူအရာများကို ကြည့်ရှုခံစားလိုသည့်ဆန္ဒ ပြင်းပြခဲ့ကြသည်။ သို့သော် ထုတ်လုပ်သူနှင့် ဒါရိုက်တာများအပိုင်းမှ အကြောင်းအမျိုးမျိုးနှင့် အခက်အခဲအဖုံဖုံကြောင့် ရိုက်ကူးမှု မပြုနိုင်ခဲ့သဖြင့် မင်းသားရွှေဘ၏ ဗီဒီယိုခေတ် ကျယ်ပြန့်စွာ မဖြစ်ထွန်းခဲ့ဟု ဆိုရပါမည်။ ။

www.burmeseclassic.com

www.burmeseclassic.com





မြင့် ရုပ်ရှင်
"စိန်လားပေ့မောင်တို့"မှ
ရွှေဘ

# ရွှေဘအား ပြည်သူတို့က ချစ်ကြပုံ

စာရေးသူ၏ဇာတိ ငါးလုံးတင်ရွာမှာ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်အတွင်း ပါဝင်ပြီး ချောင်းဦး–ပခုက္ကူ မော်တော်ကားလမ်းနှင့် မီးရထားလမ်းပေါ်၌ ချောင်းဦးမြို့၏တောင်ဖက် ဆယ်မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ငါးလုံးတင်ရွာ၏ မြောက်ဘက်တွင် ဆင်ခြေရွာနှင့် တောင်ဘက်တွင် မထိသာရွာတို့က ကပ်လျက် ငါးလုံးတင်တိုက်နယ်အဖြစ် တစ်ဆက်တည်းလို ရှိကြပါသည်။ စာရေးသူငယ်စဉ် မူလတန်းကျောင်းသားအရွယ် ၁၉၆၀ ပြည့်မတိုင်

www.burmeseclassic.com

www.burmeseclassic.com



မိက ချောင်းဦးနှင့် ငါးလုံးတင်ရွာ ကူးသန်းသွားလာရာ၌ ယခု ကာလနယ် မီးရထားလမ်းနှင့် ကတ္တရာ မော်တော်ကားလမ်းတို့ မရှိသေးဘဲ မြေသားလမ်းသာ ရှိခဲ့ပါသည်။ မြေသားလမ်းမှာ မိုးရာသီတွင် မော်တော်ကား မောင်းနှင မရနိုင်ဘဲ နွားလှည်းကိုသာ အားကိုးသွားလာကြရပါသည်။ ထိုစဉ်က သုံးရွာပေါင်း အိမ်ခြေ ရှစ်ရာဝန်းကျင်ခန့် ရှိကြသော်လည်း ရုပ်ရှင်ရုံသီးသန့်မရှိ၍ ရွာသို့ သုံးလေးလတစ်ကြိမ် ယာယီရုံဖြင့်ပြသသည့် နယ်လှည့်ရုပ်ရှင်အဖွဲ့ လာမှသာ ရွာသူရွာသားများမှာ ရုပ်ရှင်ကြည့်ခွင့် ရကြသည်။ အချို့ ရုပ်ရှင်ကြိုက်သူများမှာ တစ်ခါတစ်ရံ ချောင်းဦးမြို့နှင့် မုံရွာမြို့သို့ တကူးတက သွားရောက်ကြည့်ကြသည်။

ရွာသို့လာရောက်သော နယ်လှည့် ရုပ်ရှင်ကားပြသသည့် အဖွဲ့မှာ မြို့ကြီးမြို့ငယ်မှန်သမျှတွင်ရှိသော ရုပ်ရှင်ရုံများတွင် အကြိမ်ကြိမ် လှည့်လည်ပြသခဲ့ပြီးဖြစ်သည့် အသံတိတ်ရုပ်ရှင် ကားဟောင်းများကို စုစည်းယူဆောင်လာပြီး ပြသကြခြင်းဖြစ်သည်။ ခရီးစဉ်အတွင်း ဘုရားပွဲများနှင့် ကြုံလျှင်မူ ယာယီရုံကို အသေအချာဆောက်ပြီး မိုးအလင်း ရုပ်ရှင်သုံးလေးကားတွဲ ပြသကြသည်။ စာရေးသူငယ်စဉ်က နယ်လှည့်ရုပ်ရှင်အဖွဲ့မှ ပြသသော ရုပ်ရှင်ကားများအနက် ပထမဆုံးကြည့်ဖူးသည့် ရွှေဘ၏ရုပ်ရှင်ကားမှာ 'ထူး၍မဆန်း'ဖြစ်သည်။ ထူး၍မဆန်း မှာ လူကြိုက်များလွန်းသဖြင့် ရွာတွင် အကြိမ်ကြိမ်ပြသမှု၊ အသံတိတ် ရုပ်ရှင်ကားဖြစ်၍ စကားပြောစာတန်းများကို ဖတ်ကြားသူမှ မကြာခဏ ကြော်ငြာမှုနှင့် တေးဂီတဝိုင်းမှ ဇာတ်ကားအကြောင်းရေးစပ်သည့် သီချင်းအား မကြာခဏ သီဆိုမှုတို့ကြောင့် အရှေ့တိုင်းရုပ်ရှင်မှ ထုတ်လုပ်ပြီး ဒါရိုက်တာကိုအေးမြင့် ရိုက်ကူးကာ တင်ညွန့်၊ ရွှေဘနှင့် မေရီမြင့်တို့ သရုပ်ဆောင်ထားသည်ကို ယနေ့ထက်တိုင် မှတ်မိနေဆဲရှိသည်။ ရွာမှ ကလေးငယ်များရော၊ ကာလသားများပါ တင်ညွန့်နှင့် ရွှေဘတို့၏ သရုပ်ဆောင်ပုံနှင့် ထိုးကြိတ်သတ်ပုတ်ပုံတို့ကို သဘောကျပြီး လက်ခုပ်သံတဖြောင်းဖြောင်း၊ လေချွန်သံတရှီရှီနှင့် 'တင်ညွန့်ကွ၊ ရွှေဘကွ'၊ 'တင်ညွန့် ချကွ၊ ရွှေဘ ချကွ'၊ 'ဒါမှ ရွှေဘ၊ တို့ရွှေဘကွ' 'ဒါမှ တင်ညွန့်၊ တို့တင်ညွန့်ကွ'စသည့် အားပေးသံ တညံညံဖြင့် ကြည့်ရှုအားပေးခဲ့ကြသည်။ သို့သော် ရွာသူရွာသား ရုပ်ရှင်ကြည့်ပရိသတ်မှာ လူကြမ်းများနှင့် ယှဉ်ပြိုင်ထိုးသတ်ရာ၌ မင်းသားရွှေဘ ကြာရှည်ရှုံးနိမ့်လျှင် ဘဝင်မကျတော့ဘဲ လက်ခုပ်သံ၊ လက်ခေါက်မှုတ်သံနှင့် အော်သံ၊ ညာသံများ စဲသွားတော့သည်။ လူကြမ်းများနှင့် ထိုးသတ်ရာတွင် မင်းသားရွှေဘအနိုင်ရမှ ကျေနပ်အားရ ဖြစ်ကြသည်။ ထင်ရှားကျော်ကြားသည့် အခြားမင်းသားများနှင့် မင်းသားရွှေဘတို့ အတူတကွ လက်တွဲပါဝင် သရုပ်ဆောင်သည့် ရုပ်ရှင်ကားများတွင် မင်းသားရွှေဘနှင့် အခြားထင်ရှားကျော်ကြားသည့် မင်းသားတို့ ဇာတ်လမ်းအရ ယှဉ်ပြိုင်ထိုးသတ်ကြရာ၌လည်း ရွှေဘနိုင်မှ ရွာသူရွာသားများက သဘောတွေ့ကြသည်။ ရွာသို့ လာရောက်ပြသ၍ အကြိမ်ကြိမ်ကြည့်ဖြစ်ခဲ့သည့် မင်းသားရွှေဘ၏ အသံတိတ်ရုပ်ရှင်ကားများမှာ ထူး၍မဆန်း၊ တဇောက်ကန်း စသည်တို့ဖြစ်ပြီး ယနေ့ထက်တိုင် စွဲစွဲလမ်းလမ်း မှတ်မိနေဆဲရှိသည်။ မင်းသားရွှေဘ သရုပ်ဆောင်သည့် ရုပ်ရှင်ကား၏ ဇာတ်လမ်းဇာတ်ကွက်ကို ကြိုက်သည်လား၊ ရွှေဘ၏ သရုပ်ဆောင်အမူအရာကို သဘောကျသည်လား၊ ရွှေဘ၏ အထိုးအကြိတ် အသတ်အပုတ်ကို နှစ်သက်သည်လား၊ မဝေခွဲတတ်ခဲ့။ သို့သော် မင်းသားရွှေဘ ပါဝင်သည့် ရုပ်ရှင်ကားမှန်သမျှ ရွာသူရွာသားတွေ ကြည့်ချင်စိတ် ပြင်းထန်နေခဲ့သည်တော့ သေချာသည်။ မင်းသားရွှေဘအား တစ်ရွာလုံးက စွဲစွဲလမ်းလမ်း ချစ်ခင်နေကြပြီး နယ်လှည့်ရုပ်ရှင် ပြသသည့် အဖွဲ့ လာရောက်ပြသမည့် မင်းသားရွှေဘ၏ ရုပ်ရှင်ကားများကို ရွာသူရွာသားများက မျှော်လင့်တောင့်တနေခဲ့ကြသည်။

စာရေးဆရာ မောင်ခိုင်လတ်၏ လွမ်းတတ်သူရသစာတမ်း (မဟေသီမဂ္ဂဇင်း ၂၀၀၄ ဇန်နဝါရီ) တွင် ကျေးရွာများသို့ လှည့်လည်ပြသရေးစီစဉ်၊ ကြော်ငြာမောင်းခတ်၊ ရုံစောင့်၊ လက်မှတ်ရောင်း၊ ပွဲထိန်း စသည့် လုပ်ငန်းပေါင်းစုံ ဆောင်ရွက်ရသည့် အထက်မြန်မာနိုင်ငံ အညာဒေသတစ်ခွင်နှင့် မြေလတ်တစ်လွှားမှ ကျေးရွာအနှံ့အပြားတွင် လှည့်လည်၍ ဆယ်စုနှစ်များစွာ၌ ရုပ်ရှင်ပြသရေး ခေါင်းဆောင်လုပ်ခဲ့သူ ဦးကျော်အုန်း၏ အတွေ့အကြုံကို ပြန်လည်၍ တမ်းတမ်းတတ ဖောက်သည်ချထား

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ စာရေးဆရာ မောင်ခိုင်လတ်၏ ဖွဲ့နွဲ့တင်ပြပုံမှာ စာရေးသူငယ်စဉ်က ငါးလုံးတင်ရွာတွင် ရွှေဘ၏ ရုပ်ရှင်ကားများကြည့်ခဲ့ရသည့် အဖြစ်သနစ်များနှင့် တူညီလွန်းလှပါသည်။ စာရေးဆရာ မောင်ခိုင်လတ်က ဦးကျော်အုန်း၏ အတွေ့အကြုံ နိဒါန်းပျိုးပုံမှာ 'ရွာစဉ်လှည့်ပြီး ရုပ်ရှင်ပြသသောနှစ်တွေ ရှည်ကြာလွန်းလှသည်မို့ ကျေးရွာသားတွေ၏ ဓလေ့စရိုက် သဘာဝတွေနှင့် အသားကျနေကျေနေပြီလည်းဖြစ်သည်။ တစ်ရွာနှင့်တစ်ရွာ အတွေ့အကြုံတွေကမတူ ခြားနားကြသော်လည်း ရုပ်ရှင်ကြိုက်ကြပုံ၊ ရုပ်ရှင်မှာမှ ရွှေဘကားကို အရူးအမူး စွဲလမ်းကြပုံတွေက ထပ်တူပါပဲ' ဟုဖြစ်ရာ မြန်မာပြည်တစ်လွှား ငါးလုံးတင်လိုရွာတွေ အများကြီးပါလား ဟူသောအသိရခဲ့ပါသည်။ ထို့နောက် စာရေးဆရာ မောင်ခိုင်လတ်က ကျေးလက်ရုပ်ရှင်ပြပွဲ၏ လွမ်းမောဖွယ်မြင်ကွင်း၊ ကျေးလက်ရုပ်ရှင်ကြည့်ပရိသတ်၏ ချစ်စရာစရိုက်နှင့် မင်းသားရွှေဘအား အချစ်ကြီးချစ်ကြပုံများကို ဆက်လက်ဖွဲ့နွဲ့တင်ပြထားရာ ပီပြင်လှသဖြင့် ငယ်စဉ်က မင်းသားရွှေဘ၏ရုပ်ရှင်ကားကြည့်ခဲ့ရသည့် အဖြစ်များကို မြင်ယောင်မိကာ အောက်မေ့သတိ ရမိပါသည်။ စာရေးဆရာ မောင်ခိုင်လတ်၏ ခံစားရေးဖွဲ့မှု အားကောင်းပုံအချို့အား ကောက်နုတ်ပြပါမည်။

ဇာတ်ကားမပြမီ တဝေါဝေါဆူညံနေသော လူအုပ်ကြီးမှာ မီးများအားလုံး မှိတ်လိုက်သည်နှင့် မီးကိုရေနှင့်သတ်လိုက်သလို တိခနဲ ငြိမ်ကျသွားတော့သည်။ ပထမဆုံး ပေါ်လာသောစာတန်းက 'ယနေ့ကြွလာ မိတ်သဟာ ချမ်းသာသုခ မြဲပါစေ'ဟူ၍ဖြစ်ရာ၊ ရုပ်ရှင်ကြည့်ပရိသတ်တွေထဲမှ တစ်ယောက်က 'ချမ်းတော့ မချမ်းသာဘူး။ ဒါပေမယ့် ကျန်းမာတယ်ဟေ့'ဟု ထအော်ပြန်လေသည်။ ခပ်စူးစူး မိန်းမအသံတစ်သံက 'ဟုတ်ပ၊ ဟုတ်ပ၊ ဒီဓာတ်ရှင်ကြည့်ဖို့၊ ရှိစုမဲ့စု ထဘီလေးပေါင်လာရတာ'ဟု တစ်ယောက်တစ်ပေါက် ဝင်နောက်ပြန်လေ၏။ အနားမှ ထန်းရည်နံ့ တဟောင်ဟောင်နှင့် ကာလသားတစ်ဦးက ဒီမိန်းမကြီး ထဘီမှပါရဲ့လားဟု တစ်ယောက်တစ်ပေါက် ပြောကြပြန်သည်။ သေချင်းဆိုး ကာလနာတွေ ပိုးကထတုန်း၊ ဆဲသံ၊ ဆိုသံ၊ ကျိန်ဆဲသံ၊ တဟီးဟီးတဟားဟား ပွဲကျသံတို့ကြားတွင် တုန်ခြင်းမှုန်ခြင်း သည်းခံပါဟူသော စာတန်းက တုန်တုန်ရီရီ ပေါ်လာပြန်သည်။ စာတန်းကိုယ်၌က မှုန်ကုပ်ကုပ်ပါပဲလေ။ ထိုအခါ ပရိသတ်ထုထဲက အသံအောင်သူတစ်ယောက်က 'တုန်လည်းသည်းခံတယ်၊ မှုန်လည်း သည်းခံတယ်။ ရွှေဘတော့ ပါပစေဟေ့။ ရွှေဘမပါရင်တော့ သည်းမခံနိုင်ဘူး'ဟု ထဟစ်ပြန်လေသည်။ ပရိသတ်ကြီးကား ထိုသူ့စကားကို တစ်ခဲနက်ထောက်ခံကာ လက်ခေါက်မှုတ်သူမှုတ်၊ ဝမ်းစမိုးဟု (ဝမ်းခေါင်းသံကြီးနှင့်) အော်သူအော်ကာ ကောင်းချီးပေးကြလေသည်။ တော်တော်နှင့် မရပ်တော့။

သည်လိုကြားထဲက ရုပ်ရှင်စပြရခြင်း ဖြစ်သည်။ ဇာတ်ကားအမည်က ဘာလဲဟု ပြော၍ မရနိုင်တော့ပြီ။ စဉ်းစားကြည့်ပါတော့။ မြို့ကြီးတွေရှိ ရုပ်ရှင်ရုံတွေကဆင်းပြီး နယ်လှည့် ရုပ်ရှင်ပြသူတွေ လက်ထဲရောက်မှတော့ (ပြီးတော့ မနားတမ်း ဆက်တိုက်ပြနေလေတော့ ...) ထောင်းထောင်းကြေပြီး ဘယ်လိုမှ တစ်ကားပြီးပြည့်စုံသော အခြေအနေ မရှိနိုင်ပြီ။ ပထမပိုင်းက 'ရဲရဲတောက်' ဇာတ်ကားဖြစ်ပြီး အလယ်လောက်ရောက်တော့ ဖလင်ပေအတော်များများက ဘယ်နည်းနှင့်မျှ ပြ၍မရအောင် စုတ်ပြတ်နေသဖြင့် ဇာတ်ကားတစ်ကားစာ ပေပြည့်မီရန် နောက်ကားထုပ်တစ်ခုနှင့်ဆက်၍ ပြရတော့သည်။ နောက်ဇာတ်ကားအမည်က 'မဟုတ်မခံ' ဟူ၏။ ဘာပဲဖြစ်ဖြစ် မင်းသားက ရွှေဘဖြစ်ရေးသာ။ မင်းသမီးက ပါလျှင်ပြီးရော။ အရေးမကြီးလှ။ ဇာတ်လမ်းဇာတ်အိမ်က တောရောက်တောင်ရောက် ဖြစ်ချင်ရာဖြစ်ပစေ။ ဒါလည်း အရေးမဟုတ်။ တစ်ခါတစ်ခါတော့လည်း 'တစ်နေဝင်သော်'က တစ်ခြမ်း၊ သုံးယောက်ပေါင်း လောင်းကျော်'က တစ်စိတ်၊ 'လူရိုးလူမိုက်'က တစ်ဖဲ့၊ လာချင်ရာလာခဲ့စမ်း။ ကျေးလက်သားတွေက ဘာကိုမှ အပြစ်မမြင်။ သူတို့ ကျေးရွာအရောက် ရွှေဘကားထုပ်တွေ လာပြသခြင်းအပေါ် ပီတိတွေ တဝေဝေ။ ကျေးဇူးတွေ တတင်တင်။ မောင်မင်းကြီးသားတို့ လာပြပေလို့သာ ရွှေဘကို ကြည့်မြင်ခွင့် ရလေခြင်းဟူ၍ အနန္တမေတ္တာတွေ ပို့လို့မဆုံးနိုင်။

ကမ္ဘာဦးလူသားတွေ မီးကို စတင်တွေ့ရှိပုံမျိုးနှင့် ခပ်ဆင်ဆင်တူလေမည်လား မသိ။ ပထမဆုံး ဓာတ်ရှင်ကို

www.burmeseclassic.com

www.burmeseclassic.com


နဖူးတွေ့ဒူးတွေ့ စတင်ကြည့်ခွင့်ရသော ကျေးရွာအဖြစ် ရှာနီးချုပ်စပ် ကျေးရွာတွေက လေးစားခံ့ညားကြသတဲ့။ နယ်လှည့်ရုပ်ရှင် အဖွဲ့သားတွေအဖို့ ရုပ်ရှင်ပြရန် ကျေးလက်တစ်ခုခုကို ရွေးချယ်ရာတွင် စီးပွားရေးအမြင်ဖြင့် ရွေးချယ်ကြသောကြောင့် ရွာသိမ်ရွာငယ်နှင့် ခရီးလမ်းပန်း အဆက်အသွယ် ဝေးလံခေါင်သီသော ကျေးရွာများသို့ ရောက်လေ့မရှိကြ။ ရွေးချယ်ခံရသော ရွာဖြစ်ဖို့ ရွာခံက စီးပွားရေးတောင့်တင်းသော၊ လူနေအိမ်ခြေစည်ကားသည့် ရွာဖြစ်ဖို့ ပထမဆုံးလိုအပ်သည်။ ဒုတိယအချက်က ရှာနီးချုပ်စပ်က လာရောက်ကြည့်ရှုနိုင်သော သွား လမ်း၊ လာလမ်းသာသည့် အရပ်ဒေသဖြစ်ဖို့လည်း လို သေးသည်။ ကွင်းလယ်ကောင်မှာ ထီးထီးတည်ရှိပြီး ရေခံမြေခံ မကောင်းသော၊ ရှာနီးချုပ်စပ် ကျောထောက်နောက်ခံမကောင်းသည့် ကျေးလက်ဒေသတွေကို ရုပ်ရှင်အဖွဲ့သားတွေ ထည့်သွင်းစဉ်းစားလေ့ မရှိပေ။

တစ်ခုတော့ရှိသည်။ ပွဲဆက်များလာလေလေ၊ နယ်လှည့်ရုပ်ရှင်အဖွဲ့သားတွေ စေတနာဗရပွဖြင့် ကားထုပ်နှစ်ခုကို တစ်ခုဖြစ်ရန်၊ တစ်ခါတစ်လေ သုံးထုပ်ပေါင်း တစ်ထုပ်ဖြစ်ရန် ပဥ္စလက်နည်းဖြင့် ဖန်တီးကြသောအခါ ထိုးခန်းကြိတ်ခန်း၊ စွန့်စားခန်းတွေကို အဓိကမဏ္ဍိုင်ထား၍ မရရအောင်ဆက်ပြီး ပြသလေ့ရှိခြင်းပင်။ ထိုအခါ အခန်းတော်တော်များများမှာ ရွှေဘ နှိပ်စက်ခံရခန်းတွေက အများအပြားပင်။ မြင်းစီးလူဆိုးတွေက ရွှေဘကို ကြိုးတုပ်ကာ မြင်းနှင့်ဆွဲပြေးသောအခါ ရွှေဘခမျာ တောင်စောင်း၊ တောင်ကမူတွေပေါ်မှာ တလူးလူး တလိမ့်လိမ့်၊ အစုတ်စုတ် အပြတ်ပြတ်၊ တစ်ကိုယ်လုံးသွေးတွေက ခြင်းခြင်းနီကာ လူရုပ်ပင် မပေါ်တော့။

ထိုအခါ ကျေးလက်ဒေါ်ကြီးတွေက ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို ဖွာရှိုက်ရန်ပင် မေ့လျော့လျက် ရှေ့မှ ကြည့်နေသူ၏ နောက်စေ့ကို ဆေးလိပ်မီးနှင့် ဆောင့်ကာ ထိုးကာ နှုတ်မှလည်း 'အမလေး လုပ်ကြပါဦး။ ကျုပ်တို့ ရွှေဘလေးတော့ သေပါပြီတော်၊ ဟဲ့ . . . သာအေးတို့ ပေါက်စတို့ ဗလကြီးတို့ ကြည့်မနေကြနဲ့လေ၊ ဟိုမှာ သေတော့မယ်'ဟု တစာစာ အော်ဟစ်နေတော့သည်။ ရှေ့မှလူ၏ ဆံပင်တွေမှာလည်း မီးမြှိုက်ခံရလွန်းသဖြင့် ညှော်နံ့စူးစူး ထွက်လာသော်လည်း ဘယ်သူမှ သတိမပြုမိကြ။

ဦးသာအေးတို့ ဦးပေါက်စတို့မှာလည်း ခါးတောင်းကျိုက်ရတော့မလိုလို၊ ပိတ်ကားပေါ်က ရွှေဘကိုပင် ဆွဲထုတ် ကယ်တင်ရမလိုလို၊ ဘာလုပ်ရမှန်းမသိဘဲ ယောင်တီးယောင်နဖြင့် ပျာယာခတ်နေကြတော့သည်။ လူတစ်ချို့ကတော့ မတ်တပ်ရပ်သူက ရပ်၊ လက်သီးလက်မောင်းတန်းကာ ကြိုးဝါးသူက ကြိုးဝါးဖြင့် ပွက်လောရိုက်နေကြပြီ။

'ဟေ့ကောင်တွေ မတရားမလုပ်နဲ့။ သတ္တိရှိရင် တစ်ယောက်ချင်း ချပါလားကွဟေ့။ အမျိုးယုတ်တွေ' အဲသလို ပရိသတ်တွေရင်ထဲ မီးဟုန်းဟုန်းတောက်ကာ ပူလောင်သောက ဖြစ်နေမှုက အမြင့်ဆုံးဒီရေသို့ ရောက်တော့မှ ကျွန်တော်တို့၏ ဇာတ်လိုက်ကြီး ဦးကျော်အုန်းက ဇာတ်ခုံညာဘက်ထောင့်မှ ဖျတ်ခနဲပေါ်လာပြီး လက်ကိုင်အော်လံငယ်ကလေးကို ပါးစပ်ဖြင့် တေ့ကာ တေ့ကာဖြင့် . . . .

'ပရိသတ်ကြီးခင်ဗျား။ ပရိသတ်ကြီး ခင်ဗျား၊ ကျေးဇူးပြုပြီး နားဆင်ပါ။ ကျေးဇူးပြုပြီး နားဆင်ပါ။ ခုလောလောဆယ် ကျွန်တော်တို့ရဲ့ ဇာတ်လိုက်ကြီးရွှေဘ အနှိပ်စက်ခံနေရပေမယ့် မကြာမီ ရွှေဘပြန်ပြီး ချပါတော့မယ်။ ဇာတ်လိုက်ဆိုတာ အကျပ်ရိုက်လည်း ခဏပါပဲ။ ဇာတ်လိုက်ဆိုတာ သေရိုးထုံးစံမရှိပါဘူး။ အောင်ပွဲဆိုတာ ထောင်ကဲနဲ့ တရုတ် ခွဲခြားမရသလိုဘဲ။ ရွှေဘပြန်ပြီး နိုင်ပါလိမ့်မယ်။ စိတ်အေးအေးနဲ့ ကြည့်တော်မူကြပါခင်ဗျား . . . ဟော . . . ပြောရင်းဆိုရင်း ရွှေဘ . . . ရွှေဘ . . . အသေချပါပြီဗျား . . .'

ဆီလျော်၏၊ မဆီလျော်၏တော့ မသိ။ ကာရန်တွေ၊ နဘေတွေနှင့် ပါးစပ်ထဲတွေ့ရာ တရစပ် ပြောချလိုက်ရတော့သည်။ ကံကြီးပေလို့ အချိန်မီရုံကလေးပင်။ ရည်းစားသည်တွေရှေ့မှာ ယောက်ျားသတ္တိပြသရန်အလို့ငှာ လူငယ်နှစ်ဦးက ငှက်ကြီးတောင်ဓါးနှစ်လက်ဖြင့် ပိတ်ကားရှေ့ ရောက်နေပြီဖြစ်သည်။ ဦးကျော်အုန်းကြီး အာဝဇ္ဇန်း ကောင်းကောင်းနှင့် ပြော၍မဆုံးမီ ရွှေဘတစ်ပြန်တစ်လှည့် ထိုးကြိတ်နေပြီဖြစ်သဖြင့် ပရိသတ်ကြီးက ဟေးခနဲ တစ်ခဲနက်

www.burmeseclassic.com

www.burmeseclassic.com



အသံကြီးဖြင့် ဩဘာပေးကြပြန်သည်။ ပရိသတ်ကြီး ငြိမ်ကျသွားပြီး ရုပ်ရှင်ကို ဆက်လက်ကြည့်နေစဉ် ဆယ်မိနစ်ခန့် ကြာသောအခါ ဆက်ထားသောဖလင်က ပြန်ပြီး ပျက်သွားသဖြင့် တုန်နေ၊ မှုန်နေသောပိတ်ကားမှာ တုန်ခြင်းမှုန်ခြင်းဘေးမှ ကင်းဝေးကာ မှောင်အတိကျသွားလေတော့သည်။ ထိုအခါ ဦးကျော်အုန်းကြီး ဇာတ်ခုံထောင့်မှ ပေါ်လာပြန်ပြီး ပရိသတ်ကြီးခင်ဗျာ အစချီကာ ရုပ်ရှင်အဖွဲ့သားတွေ ထမင်းမစားရသေးသဖြင့် အားလပ်ချိန်ပေးခြင်းဖြစ်ကြောင်း ကြေညာရပြန်လေသည်။ အမှန်တော့ ပြတ်သွားသောဖလင်တွေကို ပြန်ပြီးစစ်ဆေးရန် အချိန်ယူလိုက်ခြင်းပင် ဖြစ်သည်။ ဒါကိုမသိသော လူထုကြီးက 'တောက်၊ ဓာတ်ရှင်ကကောင်းပြီဆိုရင် ဖြစ်ရပြန်ပြီ'ဟု ညည်းညည်းညူညူဖြင့် ရယ်မောခွင့်လွှတ်ကြမြဲ၊ မုန့်စားထွက်သူထွက်၊ ကလေးပျောက်ရှာသူရှာ၊ အပေ့ါအပါး သွားသူသွားဖြင့် ပြန်လည်ဆူပွက်နေတော့သည်။

စာရေးသူငယ်စဉ် ၁၉၆၀ ပြည့် ဝန်းကျင်နှစ်များက ငါးလုံးတင်တိုက်နယ်တွင် ငါးလုံးတင်ရွာနှင့် ဆင်မြေရွာတို့တွင် မူလတန်းကျောင်း တစ်ကျောင်းစီ ရှိကြပြီး ချောင်းဦးမြို့လေးတွင် အထက်တန်းကျောင်းတစ်ကျောင်းနှင့် ချင်းတွင်းမြစ်ကမ်းရှိ အမြင့်ရွာကြီးတွင် အလယ်တန်းကျောင်းတစ်ကျောင်းသာ ရှိခဲ့ပါသည်။ စာရေးသူ မူလတန်းပြီးဆုံးချိန်တွင် အလယ်တန်းပညာ ဆက်လက်ဆည်းပူးရန် မိဘများ၏မိတ်ဆွေ ချောင်းဦးမြို့၊ ကတိုးကုန်းရပ်ဈေးကြီးအနီးရှိ ဦးဘခင် ဒေါ်တောတို့အိမ်သို့ ပို့ခဲ့ပါသည်။ ဦးဘခင် ဒေါ်တောတို့တွင် သားသမီး ခြောက်ယောက်ရှိပြီး ပန်းတိမ်လုပ်ငန်းအား ညီဖြစ်သူ ဦးကျော်မှ ဦးစီးလုပ်ကိုင်ရာ မိသားစုဝင်များရော ပန်းတိမ်သမားများပါ ရုပ်ရှင်ဝါသနာထုံကြပါသည်။ ထိုစဉ်က ချောင်းဦးမြို့တွင် မြို့လယ်ရုပ်ရှင်ရုံနှင့် နဂါးနီရုပ်ရှင်ရုံ နှစ်ရုံရှိပြီး ရုပ်ရှင်တစ်ကားလျှင် ပရိသတ်အင်အား အနည်းအများ လိုက်ပြီး ၃ ရက်မှ ၅ ရက်အထိ ပြသလေ့ရှိသည်။ ရုံဝင်ခ အဖြစ် အတန်းလိုက် ကားသစ် ၅၀ ပြား၊ ၇၅ ပြား၊ တစ် ကျပ်၊ တစ်ကျပ်ခွဲနှင့် ကားဟောင်း ၂၅ ပြား၊ ၃၅ ပြား၊ ၅၀ ပြား၊ ၇၅ ပြား သတ်မှတ်ထားပါသည်။ ရုပ်ရှင်ရုံနှစ်ရုံမှာ အပြိုင်အဆိုင် ပြသကြရာ အများအားဖြင့် ကားဟောင်းများပြသလျှင်



လက်မှတ်တစ်စောင်ဝယ်လျှင် အပိုတစ်စောင် အခါအား လျော်စွာ လက်ဆောင်ပေးလေ့ရှိပါသည်။

ပန်းတိမ်သမားများမှာ ရုပ်ရှင်ကြိုက်သူများဖြစ်ကြပြီး အများအားဖြင့် ရွှေဘ၏ ပရိသတ်များလည်း ဖြစ်နေကြပါသည်။ ရုပ်ရှင်ကြိုက်ပြီး ရွှေဘကိုချစ်သော စာရေးသူအတွက် ရေစက်သူ ရေတွင်းထဲကျသည့်အဖြစ်နှင့် ကြုံတွေ့ရပါသည်။ နေ့စဉ် သားသမီးများအား မုန့်ဖိုး ၁၀ ပြားစီပေးရာတွင် စာရေးသူလည်း ၁၀ ပြားရခဲ့ပြီး ထိုစဉ်က ဘယာကြော်နှင့် မုန့်ပြားသလက် တစ်ခု ၅ ပြား၊ လက်ဖက်ရည်တစ်ခွက် ၂၀ ပြား၊ မုန့်ဟင်းခါးအရည်ဖျော်တစ်ပွဲ ၁၅ ပြားနှင့် နန်းကြီးသုပ်တစ်ပွဲ ၂၅ ပြားဖြစ်ရာ စာရေးသူမှာ မုန့်ဝယ်မစားဘဲ မုန့်ဖိုးများစုပြီး ပန်းတိမ်သမားများနှင့် အတူ ရုပ်ရှင်လိုက်ကြည့်လေ့ ရှိပါသည်။ စာရေးသူ ချောင်းဦးမြို့လေးသို့ ရောက်ရှိသွားချိန်တွင် ရုပ်ရှင်ရုံနှစ်ရုံလုံးက အသံထွက်ရုပ်ရှင်ကားများကို ပြသနေပြီဖြစ်ကြပြီး တစ်ခါတစ်ရံ၌သာ လူကြိုက်များသော အသံတိတ်ရုပ်ရှင် ကားဟောင်းများကို ပြန်လည်ပြသလေ့ရှိပါသည်။ ရုပ်ရှင်

www.burmeseclassic.com

www.burmeseclassic.com



ရုံနှစ်ရုံလုံးက အသံထွက် မင်းသားပေါင်းစုံ၏ အချစ်၊ အိမ်ထောင်ရေး၊ ဟာသ၊ ရာဇဝင်၊ သိုက်သမိုင်း၊ ဇာတ်ကြမ်းရုပ်ရှင်ကားများကို တစ်ကားပြီးတစ်ကား လဲလှယ်ပြသခဲ့ရာ၌ စာရေးသူ အများဆုံး ကြည့်ဖြစ်ခဲ့သည်မှာ မင်းသားရွှေဘ၏ ရုပ်ရှင်ကားများ ဖြစ်သည်။ ခင်မောင်၊ ခင်မောင်ညွန့်၊ ခင်မောင်ဇင်၊ ဖိုးပါကြီး၊ ဇေယျ၊ ကျော်ဆွေ၊ တင်ညွန့်၊ ကျော်ဝင်း၊ ကျော်ဖေ၊ ထွန်းဝေနှင့် ရွှေဘတို့ ထင်ရှားနေကြပြီး မြင့်မောင်၊ မောင်သင်၊ မြင့်စိုး၊ ကောလိပ်ဂျင်နေဝင်း၊ မြတ်လေးနှင့် ဝင်းဦးတို့ ကျော်ကြားစပြုနေကြပြီ ဖြစ်ပါသည်။ ရုပ်ရှင်ကြိုက်သော စာရေးသူကတော့ ရုပ်ရှင်မင်းသားများစွာ၏ ရုပ်ရှင်ကားများကို ကြည့်ဖြစ်ခဲ့သလို အချစ်ပိုနေမိသော ရွှေဘ၏ ရုပ်ရှင်ကားများကိုလည်း ပိုမိုကြည့်ဖြစ်ခဲ့သည်။ ရွှေဘ၏ ရုပ်ရှင်ကားများအနက်မှ နဂါးနီရုံမှ လူရိုးလူမိုက်၊ တရားခံ၊ ဗိုလ်ရွှေဘော်၊ သူမိုက်ကိုယ်မိုက်၊ တိုင်းကျော်၊ ကဲ မာမာပဲ၊ မဟုတ်မခံ၊ တုံးဆိုတိုက်၊ လောကဓံ စစ်ပွဲ ရုပ်ရှင်ကားများ၊ မြို့လယ်ရုံမှ ဗီဇ၊ မိုက်သွေးတစ်စက်၊ ပွဲကြီးပွဲကောင်း၊ လူစွမ်းကောင်းခုနစ်ယောက်၊ လာလာလေ၊ သုံးယောက်ပေါင်း လောင်းကျော်၊ ယောပြန်ဗရိန်း၊ မြေကြီးနဲ့ရွှေထီး၊ တေးနဲ့သွေး၊ ရန်သူ့ကျော့ကွင်း၊ နှစ်ဖက်ချွန် ရုပ်ရှင်ကားများနှင့် မုံရွာမြစန္ဒာရုံမှ ဗိုလ်စံဖဲ ရုပ်ရှင်ကားတို့အား ကြည့်ခဲ့ရသည်ကို ကောင်းကောင်းကြီး မှတ်မိနေပါသည်။

ထို့နောက် ၁၉၆၄ ခုနှစ်မှ ၁၉၇၉ ခုနှစ်များအတွင်း၌ အင်းစိန်စက်မှုလက်မှုသိပ္ပံတွင် ပညာဆည်းပူးရန် ရန်ကုန်မြို့တွင်လည်းကောင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနလက်အောက်မှ အထည်အလိပ်လုပ်ငန်းစက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် မိတ္ထီလာနှင့်ရွာသစ်ကြီး (စစ်ကိုင်း)တို့တွင်လည်းကောင်း လှည့်လည်နေထိုင်ခဲ့ရသည်။ ထိုကာလအတွင်း ကျော်ဆွေ၊ မြင့်အောင်၊ ထွန်းဝေ၊ ကောလိပ်ဂျင်နေဝင်း၊ မြတ်လေးနှင့် ဝင်းဦးတို့ ပိုမိုကျော်ကြားအောင်မြင်လာကြပြီး အောင်လွင်၊ စိန်မြင့်၊ တွံတေးသိန်းတန်၊ ဇော်ခင်၊ ညွန့်ဝင်း၊ ဇော်လွင်၊ ကြည်စိုး၊ စိုးရွှေတို့ ရှေ့ဆင့်နောက်ဆင့် ထင်ရှားလာကြကာ ၁၉၇၀ ပြည့်ဝန်းကျင်နှစ်များတွင် ဇော်ဝမ်း၊ ကျော်ဟိန်း၊ ဇော်လင်း၊ ထွန်းထွန်းဝင်း၊ အောင်အောင်၊ လင်းအောင်၊ ကိုမြင့်၊ ဝင်းလှိုင်၊ တိုးညွန့်၊ ဆိုးပေ၊ မောင်မဲ၊ ခင်မောင်ချင်းနှင့် သုမောင် စသည့် မြန်မာ့ရုပ်ရှင်သွေးသစ် မင်းသားများက ထိုးဖောက် နေရာယူလာကြသည်။ မင်းသားရွှေဘနှင့် ခေတ်ပြိုင်မင်းသား အနည်းငယ်သာလျှင် ဆက်လက်ကျော်ကြားကြတော့ပြီး နောက်မျိုးဆက်များမှ မြန်မာ့ရုပ်ရှင် သွေးသစ်မင်းသားများစွာ ပေါ်ထွန်းတောက်ပလာကြသည်။ စာရေးသူချစ်သော ရွှေဘကတော့ ထုထည်ကြီးမားလှသော အမာခံပရိသတ် ရှိနေဆဲမို့ ရုပ်ရှင်ရိုက်ကူးမှု အဆက်မပြတ် ရှိနေခဲ့သည်။ ရုပ်ရှင်ကြိုက်သော စာရေးသူမှာ ခေတ်အဆက်ဆက် ပေါ်ထွန်းတောက်ပလာသော မင်းသားတို့၏ ရုပ်ရှင်ကားများကို ကြည့်ဖြစ်သည့်နည်းတူ အသက်အရွယ်၊ အတွေ့အကြုံ ရင့်ကျက်လာသည့်ကြားမှ ကလေးဘဝကပင် စွဲလမ်းနှစ်သက်ချစ်ခင်နေသော ရွှေဘ၏ရုပ်ရှင်ကားများကို အကြည့်မလျော့ခဲ့။ အင်းစိန်စက်မှုလက်မှုသိပ္ပံအတွင်း ကျောင်းသားအဆောင်များနှင့် ရွာမ ပြည်တော်သာရုပ်ရှင်ရုံကြားတွင် ဗိုလ်ကုန်းလမ်းမကြီးနှင့် စားသောက်ဆိုင်တန်းသာခြားပြီး နီးကပ်လှ၍ ရုပ်ရှင်ကြိုက်သော စာရေးသူမှာ ဝမ်းသာခဲ့ရသည်။ ရန်ကုန်မြို့လယ်ရုံများနှင့် တာမွေ၊ မြေနီကုန်းနှင့် ကျောက်မြောင်းရှိ မြို့ပတ်ရုံများတွင် ရှေးဦးစွာပြသပြီးသည်နှင့် ဆင်ခြေဖုံးရုံဖြစ်သည့် ပြည်တော်သာရုံတွင် မြန်မာရုပ်ရှင်ကားများ ပြသလေ့ရှိရာ ချောင်းဦးမြို့လေးမှာကဲ့သို့ ကြာရှည်မစောင့်ရဘဲ ကားသစ်များကို အမြန်ကြည့်ခွင့်ရခဲ့သည်။ မိတ္ထီလာမြို့တွင် မျိုးမြင့်ရုံ၊ ရွှေဗဟိုရုံနှင့် ဖွဲ့ရုံဟူ၍ ရုပ်ရှင်ရုံ သုံးရုံရှိပြီး မန္တလေးမြို့တွင် ရုံတင်ပြီးသည်နှင့် မိတ္ထီလာ၊ မုံရွာ၊ တောင်ကြီး၊ မကွေး စသောမြို့များ၌ဦးစားပေးရုံတင်သော်လည်း ချည်မျှင်နှင့်အထည်စက်ရုံဝန်ထမ်းအိမ်ရာများနှင့် နှစ်မိုင်ခွဲခန့်ဝေးကွာနေ၍ သွားလာရေးခက်ခဲ နှောင့်နှေးလှပါသည်။ စစ်ကိုင်းချည်မျှင်နှင့်အထည်စက်ရုံ ဝန်ထမ်းအိမ်ရာများမှာ စစ်ကိုင်းမြို့မှ ၂၂ မိုင်နှင့် ရွာသစ်ကြီးရွာမှ ၂ မိုင်ခန့် အကွာတွင်ရှိရာ ရုပ်ရှင်ရုံများနှင့် အလှမ်းဝေးသည့်အဖြစ်နှင့် ကြုံခဲ့ရပါသည်။ သို့သော် စက်ရုံပိုင် ရုပ်ရှင်ပြစက်များရှိနေ၍ စာရေးသူက မန္တလေးမှ ရုပ်ရှင်ကား ရွေးချယ်ငှားရမ်းပြသမှုတာဝန်ကိုယူပြီး တစ်လတစ်ကြိမ်ခန့်တော့ ပြသနိုင်ခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ စစ်ကိုင်းတွင် ဆင်များရှင်ရုံနှင့် ဖေယျာညွန့်ရုံ နှစ်ရုံနှင့် ရွာသစ်ကြီးတွင် အခါအားလျော်စွာ ရုပ်ရှင်ပြသည့် ဇာတ်ရုံရှိသော်လည်း မကြည့်ဖြစ်ဘဲ မန္တလေးမြို့မှ ရုပ်ရှင်ရုံများကိုသာ သွားရောက်ကြည့်ရှုဖြစ်ခဲ့သည်။

အင်းစိန်(ရန်ကုန်)၊ မိတ္ထီလာနှင့် ရွာသစ်ကြီး(စစ်ကိုင်း)တို့တွင် ကျင်လည်စဉ်က ပညာရေးတာဝန်နှင့် ဝန်ထမ်းတာဝန်များကြောင့် ချောင်းဦးမြို့ကလေးမှာနေစဉ်ကဲ့သို့ ရုံတင်လာသမျှ မင်းသားရွှေဘ၏ ရုပ်ရှင်ကားများစွာ မကြည့်ဖြစ်ခဲ့သော်လည်း အခက်အခဲများစွာကြားမှ ရွေးချယ်၍တော့ ကြည့်ဖြစ်ခဲ့သည်။ ထိုရုပ်ရှင်ကားများအနက် အင်းစိန် ပြည်တော်သာရုံမှ ပုံလေတဲ့ငှက်ခါး၊ မမေ့တဲ့နိုင်အောင်၊ သဲသဲမဲမဲ၊ သတ္တိဗျတ္တိ(ဒုတိယအကြိမ် ပြန်လည်ရိုက်ကူးသည်)၊ တောကဖိုးတုတ်၊ ဂွစာ၊ မင်းအာဏာ ရုပ်ရှင်ကားများ။ မိတ္ထီလာ ဖွဲ့ရုံမှ တနေဝင်သော်၊ ဝရမ်းပြေးဘိုးသိန်း၊ မေတ္တာရောင်ပြန်၊ မောင်းထောင် ရွှေဘ၊ ယောင်ကြီးဗွေ မောင်မောင်ရွှေ မျိုးမြင့်ရုံမှ တို့နှစ်ယောက်၊ အမှိုက်ထဲကရွှေ၊ နောက်ဆုံးကျည်ဆံ၊ ဖွဲ့ ဟိန်းနှင့် မန္တလေးရွှေနဂါးရုံမှ ရွှေလဝင်းကိုခွင်းမည့်သူ ရုပ်ရှင်ကားများကို အမှတ်ရနေဆဲရှိသည်။

ဇော်ဝမ်း၊ ကျော်ဟိန်း စသော လူငယ်သွေးသစ် မင်းသားများ ထင်ရှားကျော်ကြားလာပြီး နောက်ပိုင်းကာလ ၁၉၇၀ ပြည့်လွန်နှစ်များတွင် အသက်အရွယ်နှင့် ကျန်းမာရေးအရ မင်းသားရွှေဘ၏ ရုပ်ရှင်ကားရိုက်ကူးမှု တဖြည်းဖြည်း လျော့နည်းလာခဲ့သည်။ သို့သော် မင်းသားရွှေဘမှာ အချို့သော မင်းသားများနယ် ရုတ်ချည်းကွယ်ပျောက်သွားခြင်းမျိုး မဟုတ်ဘဲ သူ့မူနှင့်သူ ပုံမှန်ရိုက်ကူးမှု ပြုနေရဆဲရှိသည်။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် စာရေးသူလည်း ရန်ကုန်မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရာ များပြောင်လှသော တာဝန်များကြားမှ မြွေမြွေချင်းခြေမြင်၊ သွေးမှာသတ္တိရှိသောကြောင့်၊ တို့လူလေးများ ဆိုသလေ၊ ငမန်းစွယ်နှင့်ကျွန်းသန္တာ နှင့် မချစ်လည်းပြုံး ချစ်လည်းပြုံး ရုပ်ရှင်ကားများကို ရန်ကုန်ရုံများတွင် ကြည့်ဖြစ်ခဲ့ပါသည်။

စာရေးသူမှာ ကလေးဘဝ၊ လူငယ်ဘဝနှင့် လူရွယ်ဘဝများတိုင်အောင် မင်းသားရွှေဘ၏ ရုပ်ရှင်ကားများကို တခုတ်တရ တန်ဖိုးထားပြီး ကြည့်ဖြစ်ခဲ့သည်။ ငယ်စဉ်ကလေးဘဝက မင်းသားရွှေဘ၏ အထိုးအကြိတ်၊ အသတ်အပုတ်များနှင့် ရွှေဘပါဝင်သရုပ်ဆောင်ရသည့် ဇာတ်ကောင်တို့၏ သတ္တိဗျတ္တိရှိမှု၊ စွန့်စားမှုနှင့် ရွှေဘဇာတ်ကောင်က နှိပ်စက်အနိုင်ကျင့်မှုနှင့် မတရားမှုတို့အား လက်စားချေမှုကို ကျေနပ်အားကျသောကြောင့် စွဲလမ်းခဲ့သည်ဟု လည်းကောင်း၊ လူငယ်ဘဝတွင် မင်းသားရွှေဘ ပါဝင်သရုပ်ဆောင်ရသည့် ဇာတ်ကောင်တို့၏ မဟုတ်မခံစိတ်ဓာတ်၊ မတရားပြုကျင့်သူတို့အား ခံကာကွယ်ရဲမှုနှင့် အဓမ္မပြုခြင်းအား ရွံမုန်းမှုကြောင့် ကြိုက်နှစ်သက်ခဲ့သည်ဟုလည်းကောင်း၊ လူရွယ်ဘဝတွင် မင်းသားရွှေဘ၏ ဇာတ်ဆောင်စရိုက်အား ပီပြင်စွာ သရုပ်ဆောင်နိုင်စွမ်းရှိမှု၊ မင်းသားရွှေဘ၏ ရိုးသားဖြူစင်မှုနှင့် အနစ်နာခံမှုတို့အား တွေ့မြင်ကြားသိလာရမှုနှင့် မင်းသားရွှေဘအပေါ် ရုပ်ရှင်ကားများမှတစ်ဆင့် သံယောဇဉ်ကြီးမားစွာ ဖြစ်တည်နေမှုတို့ကြောင့် သဘောကျခဲ့သည်ဟု လည်းကောင်း ဆန်းစစ်မိပါသည်။ ငယ်စဉ်ကလေးဘဝ၊ လူငယ်ဘဝနှင့် လူရွယ်ဘဝ အဆင့်ဆင့်တွင် ကြည့်ခဲ့ရသော မင်းသားရွှေဘ၏ ရုပ်ရှင်ကားများအနက် ယခုလူကြီးဘဝ အထိ ရောက်ရှိနေသည့်တိုင်အောင် အချို့ရုပ်ရှင်ကားများ၏ ဇာတ်လမ်းဇာတ်အိမ်နှင့် မင်းသားရွှေဘ၏ သရုပ်ဆောင်ချက်များကို မှတ်မှတ်ရရ စွဲလမ်းနေဆဲရှိပါသည်။ အထူးသဖြင့် လူရိုးလူမိုက်နှင့် တောကဖိုးတုတ် ရုပ်ရှင်ကားတို့မှ ရိုးသားဖြူစင်သော ကျေးလက်ကလူငယ်အဖြစ် ပီပြင်စွာ သရုပ်ဆောင်ပုံ၊ တရားခံနှင့် ဗိုလ်ရွှေဘော်တို့မှ ကျေးလက်ပြည်သူတို့အား မတရားအနိုင်ကျင့်သော သောင်းကျန်းသူများ၏ဒဏ်ကို အလူးအလဲခံစားနေရရာမှ ပြန်လည် ခုခံပုံ၊ ဝရမ်းပြေးဘိုးသိန်းနှင့် ဗိုလ်စံဖဲ (တောပုန်းကြီးစံဖဲ)တို့မှ မြန်မာပြည်သူတို့အား အဓမ္မကျွန်ပြုလာသော ဗြိတိသျှနယ်ချဲ့နှင့် လက်ပါးစေတို့အား တော်လှန်အနိုင်ယူပုံ၊ ဒါလားကွအချစ်နှင့် တရားတစ်ဖက်မားတစ်လက်တို့မှ ဆိုးသွမ်းမိုက်မဲမှုသံသရာမှ ရုန်းထွက်ပြီး အမြင်မှန်ရကာ ပတ်ဝန်းကျင်အကျိုး သယ်ပိုးလာတတ်ပုံ၊ ဇီဇာ၊ ရွှေလဝင်းကိုခွင်းမည့်သူနှင့် မင်းအာဏာတို့မှ လူမိုက်တို့၏သွားရာလမ်းကို ပြသသွားပုံတို့မှာ မှတ်မှတ်ထင်ထင် ရှိနေဆဲဖြစ်သည်။ ငယ်စဉ်က ရုပ်ရှင်ပိတ်ကားထက်မှ မင်းသားရွှေဘ

www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ ၀မ်းနည်းမှု၊ ကြေကွဲမှု၊ ၀မ်းသာမှု၊ ကြည်နူးမှု တက်ကြွမှုတို့ ခံစားရင်း မဟုတ်မခံစိတ်နှင့် မျိုးချစ်စိတ်တို့ ဖြစ်ထွန်းကာ အားမာန်နှင့် ဇာတိမာန် ရှင်သန်ခဲ့ရသည်များကို အောက်မေ့တသ နေဆဲရှိပါသည်။ စာရေးသူနည်းတူ တစ်သက်တာလုံး မင်းသားရွှေဘအား စွဲလမ်းနှစ်သက်သဘောကျစွာ အားပေးလက်ခံခဲ့ကြသည့် ပရိသတ်အင်အား ကြီးမားမှုကြောင့်သာ မင်းသားရွှေဘမှာ ရုပ်ရှင်သက်တမ်း နှစ်လေးဆယ်ကျော်ကာလအတွင်း ရုပ်ရှင်ကားများစွာကို ရိုက်ကူးခွင့်ရခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ချစ်နိုင်(စိတ်ပညာ) တည်းဖြတ်သည့် သူတို့ ဘာကြောင့်အောင်မြင် စာအုပ်တွင် စာရေးဆရာ ကျော်ဖုန်းမြင့်(ဓာတုဗေဒ)က ပြည်သူထဲက ရွှေဘဆောင်းပါး၌ 'ရွှေဘကို မြို့ပြနေ ပြည်သူများထက် ကျေးလက်နေ ပြည်သူများက တစ်ခဲနက်အားပေးကြည့်ရှုကြသည်။ နှစ်သက်စွဲမက်ကြသည်။ ပြည်သူချစ်သောရွှေဘ၏ သရုပ်ဆောင်ချက်များကလည်း ပီပြင်သည်။ ဆင်းရဲနွမ်းပါးသော အဖိနှိပ်ခံ၊ အညှဉ်းဆဲခံ တောင်သူလယ်သမား၊ အလုပ်သမား လူတန်းစားဖက်က ရပ်တည်လျက် မဟုတ်မခံ နယ်ချဲ့ကိုတော်လှန်သော၊ အရင်းရှင်ကိုတော်လှန်သော၊ သူကြီးဆိုး၊ လူဆိုးဓားပြ၊ သောင်းကျန်းသူတို့ကို ရင်ဆိုင်တိုက်ခိုက်သော ပြည်သူထဲက ပြည်သူတစ်ယောက်အဖြစ် သရုပ်ဆောင်ခဲ့၍လည်း ရုပ်ရှင်ကြည့် ပြည်သူတစ်ရပ်လုံးက တညီတညွတ်တည်း ရွှေဘကို သဘောကျနှစ်ခြိုက်အားပေးခဲ့ကြခြင်းဖြစ်သည်'ဟု သုံးသပ်ခဲ့ခြင်း ဖြစ်ပါသည်။ သူတို့ ဘာကြောင့်အောင်မြင် စာအုပ်မှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ၂၀၀၁ ခုနှစ်တွင် ထုတ်ဝေခဲ့ပြီး စာရေးဆရာ ၁၁ ဦးတို့မှ ဇာတ်သဘင်၊ ဂီတနှင့် ရုပ်ရှင်နယ်ပယ်များမှ လျှမ်းလျှမ်းတောက် ကျော်ကြားအောင်မြင်ခဲ့သော အနုပညာရှင် ၁၃ ဦးတို့၏ ကြိုးစားအားထုတ်မှုနှင့် အောင်မြင်မှုတို့ကို အားကျဖွယ်၊ အတုယူဖွယ်နှင့် လေးစားဖွယ်ဖြစ်အောင် ရေးသားတင်ပြထားခြင်းဖြစ်သည်။

စာရေးသူ နိုင်ငံ၀န်ထမ်းအဖြစ် တာ၀န်ထမ်းဆောင်ရင်းမှ စာနယ်ဇင်းများတွင် ၀တ္ထုတိုနှင့် အကြောင်းအရာစုံ ဆောင်းပါးများကို အခါအားလျော်စွာ ရေးသားနေဆဲရှိပါသည်။ ထိုသို့ ရေးသားရာ၌ ရုပ်ရှင်ဆောင်းပါး များစွာလည်း ပါ၀င်ခဲ့ပြီး ရွှေဘနှင့်စပ်လျဉ်း၍ အောက်မေ့စရာရွှေဘ သုတေသနဆောင်းပါး (ရင်ခုန်သံမဂ္ဂဇင်း ၁၉၈၉ နို၀င်ဘာ)နှင့် ဆက်ပြီးပြောရမယ်ဆိုရင်ဖြင့် ဆောင်းပါး (ယနေ့အနုပညာဂျာနယ် ၁၉၉၄ အတွဲ-၁၊ အမှတ်-၆) များ ရေးဖြစ်ခဲ့ပါသည်။ အောက်မေ့စရာရွှေဘ သုတေသနဆောင်းပါးတွင် မင်းသားရွှေဘ၏ဘ၀နှင့် အနုပညာကောက်ကြောင်းကို ဖော်ပြခဲ့ပြီး 'နိုင်ငံလည်းအကျိုးပြု၊ အနုပညာလည်းမြောက်၊ ဖျော်ဖြေမှုလည်းပါတဲ့ ကားတွေအများကြီးရှိပေမယ့် (ဦး)ရွှေဘကွယ်လွန်တာ တစ်နှစ်နီးပါးရှိပေမယ့်လို့ မြန်မာ့ရုပ်မြင်သံကြားမှ အမှတ်တရ တစ်ကားမှမကြည့်ရတာပဲ။ မကွယ်လွန်မီကလည်း ပြသတယ်ဆိုတဲ့သတင်း မကြားမိပါဘူး။ ကမကထ လုပ်တဲ့သူ မရှိလို့ပဲလားတော့ မပြောတတ်ဘူး။ ပြီးတော့ ၈၉ ဇန်နဝါရီလထုတ် ရုပ်ရှင်အောင်လံ၊ ရုပ်ရှင်အမြုတေ၊ ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းတွေမှာ ဆောင်းပါးတစ်ပုဒ်စီပါပြီး နောက်လတွေမှာ ရင်ခုန်သံနဲ့ အနုပညာကြေးမုံမှာ တစ်ပုဒ်စီပဲ (ဦး)ရွှေဘကို အမှတ်တရ ရေးသွားကြတာ ဖတ်ရတယ်။ (ဦး)ရွှေဘနဲ့ နှစ်ပတ်ခြားပြီး ကွယ်လွန်သွားတဲ့ (ဦး)၀င်းဦးနဲ့ ကွာခြားလွန်းပါတယ်။ (ဦး)၀င်းဦးနဲ့ (ဦး)ရွှေဘတို့ရဲ့ လက်ရှိအခြေအနေ အရပ်ရပ်ကလည်း ကွာတယ်မဟုတ်လား'ဟုလည်းကောင်း၊ 'ရုပ်ရှင်ကား ၆၀ လောက်သာ (ဦး)၀င်းဦးရိုက်ခဲ့တော့ ပြုစုသုတေသန လုပ်ရတာ အခက်အခဲ သိပ်ပြီးမရှိခဲ့ပါဘူး။ (ဦး)ရွှေဘအတွက် ပြုစုသုတေသန လုပ်ဖို့ကျတော့ လက်ရှံ့စရာပါ။ ဒီနေ့ထိ (ဦး)ရွှေဘ ရုပ်ရှင်ကား ဘယ်လောက်ရိုက်ခဲ့တယ် ဆိုတာကို ဘယ်သူမှ တိတိကျကျမဖော်ပြနိုင်ဘူး။ အမြောက်အမြားဆိုတာနဲ့ ကျေနပ်နေကြရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရုပ်ရှင်လောကမှာ ၄၄ နှစ်ကြာ ရပ်တည်ခဲ့ပြီး မြန်မာ့ရုပ်ရှင်သမိုင်းမှာ ကားအများဆုံးရိုက်ကူးခဲ့ရတဲ့ မင်းသားလည်းဖြစ်၊ မြန်မာနိုင်ငံရဲ့ အခြေခံလူတန်းစားဖြစ်တဲ့ လယ်သမားနဲ့ အလုပ်သမားတို့ရဲ့ အသည်းစွဲလည်းဖြစ်တဲ့ (ဦး)ရွှေဘကို သံယောဇဉ်ကြီးတဲ့ ရုပ်ရှင်၀ါသနာအိုးတွေ၊ စာရေးဆရာတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ ၀ိုင်း၀န်းပြီး သုတေသနလုပ်ကြဖို့ ကောင်းတယ်'ဟု လည်းကောင်း ဖော်ပြခဲ့ပါသည်။ ဆက်ပြီးပြောရမယ်ဆိုရင်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com




ဆောင်းပါးတွင် (ယနေ့ အနုပညာဂျာနယ် အမှတ်၃/၉၄) တွင် စာရေးဆရာကြီး ဗမိုးက ကျော်ဆွေ၊ ရွှေဘ၊ ဇေယျ တို့၏ ရုပ်ရှင်ကားကောင်းကားသန့်များ စုစည်းမှတ်တမ်း ထားရှိမှု အားနည်းချက်ကို ထောက်ပြခဲ့ခြင်းအား အကြောင်း ပြုပြီး စာရေးသူက ထောက်ခံရေးသားခဲ့ရာ၌ 'ဦးရွှေဘ ကွယ်လွန်တာ ၆ နှစ် ကျော်ပေမယ့်လို့ မြန်မာ့ရုပ်မြင် ဖန်သားပြင်မှာ ဒီနေ့ထက်ထိ ကြည့်ခွင့်မရခဲ့ပါဘူး။ မြန်မာ့ ရုပ်ရှင် သက်တမ်းတစ်လျှောက်မှာ ထူးချွန်တဲ့အနုပညာ ရှင်တွေ အမြောက်အမြား ပေါ်ထွန်းခဲ့သလို ဂန္ထဝင်ကား တွေလည်း ထွက်ရှိခဲ့ပါတယ်။ ထူးချွန်တဲ့ အနုပညာရှင်တွေ ရဲ့ အကောင်းတကာ့အကောင်းဆုံး စွမ်းဆောင်ချက် (Master Piece)ပါတဲ့ ရုပ်ရှင်ကားတွေနဲ့ ဂန္ထဝင်ရုပ်ရှင်ကား တွေဟာ တိုးတက်နေတဲ့ စက်မှုသိပ္ပံပညာရပ်တွေနဲ့ စုစည်း မှတ်တမ်းရှိသင့်ပါတယ်။ ပြီးတော့ အနာဂတ် ရုပ်ရှင်အနု ပညာ ဖွံ့ဖြိုးတိုးတက် စည်ပင်ရေးတွက် အသုံးချသွားရမှာ ဖြစ်ပါတယ်။ အခါအားလျော်စွာ ရုပ်မြင်သံကြားကတစ်ဆင့် ပြည်သူလူထုကို ဖျော်ဖြေသွားနိုင်ပါတယ်'ဟု မင်းသား ရွှေဘ၏ ရုပ်ရှင်ကားများ မှတ်တမ်းအဖြစ်မရှိပုံကို ဖြည့် စွက်ရေးသားခဲ့ပါသည်။ စာရေးသူအနေဖြင့် မင်းသား ရွှေဘအား ချစ်ခင်စိတ်၊ လေးစားစိတ်နှင့် သံယောဇဉ် ကြီးမားမှုတို့အား အရင်းခံပြီး စာနယ်ဇင်းများမှ မင်းသား ရွှေဘနှင့် စပ်လျဉ်းသည့် ဂုဏ်ပြုဆောင်းပါးများ ဝေဝေ ဆာဆာ မဖော်ပြခဲ့ခြင်းနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ မင်းသားရွှေဘ၏ ရုပ်ရှင်ကားများအား မှတ်တမ်းထားရှိ ပြသမှုမပြုခြင်းတို့အား ပြင်းပြစွာခံစားရ၍ မခံချိမခံသာ ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

သတင်းစာဆရာ၊ စာရေးဆရာ ဖိုးသောကြာ (ခေတ် + မိုး)က 'ရုပ်ရှင်ဇာတ်ရုပ်တွေ အဟုတ်ပဲ ပေါက်နေကြပြီ လား' ဆောင်းပါး(အလင်းတန်းဂျာနယ် ၁၆–၈–၂၀၀၄)၌ မြန်မာ့ရုပ်ရှင်အလယ်ခေတ်ကာလ (၁၉၅၀ ပြည့်လွန်မှ ၁၉၆၀ ပြည့်လွန်)တွင် စက်မှုနည်းပညာဖွံ့ဖြိုးမှု နည်းပါး သည့်ကြားမှ သာဓကအဖြစ် အောင်မြင်ကျော်ကြားခဲ့သည့် ရုပ်ရှင်ကားများနှင့် ထိတ်ထိတ်ကြဲ မင်းသား၊ မင်းသမီးများ (ကျော်ဆွေ၊ ဝင်းဦး၊ မြတ်လေး၊ ညွန့်ဝင်း၊ ခင်သန်းနု၊ နွဲ့နွဲ့မူ)အကြောင်း ပြန်လည်တူးဆွရေးသားပြီး မျက်မှောက် ကာလ ရုပ်ရှင်အနုပညာရှင်များအနေဖြင့် သူများကိုလွှဲမချ စက်တွေကို လက်ညှိုးထိုးမပြဘဲ ရုပ်ရှင်ကားကောင်းရေး အတွက် ကိုယ့်ကိုယ်ကို ဝေဖန်ဆန်းစစ်ကြရန် တိုက်တွန်း ခဲ့ပါသည်။ ထိုဆောင်းပါးကို ဖတ်ခွင့်ရသူ ရွှေဘ၏ပရိသတ် ရွှေဘခရေဇီ(Crazy)တွေက စာရေးဆရာ ဖိုးသောကြာ (ခေတ်+မိုး)က သာဓကအဖြစ် တင်ပြခဲ့ရာ၌ပင် ရွှေဘ၏ နာမည်နှင့် ရွှေဘ၏ ရုပ်ရှင်ကားအမည်ဖော်ပြရန် လစ် ဟင်းခဲ့ခြင်းအတွက် ဖိုးသောကြာ(ခေတ်+မိုး)ထံသို့ ချက် ချင်း စာေဒကတက်သည့်စာ တုံ့ပြန်ရေးသားပေးပို့ခဲ့ကြ ပါသည်။ ထိုသို့ စာေဒကတက်သည့်စာကို ဖတ်ရှုခွင့်ရ သော ရွှေဘကိုလေးစားချစ်ခင် ရူးသွပ်ကြသည့် ပရိသတ် မှာ သဘောတွေ့ခဲ့ကြသည်။ ဖိုးသောကြာ(ခေတ်+မိုး) က မင်းသားရွှေဘ၏ ပရိသတ်အတွက် 'ဦးရွှေဘနာမည် မပါလို့ မကျေနပ်ဘူး'ဆောင်းပါး (အလင်းတန်းဂျာနယ် ၁၃–၉–၂၀၀၄)ကို တောင်းပန်ဖြည့်စွက် ရေးသားမှုပြုခဲ့ရ ပါသည်။ ဖိုးသောကြာ(ခေတ်+မိုး)ထံသို့ မင်းသားရွှေဘ၏ ပရိသတ်က 'ကျော်ဆွေတို့ ကောလိပ်ဂျင်နေဝင်းတို့ နာမည် တွေ တပ်ရေးသွားတာတော့ ဟုတ်ပါပြီ။ (ဦး)ရွှေဘကို တော့ နာမည်တောင် မဖော်ပြတာ မတရားဘူး'၊ 'အခု ဇာတ်ရုပ်တွေထဲမှာ ကျော်ဆွေတို့ ကောလိပ်ဂျင်နေဝင်းတို့ ဇာတ်ရုပ်တွေ ပေါ်ထွက်ဖို့ နီးစပ်ပါသေးတယ်။ (ဦး) ရွှေဘလိုဇာတ်ရုပ် တစ်ရုပ်မှ မွေးထုတ်မပေးနိုင်သေးဘူး'၊ 'ဒီကနေ့ ကြမ်းပါတယ်ဆိုတဲ့ ဇာတ်ရုပ်တွေလောက်တော့ (ဦး)ရွှေဘက အိပ်နေတယ်ခင်ဗျ။ ပျင်းတောင်ပျင်းသေး တယ်လို့ ပြောရင်တောင် သနားတယ်'၊ 'တနသ်ာရီတိုင်း ပရိသတ်က ရွှေဘကို (ဦး)မပါဘဲခေါ်ရင် သိပ်ရိုင်းတဲ့ လူတွေဆိုပြီး မကျေနပ်ဘူး။ (ဦး)ရွှေဘက ဖလင်ကော်ပြား ရုပ်ရှင်ကားကြီး နှစ်ရာကျော်ရိုက်ခဲ့တာ၊ အခုလို ဗီဒီယို ရိုက်တာ မဟုတ်ဘူး'၊ '(ဦး)ရွှေဘနာမည်ကို ဆရာ့ဆောင်း ပါးထဲမှာ ရေးမပြတာ (ဦး)ရွှေဘကို မှတ်တမ်းမတင်တာ နှိမ်တာပဲလို့ ခံစားရတယ်'၊ 'ဦးရွှေဘကို ဒီနေ့အထိ ဘယ်မင်းသားမှ မနိုင်သေးဘူး။ တရုတ်သိုင်းကား မင်းသား တွေက ကင်မရာထရစ် (Trick) တွေပါ။ ဦးရွှေဘကမှ တကယ် ထိုးတာ'ဟူ၍ အမျိုးမျိုး အဖုံဖုံ တုံ့ပြန်ခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com






ဖိုးသောကြာ (ခေတ်+မိုး)မှ မင်းသားရွှေဘ၏ ပရိသတ်များထံမှ တုံ့ပြန်မှုကိုတင်ပြပြီးနောက် ယနေ့ကျော်ကြားအောင်မြင်နေကြသည့် ဒါရိုက်တာ နောင်ထွန်းလွင် (သရုပ်ဆောင်ထွန်းထွန်းနိုင်)နှင့် ဒါရိုက်တာညီညီထွန်းလွင် တို့၏ဖခင် ကွယ်လွန်သူဇာတ်ညွှန်းရေးဆရာကြီး ရွှေဒုံး ထွန်းလွင်၏ ၁၉၇၀ ပြည့်ဝန်းကျင် မြိတ်နှင့် တနင်္သာရီခွင် ရုပ်ရှင်ရုံများတွင် ကန်ထရိုက်ယူ၍ ရုပ်ရှင်ပြသစဉ်က အတွေ့အကြုံကို 'မြိတ်ရုပ်ရှင်ရုံမှာ ရွှေဘရုပ်ရှင်ကား

www.burmeseclassic.com

www.burmeseclassic.com



တစ်ကားပြတော့ ရုံကွဲမတတ် အားပေးကြတယ်။ ဇာတ်လမ်းအရ ဦးရွှေဘ ခံနေရတယ်။ ရုပ်ရှင်စပြလာကတည်းက လူကြမ်းတွေက ဦးရွှေဘကို နှိပ်စက်လာတာ များလာတော့ ရုပ်ရှင်ကြည့်ပရိသတ်က မခံမရပ်နိုင် ဖြစ်လာတယ်။ ပွဲဆူလာပြီး ရုပ်ရှင်ပိတ်ကားကို ဆေးလိပ်တိုနှင့်ပေါက်၊ ဖိနပ်ချွတ်ပေါက် ဖြစ်လာတော့ ပွဲရပ်လိုက်ရတယ်။ ကန်ထရိုက်ကြီး ရွှေဒုံးထွန်းလွင်လည်း ပွဲပျက်မခံနိုင်တော့ ပိတ်ကားရှေ့မှာရပ်ပြီး ပရိသတ်ကို ရှင်းပြရတယ်။ 'ပရိသတ်ကြီး ခင်ဗျာ၊ ဇာတ်လမ်းက အခုမှအစပဲ ရှိပါသေးတယ်။ ကျွန်တော်တို့ရဲ့ လူစွမ်းကောင်းကြီး ရွှေဘက သူ့ကို နှိပ်စက်နေတဲ့ လူဆိုးခေါင်းဆောင်နဲ့ တပည့်တွေကို နောက်ပိုင်းမှာ အပြတ်အသတ်နှိမ်နင်းပြီး ဘယ်လိုအောင်ပွဲခံသွားမယ်ဆိုတာ သည်းခံပြီး စောင့်ကြည့်ပေးကြပါ။ ပရိသတ် အားပေးမှ လူစွမ်းကောင်းကြီး ရွှေဘက လူဆိုးတွေကို တစ်ယောက်မှ မကျန်အောင် နှိမ်နင်းပစ်မှာပါ'လို့ ဟန်ပါပါနှင့် ရှင်းပြတော့ ပရိသတ်က လက်ခုပ်လက်ဝါးတီး၊ လက်ခေါက်မှုတ်အားပေးပြီး ဒါမှ တို့ရွှေဘကွလို့ အော်ဟစ်ကြတယ်။ ရုပ်ရှင်ကို ဆက်ကြည့်ကြတယ်'ဟု တစ်ဆင့်ဖောက်သည် ချခဲ့သည်။

အကယ်ဒမီ ဓာတ်ပုံဆရာ၊ ဒါရိုက်တာနှင့် စာရေးဆရာထွန်းလှိုင်က 'ရုပ်ရှင်နယ်မှ ချစ်စရာလေးများ' ဆောင်းပါး (ရုပ်ရှင်ကြေးမုံ မဂ္ဂဇင်း ၁၉၈၈ မေ)တွင် 'ရွှေဘကိုမသိရင် မြန်မာရုပ်ရှင်ကြည့် ပရိသတ်မဟုတ်ဘူးလို့ဆိုရင် မမှားပါဘူး။ ရွှေဘ ပိတ်ကားပေါ်မှာထိုးရင် လူထုက လက်ခုပ်တီးတယ်။ ရွှေဘကို ဝိုင်းထိုးတာ ပြန်မထိုးနိုင်ရင် လူထု ရုံထဲကထွက်ပြီး အပြင်မှာ ထွက်ထိုင်ကြဖူးပါတယ်။ သူ့လူထု ရုံထဲပြန်ဝင်အောင် မန်နေဂျာက လောက်စပီကာကနေပြီးတော့ ဘာပြောသလဲ၊ လူထုကြီး ခင်ဗျာ ... ပရိသတ်အချစ်တော် တကယ်ချတဲ့ ကိုရွှေဘဟာ မကြာခင် သူ့ကို ဝိုင်းချတဲ့ လူအုပ်ကို အပြတ်အသတ် ပြန်ချပါလိမ့်မယ် ခင်ဗျားလို့ အော်တော့မှ သူ့ပရိသတ် ရုံထဲပြန်ဝင်ကြတယ်။ ဒါဟာ တကယ့် အဖြစ်အပျက်ပါ။ လူထုက ကိုရွှေဘကို တကယ်ချစ်တာပါ'ဟု ရုပ်ရှင်လောက ကိုယ်တွေ့ဖြစ်ရပ်ကို တင်ပြခဲ့ပါသည်။

အကယ်ဒမီ ဓာတ်ပုံဆရာ၊ ဒါရိုက်တာနှင့် စာရေးဆရာထွန်းလှိုင်က ရွှေဘနှင့်စပ်လျဉ်း၍ ရုပ်ရှင်လောက ကိုယ်တွေ့ဖြစ်ရပ်ကို တင်ပြခဲ့သည့်နည်းတူ နိုင်ငံကျော် စာရေးဆရာကြီး သော်တာဆွေကလည်း 'ရုပ်ရှင်မင်းသား ရွှေဘမှ ဗီဒီယို'ဆောင်းပါး (သောင်းပြောင်းထွေလာ မဂ္ဂဇင်း ၁၉၈၇ ဇန်နဝါရီ)ဖြင့် ရွှေဘနှင့်စပ်လျဉ်း၍ စာပေဘဝ အတွေ့အကြုံကို '၁၉၇၅ ခုနှစ်က (ထင်ပါသည်) စစ်တောင်းစက္ကူစက် ပထမဦးဆုံး စာပေဟောပြောပွဲ ကျင်းပရာ၌ အဲဒီတုန်းက မြန်မာပြည်မှာရှိနေသေးတဲ့ အောင်ဗလရယ်၊ ကာတွန်းကိုဖေသိန်းရယ်၊ ကျွန်တော်ရယ် ဖိတ်ပါသည်။ သို့သော် ဤပွဲမှာ စက်ရုံအရာရှိ ပညာတတ်များမှလွဲ၍ ကာယလုပ်သားများနှင့် ပတ်ဝန်းကျင်က ရပ်ကွက်လူထုမှာ စာပေနှင့်မနီးစပ်သဖြင့် အဲဒီခေတ် အချိန်အခါက လွှန်စွာခေတ်စားနေသော ရုပ်ရှင်မင်းသားရွှေဘနှင့် ကျွန်တော်တို့ စာရေးဆရာများ တွဲဖက်ခဲ့ကြရ၏။ အသို့ဟူမူ စာပေဟောပြောပွဲ ကျင်းပသည်မှာ စစ်တောင်းစက္ကူစက်ရုံထဲတွင်ဖြစ်၍ ယနေ့ည ရွှေဘပါဝင်သော (ကျွန်တော် နာမည်မမှတ်မိတော့သော) ကားပြမည်။ ရှေးဦးစွာ နိုင်ငံကျော် စာရေးဆရာကြီးများဖြစ်သော ဦးသော်တာဆွေ၊ ဦးအောင်ဗလနှင့် ကာတွန်းဦးဖေသိန်းတို့၏ ဟောပြောပွဲရှိ၍ ရုပ်ရှင်ရုံထဲသို့ မည်သည့်အချိန် ဝင်ရမည်။ ထိုအချိန်မှလွန်သော် ရုံတံခါးပိတ်မည်။ ပိုင်လိုက်လေဗျာ သောက်ကျိုးနည်း ညနေ နေဝင်ရီမှောင်ကတည်းက ရုံထဲလူပြည့်နေလေပြီ။ အား ... ကလေးတွေကလည်း အားကြီးပဲ။ ကလေးမှ ရိုးရိုးကလေးတွေ မဟုတ်ဘူး။ ရွှေဘကလေးတွေဗျ၊ ထိုးလိုက်ကြတဲ့ ဒိုင်ဗင်၊ သတ်လိုက်ကြတဲ့ နောင်ဂျိန်၊ ရုပ်ရှင်ရုံရှေ့ပိုင်းမှာ ဆူညံလုံးထွေးနေကြတာပဲဗျာ။ မျက်စိကိုနောက်ကရော။ အဲ ... ဟောပြောပွဲစမယ်လို့ အခမ်းအနားမှူးက ကြေညာတဲ့အခါမှ မီးကိုရေနဲ့သတ်လိုက်သလို ငြိမ်သွားပါတယ်။ သို့သော် ဟောပြောပွဲလဲ စရော၊ ကျွန်တော် ဈေးဦးပေါက်လိုက်တာကိုး။ ပထမတော့ ဘာများလဲလို့ သူတို့ ငြိမ်နေကြသားဗျ။ တော်တော်ကြာတော့ ဒီလူကြီး ဘာတွေလာပြောနေပါလိမ့်လို့ သူတို့ နားမလည်ကြတော့ဘဲ သူတို့ချင်း နောင်ဂျိန်ကြ၊ ဒိုင်ဗင်ထိုးကြပြန်ရောဗျ။ အဲဒီအခါမှာ အခမ်းအနားမှူးက ထိုင်ရာမှထလာပြီး ကျွန်တော့်ကို ဆရာခဏလို့ ဖယ်ခိုင်းပြီး

www.burmeseclassic.com

www.burmeseclassic.com


မိုက်ရှေ့က အော်လိုက်ရတယ်။ မင်းတို့ ဒီလိုသာ ဆူပူ ဆော့နေကြရင်တို့ ရွှေဘရုပ်ရှင်ကားကို မပြတော့ဘူးကွ။ ရွှေဘဇာတ်ကားကြည့်ချင်ရင် ငြိမ်နေကြ ဒါပဲ။ အဲဒီတော့မှ ကျွန်တော် ဆက်ဟောရပါတယ် ခင်ဗျား။ ဒီလိုပဲ စာရေး ဆရာတစ်ယောက်လျှင် တစ်ကြိမ်နှစ်ကြိမ်လောက် ရွှေဘ နှင့်ခြိမ်းခြောက်ခြင်းဖြင့် ကျွန်တော်တို့ စာပေဟောပြော ပွဲကြီး အောင်မြင်စွာ ပြီးဆုံးသွားပါသည် ခင်ဗျာ'ဟု ဖွင့်ဟ ခဲ့ပါသည်။ စာရေးဆရာကြီး သော်တာဆွေ၏ စာပေ ဟောပြောပွဲ အတွေ့အကြုံတွင် အလုပ်သမားလူတန်းစားနှင့် မိသားစုဝင်များ (ကလေး၊ လူကြီးမကျန်)အပေါ် မင်းသား ရွှေဘ၏ ဩဇာသက်ရောက်မှုနှင့် အလုပ်သမား လူတန်း စားနှင့်မိသားစုက မင်းသားရွှေဘအား ချစ်ကြပုံကို မီး မောင်းထိုးပြလိုက်ခြင်း ဖြစ်ပါသည်။ ဆရာမောင်ခိုင်လတ် က 'လွမ်းတတ်သူ' ရသစာတမ်းဖြင့် အထက်မြန်မာပြည် မြေလတ်ဒေသနှင့် အညာဒေသတစ်ခွင်မှ နယ်လှည့်ရုပ်ရှင် ပြသရေးအဖွဲ့တာဝန်ခံ ဦးကျော်အုန်း၏ အတွေ့အကြုံအား တစ်ဆင့်ဖောက်သည်ချ တင်ပြပုံ၊ ဆရာကြီးဖိုးသောကြာ (ခေတ်+မိုး)က 'ဦးရွှေဘ နာမည်မပါလို့ မကျေနပ်ဘူး' ဆောင်းပါးဖြင့် မြိတ်နှင့်တနင်္သာရီတစ်ခွင် ရုပ်ရှင်ကန်ထ ရိုက် ဇာတ်ညွှန်းရေးဆရာကြီး ရွှေဒုံးထွန်းလွင်၏ အတွေ့ အကြုံအား တစ်ဆင့်ဖောက်သည်ချ တင်ပြပုံ၊ ဓာတ်ပုံ အကယ်ဒမီထွန်းလှိုင်၏ ရုပ်ရှင်လောက ကိုယ်တွေ့ဖြစ်ရပ် တင်ပြပုံနှင့် စာရေးဆရာသော်တာဆွေ၏ စာပေဟောပြော ပွဲ အတွေ့အကြုံ တင်ပြပုံတို့ကိုကြည့်၍ မြန်မာပြည်တစ် လွှားမှ ရုပ်ရှင်ကြည့်ပရိသတ်၏ မင်းသားရွှေဘအား အချစ်ကြီးချစ်ကြပုံအား ကွက်ကွက်ကွင်းကွင်း မြင်တွေ့ ကြရပါသည်။ ရုပ်ရှင်ထဲမှ မင်းသားရွှေဘ၏ သရုပ်ဆောင် ပီပြင်လှပုံကို ကြည့်ရှုခံစားရင်း မင်းသားရွှေဘ၏ တကယ့် ဘဝမှ အဖြစ်သနစ်များအဖြစ် ပရိသတ်ထင်မြင်သွားကြပြီး မချင့်မရဲ ဖြစ်သွားပုံမှာ ဒေသတိုင်းရှိ ပရိသတ်အတွက် ထပ်တူကျနေပါသည်။ တစ်နည်းအားဖြင့် မြန်မာတိုင်းရင်း သားတို့၏ ဖိနှိပ်မှုနှင့်အနိုင်ကျင့်မှုကို နာကြည်းတတ်ပုံနှင့် အမှန်တရား တန်ဖိုးထားသူနှင့် မဟုတ်မခံသူကို လေး စားချစ်ခင်တတ်ပုံကို တွေ့မြင်နိုင်ကြပါသည်။

စာရေးဆရာ သီချင်းရေးဆရာ၊ အဆိုတော်သရုပ် ဆောင် ဒါရိုက်တာ ထပ်ဆင့်အကယ်ဒမီ မြတ်လေးနှင့် စာရေးဆရာ၊ အဆိုတော်သရုပ်ဆောင် အကယ်ဒမီသုမောင် တို့သည် ခေတ်ကာလအလိုက် အတိုင်းအတာကိုယ်စီဖြင့် အနုပညာ နယ်ပယ်အသီးသီးတွင် အောင်မြင်ထင်ရှားခဲ့ သော အနုပညာရှင်များ ဖြစ်ကြပါသည်။ မြတ်လေးရော သုမောင်ပါ စာရေးဆရာများစွာနှင့် ရင်းနှီးကျွမ်းဝင်ကြပြီး စာပေဟောပြောပွဲများ၌ စာရေးဆရာအဖြစ် အခါအား လျော်စွာ ပါဝင်ဟောပြောလေ့ရှိကြပါသည်။ မြတ်လေးနှင့် သုမောင်တို့သည် အလျဉ်းသင့်လျှင် သင့်သလို မင်းသား ရွှေဘ၏ အနုပညာလှုပ်ရှားမှု၊ ရုပ်ရှင်ကြည့်ပရိသတ်၏ မေတ္တာ အပြည့်အဝရရှိမှုနှင့် ရိုးသားဖြူစင်မှုတို့အား ဟောပြောချက်တွင် ထည့်သွင်းဟောပြောလေ့ ရှိကြပါ သည်။ ရွှေဘမှာ မြတ်လေးနှင့် သုမောင်တို့နှယ် ရုပ်ရှင် မင်းသား ဖြစ်ရုံမျှမက ထင်ရှားကျော်ကြားသော မြန်မာ ရုပ်ရှင်မင်းသား များစွာရှိသည့်အနက် မင်းသားရွှေဘအ ကြောင်းကိုမှ ရွေးချယ်ဟောပြောခဲ့ကြသည်မှာလည်း ထူး ခြားမှု ဖြစ်သည်။ မင်းသားရွှေဘအပေါ် ပြည်သူတို့ မေတ္တာထားကြပုံနှင့် အပြောအဟော ပိုင်နိုင်ကောင်းမွန်မှု တို့ကြောင့် စာပေဟောပြောပွဲသို့လာရောက်နားထောင်သော ပရိသတ်မှာ မင်းသားရွှေဘကို အချစ်ပိုပြီး လေးစားမြတ်နိုးမှု ပွား များကြရသည့်အပြင် ပိုမိုအောက်မေ့ တသကြရပါ သည်။

ညွှန့်ဝင်းမှာ ၁၉၆၂ ခုနှစ်တွင် ရုံတင်သည့် 'သတို့ သမီးအလိုရှိသည်' ရုပ်ရှင်ကားဖြင့် ရုပ်ရှင်လောကတွင် ခြေချခဲ့ပြီး ဗန်တိုလူလေးနှင့်သူဇာ၊ ချစ်သူဝိုင်းဝိုင်းလည်၊ တတိယအရွယ်၏ ဒုတိယဝေဒနာ၊ သီတာခုနစ်တန်၊ သူ့ကျွန်မခံပြီ၊ လျှို့ဝှက်သောနှင်းနှင့် ဆန်ရေတို့ဖြင့် သရုပ် ဆောင်ထူးချွန်ဆု (အကယ်ဒမီ) ၇ ဆုကို လည်းကောင်း၊ ကျော်ဟိန်းမှာ ၁၉၆၇ ခုနှစ်တွင် ရုံတင်သည့် ဖူးစာလမ်း ဆုံ ရုပ်ရှင်ကားဖြင့် ရုပ်ရှင်လောကတွင် ခြေချခဲ့ပြီး အကာကအချစ် အနှစ်ကမေတ္တာ၊ မွန်းတည့်ချိန်မှာ နေ ဝင်သည်၊ ပန်းမြိုင်လယ်က ဉယျာဉ်မှူး၊ ဝေလဲမွှေး ကြွေလဲ မွှေးနှင့် နေကမွေးတဲ့လ တို့ဖြင့် သရုပ်ဆောင်ထူးချွန်ဆု (အကယ်ဒမီ) ငါးဆုကိုလည်းကောင်း ဆွတ်ခူးနိုင်ကြပါ သည်။ ကြိုးစားအားထုတ်မှု အပြည့်အဝရှိကြသော ညွှန့်

www.burmeseclassic.com



ဝင်းရော ကျော်ဟိန်းပါ မင်းသားရွှေဘကဲ့သို့ ရုပ်ရှင်ကားများ အဆက်မပြတ် ရိုက်ကူးနိုင်ခဲ့ကြပြီး သရုပ်ဆောင်မင်းသားအဖြစ် နှစ်ပေါင်းများစွာ သက်တမ်းရှည်ရှည် ရပ်တည်ခွင့်ရခဲ့ကြသည်။ အကြောင်းအမျိုးမျိုးကြောင့် ကံဇာတာအကြောင်းမလှခဲ့၍ မင်းသားသက်တမ်းရှည်ရှည်ဖြင့် ရုပ်ရှင်ကားများစွာ ရိုက်ကူးခွင့်ရခဲ့ပြီး သရုပ်ဆောင်ပီပြင်ကောင်းမွန်သော ရုပ်ရှင်ကားများစွာ ရှိခဲ့ငြား မင်းသားရွှေဘမှာ သရုပ်ဆောင်ထူးချွန်ဆု (အကယ်ဒမီ)နှင့် လွဲချော်ခဲ့ရပါသည်။ မင်းသားရွှေဘ၏ အောင်မြင်ထင်ရှားခဲ့သော ရုပ်ရှင်ကားများအနက် ဝရမ်းပြေးဘိုးသိန်းအား ဒါရိုက်တာ ဗိုလ်ဗကိုက ညွှန့်ဝင်း၊ ဗိုလ်ဗကို၊ စိုးရွှေ၊ နွဲ့နွဲ့မူတို့ဖြင့် ရုပ်ရှင်ကားကြီးအဖြစ် ဝရမ်းပြေးဘိုးသိန်း အမည်ဖြင့်ပင်လည်းကောင်း၊ စာရေးဆရာဝဇီရာ၏ဝတ္ထုကို ရိုက်ကူးခဲ့သော လူရိုးလူမိုက်နှင့် ဗိုလ်ရွှေဘော်တို့အား ဒါရိုက်တာမီးပွားက ကျော်ဟိန်း၊ စုလှိုင်နှင်းတို့ဖြင့် ဗီဒီယိုကားအဖြစ် 'အလိုရှိသည် ဆုငွေငါးထောင်' အမည်ဖြင့်လည်းကောင်း ပြန်လည်ဆန်းသစ် ရိုက်ကူးခဲ့ကြသည်။ ပြန်လည်ဆန်းသစ်ထားသော ဝရမ်းပြေးဘိုးသိန်းရော၊ အလိုရှိသည် ဆုငွေငါးထောင်ပါ ဝင်ငွေကောင်း အောင်မြင်ခဲ့ကြပြီး သရုပ်ဆောင်မှုအား အလေးအနက်ထား ကြိုးစားလေ့ရှိသည့် ညွှန့်ဝင်း၏ဘိုးသိန်းစရိုက်နှင့် ကျော်ဟိန်း၏ရွှေဘော်စရိုက်တို့မှာ ပီပြင်လွန်းလှ၍ လူကြိုက်များခဲ့သည်။ မြန်မာစာနယ်ဇင်းများကလည်း ထိုဝရမ်းပြေးဘိုးသိန်း ရုပ်ရှင်ကားနှင့် အလိုရှိသည် ဆုငွေငါးထောင် ဗီဒီယိုကားတို့ ကောင်းမွန် အဆင့်အတန်းမြင့်ကြောင်းနှင့် ညွှန့်ဝင်းနှင့် ကျော်ဟိန်းတို့၏ သရုပ်ဆောင်အမူအရာများ ကောင်းမွန်ကြောင်းတို့ကို ချီးကျူးရေးသားခဲ့ကြသည်။ ငယ်စဉ်က စွဲလမ်းနှစ်သက်ခဲ့သော ရွှေဘ၏ရုပ်ရှင်ကားများအား ပြန်လည်ဆန်းသစ်ထားမှုနှင့် စာနယ်ဇင်းများမှ ချီးကျူးရေးသားကြမှုတို့ကြောင့် စာရေးသူလည်း ဝရမ်းပြေးဘိုးသိန်း ရုပ်ရှင်ကားနှင့် အလိုရှိသည်ဆုငွေငါးထောင် ဗီဒီယိုကားများကို ကြည့်ဖြစ်ခဲ့ရာ ဇာတ်ကားရော သရုပ်ဆောင်အမူအရာများပါ ကောင်းမွန်လှပါသည်။ ထို့နောက် မိခင်ဖြစ်သူ၏ နာရေးဖြစ်ပွား၍ စာရေးသူလည်း ငါးလုံးတင်ရွာသို့ သွားရောက်ခဲ့သည်။ ငါးလုံးတင်ရွာ၏ အစဉ်အလာအတိုင်း နာရေးဖြစ်ရာအိမ်တွင် ရွာသားများမှ ဓလေ့ထုံးစံအတိုင်း နာရေးကိစ္စအဝဝအား ကူညီလုပ်ကိုင်ပြီးသည်နှင့် စကားဝိုင်းဖွဲ့ပြောကြရာ၌ ရုပ်ရှင်နှင့်ဗီဒီယိုအကြောင်း ရောက်လာပါသည်။ နယ်လှည့်ရုပ်ရှင်ပြသရေးအဖွဲ့မှ ပြသသွားသည့် ညွှန့်ဝင်းသရုပ်ဆောင်သည့် ဝရမ်းပြေးဘိုးသိန်းရုပ်ရှင်ကားနှင့် ဗီဒီယိုရုံများတွင် ပြသသွားသော ကျော်ဟိန်းပါဝင်သည့် အလိုရှိသည် ဆုငွေငါးထောင် ဗီဒီယိုကားအကြောင်း ပြောကြရာ၌ စကားဝိုင်းတစ်ဝိုင်းလုံးက ကောင်းကြောင်းနှင့် ကြိုက်ကြောင်းတို့ကို အမွှမ်းတင်ပြောသွားကြပါသည်။ သို့ရာတွင် စကားဝိုင်း၌ မင်းသားရွှေဘ၏ ပရိသတ်များ တညီတညွတ်တည်း ပြောကြသည်က 'ညွှန့်ဝင်း ဘိုးသိန်းအဖြစ် သရုပ်ဆောင်တာ ပီပြင်ပေမယ့် လို့လဲ ရွှေဘကို မမီဘူးကွ။ ကျော်ဟိန်း ရွှေဘော်လုပ်တာ ပီပြင်ပေမယ့်လို့ ရွှေဘကို မကျော်နိုင်ဘူးကွ'ဟူ၍ ဖြစ်သည်။ ညွှန့်ဝင်းနှင့် ကျော်ဟိန်းတို့၏ ကြိုးစားပမ်းစား သရုပ်ဆောင်ခဲ့ကြသမျှမှာ စာရေးသူတို့ရွာမှ မင်းသားရွှေဘအမာခံပရိသတ်အပေါ် ကာလကြာမြင့်စွာ ရွှေဘ၏ လွှမ်းမိုးထားနိုင်မှုနှင့် ရွှေဘအပေါ် နှစ်ပေါင်းသုံးဆယ်ကျော်တိုင် ပရိသတ်၏ချစ်ခဲ့ကြပုံမှာ အံ့သြဖွယ်ကောင်းလှသည်။ ထို့ကြောင့်လည်း ချစ်နိုင်(စိတ်ပညာ) စီစဉ်တည်းဖြတ်သည့် သူတို့ ဘာကြောင့်အောင်မြင် စာအုပ်တွင် ကျော်ဖုန်းမြင့် (မာတုဗေဒ)က 'ပြည်သူထဲက ရွှေဘ' ဆောင်းပါးတွင် အညာဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့မှ အတွေ့အကြုံအား 'ရွှေဘဇာတ်ကားသစ် ရုံတင်လျှင် ငါးဖမ်းပိုက်ကို ပေါင်ကာ ရုပ်ရှင်ကြည့်သူများ ရှိသည်။ အချို့မှာ ရုပ်ရှင်ကြိုက်လွန်း၍ ဒန်အိုးဒန်ခွက်ပေါင်ကာ လာကြည့်သူများလည်း ရှိသည်။ ဒါက ရွှေဘလယ်ကွက်၊ ဒါက ရွှေဘစိုက်ခင်းဟု သတ်မှတ်ကာ အသီးအနှံများ စိုက်ပျိုးကြပြီး ယင်းသီးနှံများ စိုက်ခင်းကထွက်သည့်အခါ ရွှေဘရုပ်ရှင်ကား၊ ရွှေဘပြဇာတ်များကို သွားရောက်ကြည့်ရှုကြရန် အမည်သတ်မှတ်ထားကြသည်'ဟု ဖော်ပြခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ မြန်မာပြည်သူတို့၏ ရွှေဘကိုချစ်ကြပုံမှာ ဘယ်မင်းသားမှ တုပ၍မရနိုင်ဟု ဆိုချင်ပါသည်။ ။

www.burmeseclassic.com

www.burmeseclassic.com





"ဗိုလ်စံဖဲ"မှ
ရွှေဘ၊ သင်းသင်းလှဲ

# တကယ့်ဘဝထဲမှ ရွှေဘ

ပဲရောက်ရုပ်ရှင်မှ ဒါရိုက်တာဆရာခန့်၏ လက်နက်ပုန်းရုပ်ရှင်ကားဖြင့် ဇာတ်ပို့အဖြစ် ရုပ်ရှင်လောကသို့ ခြေချချိန်တွင် ရွှေဘ၏အသက်မှာ (၁၇)နှစ်ခန့်သာ ရှိသေးသည်။ ရွှေဘအား ထိပ်တန်းမင်းသားဘဝသို့ ပို့ဆောင်ပေးသည့် သတ္တိဗျတ္တိ ရုပ်ရှင်ကား ရုံတင်ချိန်တွင် အသက်နှစ်ဆယ်အရွယ်သာ ရှိသေးသည်။ လူ့သဘာဝအရ အချစ်စိတ် စတင်ကိန်းအောင်းရမည့်အချိန်တွင် ရွှေဘမှာ အချစ်ရေး၊ အိမ်ထောင်ရေးထက် ရုပ်ရှင်မင်းသားဖြစ်ရေး ရည်မှန်းချက်ဖြင့်သာ အလေးပေး ကြိုးပမ်းနေရချိန်ဖြစ်သည်။ ရန်ကုန်မြေ ခြေချသည်နှင့် မှီခိုအားထားရာ အိမ်ရှင်ဦးလေးဖြစ်သူ၏ သံဖြူလုပ်ငန်းတွင် တစ်တပ်တစ်အားပါဝင်လုပ်ကိုင်ရင်း ရုပ်ရှင်ကြည့်ခြင်း၊ စတန့်ရုပ်ရှင်ကားများ၏ အခြေခံလိုအပ်ချက်ဖြစ်သော ရေကူးခြင်း၊ ဒိုင်ဗင်ထိုးခြင်း၊ သိုင်းကစားခြင်းနှင့် လက်ဝှေ့ထိုးခြင်းစသော

www.burmeseclassic.com

www.burmeseclassic.com



အားကစားလှုပ်ရှားမှုများတွင်သာ အချိန်ပေး လှုပ်ရှားနေခဲ့သည်။ ထို့နောက် သတ္တိဗျတ္တိရုပ်ရှင်ကားဖြင့် ထိပ်တန်းမင်းသားအဖြစ် ခံယူပြီးချိန်တွင်လည်း မိခင် ပဲရောက်ရုပ်ရှင်ကုမ္ပဏီအပြင် အခြားကုမ္ပဏီများအတွက်ပါ ရုပ်ရှင်ကားများစွာကို လက်မလည်အောင် အဆက်မပြတ် ရိုက်ကူးနေခဲ့ရသည်။ အဆက်မပြတ် ရိုက်ကူးရသော ရုပ်ရှင်ကားများတွင် ပေါ်ထွန်းလာသမျှ ရုပ်ရှင်မင်းသမီးများစွာနှင့် တွဲဖက်သရုပ်ဆောင်မှု ပြုခဲ့ရသည်။ ထို့ကြောင့် အချစ်စိတ် စတင်ကိန်းအောင်းစအရွယ် လက်နက်ပုန်း ရုပ်ရှင်ကားဖြင့် ဇာတ်ရံအဖြစ် ရုပ်ရှင်လောက ခြေချချိန်မှ လူလားမြောက်သည့် ထိပ်တန်း ရုပ်ရှင်မင်းသားအဖြစ် အောင်မြင်ချိန်အထိ မင်းသားရွှေဘ အများဆုံး ဆက်ဆံခဲ့ရသည်မှာ ရုပ်ရှင်မင်းသမီးများ အပါအဝင် ရုပ်ရှင်လောကသားများသာ ဖြစ်ခဲ့သည်။ အိမ်ထောင်မှုဘဝဖြင့် ကင်းကွာ၍ မရနိုင်သည့် လူ့သဘာဝအရ မင်းသားရွှေဘသည်လည်း လက်တွဲသရုပ်ဆောင်ခဲ့ရသည့် ရုပ်ရှင်မင်းသမီး များစွာထဲမှ တစ်ယောက်ဖြစ်သည့် သင်းသင်းလှဲ့နှင့် နီးစပ်မေတ္တာသက်ဝင်ပြီး စိတ်တူကိုယ်တူ အိမ်ထောင်ဘက်အဖြစ် ဖူးစာဆုံခဲ့ကြသည်။ ထိတွေ့ဆက်ဆံမှုများပြားသူချင်းသာ နီးစပ်မှုအရ ဖူးစာဆုံလေ့ရှိရာ၌ ရွှေဘနှင့် သင်းသင်းလှဲ့တို့ ဆုံစည်းမှုမှာ ဆန်းကြယ်မှုမရှိဟုသာ ဆိုရပါမည်။ မင်းသားရွှေဘနှင့် မင်းသမီးသင်းသင်းလှဲ့တို့ ၁၉၆၃ ခုနှစ်၊ ဇွန်လ(၈) ရက်နေ့တွင် လက်ထပ်ချိန်၌ ရွှေဘ၏အသက်မှာ (၃၅)နှစ်ခန့် ရှိနေပြီဖြစ်သည်။

သင်းသင်းလှဲ့အား လက်ပံတန်းမြို့တွင် ကုန်သည် ဦးစိန်သန်းနှင့် ဒေါ်ခင်ခင်တို့မှ ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာ(၁)ရက်နေ့တွင် တစ်ဦးတည်းသမီးအဖြစ် မွေးဖွားခဲ့ပြီး ငယ်အမည်များမှာ တင်တင်ညိုနှင့် အညို ဖြစ်သည်။ မိသားစု လက်ပံတန်းမှ ရန်ကုန်သို့ ပြောင်းရွှေ့ရာမှ အင်းစိန် အစိုးရအထက်တန်းကျောင်းတွင် ပညာဆည်းပူးခဲ့သည့်အပြင် ကျောင်းသူဘဝတွင် ကျောင်းကပွဲများနှင့် ကျောင်းအားကစားပွဲများတွင် ပါဝင်လှုပ်ရှားခဲ့ပြီး၊ ရုပ်ရှင်သရုပ်ဆောင် ဖြစ်လိုသည့်ဆန္ဒလည်း ပြင်းပြခဲ့ပါသည်။ မိဘများနှင့်အတူ အင်းစိန်မှစမ်းချောင်းသို့ လိုက်ပါရွှေ့ပြောင်းခဲ့ပြီးနောက် ၁၉၅၅ ခုနှစ်၊ စမ်းချောင်း ကာယဗလ မောင်မယ်ပြိုင်ပွဲဝင်ခဲ့ရာ အလှမယ်အဖြစ် ရွေးချယ်ခံရသည့်အပြင် စမ်းချောင်းတွင်နေထိုင်သော ရုပ်ရှင်လူကြမ်းသရုပ်ဆောင် (ဦး)ကျော်လွင်၏ ဆက်သွယ်ပေးမှုကြောင့် ရုပ်ရှင်လောကတွင် စတင်ခြေချခွင့်ရခဲ့သည်။ မေ့ဖူးစာသံစုံသွင်းနှင့် ဒေါက်တာအောင်ကျော်ဦး အသံထွက်ကားများတွင် တင်တင်ညိုအမည်ဖြင့် ဇာတ်ပို့အဖြစ် ပါဝင်ခွင့်ရခဲ့ပြီးနောက် ၁၉၅၈ ခုနှစ်တွင် သုခမရုပ်ရှင်မှ ဒါရိုက်တာမြင့်ဖေက သင်းသင်းလှဲ့အမည်ဖြင့် ဇေယျ၊ ရွှေကို၊ ကြည်ကြည်ဌေး တို့နှင့်အတူ တောကနင်းမှု အသံထွက်ကားတွင် ဒုတိယမင်းသမီးအဖြစ် မြှင့်တင်ပေးရာမှ အောင်မြင်မှုရခဲ့သည်။ ထို့ပြင် ဒါရိုက်တာတက္ကသိုလ်နေဝင်း စီစဉ်ရိုက်ကူးသော DUMEX နို့မှုန့် ကြော်ငြာအမျိုးမျိုး (စာနယ်ဇင်းနှင့် မြေစိုက်ပိုစတာ)နှင့် အခြားကြော်ငြာများအား နိုင်ငံတစ်ဝန်းလုံးဖြန့်ချိရာမှ လူသိများခွင့်ရခဲ့သည်။ ထို့နောက် ရုပ်ရှင်ကားတစ်ရာခန့် ရိုက်ကူးခဲ့ရာ၌ ချစ်တော့ချစ်တယ်၊ ချစ်သွေးသစ္စာ၊ မောင့်ရူပါ၊ ဒဏ်၊ မင်းခေါင်၊ ရန်ကြီးအောင်၊ ဗိုလ်အောင်ဇေယျ၊ နတ်ရေးတဲ့ဖူးစာ၊ နမ်းမဝတဲ့အာရုံ၊ ငတ်မိသဲတိုင်၊ ပခန်းကိုကြီးကျော်၊ မိုက်သွေးတစ်စက်၊ တစ်ပွဲတစ်လမ်း၊ လာလာလေ၊ ရန်သူ့ကျော့ကွင်း၊ ရိုင်းတဲ့ဘဝ၊ ဗိုလ်စံဖဲ၊ အောင်ခြင်းရစ်ပါး၊ ကော်ဒါဘဲ၊ ပြည်တန်တဲ့ကျည်ဆံ၊ ဝရမ်းပြေးဘိုးသိန်း၊ တောကဖိုးတုတ်၊ ဂွစာ၊ ငါးမန်းဆွယ်နှင့်ကျွန်းသဏ္ဌာ၊ စိုးပါနှင့်မေရယ်၊ နောက်ဆုံးကျည်ဆံ ရုပ်ရှင်ကားများမှာ ထင်ရှားပြီး အောင်မြင်မှုရခဲ့သည်။ ထိုသို့ အောင်မြင်သော ရုပ်ရှင်ကားများအနက် ဒါရိုက်တာကျော်ဆွေ၏ ဒဏ်နှင့် ဒါရိုက်တာဗိုလ်ဗကို၏ ဗိုလ်အောင်ဇေယျတို့မှာ မြင်ကွင်းကျယ် ရုပ်ရှင်ကားများဖြစ်ကြပြီး ဒါရိုက်တာခင်မောင်ညွန့်၏ အောင်ခြင်းရစ်ပါးမှာ ဂျပန်နိုင်ငံသို့ သွားရောက်ကူးဆေးသည့် ဆေးရောင်စုံကားများဖြစ်ရာ ထူးခြားမှုဖြစ်သည်။ မိုက်သွေးတစ်စက်၊ လာလာလေ၊ ရိုင်းတဲ့ဘဝ၊ ဗိုလ်စံဖဲ၊ ရန်သူ့ကျော့ကွင်း၊ ပခန်းကိုကြီးကျော်၊ တောကဖိုးတုတ်၊ ဂွစာ၊ ဝရမ်းပြေးဘိုးသိန်း၊ နောက်ဆုံးကျည်ဆံနှင့် ငါးမန်းစွယ်နှင့်ကျွန်းသဏ္ဌာတို့မှာ မင်းသားရွှေဘနှင့် ပူးတွဲသရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်ကားများဖြစ်ကြသည်။

မြန်မာ့ရုပ်ရှင်လောကတွင် အေဝမ်းညွန့်မောင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မေမြင့် (မင်္ဂလာညွန့်ရုပ်ရှင်)၊ ကျော်ဝင်းနှင့် တင်တင်မူ (မြတ်မော်ဦးရုပ်ရှင်)၊ ကျော်ဖေနှင့် ခင်လေးဆွေ(မာလာဦး ရုပ်ရှင်)၊ ဖိုးပါကြီးနှင့် မေချစ်(ဖိုးပါကြီးရုပ်ရှင်)၊ တက္ကသိုလ် မျိုးချစ်နှင့် ခင်အုန်းမြင့်(သူရိယပညာ ရုပ်ရှင်) စသူတို့မှာ ဇနီးမောင်နှံအဖြစ် ထင်ရှားကြသည့်အပြင် ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီပိုင်ရှင်များအဖြစ်လည်း အောင်မြင်ခဲ့ကြသည်။ ရွှေဘနှင့် သင်းသင်းလှဲ့တို့ ဇနီးမောင်နှံသည်လည်း ၁၉၆၃ ခုနှစ် အတွင်းမှာပင် သမ္မတရုပ်ရှင်ကုမ္ပဏီကို တည်ထောင်ပြီး တောကဖိုးတုတ်ရုပ်ရှင်ကားကို ပွဲဦးထွက် ထုတ်လုပ်ခဲ့ရာ အောင်မြင်မှုကြီးမားစွာရခဲ့ပြီး ဆက်လက်၍ ရုပ်ရှင်ကား(၁၅)ကားခန့်အထိ ထုတ်လုပ်နိုင်ခဲ့သည်။ ထို့ပြင် မင်းသားရွှေဘနှင့် မင်းသမီးသင်းသင်းလှဲ့တို့ ဇနီးမောင်နှံမှာ သမ္မတရုပ်ရှင်နှင့် ပြဇာတ်အဖွဲ့ကို တည်ထောင်၍ မြန်မာပြည်အနှံ့အပြား လှည့်လည်ကပြမှု ပြုခဲ့သည်မှာလည်း ထူးခြားမှုပင်၊ သင်းသင်းလှဲ့မှာ ရုပ်ရှင်လောက ခြေချစက ရွှေတိုင်ခင်မောင်အေး တေးဂီတအဖွဲ့ဝင်အဖြစ် ပါဝင်သီဆိုခဲ့မှု၊ ၁၉၆၀ ပြည့်နှစ်တွင် တရုတ်–မြန်မာ နယ်နိမိတ်စာချုပ် အောင်မြင်မှုအထိမ်းအမှတ် ချစ်ကြည်ရေးအဖွဲ့ဝင် အနုပညာရှင်အဖြစ် သွားရောက်ခဲ့စဉ်က ဘေဂျင်းမြို့တော်၌ ရွှေစွန်ညိုတေးသရုပ်ဖော်နှင့် အခြားကပြမှုများ တင်ဆက်ရာတွင် ပါဝင်ကပြခဲ့မှုနှင့် ၁၉၆၃ ခုနှစ်တွင် မြို့မကျောင်းလမ်း လေဟာပြင်ဇာတ်ရုံ၌ ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်၏ ဗမာ့သွေးခဲပြဇာတ်တွင် အကယ်ဒမီ ဝင်းဦးနှင့်အတူ ခေါင်းဆောင်သရုပ်ဆောင်ခဲ့မှုတို့မှာ သမ္မတရုပ်ရှင်နှင့် ပြဇာတ်အဖွဲ့အား များစွာ အထောက်အကူပြုခဲ့သည်။ မင်းသားရွှေဘနှင့် မင်းသမီး သင်းသင်းလှဲ့တို့သည် မောင်တစ်ထမ်း မယ်တစ်ရွက် ဆိုသည့် စကားအတိုင်း သမ္မတ ရုပ်ရှင်ထုတ်လုပ်ရေးနှင့် သမ္မတရုပ်ရှင်နှင့် ပြဇာတ်တာဝန်ကို တက်ညီလက်ညီ ထမ်းဆောင်ခဲ့ကြသည်။ မင်းသားရွှေဘနှင့် မင်းသမီး သင်းသင်းလှဲ့ တို့တွင် မဥမ္မာ၊ ကိုကိုကြီး၊ ကိုသစ္စာ၊ မမာလာ၊ ကိုမေတ္တာ၊ ကိုဝင်းရွှေ၊ မမိုးမိုးနှင့် မသီဂီဟူသည့် သားသမီးရှစ်ယောက် ထွန်းကားခဲ့သည်။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်ရပ်ကွက် (၅)လမ်း၊ အမှတ်(၇)တွင် ပျော်ရွှင်သာယာသော မိသားစုဘဝကို တည်ဆောက်နိုင်ခဲ့သည်။

ရုပ်ရှင် ပိတ်ကားထက်၊ တီဗွီ ဖန်သားပြင်ထက်နှင့် ဇာတ်ခုံထက်တို့တွင် မင်းသားရွှေဘအား လယ်သမား၊ အလုပ်သမား၊ နယ်ချဲ့ဆန့်ကျင်ရေးသမား၊ ဖက်ဆစ်တော်လှန်ရေးသမား၊ ကျေးရွာကာကွယ်ရေးအဖွဲ့ဝင်၊ ရဲဝန်ထမ်း၊ လူဆိုးလူမိုက်၊ သူခိုးဓားပြ စသည့် ဇာတ်ရုပ်မျိုးစုံဖြင့် ပရိသတ်က တွေ့မြင်ခဲ့ရသည်။ အများဆုံးတွေ့မြင်ကြရသည့် မင်းသားရွှေဘ၏စရိုက်မှာ ရိုးသားသူ၊ မဟုတ်မခံစိတ်ရှိသူ၊ သတ္တိကောင်းသူ၊ စွန့်စားသူ၊ အမှန်တရားကို လိုလားသူတို့သာ ဖြစ်ကြသည်။ ထို့ပြင် မင်းသားရွှေဘ၏ သရုပ်ဆောင်သမျှတွင် အထိုးအကြိတ်၊ အသတ်အပုတ်၊ အခုတ်အထစ် အမျိုးမျိုးပါဝင်သည်မှာ မင်းသားရွှေဘ၏ ဝိသေသ ဖြစ်သည်။ ကျရာဇာတ်ရုပ်နှင့် ဇာတ်ကောင်စရိုက်အား ပီပီပြင်ပြင်၊ အနုအကြမ်း သဘာဝအမူအရာ စုံလင်ပီသစွာ သရုပ်ဆောင်နိုင်သည်မှာလည်း မင်းသားရွှေဘ၏ ဂုဏ်ဒြပ်များစွာမှ တစ်ခုဖြစ်သည်။ တကယ့်လူ့ဘဝထဲမှ မင်းသားရွှေဘ၏ စရိုက်လက္ခဏာများမှာ ထူးခြား၍ စိတ်ဝင်စားစရာ ကောင်းလှပါသည်။

မင်းသားရွှေဘမှာ ပဲရောက်ရုပ်ရှင်မှ ဒါရိုက်တာ ပဲရောက်ဖေကြိုင်၏ သတ္တိဗျတ္တိတစ်ကားတည်းဖြင့် စတင်ကာ အောင်မြင်မှု သရုပ်ဆောင်းခဲ့ရာ၊ ဒါရိုက်တာပဲရောက်ဖေကြိုင်မှာ မင်းသားရွှေဘ၏ ရုပ်ရှင်လက်ဦးဆရာ ဖြစ်သည်။ မြန်မာမှုတွင် အနန္တောအနန္တငါးပါးအဖြစ် ဘုရား၊ တရား၊ သံဃာရတနာသုံးပါးနှင့်အတူ မိဘနှင့်ဆရာတို့အား တစ်တန်းတည်းထား သတ်မှတ်ထားကြပြီး မြန်မာတို့သည် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးအား အထွတ်အမြတ်ထား ရှိသေလေးစားလေ့ ရှိကြပါသည်။ အောင်မြင်မှုကြီးမားစွာ ရရှိချိန်၊ ကြီးပွားချမ်းသာချိန်နှင့် တိုးတက်မြင့်မားချိန်တို့တွင် အကြောင်းအမျိုးမျိုးကြောင့် ပုဂ္ဂိုလ်အချို့တို့မှာ ဆရာ၏ဂုဏ်ကျေးဇူးအား မေ့လျော့မှု၊ ဆရာဟူ၍ မမြင်တော့ဘဲ တစ်တန်းတည်းသတ်မှတ်မှု၊ အောင်မြင်မှုတွင်ယစ်မူးပြီး ဆရာအား ပခုံးချင်းယှဉ်ပြိုင်မှုနှင့် မထီမဲ့မြင်ပြုလုပ်မှု စသည်တို့ကို ပြုမူလေ့ရှိကြပါသည်။ ရုပ်ရှင်လောကတွင် ပဲရောက်ရုပ်ရှင်ကုမ္ပဏီ တည်ထောင်သူ ပဲရောက်ဦးဆန်နီအား ဆရာကြီးဦးဆန်နီဟု ခေါ်ဝေါ်

www.burmeseclassic.com

www.burmeseclassic.com



သုံးစွဲကြရာမှ ဦးဆန်နီ၏သား ဒါရိုက်တာပဲရောက်ဖေကြိုင်မှ ဒါရိုက်တာအဖြစ်ရော၊ ဦးဆန်နီ၏ကိုယ်စား စီမံခန့်ခွဲမှုလုပ်ငန်းများပါ ဆောင်ရွက်ချိန်တွင် ဆရာလေးဟုသာ ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။ ပထမဦးဆုံး လက်ဦးဆရာဖြစ်သည့် ဒါရိုက်တာပဲရောက်ဖေကြိုင်အား မင်းသားရွှေဘ၏ ဆက်ဆံပုံနှင့်စပ်လျဉ်း၍ စာရေးဆရာ မောင်သူရိန်က စတန့်မင်းသားရွှေဘဆောင်းပါး (ရုပ်ရှင်အောင်လံမဂ္ဂဇင်း ၁၉၈၉ ဇန်နဝါရီလ)တွင် ဒါရိုက်တာဦးခင်ဇော် (ကေသီပန်ရုပ်ရှင်)၏ ပဲရောက်ရုပ်ရှင်ကုမ္ပဏီတွင် လုပ်ကိုင်စဉ်က အတွေ့အကြုံ ပြောပြပုံအား'သူက ဆရာလေးကို သိပ်ကြောက်တာဗျ၊ အဲဒီတုန်းက ကျွန်တော်က ပဲရောက်ကုမ္ပဏီမှာရှိတယ်၊ သူလာပြီဆိုရင် ဆရာလေးရှိလားလို့ ကျွန်တော့်ကို လှမ်းမေးလေ့ရှိတယ်၊ အခန်းထဲမှာ ဆရာလေးရှိတယ်ဆိုတာနဲ့ သူမဝင်တော့ဘူး၊ သူက ဆရာလေးကို မျက်နှာချင်းဆိုင်ပြီး စကားမှ မပြောရဲတာဗျ၊ အဲဒီလောက် ဆရာလေးကို ကြောက်တယ်'ဟု တစ်ဆင့်ဖောက်သည်ချခဲ့သည်။ သရုပ်ဆောင် ဒါရိုက်တာ ထပ်ဆင့်အကယ်ဒမီမြတ်လေးက မင်းသားရွှေနည်း ထိုတစ်နည်း ဆောင်းပါး (ရွှေအမြုတေ မဂ္ဂဇင်း ၁၉၉၉၊ ဒီဇင်ဘာလ)တွင် မင်းသားရွှေဘ၏ ရိုးသားမှုကို ဒါရိုက်တာပဲရောက်ဖေကြိုင်၏ ပြောပြချက်များအား ရေးသားခဲ့ရာ အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြပါသည်။

'ငါ့ကို ဆရာလေးဆိုပြီး လက်အုပ်ချီတိုက်ထဲဝင်လေ့ရှိတာလဲ မင်းအမြင်ပဲ၊ ဒီကောင်ကြီးက တကယ်ဆရာမှန်းသိတယ်၊ ရိုးလည်းရိုးသားတယ်၊ ဒါနဲ့ တိုတိုပြောရရင် ဒီကောင် နာမည်သိပ်ကြီးနေတဲ့ တစ်နေ့ငါ့ဆီလာတယ်ကွာ၊ ဘာလာလုပ်တယ်အောက်မေ့သလဲ'

'ဆရာလေး၊ ကျွန်တော် မင်းသားစမ်းတုန်းက ခေါင်မိုးပေါ်က ဒိုင်ဗင်ထိုးချတဲ့ ဖလင်တွေ ပေးစမ်းပါလို့ ပြောတယ်၊ ငါက သူ့ကြည့်ပြီး ရယ်ပါလေရော၊ ဆရာလေးက နမြောလို့လား၊ ပျက်သွားလို့လား၊ ပျောက်သွားလို့လားလို့ ဆက်မေးတယ်၊ ဒီလိုမေးတော့ ငါက ကြာပြီပဲ ရွှေဘရာ၊ ဘယ်ရှိတော့မလဲကွာလို့ ပြောလိုက်ရတယ်'

'ငါက မင်းသားလောင်းတွေစမ်းရင် ကင်မရာနဲ့ ဓာတ်ပုံဆရာတစ်ယောက်ပဲ ပါတာ၊ ဖလင် မပါဘူးကွ၊ ဖလင်က ဈေးကြီးတယ်လေ၊ ဒီလိုပဲ ရွှေဘစမ်းတုန်းကလည်း ဖလင်မပါဘူးလေ၊ ဒီကောင်ကြီး ခါးကျိုးဖူးတယ်၊ မင်းသားလျှောက်တုန်းက ဒိုင်ဗင်ထိုးတာ အကျမကောင်းလို့လေ၊ ဒါကိုထောက်ထားပြီး ငါလည်း တင်ပေးလိုက်ပါတယ်၊ အခု ရွှေဘခါးကိုင်းပြီးလျှောက်တာ ငါ့လက်ရာ မကင်းဘူးကွ'

မင်းသားရွှေဘ၏ လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့သူ ဒါရိုက်တာ ဦးခင်ဇော်(ကေသီပန်ရုပ်ရှင်)နှင့် မင်းသားရွှေဘ၏ ရုပ်ရှင်လက်ဦးဆရာ ဒါရိုက်တာပဲရောက်ဖေကြိုင်တို့၏ ပြောစကားများတွင် မင်းသားရွှေဘ၏ ဆရာဖြစ်သူအပေါ် ချစ်ကြောက်ရိုသေမှု၊ လေးစားမှုနှင့် သိတတ်မှုတို့အပြင် မင်းသားရွှေဘ၏ ဖြူစင်ရိုးသားမှုတို့ကို ကွက်ကွက်ကွင်းကွင်း တွေ့ကြရပါသည်။ ထို့ပြင် ဒါရိုက်တာပဲရောက်ဖေကြိုင်ကွယ်လွန်ပြီး ဇနီးဖြစ်သူ ဒေါ်မြမြမှ ပြည်ကျော်ဖလင်ကို တည်ထောင်ထုတ်လုပ်ပြီး ဒါရိုက်တာအဖြစ်ဆောင်ရွက်ခဲ့ရာ၌ မင်းသားရွှေဘ ပထမဆုံး ပါဝင်သရုပ်ဆောင် ထင်ရှားခဲ့သော သတ္တိဗျတ္တိ ရုပ်ရှင်ကားအား အသံထွက်ကားအဖြစ် ပြန်လည်ရိုက်ကူးမှုပြုခဲ့သည်။ မင်းသားရွှေဘပင် အနုပညာကြေး လုံးဝမယူဘဲ ခေါင်းဆောင်သရုပ်ဆောင်ခဲ့ရာ ရုပ်ရှင်အောင်လံမဂ္ဂဇင်း(၁၉၆၃ ဧပြီလ)၏ မျှော်စရာရုပ်ရှင်ကားသစ်များကဏ္ဍတွင် သတ္တိဗျတ္တိမှာ မင်းသားရွှေဘ၏ ကျေးဇူးဆပ်ပွဲအဖြစ် ရိုက်ကူးကြောင်း ဖော်ပြခဲ့သည်။

ရုပ်ရှင်ကားတစ်ကား၊ ပြဇာတ်တစ်ပုဒ်နှင့် ကဇာတ်တစ်ပုဒ်တို့အား ဇာတ်လမ်းဖွဲ့ဖန်တီးရာတွင် အဓိကဇာတ်ဆောင်များသက်သက် သို့မဟုတ် မင်းသားနှင့် မင်းသမီးချည်းသက်သက်ဖြင့် ကပြသရုပ်ဆောင်၍ မရနိုင်ဘဲ လူကြမ်းအပါအဝင် ဇာတ်ပို့၊ ဇာတ်ရံအမျိုးမျိုးဖြင့် ပံ့ပိုးဖော်ဆောင်ရလေ့ရှိပါသည်။ ဇာတ်လမ်း၊ ဇာတ်ညွှန်းပါဇာတ်ရုပ်များနှင့် ဇာတ်ဆောင်စရိုက်များအတိုင်း ဇာတ်ဆောင်၊ ဇာတ်ပို့နှင့် ဇာတ်ရံများ၏ ပါဝင်ကပြသရုပ်ဆောင်မှု ပီပြင်ကောင်းမွန်လေ ရုပ်ရှင်ကား၊ ပြဇာတ်နှင့် ကဇာတ်များမှာ အောင်မြင်ကောင်းမွန်လေပင် ဖြစ်သည်။ တစ်ခါတစ်ရံ ဇာတ်ပို့၊ ဇာတ်ရံတို့၏ ကပြသရုပ်ဆောင်ချက်ပီပြင်လွန်းမှုကြောင့် ရုပ်ရှင်ကား၊ ပြဇာတ်နှင့် ကဇာတ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပိုမိုကောင်းမွန်လာမှုနှင့် အဓိကဇာတ်ဆောင်တို့၏ ကပြသရုပ်ဆောင်မှုစွမ်းရည်လည်း ပိုမိုမြင့်မားလာမှုတို့ ရှိတတ်ပါသည်။ တစ်နည်းအားဖြင့် အဓိကဇာတ်ဆောင်များနှင့် ဇာတ်ပို့၊ ဇာတ်ရံများကြားတွင် အပေးအယူမျှတမှုနှင့် အခံအအုပ်မှန်ကန်မှုကြောင့်ဟု ဆိုရပါမည်။ အဓိကဇာတ်ဆောင်မင်းသားနှင့် မင်းသမီးတို့ အောင်မြင်ထင်ရှားရေး(နာမည်ကြီးရေး)တွင် ဇာတ်ပို့ ဇာတ်ရံတို့မှာ အဓိကအခန်းမှ ပါဝင်လျက် ရှိကြပါသည်။ ထိုနည်းတူ စတန့်ဇာတ်ကြမ်းရုပ်ရှင်ကားများ လူကြိုက်များရေးနှင့် စတန့်မင်းသားများ နာမည်ကြီးရေးတွင် ဇာတ်ပို့ ဇာတ်ရံလူကြမ်းများသည် အလွန်တရာ အရေးပါလှပါသည်။

ရုပ်ရှင်၊ ပြဇာတ်နှင့် ဇာတ်သဘင်နယ်မှ အောင်မြင်ကျော်ကြားသော အဓိကဇာတ်ဆောင်မင်းသား၊ မင်းသမီးများမှာ အများအားဖြင့် ဇာတ်ပို့ ဇာတ်ရံတို့၏ အရေးပါမှုကို အချို့က မသိရှိကြဘဲ အချို့ကမူ မသိလိုက် မသိဘာသာ နေတတ်ကြသည်။ ထို့ပြင် ဇာတ်ဆောင်မင်းသား၊ မင်းသမီးများနှင့် ဇာတ်ပို့ ဇာတ်ရံများမှာ ဇာတ်လမ်းအသီးသီးတွင် ကျရာဇာတ်ရုပ်ဖြင့် ဒိုးတူပေါင်ဖက် အတူတကွ လက်တွဲပါဝင် ကပြကြရသော်လည်း လုပ်အားခ(သရုပ်ဆောင်ကြေး)မှာ အဆမတန် ကွာခြားကြပါသည်။ ဇာတ်ပို့၊ ဇာတ်ရံများမှာ လုပ်အားခနည်းပါးမှုကြောင့် မိသားစုအရေးကိစ္စနှင့် စားဝတ်နေရေးတွင် ခက်ခဲကျပ်တည်းမှုဒဏ်ကို ရင်ဆိုင်ကြရလေ့ရှိပါသည်။ အောင်မြင်ကျော်ကြားသော ဇာတ်ဆောင်မင်းသား မြောက်မြားစွာရှိသည့်အနက် မင်းသားရွှေဘမှာ ဇာတ်ပို့၊ ဇာတ်ရံ၊ လူကြမ်းသရုပ်ဆောင်တို့၏ အရေးပါမှုကို သိရှိနားလည်ရုံမျှမက လူကြမ်းသရုပ်ဆောင်တို့၏ ဘဝကိုလည်း ထူးထူးခြားခြား စာနာထောက်ထားသူဟု ဆိုရပါသည်။ သမ္မတလူကြမ်းအဖွဲ့ အားဖွဲ့စည်းပြီး လူကြမ်းသရုပ်ဆောင်များ၏ ရုပ်ရှင်ရိုက်ကူးရေး ပါဝင်ကူညီစီစဉ်မှုနှင့် လူကြမ်းသရုပ်ဆောင်များအား ထောက်ပံ့မှုတို့က လုပ်ဖော်ကိုင်ဖက် လူကြမ်း သရုပ်ဆောင်တို့၏ အရေးပါခြင်းအား နားလည်မှုနှင့် လူကြမ်းသရုပ်ဆောင်များအား စာနာခြင်းကို သက်သေပြမှုဖြစ်သည်။ ထို့ကြောင့်လည်း မြန်မာ့ရုပ်ရှင်လောကနှင့် စာပေလောကမှ အနုပညာရှင်အသီးသီးက မင်းသားရွှေဘအား လေးစားချီးကျူးမှု ပြုကြခြင်းဖြစ်သည်။

စာရေးဆရာ ကဗျာဆရာ ဗိုနန်းက ဗာဒံရိပ်စကားဝိုင်းဆောင်းပါး (ရုပ်ရှင်သစ္စာမဂ္ဂဇင်း၊ ၁၉၈၅ စက်တင်ဘာ)တွင် ရွှေဘနှင့်တွဲဖက်သရုပ်ဆောင်ခဲ့သော ခေတ်ပြိုင်လူကြမ်းတစ်ဦးမှ စကားဝိုင်း၌ ပါဝင်ဆွေးနွေးပုံကို 'ဆရာဦးရွှေဘဟာ စိတ်သဘောထား သိပ်ပြည့်ဝတဲ့မင်းသားဗျ။ သူ့တစ်ခေတ်မှာ သူ့မှသူ ဖြစ်နေပေမယ့် မာနမရှိဘူး၊ ကျွန်တော်တို့လို လူကြမ်းတွေကို သိပ်ချစ်၊ သိပ်သနားတတ်တဲ့သူဗျ၊ ပြီးတော့ ငွေကို မက်မက်မောမောမရှိဘူး။ သူနဲ့ တွဲလုပ်ကိုင်နေတဲ့ လုပ်ခမလောက်ငတဲ့ အိမ်ထောင်စုတွေကို သူ့ပိုက်ဆံနဲ့ အမြဲတမ်း ပြေလည်အောင် လုပ်ပေးတယ်'ဟု လည်းကောင်း၊ မင်းသားရွှေဘနဲ့ ခေတ်ပြိုင် စာနယ်ဇင်းသမားတစ်ဦး၏ စကားဝိုင်း၌ ဝင်ရောက်ထောက်ခံစကား ပြောကြားခဲ့ပုံကို 'သူ့မှာ သိပ်ထူးခြားတဲ့ ထူးခြားချက် နှစ်ခုရှိတယ်ဗျ၊ အဲဒါက လူကြမ်းတွေကို အိမ်တစ်လုံးနဲ့ သတ်သတ်ထားပြီး အလုပ်ရှိရှိ မရှိရှိ နေ့တွက်ပေးထားတဲ့ အချက်ရယ်၊ ရုပ်ရှင်ကုမ္ပဏီတွေမှာ သူ့ရစရာရှိတဲ့ ကျန်ငွေတွေကို တိုင်းသိပြည်သိ သတင်းစာထဲက ကြော်ငြာပြီး လျှော်ပစ်တဲ့ကိစ္စပဲ'ဟု လည်းကောင်း ဖော်ပြခဲ့သည်။ ရွှေဘနှင့် ခေတ်ပြိုင် လူကြမ်းတစ်ဦးနှင့် စာနယ်ဇင်းသမားကြီးတို့၏ ဗာဒံရိပ် စကားဝိုင်းတွင် ရွှေဘနှင့်ပတ်သက်၍ ပါဝင်ဆွေးနွေးကြပုံများမှာ ရွှေဘ၏ မာနမာနကင်းမဲ့မှု၊ လူကြမ်းသရုပ်ဆောင်များအား လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်စိတ်မွေးပြီး စာနာမှုတို့ကို မီးမောင်းထိုးပြသပြီး လုပ်ငန်းလည်ပတ်ရန် ခက်ခဲနေသော ကုမ္ပဏီများထံမှ သရုပ်ဆောင်ခ ကြွေးကျန်များအား လျှော်ပစ်မှုမှာ သာမန်လူတစ်ယောက် လုပ်ဆောင်ရန် ခက်ခဲသည့် လုပ်ရပ်ကို မင်းသားရွှေဘလုပ်နိုင်ကြောင်း သာဓကပမာဖြစ်ခဲ့သည်။ သရုပ်ဆောင်ခ ကြွေးကျန်များ ရလိုမှုဖြင့် ရုပ်ရှင်ကောင်စီနှင့် အစည်းအရုံးကဲ့သို့သော အဖွဲ့အစည်းများတွင် ညှိနှိုင်းဖြေရှင်းမှုနှင့် တရားရုံးတွင် အမှုအခင်း ရင်ဆိုင်နေရမှုများကြားတွင် တိုင်းသိပြည်သိ ရွှေဘ၏ ကြွေးကျန် လျှော်ပစ်ခြင်းမှာ မြန်မာ့ရုပ်ရှင်လောကတွင် စံထားဖွယ်လုပ်ရပ်အဖြစ် ထူးခြားနေပါသည်။

ဓာတ်ပုံအကယ်ဒမီဆုရ စာရေးဆရာ ဒါရိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



ထွန်းလှိုင်က 'ရုပ်ရှင်နယ်မှ ချစ်စရာလေးများ' ဆောင်းပါး (ရုပ်ရှင်ကြေးမုံမဂ္ဂဇင်း၊ ၁၉၈၈ မေ)ဖြင့် 'သူ သမ္မတလူကြမ်းအဖွဲ့ဆိုပြီး အသင်းထောင်တယ်၊ သူ့လူတွေကို နေ့တိုင်း တစ်ယောက်ငါးကျပ်ပေးတယ်၊ အဲဒီခေတ်က လက်ဖက်ရည်တစ်ခွက် တစ်မတ်ကာလပါ။ သူ့အသင်းမှာပါတဲ့ လူကြမ်းခြောက်ဆယ်နီးပါး တစ်နေ့ တစ်ယောက် ငါးကျပ်တွက်ကြည့်ပါ၊ သုံးရာလောက် ကုန်ပါတယ်။ သူ့ဆီမှာ လူကြမ်းတစ်ဦး သွားငှားဖူးတယ်၊ အနည်းဆုံး တစ်နေ့ ငါးဆယ်ပါပဲ၊ ဒီငွေကို သူမယူဘူး၊ လူကြမ်း အကုန်ရတယ်၊ သူ ခေါင်းပုံမဖြတ်ဘူး၊ သူ့လိုလူမျိုး ဒီနေ့ရှိသလား၊ မရှိပါဘူး။ နောက်နေ့တော့ ပေါ်လာမလားမသိဘူး၊ ခုမရှိတာတော့ သေချာပါတယ်' ဟူ၍ မင်းသားရွှေဘ တစ်ဦးတည်းသာ လူကြမ်းသရုပ်ဆောင်များအတွက် လုပ်ဆောင်ပေးခဲ့ပုံအား ထုတ်ဖော်ချီးကျူးခဲ့သည်။

မင်းသားရွှေဘသည် ရုပ်ရှင်ကားများ အဆက်မပြတ် ရိုက်ကူးခွင့်ရပြီး အောင်မြင်ကျော်ကြားသည့် ထိပ်တန်းမင်းသားဘဝတွင် နှစ်ကာလကြာရှည် ရပ်တည်ခဲ့သော်လည်း လူကြမ်းသရုပ်ဆောင်များနှင့် ဆက်ဆံရာ၌ အဆင့်အတန်း ခွဲခြားမှုမရှိဘဲ မာန်မာနကင်းမဲ့စွာ ပေါင်းသင်းခဲ့သည်။ ရုပ်ရှင်ရိုက်ကူးရေး ခရီးထွက်ရာ၌လည်းကောင်း၊ ရိုက်ကွင်း၌လည်းကောင်း သရုပ်ဆောင်များနှင့် အတူ လက်ရည်တစ်ပြင်တည်း ဝိုင်းဖွဲ့စားသောက်လေ့ရှိသည်။ လူကြမ်းသရုပ်ဆောင်များ၏ သာရေး၊ နာရေးနှင့် သက်သာချောင်ချိရေးကိုလည်း အလေးထား ကူညီစောင့်ရှောက်မှု ပြုလေ့ရှိသည့်အပြင် ကျန်းမာရေးအတွက် အားကစားလုပ်ရှားမှု၊ ကိုယ်လက်လှုပ်ရှားမှုနှင့် သိုင်းကစားမှုတို့ကိုလည်း ပြုလုပ်စေပြီး ခြင်းလုံးဝိုင်းဖွဲ့ခတ်ခြင်းတို့ကိုလည်း တိုက်တွန်းအားပေးတတ်သည်။ ရုပ်ရှင်ရိုက်ကူးရန်နှင့် သမ္မတရုပ်ရှင် ပြဇာတ်၊ သဘင်ကပြရန် ရောက်လေရာမြို့ရွာတိုင်းတွင် မင်းသားရွှေဘနှင့် သမ္မတလူကြမ်းအဖွဲ့က သက်ဆိုင်ရာမြို့ရွာများမှ ခြင်းလုံးခတ်သမားများနှင့်ပူးပေါင်းပြီး ခြင်းခတ်ပွဲ ကျင်းပလေ့ရှိသည်။ ရုပ်ရှင်ရိုက်ကူးမှု အားလပ်သည့် တနင်္ဂနွေရက်များတွင် မင်းသားရွှေဘ ဦးဆောင်ပါဝင်ဖွဲ့စည်းခဲ့သော ရန်ကုန်၊ စမ်းချောင်းမြို့နယ်၊ ရတနာသိမ်လမ်း ခြင်းလုံးကစားရုံတွင် မင်းသားရွှေဘ ခြင်းလုံးကစားလေ့ရှိသည်။ အခါအားလျော်စွာ ရန်ကုန်မြို့မှ နာမည်ကျော် ခြင်းလုံးခတ်အသင်းများကို ဖိတ်ကြားကာ တစ်နေကုန် ခြင်းလုံးကစားကြလေ့ရှိသည်။ မင်းသားရွှေဘမှာ ခြင်းလုံးခတ်ကစားခြင်းကို စွဲစွဲမြဲမြဲလိုက်စားရင်း သမ္မတလူကြမ်းအဖွဲ့ ဝင်များနှင့်ရော ရုပ်ရှင်ကြည့်ပရိသတ်နှင့်ပါ စည်းလုံးညီညွတ်မှုနှင့် ချစ်ခင်ရင်းနှီးမှု ရယူခဲ့သည်။

ထို့ပြင် မင်းသားရွှေဘအား သီတင်းကျွတ်ကာလနှင့် နှစ်ဆန်းချိန်တွင် လူငယ် လုပ်ဖော်ကိုင်ဖက် သရုပ်ဆောင်များနှင့် ရုပ်ရှင်လုပ်သားများက ကန်တော့လေ့ရှိကြသည်။ ထိုသို့ ကန်တော့လာကြသူများအား ကန်တော့ခံပြီးသည်နှင့် အသင့်စီစဉ်ထားသော ငွေဖလားကြီးအတွင်းမှ ကြိုက်ရာမဲလိပ်ကို နှိုက်စေပြီး မဲလိပ်တွင်ပါဝင်သည့် ထိုက်တန်သောပစ္စည်းကို တုံ့ပြန်ပေးလေ့ရှိရာ ကန်တော့ခံသူနှင့် ကန်တော့ကြသူများအကြားတွင် ကြည်နူးစေသည့် စီစဉ်မှုတစ်ရပ်ပင် ဖြစ်သည်။

ရုပ်ရှင်ရိုက်ကူးရာသို့ လာရောက်ကြည့်ကြသူများမှ နွမ်းပါးသည်ဟု ယူဆရသူတွေ့လျှင် ပေးကမ်းလှူဒါန်းလေ့ရှိပြီး ရိုက်ကွင်းတွင် ဝိုင်းအုံကြည့်နေကြသော ကလေးများကိုလည်း လက်လှမ်းမီရာ မုန့်များကို ဝယ်ကျွေးခြင်း၊ မုန့်ဖိုးပေးခြင်းတို့ လုပ်လေ့ရှိသည်။ တစ်ခါတစ်ရံ ကိုယ်ပေါ်မှ အဝတ်အစားကိုပင် ချွတ်ပြီး ဆင်းရဲနွမ်းပါးသူတို့အား ပေးကမ်းလေ့ရှိသည်။ မင်းသားရွှေဘ၏ ဆင်းရဲနွမ်းပါးသူများအား သနားကြင်နာတတ်ပုံနှင့် ကလေးငယ်များ ချစ်တတ်ပုံမှာ ပေါ်လွင်လှပါသည်။

မင်းသားရွှေဘမှာ ငယ်စဉ်က ဆေးလိပ်နှင့်အရက်ကို သောက်သုံးခဲ့သော်လည်း ၁၉၆၄ ခုနှစ်ခန့်မှစ၍ အရက်ဖြတ်ခဲ့သည်။ ၁၉၇၅ ခုနှစ်မှစ၍ ဗုဒ္ဓမြတ်စွာဘုရား၏ တရားရိပ်တွင် တောင်ပုလုဆရာတော်နှင့် မြသပိတ်တောင်ဆရာတော်တို့အား ဆည်းကပ်ကိုးကွယ် ခိုလှုံခဲ့သည်။ ထို့ပြင် ဖလင်မဂ္ဂဇင်း (၁၉၆၄ ဒီဇင်ဘာလ)၏ မြန်မာ့ရုပ်ရှင် သတင်းကဏ္ဍတွင် 'စတန့်မင်းသားရွှေဘသည် လွန်ခဲ့သောလများမှစ၍ မိမိကျေးဇူးရှင် ဆရာသမားများကို ပူဇော်ကန်တော့ခြင်းနှင့် သက်သတ်လွတ်စားခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်းများကို ပြုလုပ်ခဲ့သည်ဆို

www.burmeseclassic.com

www.burmeseclassic.com



၏။ ရွှေဘသည် ထိုမျှမကသေးဘဲ ၄င်းနေထိုင်ရာအိမ်တွင်လည်း ၄က်ပျောသီး၊ အုန်းသီးများနှင့် ပွဲကြီးပွဲငယ်များကို ပြင်ဆင်ပြီး ၄င်းကိုယ်တိုင် သစ်ခေါက်ဆိုးအထည်များကို ဝတ်ဆင်ကာ သက်သက်လွတ်စားခြင်း၊ တရားအားထုတ်ခြင်းများကို နေ့စဉ်ပြုလုပ်သည်ဟု ဆို၏'ဟု ဖော်ပြခဲ့၍ မင်းသားရွှေဘ၏ ဘာသာရေးဆည်းကပ်မှုကို သိခဲ့ကြရသည်။

ဒါရိုက်တာပဲရောက်ဖေကြိုင်၏ သတ္တိဗျတ္တိရိုက်ကူးစဉ်က လူစားမထိုးဘဲ ဆိုင်ကယ်စီးရင်း အင်းစိန်အရှေ့ဖက်စော်ဘွားကြီးကုန်း (ယခု မင်းဓမ္မကုန်း)မှ ဆိုင်ကယ်ရောလူပါကျသည့်အခန်းကို မင်းသားရွှေဘက စွန့်စွန့်စားစားသရုပ်ဆောင်ပြခဲ့သည်။ မြေပြင်ပေါ်ရောက်ချိန်တွင် ရွှေဘက အောက်သို့ရောက်သွားပြီး ဆိုင်ကယ်က ရွှေဘအပေါ်ကျကာ ရိုက်ဖိလိုက်၍ ခါးရိုးကျိုးခဲ့သဖြင့် ဆေးရုံတက်၍ ကျောက်ပတ်တီးစီး ကုသခဲ့ရသည်။ သတ္တိဗျတ္တိ ရုပ်ရှင်ကားအပါအဝင် ပဲရောက်ရုပ်ရှင်မှ ရိုက်ကူးမည့် ရုပ်ရှင်ကားများအတွက် မင်းသားလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ဒိုင်ဗင်ထိုး၊ ရေကူး၊ ထိုးကြိတ်သတ်ပုတ် စသည့် စတန့်မင်းသားတို့ တတ်အပ်သည့်အရာများ အစစ်ဆေးခံရာ၌လည်း မင်းသားရွှေဘမှာ ဒဏ်ရာရမှုနှင့် အနာတရဖြစ်မှုများ အခါအားလျော်စွာ ဖြစ်ပွားခဲ့သည်။

စတန့်မင်းသားလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်စဉ်နှင့် ပထမဆုံးရုပ်ရှင်ကား သတ္တိဗျတ္တိရုပ်ရှင်ကား ရိုက်ကူးစဉ်က ဒဏ်ရာရမှုနှင့် အနာတရဖြစ်မှုများ ကြုံတွေ့ခဲ့ရသော်လည်း ထိပ်တန်းမင်းသားအဖြစ် လျှမ်းလျှမ်းတောက်ကျော်ကြားချိန် စွန့်စားခန်းများကို ရိုက်ကူးရာတွင် မင်းသားရွှေဘမှာ လူစားမထိုးဘဲ ကိုယ်တိုင်စွန့်စား သရုပ်ဆောင်လေ့ရှိသည်။ မြန်မာ့ရုပ်ရှင်လောကနှင့် နိုင်ငံတကာရုပ်ရှင်လောကမှ ထိပ်တန်းမင်းသားများစွာမှာ အန္တရာယ်များပြားသည့် စွန့်စားခန်းများတွင် လူစားထိုးသရုပ်ဆောင်လေ့ရှိကြသည်။ မင်းသားရွှေဘမှာ ထိုသို့ လူစားထိုးသရုပ်ဆောင်ရန် တောင်းဆိုမှုမပြုဘဲ ကိုယ်တိုင်ကိုယ်ကျစွန့်စွန့်စားစား သရုပ်ဆောင်ခဲ့သဖြင့် မင်းအာဏာနှင့် ရွှေမားပိုလ် ရုပ်ရှင်ကားများ ရိုက်ကူးရာတွင် ထိခိုက်ဒဏ်ရာများ ပြင်းထန်စွာ ရရှိခဲ့သည်။

မင်းအာဏာမှာ စစ်ကြိုခေတ် ၁၉၄၀ ပြည့်နှစ်က ဦးဉာဏ၏ ဝတ္ထုဇာတ်ညွှန်းအား ဒါရိုက်တာ ကျားဦးသိန်းမောင်က ချစ်ရွှေ၊ ကျော်ညွှန့်၊ ခင်မြရင်တို့ဖြင့် ရိုက်ကူးခဲ့ရာ အသံတိတ်ဖြစ်သော်လည်း လူကြိုက်များ ကျော်ကြားခဲ့သည်။ ထို မင်းအာဏာရုပ်ရှင်ကားကို မင်းလွင်ရုပ်ရှင်မှ ဒါရိုက်တာဘုန်းမော်က ဦးဉာဏကိုပင် ခေတ်နှင့်အညီ ပြန်လည်ဇာတ်ညွှန်းရေးစေပြီး ရွှေဘ၊ ကျော်သန်း၊ ကြည်ကြည်ဌေးနှင့် ပန်းဝါတို့ဖြင့် ပြန်လည်ဆန်းသစ်ရိုက်ကူးခြင်းဖြစ်သည်။ ဇာတ်လမ်းအရ ညောင်ဦးမြို့အနီး ညောင်ဦး (နတ်သမီး)ကမ်းပါးမှ ဧရာဝတီမြစ်တွင်းသို့ ရွှေဘက မြင်းနှင့်အတူ ခုန်ချပုံအား ရိုက်ကူးရန်ရှိသည်။ အမှန်ရိုက်ကူးစဉ်တွင် ရွှေဘက မြင်းကို ကမ်းပါးဆီသို့ ဒုန်းစိုင်းစီးပြီး လာရာ၌ မြင်းကကြောက်ရွံ့ပြီး ကမ်းပါးထိပ်တွင် ခြေလေးဖက်စလုံး စုံရပ်ကာ ရပ်၍သာနေသဖြင့် ရိုက်ကူးရေးနှောင့်နှေးပြီး အောင်မြင်မှုမရဘဲ ရှိနေသည်။ ထို့နောက် မြင်း၏မျက်လုံးများကို ပုဝါတစ်ထည်ဖြင့် စီးလိုက်ရာ ကမ်းပါးထိပ်နှင့် မြစ်ရေကို မြင်းမမြင်ရတော့ဘဲ ကြောက်စိတ်ကင်းမဲ့သွားပြီး ညောင်ဦးကမ်းပါးထိပ်မှ မြစ်ရေပြင်သို့ ကျသွားပုံ အောင်မြင်စွာ ရိုက်ကူးနိုင်ခဲ့သော်လည်း မြင်းရင်အုံကွဲ၍ ချက်ချင်းသေဆုံးသွားပြီး ရွှေဘမှာလေ့ကျင့်ထားသည့် အတိုင်းမဟုတ်ဘဲ မြင်းလန့်ခုန်လိုက်သဖြင့် မြင်းပေါ်မှကျ၍ ရင်ဘတ်တစ်ခုလုံး အပါအဝင် တစ်ကိုယ်လုံး ပြင်းထန်သောဝေဒနာကို ကာလရှည်စွာ ခံစားလိုက်ရသည်။ ထိုစဉ်က စာနယ်ဇင်းများကလည်း မင်းသားရွှေဘနှင့် မြင်းတို့၏ ရိုက်ကွင်းသတင်းကို အချိန်နှင့်တပြေးညီ ဝေဝေဆာဆာ ဖော်ပြခဲ့ရာ မပြမီကပင် ပရိသတ်က မင်းအာဏာကို စိတ်ဝင်စားနေကြ၍ ရုံတင်ချိန်တွင် တစ်ခဲနက် ကြည့်ရှုအားပေးခဲ့ကြသည်။ မင်းအာဏာရုပ်ရှင်ကားအား ဒါရိုက်တာမောင်နန္ဒက ရန်အောင်၊ ကွမ်းသီး၊ မေသန်းနုတို့ဖြင့် တတိယအကြိမ် ပြန်လည်ဆန်းသစ်ခဲ့ပါသည်။

ရွှေမားပိုလ်မှာ တင်ညွှန့်ရုပ်ရှင်မှ ဒါရိုက်တာမင်းသားရွှေဘက တင်ညွှန့်၊ ရွှေဘ၊ စောလွင်နှင့် နှင်းဆီတို့ဖြင့် ရိုက်ကူးပြီး ၁၉၆၃ ခုနှစ်တွင် ရုံတင်ခဲ့သည်။ ပုံမှန်အားဖြင့် တင်ညွှန့်ရုပ်ရှင်မှ ထုတ်လုပ်သည့် ရုပ်ရှင်ကား

www.burmeseclassic.com

www.burmeseclassic.com



အများစုကို မင်းသားတင်ညွန့်က ဒါရိုက်တာအဖြစ် ဆောင်ရွက်ရိုက်ကူးလေ့ရှိသည်။ မင်းသားရွှေဘမှာ ဒါရိုက်တာအဖြစ် ဆောင်ရွက်မှုနည်းပါးသဖြင့် အသက်အရွယ်ရချိန်တွင် ဒါရိုက်တာအဖြစ် ရပ်တည်နိုင်စေရန် ရည်ရွယ်ပြီး ဒါရိုက်တာတာဝန် တိုက်တွန်းပေးအပ်ခဲ့ခြင်း ဖြစ်သည်။ မင်းသားရွှေဘကလည်း မငြင်းသာ၍ ဒါရိုက်တာတာဝန်ကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ မင်းသားရွှေဘနှင့် လူကြမ်းသရုပ်ဆောင် ကျော်ဇောတို့၏ ဓားခုတ်ခန်း ရိုက်ကွင်းတွင် လူကြမ်းကျော်ဇော၏ ဓားချက်ကြောင့် မင်းသားရွှေဘ၏ မျက်လုံးတစ်လုံး အပြင်သို့ထွက်လာ၍ ဆေးကုသမှု အမြန်ခံယူခဲ့ရသည်။ သာမန်အားဖြင့် မင်းသားရွှေဘ၏ မျက်လုံးဒဏ်ရာမှာ ကုသပျောက်ကင်းခဲ့သော်လည်း နှစ်ကာလကြာမြင့်သောအခါ အမြင်အာရုံ တဖြည်းဖြည်း လျော့နည်းလာခဲ့သည်။

သတ္တိဗျတ္တိ၊ မင်းအာဏာနှင့် ရွှေဓားဗိုလ်တို့ ရိုက်ကူးစဉ်ကနှယ် ပြင်းထန်သောဒဏ်ရာများ မခံစားရသော်လည်း အခြားစတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားများစွာ ရိုက်ကူးရာ၌ ဒူးကွေးမရမှု၊ ခြေသပ္ပတ်တိုင်လည်မှု၊ ဇက်ခိုင်သွားမှု၊ လက်မောင်းအုံ လှုပ်မရမှု၊ ရင်ဘတ်အောင့်မှု၊ ထိခိုက်ဒဏ်ရာရမှု စသည့် အနာတရ ဖြစ်မှုအမျိုးမျိုးကို ကြုံတွေ့ခဲ့ရသည်။ သဏ္ဍာန်လုပ် သရုပ်တူစေလိုမှုကြောင့် မင်းသားရွှေဘမှာ အန္တရာယ်နှင့် ဒဏ်ရာအနာတရဖြစ်မှုကို ကြောက်ရွံ့ခြင်းကင်းမဲ့စွာ လူစားမထိုးဘဲ စွန့်စားသရုပ်ဆောင်ခဲ့ရာ လေးစားချီးကျူးဖွယ် ကောင်းလှပါသည်။ ထို့ပြင် အောင်ဇေယျရုပ်ရှင်မှ ဒါရိုက်တာဦးအောင်မြတ်က ရွှေဘ၊ ဒိုင်ဗင်တင်လှ၊ သန်းသန်းအေး၊ ခင်ခင်ဆွေတို့ဖြင့် ၃၀၂ ရုပ်ရှင်ကားအား ၁၉၅၇ ခုနှစ်တွင် ရိုက်ကူးရုံတင်ခဲ့ရာ မင်းသားရွှေဘနှင့် ရွှေဘကိုချစ်ကြသည့် ပရိသတ်အတွက် တုန်လှုပ်ဖွယ်ဖြစ်ရပ်နှင့် ကြုံတွေ့ခဲ့ရသည်။ ၃၀၂ ရိုက်ကွင်းတွင် မတော်တဆ ဖြစ်ပွားသော သေနတ်ပစ်မှုကြီးအတွက် မင်းသားရွှေဘ ငြိစွန်းခဲ့ပြီး ရုပ်ရှင်ရိုက်ကူးမှု ကာလကြာမြင့်စွာ ရပ်ဆိုင်းကာ ဖြေရှင်းခဲ့ရခြင်းပင်ဖြစ်သည်။ မင်းသားရွှေဘမှာ စိတ်ထားမှန်၊ စေတနာမှန်၊ လုပ်ရပ်မှန်တို့ကြောင့်သာ ထိုဖြစ်ရပ်ကို ကျော်လွှားနိုင်ခဲ့ခြင်း ဖြစ်သည်။

မင်းသားရွှေဘမှာ ဆရာဖြစ်သူအား ချစ်ကြောက်ရိုသေ လေးစားမှု၊ ဇာတ်ပို့ဇာတ်ရံများအား လက်ရည်တစ်ပြင်တည်း နေထိုင်ဆက်ဆံပြီး ငဲ့ညှာထောက်ထားမှုနှင့် ရုပ်ရှင်ကြည့်ပရိသတ်အား ဖျော်ဖြေရာတွင် အန္တရာယ်နှင့် ဒဏ်ရာအနာတရတို့အား ပဓာနမထားဘဲ စွန့်စားသရုပ်ဆောင်မှုတို့ ပြုခဲ့သည့်အပြင် ရုပ်ရှင်ကား အများအပြားတွင် သရုပ်ဆောင်လေ့ရှိသော ရွှေဘ၏ ဇာတ်ဆောင်စရိုက်များအတိုင်း မဟုတ်မခံစိတ်ရှိပြီး တရားမျှတမှုကို လိုလားသူ ဖြစ်သည်။

ချစ်မင်္ဂလာရုပ်ရှင်အတွက် ဒါရိုက်တာခင်မောင်ညွန့်မှ ပခန်းကိုကြီးကျော် ရုပ်ရှင်ကားကို ခင်မောင်ညွန့်၊ ရွှေဘ၊ မေသစ်နှင့် သင်းသင်းလဲ့တို့ဖြင့် ၁၉၆၀ ပြည့်နှစ်က ရိုက်ကူးခဲ့သည်။ ပခန်းကိုကြီးကျော်မှာ မင်းသားရွှေဘအတွက် ရှားပါးလှသော နတ်သမိုင်း ရုပ်ရှင်ကားဖြစ်သည်။ ပခန်းကိုကြီးကျော် ရုံတင်စဉ်က ရန်ကုန်နှင့်မန္တလေးမြို့များမှ ရုပ်ရှင်ရုံ မျက်နှာစာများတွင်ရော၊ နယ်မြို့များမှ ပြသရာ ရုပ်ရှင်ရုံ မျက်နှာစာများတွင်ပါ ဆိုင်းဝိုင်းများနှင့် နတ်ပွဲများခင်း၍ ရုပ်ရှင်မပြသမီ ဖျော်ဖြေမှုပြုခဲ့သည်မှာ ထူးခြားမှုဖြစ်သည်။ ပခန်းကိုကြီးကျော် ရိုက်ကူးစဉ်က မရမ်း ကုန်းမြို့နယ် ပြည်လမ်း (၉)မိုင် အေဝမ်းရုပ်ရှင်ခြံတွင် မဏ္ဍပ်ထိုးပြီး နတ်ကနားပွဲပေးရာတွင် နှဲဆရာကြီး တက်ခေတ်အုန်းခေါ် ဦးအုန်းမောင်ဦးစီးသည့် ဆိုင်းအဖွဲ့ကို ငှားရမ်း တီးမှုတ်စေခဲ့သည့်အပြင် ဇာတ်ဝင်ခန်းတွင်ပါ တက်ခေတ်အုန်းဆိုင်းအဖွဲ့၏ တီးခတ်မှုကို ရိုက်ကူးသုံးစွဲရန် စီစဉ်ခဲ့သည်။ ထုတ်လုပ်သူဘက်မှ ပုံမှန်နတ်ကနားပွဲအတွက်သာ အနုပညာကြေးပေးရန် စီစဉ်သောအခါ တက်ခေတ်အုန်းက ရုပ်ရှင်ကားတွင်လည်း နောက်ခံတီးခတ်မှုအဖြစ် သုံးစွဲထား၍ အနုပညာကြေး ပိုမိုပေးရန် တောင်းဆိုသည်။ ထုတ်လုပ်သူနှင့် တက်ခေတ်အုန်းတို့ နှစ်ဦးနှစ်ဖက် အငြင်းပွားနေကြစဉ် မင်းသားရွှေဘက အနီးသို့ရောက်ရှိ ကြားသိသွားပြီး ထုတ်လုပ်သူအား တက်ခေတ်အုန်းသို့ အနုပညာကြေး ပိုမိုပေးသင့်ကြောင်း ဝင်ရောက်ဆွေးနွေး တိုက်တွန်းပေးခဲ့ရာ အနုပညာကြေး ပိုမိုရရှိသွား၍ တက်ခေတ်အုန်းဆိုင်းအဖွဲ့ တစ်ဖွဲ့လုံး ဝမ်းသာပျော်ရွှင်ခဲ့ကြသည်။ ထိပ်တန်းမင်းသားအဖြစ် ရုပ်

www.burmeseclassic.com

www.burmeseclassic.com



တည်နေသော်လည်း မိမိနှင့်တိုက်ရိုက် သက်ဆိုင်မှု မရှိသည့် ဆိုင်းအဖွဲ့အား လျစ်လျူမရှုဘဲ အနုပညာသမားဘက်မှ ရပ်တည်ပေးခဲ့သည့် မင်းသားရွှေဘ၏ စိတ်ဓာတ်အား ပေါ်လွင်စေခဲ့သည်။

သတ္တိဗျတ္တိ ရိုက်ကူးရေးတွင် ဒါရိုက်တာပဲရောက်ဖေကြိုင်နှင့် မင်းသားကျော်ရွှေတို့ အငြင်းပွားလမ်းခွဲခဲ့ကြရာမှ သတ္တိဗျတ္တိအား ရွှေဘဖြင့် အစားထိုးရိုက်ကူးကာ ရွှေဘ ထင်ရှားကျော်ကြားခဲ့သည်။ ထို့နောက် မင်းသားကျော်ရွှေက ကျော်ဆွေဟုအမည်ပြောင်းပြီး အက်ရှင်စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားများအပြင် သဘာဝနှင့်အက်ရှင် ရောစပ်ရုပ်ရှင်ကားများ (Action & Drama Movies) နှင့် သဘာဝသက်သက် ရုပ်ရှင်ကားများကိုပါ ရိုက်ကူးခဲ့ပြီး ရွှေဘကမူ စတန့်ဇာတ်ကြမ်းကားများကိုသာ အများအပြား ရိုက်ကူးခဲ့သည်။ အကြမ်းအားဖြင့် ကျော်ဆွေကနှစ်စဉ်ရုပ်ရှင်ကား သုံးကားခန့်နှင့် ရွှေဘက နှစ်စဉ်ရုပ်ရှင်ကား ဆယ်ကားခန့် ရိုက်ကူးပြီး ကိုယ့်မူနှင့်ကိုယ် ရုပ်ရှင်ခရီးကို ဖြတ်သန်းပြီး အောင်မြင်မှုကို ရယူထိန်းသိမ်းခဲ့ကြသည်။ မြန်မာ့ရုပ်ရှင်လောကသို့ ရှေ့ဆင့်နောက်ဆင့် ခြေချအောင်မြင်ခဲ့ကြပြီး နှစ်ဦးလုံး ထိပ်တန်းမင်းသားအဖြစ် ကာလကြာမြင့်စွာ ရပ်တည်လာနိုင်ကြသော်လည်း ရုပ်ရှင်ကားများတွင် အတူတကွ လက်တွဲသရုပ်ဆောင်မှု မပြုဖြစ်ခဲ့ကြ။ ထိုအခြေအနေ ၁၉၇၀ ပြည့်နှစ်များတွင် ကျော်ဆွေပိုင် မိုးရုပ်ရှင်ကုမ္ပဏီမှ ဒါရိုက်တာကျော်ဆွေက မြွေမြွေချင်းခြေမြင် ရုပ်ရှင်ကားအား ကျော်ဆွေ၊ ရွှေဘ၊ ခင်ယုမေတို့ဖြင့် ရိုက်ကူးရန် ကမ်းလှမ်းခဲ့သည်။ မင်းသားရွှေဘက ကမ်းလှမ်းမှုကိုလက်ခံပြီး မြွေမြွေချင်းခြေမြင်ကို စတင်ရိုက်ကူးမှု ပြုခဲ့ကြရာ ရိုက်ကူးရေးအတော်အတန်ပြီးချိန်ရောက်မှ ကျော်ဆွေနှင့် ရွှေဘတို့ ထိပ်တန်းမင်းသားနှစ်ဦးကြားတွင် အထင်အမြင်လွဲမှားမှုနှင့် မင်းသားကျော်ဆွေကျန်းမာရေး ချို့ယွင်းမှုဖြစ်ကာ ရိုက်ကူးမှုရပ်တန့်ခဲ့ရသည်။ ထို့နောက် ကာလအတန်ကြာ ရပ်တန့်နေသော မြွေမြွေချင်းခြေမြင် ဆက်လက်ရိုက်ကူးရေးအတွက် ကျော်ဆွေက ကျော်ဆွေနှင့်ရော ရွှေဘနှင့်ပါ ရင်းနှီးခင်မင်သည့် သတင်းစာဆရာ ဖိုးသောကြာ(ခေတ်+မိုး)ကို ကြားဝင်ညှိနှိုင်းပေးရန် မေတ္တာရပ်ခံခဲ့သည်။ ဖိုးသောကြာ(ခေတ်+မိုး)၏ ကြားဝင်စေ့စပ်မှုအရ မင်းသားရွှေဘက ကျော်ဆွေအစား အခြားဒါရိုက်တာတစ်ဦးကို ပြောင်းလဲပြီး ဆက်လက်ရိုက်ကူးရန် တိုက်တွန်းခဲ့သည်။ မင်းသားကျော်ဆွေကလည်း ဒါရိုက်တာထင်လင်းအား ဆက်လက်ရိုက်ကူးရန်တာဝန်ပေးခဲ့သဖြင့် ၁၉၈၀ ပြည့်နှစ်တွင် မြွေမြွေချင်းခြေမြင် ရုံတင်နိုင်ခဲ့သည်။ ခေတ်ပြိုင်မင်းသားနှစ်ဦးဖြစ်သောကျော်ဆွေနှင့် ရွှေဘတို့ ရှားရှားပါးပါး အတူတကွလက်တွဲသရုပ်ဆောင်ခဲ့ကြသည့် တစ်ကားတည်းသော ရုပ်ရှင်ကား မြွေမြွေချင်းခြေမြင်ကိုလည်း ရုပ်ရှင်ကြည့်ပရိသတ်တို့ ထူးထူးခြားခြား ကြည့်ရှုခံစားခွင့် ရခဲ့ကြသည်။ ခေတ်ပြိုင်မင်းသား နှစ်ဦးကြား သဘောထားကွဲလွဲမှု ရှိကြစေကာမူ နှစ်ဦးညှိနှိုင်း အဖြေရှာသွားကြပုံနှင့် ထုတ်လုပ်သူကျော်ဆွေ၏ အကျိုးစီးပွားပျက်စီးအောင် လုပ်ဆောင်လိုသည့် ဆန္ဒ မင်းသားရွှေဘ၌ မရှိပုံတို့အား ကွက်ကွက်ကွင်းကွင်းမြင်ကြရပါသည်။

မင်းသားရွှေဘက လျှမ်းလျှမ်းတောက် ကျော်ကြားနေချိန်တွင် မြတ်လေးမှာ ဂီတလောက၌ ဂီတစာဆိုနှင့်တေးသံရှင်အဖြစ် စတင်အောင်မြင်နေပြီ ဖြစ်သည်။ ထို့နောက် မြတ်လေးသည် ရုပ်ရှင်အနုပညာရပ်များကို စာတွေ့လက်တွေ့လေ့လာကာ ၁၉၅၈ ခုနှစ်တွင် အပေါင်းလက္ခဏာရုပ်ရှင်ကို တည်ထောင်၍ ပင်လုံထိပ်ထားဦး ရုပ်ရှင်ကားအား ဝတ္ထုဇာတ်ညွှန်းရေးပြီး သရုပ်ဆောင်ဒါရိုက်တာအဖြစ်ပါဆောင်ရွက်ခဲ့ရာ မြတ်လေးသည်လည်းအောင်မြင်မှုရခဲ့သည်။ မင်းသားရွှေဘက အများအားဖြင့်စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားများကို ရိုက်ကူးပြီး မြတ်လေးက အများအားဖြင့် အတွေးအခေါ်နှင့် စာပေဟန်ကဗျာဟန် စကားလုံးအသုံးအနှုန်းကို သုံးစွဲသည့်အပြောအဆိုသဘာဝအသားပေး ရုပ်ရှင်ကားများကို ရိုက်ကူးခဲ့သည်။ တစ်နည်းအားဖြင့် မင်းသားရွှေဘနှင့် မြတ်လေးတို့မှာလမ်းကြောင်းမတူညီသည့် ရုပ်ရှင်ခရီး ကိုယ်စီကိုလျှောက်လှမ်းခဲ့ကြသည်။ လျှောက်လှမ်းနေသော ရုပ်ရှင်ခရီးလမ်းမတူညီကြသူများဖြစ်၍လည်း ရုပ်ရှင်ကား တစ်ကားတည်းတွင် အတူတကွ ပူးတွဲသရုပ်ဆောင်မှု မပြုခဲ့ကြဟု ယူဆရပါသည်။ ထို့အတူ မင်းသားရွှေဘ၏ သွင်ပြင်ပုံသဏ္ဍာန်နှင့် မြတ်လေး၏ ဟန်ပန်အမူအရာတို့မှာ ခြားနားလွန်းလှ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ရုပ်ရှင်ကြည့်ပရိသတ်၏ အမြင်တွင် သူတို့နှစ်ယောက်အား ဆက်စပ်ပတ်သက်မှု မရှိဟု ထင်ကြသည်။ အမှန်စင်စစ် သရုပ်ဆောင်ဒါရိုက်တာအဖြစ် မြတ်လေးအောင်မြင်ကျော်ကြားမှု မရမီကပင် မင်းသားရွှေဘနှင့် လက်ပွန်းတတီး ပေါင်းသင်းနေထိုင်ခဲ့ကြသည်။ မင်းသားရွှေဘ၏နေအိမ်တွင် မြတ်လေးက သီချင်းဆိုပြီး ရွှေဘက မယ်ဒလင်တီးကာ အားလပ်ချိန်များကို အနားယူပြီး အခါအားလျော်စွာ လမ်းလျှောက် စကားပြောကြ၊ အနုပညာချင်း နှီးနှောဖလှယ်ကြ လုပ်လေ့ရှိသည်။ စာရေးဆရာမောင်သူရိန်က စတန့်မင်းသား ရွှေဘဆောင်းပါး (ရုပ်ရှင်အောင်လံမဂ္ဂဇင်း ၁၉၈၉ ဇန်နဝါ ရီ)တွင် တာမွေဗိုလ်စိန်မှန် အားကစားကွင်းအနီး၌ မင်းသားရွှေဘနှင့် စပ်လျဉ်းသည့် ဖြစ်စဉ်တစ်ခုအား မြတ်လေးက တခုတ်တရ ပြန်လည်တသ ပြောပြပုံကို 'ဒီနေရာပေါ့ကွ၊ သူ့တပည့် လူကြမ်းတစ်ယောက်ကို ပြဇာတ်ဒါရိုက်တာရဲ့ လူတွေက ထိုးကြိတ်လွှတ်လိုက်ကြလို့ ဒဏ်ရာရတယ်၊ အဲဒါကို ရွှေဘကြီးသိတော့ သူ့တပည့်အတွက် မခံနိုင်ဖြစ်ပြီး ဓားကြီးဆွဲပြီးထွက်တယ်၊ ဟောဒီနေရာကနေ ရပ်ပြီး စိန်ခေါ်တာ ဟိုဘက်က ဘယ်သူမှ ထွက်မလာကြဘူး။ ဒီနေရာမှာလည်း ဝိုင်းကြည့်တဲ့လူတွေ ပြည့်နေတာပဲကွ'ဟု ပြန်လည်ဖောက်သည်ချခဲ့သည်။ မင်းသားရွှေဘ၏ မတရားအနိုင်ကျင့်မှု ရွံမုန်းတတ်ပုံနှင့် တပည့်လူကြမ်းသရုပ်ဆောင်များအတွက် မားမားမတ်မတ် ရပ်တည်လေ့ရှိပုံကို ထင်ရှားစွာ တွေ့နိုင်ကြပါသည်။

ဇာတ်ဆောင် မင်းသားတစ်ယောက်သည် ရုပ်ရှင်ကားတစ်ကားတွင် ပါဝင်သရုပ်ဆောင်ရာ၌ ရုပ်ရှင်လောကမှ ထုတ်လုပ်သူ၊ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာ၊ ဇာတ်ဆောင်မင်းသမီး၊ အမျိုးသားနှင့် အမျိုးသမီး ဇာတ်ပို့ဇာတ်ရံများ၊ ဓာတ်ပုံနှင့် အသံစသည်တို့နှင့် ဆက်နွယ်သည့် စက်မှုအတတ်ပညာရှင်များ၊ ရုပ်ရှင်ရိုက်ကူးရေးတွင် တာဝန်အမျိုးမျိုးဖြင့် ပံ့ပိုးကြရသူများ (ဖလင်အယ်ဒီတာ၊ ရိုက်ကွင်းမန်နေဂျာ၊ မှတ်တမ်းရေးသူ၊ ရိုက်ကွင်းပြင်ဆင်သူ . . . စသည်)ဖြင့် ဆက်ဆံနေကြရပါသည်။ ထို့ပြင် ဝတ္ထုအား ဇာတ်ညွှန်းရေးပြီး ရိုက်ကူးလျှင် စာပေလောကမှ စာရေးဆရာဖြင့်လည်းကောင်း၊ ဇာတ်ဝင်တေး သီဆိုလျှင်ဖြစ်စေ၊ နောက်ခံတေးဖြင့် သရုပ်ဆောင်ရန် ရှိလျှင်ဖြစ်စေ ဂီတလောကမှ ဂီတမျိုးနှင့် ဂီတပညာရှင်များဖြင့်လည်းကောင်း ဆက်ဆံရန်လိုအပ်ပါလိမ့်မည်။ မင်းသားရွှေဘသည်လည်း ရုပ်ရှင်လောကတွင် နှစ်ပေါင်းလေးဆယ်ခန့် ကျင်လည်ပြီး ရုပ်ရှင်ကားမြောက်မြားစွာ ရိုက်ကူးခဲ့ရာ၌ ထုတ်လုပ်သူ၊ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာ၊ ဇာတ်ဆောင် ဇာတ်ပို့နှင့် ဇာတ်ရံသရုပ်ဆောင်များ၊ ရုပ်ရှင်စက်မှုနှင့် အတတ်ပညာရှင်များ၊ ရုပ်ရှင်ရိုက်ကူးရေးတွင် ပါဝင်ပံ့ပိုးကြသည့် ရုပ်ရှင်၊ စာပေနှင့် ဂီတလောကသားများနှင့် ဆက်ဆံခဲ့ရသည်။

မင်းသားရွှေဘ ဆက်ဆံခဲ့သည့် ထုတ်လုပ်သူများတွင် ပဲရောက်ရုပ်ရှင်၊ ရန်ကုန်ရုပ်ရှင်၊ အောင်သပြေရုပ်ရှင်၊ ကန်တော်မိတ်ရုပ်ရှင်၊ ပဒေသာရုပ်ရှင်၊ အောင်မိတ်ဆက်ရုပ်ရှင်၊ ရွှေဝယ်သီရိရုပ်ရှင်၊ ဆွေဗမာဖလင်၊ ရွှေမြင့်မိုရ်ရုပ်ရှင်၊ စန်းသော်တာ ရုပ်ရှင်၊ အောင်ဇေယျ ရုပ်ရှင်၊ အောင်မင်္ဂလာရုပ်ရှင်၊ ပြည်ကျော်ဖလင်၊ ဘီဘီဘီ ဖလင်၊ ပြည်သူ့မေတ္တာရုပ်ရှင်၊ တင်ညွန့်ရုပ်ရှင်၊ မြဖလင်၊ အောင်စကြာဖလင်၊ ကမ္ဘာကျော်ရုပ်ရှင်၊ ဝင်းသီရိ ရုပ်ရှင်၊ နယူးဘားမားဖလင်၊ စကြာဝဠာရုပ်ရှင်၊ အမျိုးသားတိုးတက်ရေးရုပ်ရှင်၊ ရွှေဟသာ်ရုပ်ရှင်၊ မင်္ဂလာညွန့်ဖလင် စသည့် စစ်ကြိုခေတ်၊ စစ်ပြီးခေတ်နှင့် လွတ်လပ်ရေးရပြီးကာလတို့တွင် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှု လုပ်ငန်းများအား တွင်ကျယ်စွာဆောင်ရွက်ခဲ့ကြသည့် ထုတ်လုပ်ရေးကုမ္ပဏီများစွာ ပါဝင်ပါသည်။ ထို့ပြင် ရုပ်ရှင်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းအား ကာလကြာမြင့်စွာနှင့် မြောက်မြားစွာဆောင်ရွက်မှု မပြုခဲ့ကြသည့် ထုတ်လုပ်သူများလည်း ပါဝင်ရာ ရုပ်ရှင်ကားထုတ်လုပ်ရေး ကုမ္ပဏီတိုင်းလိုလိုသည် မင်းသားရွှေဘနှင့် မကင်းနိုင်ကြဟုပင် ဆိုရပါမည်။

ပဲရောက်ရုပ်ရှင်မှ သတ္တိဗျတ္တိ ရုပ်ရှင်ကားရိုက်ကူးချိန်တွင် ဒါရိုက်တာပဲရောက်ဖေကြိုင်မှာ လူငယ်ဒါရိုက်တာအဖြစ်သာ ရှိသေးရာ မင်းသားရွှေဘမှာ လူငယ်ဒါရိုက်တာတစ်ဦး၏ မြေတောင်မြှောက် ပွဲထုတ်မှုဖြင့် ရုပ်ရှင်လောကသို့ ခြေချခဲ့သူဖြစ်ပါသည်။ ပဲရောက်ရုပ်ရှင်တွင် ဒါရိုက်တာပဲရောက်ဖေကြိုင်ရော အခြားဒါရိုက်တာများနှင့်ပါ စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားများစွာကို ဆက်လက်

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ကူးခဲ့ပြီးနောက် အခြားထုတ်လုပ်ရေးကုမ္ပဏီများနှင့်လည်း လက်တွဲရိုက်ကူးမှု ပြုခဲ့သည်။ ထိုသို့ရိုက်ကူးရာတွင် ထုတ်လုပ်ရေးကုမ္ပဏီစုံသလို ဒါရိုက်တာများစွာနှင့်လည်း ဆက်ဆံလက်တွဲ လုပ်ကိုင်ခွင့်ရခဲ့သည်။ စစ်ကြိုခေတ်ကထင်ရှားခဲ့သော ဆရာခန့်၊ ဦးဘဇင် (စာရေးဆရာငွေစန္ဒာ)၊ ဦးအောင်မြတ်၊ ဦးဉာဏ၊ ကျားဦးသိန်းမောင်၊ ဦးဘိုးဟန်၊ ဦးရွှေထွန်း၊ ဦးစိုးမောင်၊ ဦးတင်အောင်၊ ဦးကျော်မြင့်၊ ဦးကျော်မိုး၊ ဦးအောင်ကြီး၊ ဦးချစ်ဖေ၊ ဦးလွန်းဖေ၊ မြို့မအုန်း စသည့် ဒါရိုက်တာကြီးများ၊ စစ်ပြီးခေတ်နှင့် လွတ်လပ်ရေးခေတ်တွင် မင်းသားရွှေဘနှင့်အတူ ထင်ရှားခဲ့ကြသော ပဲရောက်ဖေကြိုင်၊ ရွှေဘော်၊ စိန်မြင့်၊ သက်ရှည်(မောင်မိုးမြင့်)၊ မောင်မောင်စိန်၊ သန်းမြင့်၊ နေဒွန်း၊ စာရေးဆရာမျိုးမြင့်အောင်၊ မောင်လှတင်၊ ကိုအေးမြင့်၊ သန်းနွဲ့၊ တက္ကသိုလ်ဝင်းဖေ၊ ပန်းသာတင်ရွှေ၊ ဘခန့်၊ ခင်မောင်ညွှန့်၊ မောင်ခင်ဇော်၊ တင်ညွှန့်၊ မျိုးအောင်၊ အေဝမ်းညွှန့်မောင်၊ ထွန်းလင်းကျော်၊ ဒေါ်မြမြ၊ မြင့်ဖေ၊ ကျွန်တော်ချစ်မောင်၊ မင်းနိုင်၊ လှမင်း၊ ဦးဝင်းမောင်၊ ဒဂုန်မြတ်လေးနွယ်၊ ကျော်ဆွေ စသည့် ဒါရိုက်တာများ၊ မင်းသားရွှေဘ ထင်ရှားကျော်ကြားပြီးမှ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်တွင် ပေါ်ထွန်းခဲ့ကြသော ကျော်မင်း၊ ထွန်းဝင်း၊ ဗိုလ်အေးမောင်၊ စာရေးဆရာကျော်နိုင်၊ ယဉ်လှ၊ စန်းသွင်၊ အောင်ခင်၊ တင်ကြိုင်၊ စစ်ကိုင်းဝင်းအောင်၊ ခိုင်ထွန်း(မင်းသားဝင်းညွှန့်)၊ အေဝမ်းသိန်းဇော်၊ မောင်သော်တာ(မောင်နှင်းမိုး)၊ ဘုန်းမော်၊ အေဝမ်းမောင်လှမျိုး၊ ဇော်ထက် စသည့် ဒါရိုက်တာများအပြင် ၁၉၇၀ ပြည့်လွန်နှစ်များတွင် ပေါ်ထွန်းခဲ့သော လူငယ်ဒါရိုက်တာများဖြင့်ပါ လက်တွဲရိုက်ကူးခဲ့သည်။ ထိုဒါရိုက်တာများအနက် ထုတ်လုပ်သူလည်းဖြစ် မင်းသားရွှေဘနှင့် ခေတ်ပြိုင်စတန့်မင်းသားလည်းဖြစ်သော မင်းသားတင်ညွှန့်သည် မင်းသားရွှေဘ လျှမ်းလျှမ်းတောက် ကျော်ကြားချိန်မှာရော၊ မှေးမှိန်ချိန်မှာပါ လုပ်ဖော်ကိုင်ဖက်နှင့် ရဲဘော်ရဲဘက်ကောင်းပီသစွာ ရုပ်ရှင်ကားများ ရိုက်ကူးပေးခဲ့ပြီး ရုပ်ရှင်ကား ၂၀ နီးပါးခန့်အထိ ထုတ်လုပ်ရိုက်ကူးမှုပြုခဲ့ရာ မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

ဇာတ်ဆောင်မင်းသား အချို့သည် အခြားထင်ရှားကျော်ကြားသော ဇာတ်ဆောင်မင်းသားများနှင့် တွဲဖက်သရုပ်ဆောင်ရန်ရှိလျှင် တွဲဖက်သရုပ်ဆောင်ရန် သင့်မသင့် စဉ်းစားလေ့ရှိပြီး အချို့မင်းသားများမှာ ငြင်းပယ်လေ့ရှိကြသည်။ အားပြိုင်သရုပ်ဆောင်မှု ပြုကြရာတွင် အခြားမင်းသားမှ သရုပ်ဆောင်မှု အမှုအရာ ပိုမိုကောင်းမွန်သွားမည်ကို ပူပန်မှုနှင့် အခြားမင်းသားအား ပရိသတ်မှ ပိုမို စူးစိုက်အာရုံဝင်စားသွားမည်ကို စိုးရိမ်ပူပန်မှုတို့ကြောင့် ဖြစ်နိုင်ပါသည်။ ထုတ်လုပ်ရေးကုမ္ပဏီ၊ ဒါရိုက်တာနှင့်တွဲဖက်ရမည့် ဇာတ်ဆောင်မင်းသမီးနှင့် ဇာတ်ပို့ဇာတ်ရံ သရုပ်ဆောင်များထက် စင်ပြိုင်တွဲဖက်ပါဝင်သည့် ဇာတ်ဆောင်မင်းသားကို ပိုမိုအလေးထား ရွေးချယ်လေ့ရှိကြသည်။ မင်းသားရွှေဘမှာ စစ်ကြိုခေတ်က ထင်ရှားခဲ့သော ဘချစ်၊ ခင်မောင်၊ အေဝမ်းညွှန့်မောင်နှင့် တင်ဖေစသော မင်းသားကြီးများ၊ ခေတ်ပြိုင်ဟုဆိုရမည့် ဇေယျ၊ ခင်မောင်ညွှန့်၊ ဖိုးပါကြီး၊ ကျော်ဝင်း၊ တင်ညွှန့်၊ ကျော်ဖေ၊ ကျော်ဆွေ၊ ရွှေကို၊ သူရ၊ ဒိုင်ဗင်တင်လှ၊ ကျော်သန်း၊ သက်ရှည်စသည့် မင်းသားများ၊ မင်းသားရွှေဘထက် ဆယ်စုနှစ်တစ်ခုခန့် နောက်ကျထင်ရှားခဲ့ကြသော မြင့်အောင်၊ ဗိုလ်ဗကို၊ ခင်မောင်ဇင်၊ မြင့်စိုး၊ ခင်မောင်မြင့်၊ ပဲခူးသန်းအောင်၊ ကောလိပ်ဂျင်နေဝင်း၊ ဝင်းညွှန့် စသည့် မင်းသားများ၊ မင်းသားရွှေဘထက် ဆယ်ငါးနှစ်ခန့်နောက်ကျ ထင်ရှားခဲ့ကြသော စိုးရွှေ၊ တွံတေးသိန်းတန်၊ ဇော်လွင်၊ အောင်လွင် စသည့်မင်းသားများ၊ မင်းသားရွှေဘထက် ဆယ်စုနှစ် နှစ်ခုမျှ နောက်ကျ ကျော်ကြားခဲ့ကြသော ကျော်ဟိန်း၊ ထွန်းထွန်းဝင်း၊ ခင်မောင်ချင်း၊ ကိုမြင့်(သမန်းကျား)၊ ဆိုးပေနှင့်မောင်မဲ စသည့်မင်းသားများဖြင့် အနုပညာပေါင်းစည်းမှုပြု၍ တွဲဖက် သရုပ်ဆောင်ခဲ့သည်။ အကြောင်းကြောင်းကြောင့် မင်းသားရွှေဘနှင့် လက်တွဲ၍ သရုပ်ဆောင်မှုမပြုဖြစ်သည့် ထင်ရှားသော ဇာတ်ဆောင်မင်းသားများမှာ ထွန်းဝေ၊ မောင်သင်၊ ဝင်းဦး၊ ကြည်စိုး၊ ညွှန့်ဝင်း၊ ဇော်ခင်နှင့် ဇော်ဝမ်း စသူတို့လောက်သာ ရှိခဲ့ပါသည်။

မြန်မာ့ရုပ်ရှင်ကားဈေးကွက်တွင် ဇာတ်ဆောင်မင်းသားနှင့်အတူ ဇာတ်ဆောင်မင်းသမီးသည်လည်း အရေးပါသည့်အခန်းမှ ပါဝင်လျက်ရှိပါသည်။ ဇာတ်လမ်းပို

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ဆောင်စရိုက်နှင့် ကိုက်ညီသည့် ဇာတ်ဆောင်မင်းသမီးအား ဒါရိုက်တာတို့သည် ဘက်ပေါင်းစုံမှ စဉ်းစားပြီးမှ ရွေးချယ်လေ့ရှိကြပါသည်။ မင်းသားရွှေဘသည် ခေတ်အဆက်ဆက်တွင် ထင်ရှားခဲ့သော ဇာတ်ဆောင်မင်းသမီးများ ဖြစ်ကြသည့် မေသန်းကြည်၊ ခင်နန်းမြင့်၊ ဝင်နီ၊ မြင့်မြင့်ခင်၊ မော်လီ၊ မေရီမြ၊ စောမူ၊ ကြူကြူခင်အုန်း မြင့်၊ စိန်စိန်၊ ခင်ထားမေ၊ မေမြင့်၊ မြင့်မြင့်ဌေး၊ သီသီ၊ နွဲ့နွဲ့ခင်၊ မေရီမြင့်၊ ခင်လေးဆွေ၊ မေချစ်၊ ခင်ဖြူမြင့်မြင့် ရီ၊ တင်တင်မူ၊ ရီလေး၊ ခင်မာလာ၊ ညွှန့်ညွှန့်ဆွေ၊ ရီရီစံ၊ မြမြရီ၊ မေသစ်၊ ကြည်ကြည်ဌေး၊ သင်းသင်းလှဲ့၊ မသက်ပန်၊ နီနီအေး၊ မေမြ၊ သန်းသန်းမြင့်(ထားထားနွယ်)၊ မေလှဲ့ဝင်း၊ နုနုလွင်၊ တင်တင်မြင့်၊ သန်းသန်းဆင့်၊ မေမြင့်ရီ၊ စံရှားတင်၊ ခင်သန်းနု၊ နှင်းဆီ၊ စမ်းစမ်းဝင်း၊ တင်တင်လှ၊ နှင်းနွယ်စိုး၊ တင်တင်ဝင်း၊ အေးအေးသင်း၊ နွဲ့နွဲ့စန်း၊ စန္ဒာ၊ ယဉ်ယဉ်အေး၊ ခင်ယုမေ၊ ချိုပြုံး၊ ဆွေဇင်ထိုက်၊ နွဲ့နွဲ့မူ၊ ခင်သီတာထွန်း စသူတို့နှင့် တွဲဖက်သရုပ်ဆောင်နိုင်ခဲ့သည်။ မင်းသားရွှေဘမှာ သရုပ်ဆောင်သက်တမ်း ရှည်လျားသည်နှင့်အမျှ တူမအရွယ်၊ သမီးအရွယ်မင်းသမီးငယ်များစွာနှင့်အတူ လက်တွဲသရုပ်ဆောင်နိုင်ခဲ့ပြီး မင်းသားရွှေဘ၏ လက်တွဲဖေးမမှုကြောင့် တက်သစ်စမင်းသမီးများစွာမှာ ထင်ရှားကျော်ကြားမှု ရခဲ့ကြသည်။ မင်းသားရွှေဘနှင့် အတွဲအညီဆုံးအဖြစ် ပရိသတ်ကအားပေးသတ်မှတ်မှုကြောင့် အများဆုံး လက်တွဲပါဝင်ခွင့်ရသည့် မင်းသမီးများမှာ မေမြင့်၊ မေရီမြ၊ မေရီမြင့်၊ မြင့်မြင့်ခင်၊ ကြည်ကြည်ဌေး၊ သင်းသင်းလှဲ့၊ နှင်းဆီ၊ စန်းစန်းဝင်း၊ မြမြရီနှင့် တင်တင်လှတို့ဖြစ်ကြပြီး ထင်ရှားသောမင်းသမီးများဖြစ်သည့် ဝါဝါဝင်းရွှေ၊ တင်တင်အေး၊ ဒေဇီကျော်ဝင်း၊ စန်းစန်းအေး၊ တင်တင်နွဲ့နှင့် မြတ်မွန်တို့သာလျှင် အကြောင်းကြောင်းကြောင့် လက်တွဲသရုပ်ဆောင်ခွင့်မရခဲ့ကြသည့် အခြေအနေတွင် ရှိခဲ့ပါသည်။

ရုပ်ရှင် သက်တမ်းတစ်လျှောက် နှစ်ပေါင်းလေးဆယ်ကျော်ကာလတွင် မင်းသား ရွှေဘသည် ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ ဇာတ်ဆောင်၊ ဇာတ်ပို့ဇာတ်ရံ သရုပ်ဆောင်များနှင့် စာပေ၊ ဂီတနှင့် ရုပ်ရှင်လောကမှ အနုပညာရှင်နှင့် အတတ်ပညာရှင်များစွာဖြင့် လက်တွဲပြီး ရုပ်ရှင်ကားပြောက်မြားစွာကို ရိုက်ကူးနိုင်ခဲ့ခြင်းမှာ မင်းသားရွှေဘ၏ သည်းခံမှု၊ ခွင့်လွှတ်မှု၊ အနစ်နာခံမှု၊ စေတနာထားတတ်မှု၊ မျှတမှု၊ စာနာမှု၊ မာန်မာနကင်းမဲ့မှုနှင့် လိုက်လျောတတ်မှု စသည်တို့ဖြင့် ပြည့်လျှံနေသော ဆက်ဆံရေး ကောင်းမွန်ခြင်းကြောင့်ဟု ဆိုနိုင်ပါသည်။

၁၉၄၈ ခုနှစ်တွင် ပဲရောက်ရုပ်ရှင်မှ ဒါရိုက်တာ ပဲရောက်ဖေကြိုင်၏ သတ္တိဗျတ္တိ ရုပ်ရှင်ကားဖြင့် စတင်ကျော်ကြား လူကြိုက်များခဲ့သည့် မင်းသားရွှေဘမှာ အဖြူအမည်း အသံတိတ်ကား၊ အဖြူအမည်း သံစုံသွင်းကား၊ အဖြူအမည်း အသံထွက်ကား၊ ဆေးရောင်စုံ အသံတိတ်ကားနှင့် မြင်ကွင်းကျယ်အဖြူအမည်း အသံထွက်ကားဟူ၍ စက်မှုနည်းပညာထွန်းကားလာမှုအရ ရုပ်ရှင်ကား အမျိုးအစားငါးမျိုးအား ရိုက်ကူးခွင့်ရခဲ့သည်။ ထိုငါးမျိုးတွင် အဖြူအမည်း အသံတိတ်အမျိုးအစားနှင့် အဖြူအမည်း အသံထွက်အမျိုးအစားမှာ အများဆုံးရိုက်ကူးခဲ့ရပြီး အဖြူအမည်း သံစုံသွင်းကား၊ အသံတိတ် ဆေးရောင်စုံနှင့် မြင်ကွင်းကျယ် အဖြူအမည်း အသံထွက်ကား အနည်းငယ်စီသာ ရိုက်ကူးခွင့်ရခဲ့သည်။ မင်းသားရွှေဘ၏ ရုပ်ရှင်သက်တမ်းမှာ ဆယ်စုနှစ်လေးခုခန့် ကြာမြင့်ခဲ့ပြီး ရုပ်ရှင်သက်တမ်းတစ်လျှောက်တွင် ရုပ်ရှင်ရိုက်ကူးခြင်းနှင့် ပြဇာတ်ကပြခြင်းအား အစဉ်တစိုက် လုပ်ကိုင်ခွင့် ရရှိခဲ့သည်။ မင်းသားရွှေဘ၏ ထူးခြားချက်မှာ ရိုက်ကူးသမျှ ရုပ်ရှင်ကားများမှာ အများအားဖြင့် စတန့်ဇာတ်ကြမ်းကားများသာ ဖြစ်သည်ဟု ဆိုရမည်ဖြစ်ခြင်းနှင့် အခြားခေတ်ပြိုင်မင်းသားများနှင့် မင်းသားရွှေဘနောက်မှ ထင်ရှားခဲ့သောမင်းသားအများစုကဲ့သို့ ဇာတ်ပို့ခန်းမှ ဝင်ရောက်သရုပ်ဆောင်မှု မပြုခဲ့ရခြင်းတို့ ဖြစ်သည်။ မင်းသားရွှေဘပါဝင်သရုပ်ဆောင်ခဲ့သည့် စတန့်ဇာတ်ကြမ်း ရုပ်ရှင်ကားများတွင် အထိုးအကြိတ်၊ အသတ်အပုတ်ခန်း များစွာပါဝင်ခဲ့ပြီး ထိုအခန်းများတွင် မင်းသားရွှေဘမှာ လူကြမ်းသရုပ်ဆောင်အုပ်စု (နှစ်ယောက်သုံးယောက်မှ ငါးယောက်ခြောက်ယောက်ခန့်)ဖြင့် ယှဉ်ပြိုင်ထိုးသတ်ရလေ့ရှိသည်။ ထိုသို့ ထိုးသတ်ရာတွင်လည်း အများအားဖြင့် မင်းသားရွှေဘသာ အနိုင်ရလေ့ရှိသည်။ ရုပ်ရှင်ရိုက်ကူးမှုနှင့် ပြဇာတ်ကပြမှုတို့ကို နှစ်ပေါင်းများစွာပြုရင်းမှ မင်းသား

www.burmeseclassic.com

www.burmeseclassic.com


ရွှေဘမှာ ဇရာ၏ဖိစီးမှုနှင့် ရုပ်ရှင်ရိုက်ကူးမှုနှင့် ပြဇာတ်ကပြမှုပြုရာ၌ ရရှိခဲ့သောဒဏ်ရာနှင့် အနာတရတို့၏ ထိုးနှက်မှုကို ရင်ဆိုင်ခဲ့ရသည်။ ရုပ်ရှင်နှင့်ပြဇာတ်များတွင် မင်းသားရွှေဘမှာ လူကြမ်းသရုပ်ဆောင် အုပ်စုများအား ရင်ဆိုင်အန်တု အနိုင်ယူခဲ့သော်လည်း ဇရာ၏ဖိစီးမှု ဒဏ်ရာနှင့် အနာတရတို့၏ ထိုးနှက်မှုတို့ကိုမူ ရင်ဆိုင်အန်တု အနိုင်ယူမှု မပြုနိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။ မင်းသားရွှေဘမှာ မျက်စိမှုန်လာခြင်းနှင့် နှလုံးရောဂါဖြစ်ပွားခြင်းတို့ကြောင့် ရုပ်ရှင်ရိုက်ကူးခြင်းနှင့် ပြဇာတ်ကပြခြင်းတို့မှ အနားယူခဲ့ရသည်။ ရုပ်ရှင်ရိုက်ကူးခြင်းနှင့် ပြဇာတ်ကပြခြင်းတို့မှ အနားယူလိုက်ရသောအခါ မင်းသားရွှေဘအား ချစ်ခင်ကြသည့် ပရိသတ်မှာ မင်းသားရွှေဘ၏ ရုပ်ရှင်ကားများကို မျှော်လင့်တောင့်တနေခဲ့ကြသည်။

မင်းသားရွှေဘအား ချစ်ခင်ကြသည့် ပရိသတ်ကြီးမှ မင်းသားရွှေဘ၏ ရုပ်ရှင်ကားများကို မျှော်လင့်တောင့်တနေချိန်နှင့် စာနယ်ဇင်းများတွင် ဆောင်းပါးများရေးသားပြီး ရုပ်ရှင်ဗီဒီယိုရိုက်ကူးရန် တိုက်တွန်းနေကြချိန်တွင် ပြည်သူ့ဖလင်ဂျာနယ်မှ တာဝန်သိစွာဖြင့် 'စတန့်မင်းသားကြီး ဦးရွှေဘသည် များမကြာမီနှစ်များက မျက်လုံးရေတိမ်ရောဂါ စွဲကပ်ခဲ့သဖြင့် ရုပ်ရှင်လုပ်ငန်းမှ အနားယူပြီး မျက်စိဝေဒနာကို ခွဲစိတ်ကုသခဲ့သည်။ အသက်ခြောက်ဆယ်ကျော်လာပြီဖြစ်သော ဦးရွှေဘသည် မကြာမီရက်ပိုင်းအတွင်းက နှလုံးရောဂါ သိသိသာသာ ဖြစ်ပေါ်လာရင်း နှလုံးရောဂါကို လိုအပ်သလို ခွဲစိတ်ကုသနိုင်ရန်အတွက် ၁–၈–၈၈ ရက်နေ့က ရန်ကုန်ပြည်သူ့ဆေးရုံ နှလုံးရောဂါဆောင် အခန်းမှတ် (၂/ခ) ခုတင်အမှတ်(၃)တွင် ကုသလျက်ရှိကြောင်း' ဟူသည့် သတင်းကိုဖော်ပြပေးခဲ့သည်။ ပြည်သူ့ဖလင်ဂျာနယ်၏ သတင်းမှာ နိုင်ငံတစ်ဝန်းလုံးသို့ ပျံ့နှံ့သွားသောကြောင့် မင်းသားရွှေဘအား ချစ်ခင်ကြသည့် ပရိသတ်မှာ မင်းသားရွှေဘအတွက် ပူပင်သောကရောက်ခဲ့ကြသည့်ပြင် မင်းသားရွှေဘကျန်းမာစေကြောင်းလည်း ဆုတောင်းခဲ့ကြသည်။

မင်းသားရွှေဘအား ချစ်ခင်ကြသည့်ပရိသတ်က မင်းသားရွှေဘကျန်းမာစေကြောင်း ပူပင်သောကအပြည့်အဝဖြင့် ဆုတောင်းနေသည့်ကြားမှပင် ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့ည ၁၁း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သတင်းကိုကြားရပြီး ကြီးမားစွာ ဝမ်းနည်းကြေကွဲကြရသည်။ ရုပ်ရှင်လောကတွင် နှစ်ပေါင်း လေးဆယ်ခန့်ကျင်လည်ရင်း ရုပ်ရှင်ကားများစွာကို ရိုက်ကူးပြီး ထုထည်အင်အားကြီးမားလှသည့် ပရိသတ်၏ အားပေးချစ်ခင်မှုကို ရယူခဲ့သော်လည်း ရိုက်ကူးခဲ့သော ရုပ်ရှင်ကားအရေအတွက်၊ ပရိသတ်၏ အားပေးချစ်ခင်မှုနှင့် လိုက်လျောညီထွေစွာ နေထိုင်မှုမပြုရသည့် ဦးရွှေဘ၏ ဘဝပေးအခြေအနေကို ကြားသိရမှုအတွက် မင်းသားရွှေဘကို ချစ်သောပရိသတ်မှာ ယူကျုံးမရဖြစ်ကြရပါသည်။ မင်းသားရွှေဘအတွက် ရက်လည်ဆွမ်းကျွေး တရားနာယူမှုနှင့် ကုသိုလ်ကောင်းမှုပြုပွဲကို ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာ ၇ရက်နေ့တွင် ဇနီးဒေါ်သင်းသင်းလှ၊ သားသမီး၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် လုပ်ဖော်ကိုင်ဖက် ရုပ်ရှင်အနုပညာရှင်များမှ မင်းသားရွှေဘ ကာလကြာမြင့်စွာ နေထိုင်ခဲ့သော နေအိမ်မှာပင် ကျင်းပပေးခဲ့ကြပါသည်။ ။

www.burmeseclassic.com

www.burmeseclassic.com





ပြည်ကျော် ဖလင်
"သတ္တိဗျတ္တိ" မှ
ရွှေဘ၊ နှင်းဆီ

# ရွှေဘ ပါဝင်သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်ကားများ

မြန်မာ့ရုပ်ရှင်သမိုင်းတစ်လျှောက်လုံးတွင် ထင်ရှားကျော်ကြားသည့် ရုပ်ရှင်မင်းသားမြောက်မြားစွာ ပေါ်ထွန်းလာခဲ့ပါသည်။ ထိုသို့ ထင်ရှားကျော်ကြားသည့် ရုပ်ရှင်မင်းသားများစွာ ပေါ်ထွန်းခဲ့ရာ၌ ထင်ရှားကျော်ကြားသည့် ကာလမှာ ပရိသတ်အားပေးမှု အတိုင်းအတာကိုလိုက်၍ ခြားနားကြပါသည်။ အများအားဖြင့် မြန်မာရုပ်ရှင်မင်းသား

www.burmeseclassic.com

www.burmeseclassic.com



များမှာ ၃ နှစ်မှ ၁၀ နှစ်ကြားတွင်သာ ကာလကြာမြင့်လေ့ရှိပြီး ၁၅ နှစ်မှ နှစ် ၂၀ ကာလ ကြာမြင့်သည့် မင်းသားမှာ အလွန်ပင် နည်းပါးလှပါသည်။ ကာလကြာမြင့်စွာ ထင်ရှားကျော်ကြားမှုတို့တွင် တူညီစေကာမူ ရုပ်ရှင်ကား ရိုက်ကူးရမှု အရေအတွက်မှာ ကွာခြားမှုရှိကြပါသည်။ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှု လုပ်ငန်းမှာ စီးပွားရေးလုပ်ငန်းဖြစ်သည့် အားလျော်စွာ ကုန်ကျစရိတ်၊ ဝင်ငွေနှင့် အရှုံးအမြတ် အခြေအနေတို့ရှိနေရာ ရုပ်ရှင်ထုတ်လုပ်သူကုမ္ပဏီများသည် အရှုံးပေါ်သည့်ရုပ်ရှင်ကား အလွန်တရာ နည်းပါးပြီး အကျိုးအမြတ်ရသည့် ရုပ်ရှင်ကားများပြားသည့် မင်းသားကိုသာ ရွေးချယ်ရိုက်ကူးလေ့ ရှိကြပါသည်။ အကျိုးအမြတ်ရသည့် ရုပ်ရှင်ကားအရေအတွက် များပြားရေးမှာ (ရုပ်ရှင်ကြည့်ပရိသတ်၏ အားပေးမှု)နှင့် တိုက်ရိုက်ဆက်နွှယ်နေပါသည်။ ရုပ်ရှင်ကြည့်ပရိသတ် အားပေးမှုမှာလည်း မျက်နှာလိုက်မှု၊ ဘက်လိုက်မှု၊ အဂတိမှုတို့ လုံးဝကင်းစင်ပြီး ရုပ်ရှင်ကားအပေါ် အကြိုက်တွေ့မှုတွင်သာ အခြေခံပါသည်။ ထို့ပြင် မြန်မာ့ရုပ်ရှင်သမိုင်းတစ်လျှောက်တွင် ပရိသတ်၏အားပေးမှု (ဈေးကွက်)မှာ ထုတ်လုပ်ရေးကုမ္ပဏီ၊ ဒါရိုက်တာ၊ ဇာတ်ဆောင်မင်းသားနှင့် ဇာတ်ဆောင် မင်းသမီးတို့အပေါ်တွင် မူတည်ဖြစ်ထွန်းနေရာ၌ ဇာတ်ဆောင်မင်းသားအပေါ်တွင်သာ ရာခိုင်နှုန်းများစွာ အဓိကမူတည်ဖြစ်ထွန်းလျက် ရှိပါသည်။ တစ်နည်းအားဖြင့် မြန်မာ့ရုပ်ရှင်ဈေးကွက်တွင် ဇာတ်ဆောင်မင်းသားတို့မှာ အဓိကအခန်းမှ ပါဝင်လျက် ရှိနေပါသည်။

စစ်ကြိုခေတ်တွင် ကိုညီပု၊ ကိုဘတင်၊ ဘတင့်၊ ဘမြင့်၊ ဘချစ်၊ မောင်မောင်အေး၊ မောင်မောင်လေး၊ မောင်မောင်စိုး၊ အေးကြူ၊ ခင်မောင်ရင်၊ မောင်တင်မောင်၊ ခင်မောင်၊ ညွန့်မောင်၊ ကျော်စိုး၊ ကျော်ဟိုး၊ ကျော်မိုး၊ တင်ငွေ၊ တင်ဖေ၊ တင်ဆွေ၊ ကျော်အေး၊ ချစ်ရွှေ၊ ကျော်ညွန့်၊ ရွှေမန်းထွန်းတင် စသည့် မြန်မာရုပ်ရှင်မင်းသားတို့ ထင်ရှားကျော်ကြားခဲ့ပါသည်။ စစ်ပြီးခေတ်နှင့် လွတ်လပ်ရေးရပြီးချိန်တွင် ကျော်ဝင်း၊ ကျော်ရွှေ(ကျော်ဆွေ)၊ ကျော်ဖေ၊ တင်ညွန့်၊ တင်မောင်ဝင်း၊ ခင်မောင်ဝင်း၊ ခင်မောင်ညွန့်၊ ခင်မောင်မြင့်၊ ဒိုင်ဗင်တင်လှ၊ ဇေယျာသက်ရှည်၊ ဖိုးပါကြီးနှင့် ရွှေဘ စသူတို့သည်လည်းကောင်း၊ ၁၉၆၀ ပြည့်ဝန်းကျင်နှစ်များတွင် ထွန်းဝေ၊ မြင့်အောင်၊ သိန်းဇော်၊ မျိုးချစ်၊ မြင့်စိုး၊ ရွှေကို၊ ကောလိပ်ဂျင်နေဝင်း၊ စိန်မြင့်၊ စိုးရွှေ၊ ညွန့်ဝင်း၊ ဇော်ခင်၊ ဇော်လွင်၊ တွံတေးသိန်းတန်၊ မောင်ယဉ်ထွေး စသူတို့သည် လည်းကောင်း၊ ၁၉၇၀ ပြည့်နှစ် ဝန်းကျင်နှစ်များတွင် ဇော်ဝမ်း၊ ကျော်ဟိန်း၊ ဇော်လင်း၊ ထွန်းထွန်းဝင်း၊ လင်းအောင်၊ လင်းထင်၊ အောင်အောင်၊ ဝင်းလှိုင်၊ ကိုမြင့်၊ တိုးညွန့်၊ သုမောင်၊ ခင်မောင်ချင်း စသူတို့သည်လည်းကောင်း၊ ၁၉၈၀ ပြည့်လွန်နှစ်များတွင် ဆိုးပေ၊ မောင်မဲ၊ နေအောင်၊ ဇင်ဝိုင်း၊ ကျော်သူ၊ စိုးသူ၊ ဇော်ဦး၊ ပြေငြိမ်း၊ သီဟတင်စိုး၊ ရန်အောင်၊ ရဲအောင် စသူတို့သည်လည်းကောင်း၊ ၁၉၉၀ ပြည့်ဝန်းကျင်နှစ်များတွင် ကျော်ရဲအောင်၊ လွင်မိုး၊ ဒွေး၊ မင်းမော်ကွန်း၊ ရာဇာနေဝင်း၊ လူမင်း စသူတို့သည်လည်းကောင်း ထင်ရှားကျော်ကြားခဲ့ကြပါသည်။

စစ်ကြိုခေတ်တွင် ထင်ရှားကျော်ကြားခဲ့သော မင်းသားများအနက် လက်လှမ်းမီသမျှ မှတ်တမ်းများအရ ဘတင့်နှင့် ဘမြင့်တို့မှာ ရုပ်ရှင်ကားအများဆုံး ရိုက်ကူးကြရပြီး၊ ရုပ်ရှင်ကား ၆၀ မှ ၇၀ ခန့်တွင် သရုပ်ဆောင်ခွင့်ရခဲ့ကြသည်။ စစ်ကြိုခေတ်တွင် ထင်ရှားကျော်ကြားခဲ့ရာမှ စစ်ပြီးခေတ်နှင့် လွတ်လပ်ရေးခေတ်တိုင်အောင် ဆက်လက်ထင်ရှားကျော်ကြားခဲ့သော မင်းသားများမှာ ခင်မောင်၊ မောင်တင်မောင်၊ အေဝမ်းညွန့်မောင်၊ အေးကြူနှင့် တင်ဖေတို့ဖြစ်ကြသည်။ စစ်ကြိုခေတ်တွင် အတိုင်းအတာကိုယ်စီဖြင့် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော အခြားမင်းသားများမှာ ကိုညီပု၊ ကိုဘတင့်၊ ခင်မောင်ရင်၊ တင်ငွေ၊ ချစ်ရွှေ၊ ကျော်အေး၊ ကျော်ဟိုး၊ ကျော်ညွန့်၊ တင်ဆွေ၊ မောင်မောင်လေး၊ မောင်မောင်အေးနှင့် မောင်မောင်စိုး စသူတို့ဖြစ်ကြသည်။ ထိုမင်းသားများအနက် လက်လှမ်းမီသမျှ မှတ်တမ်းများအရ ရုပ်ရှင်ကားအများဆုံး ရိုက်ကူးခွင့်ရခဲ့ကြသည့် မင်းသားများမှာ တင်ငွေ၊ မောင်မောင်အေး၊ ကျော်အေးနှင့် အေဝမ်းညွန့်မောင်တို့မှ ရုပ်ရှင်ကား ၄၀ ခန့်စီနှင့် ခင်မောင်နှင့်တင်ဖေတို့မှ ရုပ်ရှင် ၆၅ ကားခန့်စီ ရိုက်ကူးခွင့်ရခဲ့ကြသည်။ ကျန်မင်းသားများမှာ ရုပ်ရှင်သက်တမ်းတစ်လျှောက် ရုပ်ရှင်ကားအရေအတွက် ၄၀ အောက်တွင်သာ ရိုက်ကူးခဲ့ရသည်။ စစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ခေတ်နှင့် လွတ်လပ်ရေး ခေတ်ဦးကာလ အသံတိတ်ရုပ်ရှင်ကားဖြင့် ထင်ရှားကျော်ကြားခဲ့ကြသော မင်းသားများအနက် ၁၉၆၀ ပြည့်လွန်နှစ်များတွင် ကျော်ဝင်း၊ ကျော်ဖေ၊ တင်မောင်ဝင်း၊ ခင်မောင်ဝင်း၊ ဖိုးပါကြီး၊ ဇေယျ၊ ခင်မောင်ညွန့်နှင့် တင်ညွန့် စသူတို့မှာ ရုပ်ရှင်လောကမှ ကင်းကွာမှု၊ ရုပ်ရှင်ရိုက်ကူးခြင်းမှ အနားယူမှု၊ ဇာတ်ပို့အဖြစ် ပြောင်းလဲသရုပ်ဆောင်မှုနှင့် ထုတ်လုပ်သူနှင့် ဒါရိုက်တာအဖြစ် ဖောက်ချလုပ်ကိုင်မှုတို့ ရှိလာကြပြီး ကျော်ဆွေနှင့်ရွှေဘတို့သာ ဇာတ်ဆောင်မင်းသားအဖြစ် အသံထွက်ခေတ်၌ အသစ်ပေါ်ထွန်းလာသော မင်းသားများနှင့် ရင်ပေါင်တန်း ကျော်ကြားထင်ရှားခဲ့ကြသည်။ လက်လှမ်းမီသမျှ မှတ်တမ်းများအရ တင်ညွန့်က ဇာတ်ဆောင်မင်းသားအဖြစ် အသံတိတ်နှင့်အသံထွက် နှစ်ရပ်ပေါင်းရုပ်ရှင်ကား ၁၃၀ ခန့်၊ ဇေယျ၊ ဖိုးပါကြီး၊ ထွန်းဝေ၊ မြင့်အောင်တို့က ရုပ်ရှင်ကား ၆၀ မှ ၇၀ ခန့်၊ ကျော်ဆွေ၊ မြတ်လေး၊ ဝင်းဦးနှင့် ခင်မောင်ဇင်တို့က ရုပ်ရှင်ကား ၅၀ ခန့်စီနှင့် ကောလိပ်ဂျင်နေဝင်းက ရုပ်ရှင်ကား ၁၀၀ ကျော်ခန့်တို့ ရိုက်ကူးခွင့်ရခဲ့ကြသည်။ ကျန် ထင်ရှားကျော်ကြားခဲ့သော မင်းသားများမှာ ရုပ်ရှင်သက်တမ်းတစ်လျှောက် ဇာတ်ဆောင်မင်းသားအဖြစ် ရုပ်ရှင်ကား ၃၀ မှ ၄၀ ကြားခန့် အထိသာ ရိုက်ကူးခွင့်ရခဲ့ကြပါသည်။

၁၉၆၀ ပြည့်လွန်နှစ်များတွင် ထင်ရှားကျော်ကြားခဲ့ကြသော မင်းသားများအနက် ညွန့်ဝင်းမှာ အောင်မြင်မှုအကြီးမားဆုံးနှင့် ဇာတ်ဆောင်မင်းသားသက်တမ်း အရှည်ဆုံးမင်းသားအဖြစ် ရပ်တည်ခွင့်ရခဲ့ပြီး ရုပ်ရှင်ကားမြောက်မြားစွာကို ရိုက်ကူးခွင့်ရခဲ့သည်။ လက်လှမ်းမီသမျှ မှတ်တမ်းများအရ ညွန့်ဝင်းပြီးလျှင် ဇော်လွင်နှင့် တွံတေးသိန်းတန်မှာ ရုပ်ရှင်ကား ၇၀ ခန့်စီတွင် သရုပ်ဆောင်ခွင့်ရခဲ့ကြသည်။ ကျန်မင်းသားများမှာ ဇာတ်ဆောင်အဖြစ် ရုပ်ရှင်ကား ၃၀ မှ ၅၀ ကားခန့်စီသာ ရိုက်ကူးခွင့်ရခဲ့ကြသည်။ ၁၉၇၀ ပြည့်ဝန်းကျင်နှစ်များတွင် ကျော်ဆွေ၊ ရွှေဘ၊ ကောလိပ်ဂျင်နေဝင်း၊ မြတ်လေး၊ ဝင်းဦး၊ ညွန့်ဝင်း၊ စိန်မြင့်၊ ဇော်လွင်နှင့် တွံတေးသိန်းတန်တို့ ထင်ရှားနေစဉ် မြန်မာ့ရုပ်ရှင်လောကအတွက် ရုပ်ရှင်မင်းသားသစ်များ တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက်ပေါ်ထွန်းလာကြသည်။ သရုပ်ဆောင်စွမ်းရည် မြင့်မားကြသူများ ဖြစ်သည့်အလျောက် အတိုင်းအတာကိုယ်စီဖြင့် ဇာတ်ဆောင်မင်းသားအဖြစ် ရပ်တည်နိုင်ခဲ့ကြသည်။ ထိုမင်းသားများအနက် ကျော်ဟိန်းမှာ ညွန့်ဝင်းနည်းတူ အောင်မြင်မှုအကြီးမားဆုံးနှင့် ဇာတ်ဆောင်မင်းသားသက်တမ်း အရှည်ဆုံးမင်းသားအဖြစ် ရပ်တည်နိုင်ပြီး ရုပ်ရှင်ကားမြောက်မြားစွာကို ရိုက်ကူးခွင့်ရခဲ့သည်။ ကျော်ဟိန်းနှင့် ခေတ်ပြိုင်ပေါ်ထွန်းလာသော မင်းသားများမှာ အတိုင်းအတာကိုယ်စီဖြင့် ဇာတ်ဆောင်မင်းသားအဖြစ် ကျင်လည်လှုပ်ရှားခဲ့ကြရာ ရုပ်ရှင်ကား ၄၀ မှ ၇၀ ကားခန့်အကြားတွင် ရိုက်ကူးခွင့်ရခဲ့ကြသည်။ လက်လှမ်းမီသမျှ မှတ်တမ်းများအရ ညွန့်ဝင်းသည် ဇာတ်ဆောင်မင်းသားအဖြစ် ရုပ်ရှင်ကား ၁၉၀ ခန့်နှင့် ကျော်ဟိန်းသည် ရုပ်ရှင်ကား ၁၈၀ ခန့်တွင် ပါဝင်သရုပ်ဆောင်ခွင့် ရခဲ့ကြရာ ညွန့်ဝင်းရော ကျော်ဟိန်းပါ ရုပ်ရှင်ကားအရေအတွက် နှစ်ရာနီးပါးခန့်သာ ရိုက်ကူးခွင့်ရခဲ့ကြသည်ဟု ဆိုရပါမည်။

၁၉၈၀ ပြည့်လွန်နှစ်များတွင် မြန်မာနိုင်ငံ၌ ရုပ်မြင်သံကြား ထုတ်လွှင့်မှုစနစ် စတင်ထွန်းကားလာပြီး ပြည်သူတို့၏ ဖျော်ဖြေရေးအတွက် စွမ်းဆောင်လျက်ရှိသော ဇာတ်သဘင်၊ အငြိမ့်၊ တေးဂီတနှင့် ရုပ်ရှင်အနုပညာရပ်များအကြား ဝင်ရောက်နေရာယူလာခဲ့သည်။ တစ်ဆက်တည်းလိုပင် ရုပ်မြင်သံကြားစက်များနှင့် ဆက်စပ်တွဲဖက်အသုံးပြုနိုင်သည့် နည်းပညာရပ်အသွယ်သွယ်ဖြင့် ထုတ်လုပ်ထားသော ဗီဒီယိုပြစက်များလည်း မြန်မာနိုင်ငံအတွင်းသို့ နည်းလမ်းအမျိုးမျိုးဖြင့် ရောက်ရှိတွင်ကျယ်လာခဲ့သည်။ နိုင်ငံခြားတိုင်းပြည်များမှ ဇာတ်လမ်းဗီဒီယိုကားများနှင့် တေးဂီတဗီဒီယိုကားများအား ဗီဒီယိုပြစက်ဖြင့် ကြည့်နေကြရာမှ မြန်မာ့ရုပ်ရှင်အနုပညာရှင်နှင့် အတတ်ပညာရှင်များသည် ပြည်တွင်းမှာပင် ဇာတ်လမ်းဗီဒီယိုကားများနှင့် တေးဂီတ ဗီဒီယိုကားများအား စမ်းသပ်ရိုက်ကူးထုတ်လုပ်ဖြန့်ချိခဲ့ကြသည်။ ၁၉၈၅ ခုနှစ်မှစတင်၍ မြန်မာဇာတ်လမ်း ဗီဒီယိုကားနှင့် တေးဂီတ ဗီဒီယိုကားများ ထုတ်လုပ်မှုအောင်မြင်ပြီး ဗီဒီယိုဈေးကွက်လည်း စတင်ကျယ်ပြန့်လာခဲ့သည်။ ထို့နောက် ၂၀၀၀ ပြည့်ဝင်နှစ်များတွင် ရုပ်မြင်သံကြားပြစက်နှင့်ပူးတွဲ၍ ဆက်သွယ်ရေး

www.burmeseclassic.com

www.burmeseclassic.com



ဂြိုဟ်တုမှတစ်ဆင့် သတင်း၊ အားကစား၊ တေးဂီတ၊ ဇာတ်လမ်း စသည်တို့ကိုထုတ်လွှင့်သည့် နိုင်ငံတကာ ရုပ်မြင်သံကြား အစီအစဉ်အမျိုးမျိုးအား ဖမ်းယူကြည့်ရှု နိုင်သည့်စနစ် ထပ်မံထွန်းကားလာခဲ့သည်။ ထို့ကြောင့် ဇာတ်သဘင်၊ တေးဂီတနှင့် ရုပ်ရှင်ကြည့်ပရိသတ် အများ အပြားသည် ပြည်တွင်းမှထုတ်လွှင့်သော ရုပ်မြင်သံကြား အစီအစဉ်အမျိုးမျိုးနှင့် ပြည်တွင်းတွင် ရိုက်ကူးသော ဇာတ်လမ်းဗီဒီယိုများနှင့် တေးဂီတဗီဒီယိုများနောက်သို့ လည်းကောင်း၊ နိုင်ငံတကာမှ ထုတ်လွှင့်သော ရုပ်မြင် သံကြား အစီအစဉ်အမျိုးမျိုးနှင့် နိုင်ငံခြားမှတင်သွင်းသော ဇာတ်လမ်း ဗီဒီယိုကားများနှင့် တေးဂီတဗီဒီယိုကားများ နောက်သို့လည်းကောင်း၊ နိုင်ငံနှင့်အဝန်းရှိ ရုပ်ရှင်ရုံများ တွင်ပြသလျက်ရှိသည့် နိုင်ငံတကာ ရုပ်ရှင်ကားများနောက် သို့လည်းကောင်း လိုက်ပါသွားခဲ့ကြသည်။ ထို့ကြောင့် ရုပ်ရှင်ကြည့်ပရိသတ်၏ အားပေးမှုမှာ ယခင်ကကဲ့သို့ ရုပ်ရှင်တစ်ကားအား ကာလကြာမြင့်စွာ ကြိတ်ကြိတ်တိုး အားပေးကြည့်ရှုမှု မပြုတော့သဖြင့် ၁၉၈၀ ပြည့်လွန်နှစ် များမှ စတင်၍ မြန်မာရုပ်ရှင်ကား ရိုက်ကူးထုတ်လုပ်မှု အရေအတွက်မှာ ကျဆင်းလာခဲ့သည်။ နှစ်စဉ် မြန်မာ ရုပ်ရှင်ကားရိုက်ကူးထုတ်လုပ်မှု ကျဆင်းလာသည်နှင့်အမျှ တင်ညွန့်၊ ကျော်ဆွေ၊ ဇေယျ၊ ထွန်းဝေ၊ မြင့်အောင်၊ ကောလိပ်ဂျင်နေဝင်း၊ မြတ်လေး၊ ဝင်းဦး၊ ဇော်လွင်၊ တွံတေးသိန်းတန်၊ ညွန့်ဝင်းနှင့် ကျော်ဟိန်းတို့ခေတ်ကနယ် ၁၉၈၀ ပြည့်လွန်နှစ်များနှင့် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ထင်ရှားကျော်ကြားခဲ့သော မြန်မာရုပ်ရှင်မင်းသားများမှာ ရုပ်ရှင်ကားအရေအတွက် များစွာရိုက်ကူးခွင့် မရကြတော့ ဘဲ ရုပ်မြင်သံကြားစက်ဖြင့် ကြည့်ရှုနိုင်သော ဇာတ်လမ်း ဗီဒီယိုကားများနှင့် တေးဂီတဗီဒီယိုကားများသာ အမြောက် အမြား ရိုက်ကူးခွင့် ရကြတော့သည်။

မင်းသားရွှေဘမှာ ပထမဆုံးအသံတိတ်ရုပ်ရှင်ကား သတ္တိဗျတ္တိ ရုံတင်သည့် ၁၉၄၈ ခုနှစ်မှ ကွယ်လွန်သည့် ၁၉၈၈ ခုနှစ်အထိ နှစ်ပေါင်းလေးဆယ်ကာလအတွင်း ရုပ်ရှင်ကားမြောက်မြားစွာကို အဆက်မပြတ် ရိုက်ကူးခွင့် ရရှိခဲ့သည်။ ထို့ပြင် မင်းသားရွှေဘ၏ ထူးခြားချက်တစ်ရပ် မှာ အခြားသော မြန်မာရုပ်ရှင် မင်းသားအများအပြားကဲ့သို့ အဓိကဇာတ်ပို့အဖြစ် မည်သည့်ရုပ်ရှင်ကားတွင်မှ ပါဝင် သရုပ်ဆောင်မှု မပြုခဲ့ခြင်းပင်ဖြစ်သည်။ မင်းသားရွှေဘ ရိုက်ကူးခဲ့သည့် ရုပ်ရှင်ကားအရေအတွက်အား မည်သူမျှ တိကျစွာ မှတ်တမ်းတင်ဖော်ပြမှု မပြုနိုင်ဘဲ ခန့်မှန်း ခြေသာ ရေးသားတင်ပြရာတွင်လည်း ကွဲလွဲမှုအမျိုးမျိုး ဖြစ်ပွားနေကြပါသည်။ ကာယကံရှင် မင်းသားရွှေဘပင် လျှင် စနစ်တကျ တိကျစွာ မှတ်တမ်းတင်ထားရှိခဲ့မှသာ ရိုက်ကူးသည့် ရုပ်ရှင်ကားအရေအတွက်ကို တိကျစွာ ပြောဆိုနိုင်ပါလိမ့်မည်။ ထိုနည်းတူ မင်းသားရွှေဘ၏ ရုပ်ရှင် သရုပ်ဆောင်သက်တမ်း (၁၈)နှစ်ခန့်ရှိချိန် ၁၉၆၃ ခုနှစ် တွင် လက်ထပ်ခဲ့သည့် ဇနီးဒေါ်တင်တင်ညို (ရုပ်ရှင် မင်းသမီးကြီး ဒေါ်သင်းသင်းလဲ့)နှင့် သားသမီးများသည် လည်း မင်းသားရွှေဘထံမှ စနစ်တကျ မှတ်သားခဲ့သော မှတ်တမ်းများ ထားရှိပေးကမ်းခဲ့ပါမှ မင်းသားရွှေဘ၏ ရုပ်ရှင်သက်တမ်းတလျှောက် ရိုက်ကူးခဲ့သည့် ရုပ်ရှင်ကား အရေအတွက်ကို တိကျစွာ ပြောဆိုနိုင်မည်ဟု သုံးသပ်ရ ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် တွင် လက်နက်ပုန်းနှင့် သတ္တိဗျတ္တိ ရုပ်ရှင်ကားများဖြင့် မင်းသားရွှေဘမှာ ရုပ်ရှင် စတင်ရိုက်ကူး ရုံတင်နိုင်ခဲ့ရာ ထိုစဉ်က နိုင်ငံတော်အစိုးရမှ မြန်မာရုပ်ရှင်ကားများ စစ် ဆေးရေးအဖွဲ့ (ဆင်ဆာအဖွဲ့)ကိုလည်း ဗြိတိသျှအစိုးရ လက်ထက်နည်းတူ ဆက်လက်ထားရှိခဲ့ပါသည်။ ရုပ်ရှင် ဆင်ဆာအဖွဲ့ အဆက်ဆက်တွင် စစ်ဆေးကြည့်ရှု ပြသ ခွင့်ပြုခဲ့သည့် မှတ်တမ်းများရှိနေလျှင် မင်းသားရွှေဘ သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်ကားအရေအတွက် ပြုစုနိုင် မည်ဟု မျှော်လင့်ရပါသည်။ လက်လှမ်းမီသမျှ စာအုပ် စာတန်းများ၊ စာနယ်ဇင်းများ၏ ဖော်ပြချက်မှတ်တမ်းများ နှင့် မြန်မာ့ရုပ်ရှင်အား ကျွမ်းဝင်နှံ့စပ်သည့် ပုဂ္ဂိုလ်များ ထံမှ မှတ်တမ်းမှတ်စုများအရ မင်းသားရွှေဘ ရိုက်ကူးခဲ့ သည့် ရုပ်ရှင်ကားအရေအတွက်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## မင်းသားရွှေဘပါဝင်ခဲ့သည့် ရုပ်ရှင်ကားများ (လက်လှမ်းမီသမျှ)

| စဉ် | ရုပ်ရှင်ကားအမည် | ထုတ်လုပ်သူ | ဒါရိုက်တာ | တွဲဖက်သရုပ်ဆောင်များ |
|---|---|---|---|---|
| ၁။ | သတ္တိဗျတ္တိ(အသံတိတ်) | ပဲရောက် | ပဲရောက်ဖေကြိုင် | မေသန်းကြည်၊ ညိုအေးကြီး |
| ၂။ | ဒီလုံး | ပဲရောက် | ပဲရောက်ဖေကြိုင် | မေသန်းကြည်၊ ဝင်နီ၊ သူရ |
| ၃။ | ပေမာမြိုင် | ကန်တော်မိတ် | ဦးဘဖင် | မြင့်မြင့်ခင် |
| ၄။ | စောရန်အောင် | ဗမာ | စိန်မြင့် | မော်လီ |
| ၅။ | နယ်ခြားမိုက်ခဲ | ပဲရောက် | စိုးမြင့် | မေသန်းကြည် |
| ၆။ | တယုသန် | ရန်ကုန် | ရွှေဘော် | တင်ညွန့်၊ ဖိုးပါကြီး၊ မေရီမြ၊ စောမူ |
| ၇။ | ဝရမ်းညီနောင် | ရန်ကုန် | ဦးအောင်မြင့် | စောမူ၊ ကြူကြူ |
| ၈။ | တောပုန်းကြီးစံဖဲ | အောင်သပြေ | ဦးကျော်မြင့် | မြင့်မြင့်ခင် |
| ၉။ | ရန်သူရင်သွေး | ပဒေသာ | ကိုအုန်းမောင် | ဖေယူ၊ ခင်အုန်းမြင့်၊ စိန်စိန် |
| ၁၀။ | ဘာလဲအချစ် | ပဒေသာ | ကျားဦးသိန်းမောင် | မေမြင့် |
| ၁၁။ | သူပုန်မင်းသား | သက်ရှည် | သက်ရှည် | မေရီမြ |
| ၁၂။ | လူမိုက်အလိုရှိသည် | အောင်မိတ်ဆက် | ဦးဘိုးဟန် | စိန်စိန် |
| ၁၃။ | တဖောက်ကန်း | စိန်မေ | မောင်မောင်စိန် | စိန်မေ |
| ၁၄။ | သွေးဆိုး | ပဲရောက် | ပဲရောက်ဖေကြိုင် | မြင့်မြင့်ခင် |
| ၁၅။ | ချစ်သူရန်ငြိုး | ရန်ကုန် | ဦးအောင်မြတ် | ခင်ထားမေ၊ ခင်စန်းမေ |
| ၁၆။ | ဘဝ၏ပေါက်ကွဲသံ | တပင်ရွှေထီး | မျိုးစိန် | မေသန်းကြည်၊ စောဝင်း၊ ရဲချစ် |
| ၁၇။ | လူမိုက်လမ်းဆုံး | စိန်မိုး | မောင်မောင်စိန် | မြင့်မြင့်ခင်၊ ကျော်ဘ၊ တင်တင်နု |
| ၁၈။ | မယားဆိုးလင် | ပဲရောက် | ပဲရောက်ဖေကြိုင် | သူရ၊ ဝင်နီ၊ မေသန်းကြည် |
| ၁၉။ | ငါဘယ်သူလဲ | ဆန်းဝင်း | ဦးဘိုးဟန် | မေမြင့် |
| ၂၀။ | ခြောက်ထောင်ပြန် | ဘားမားယူနီယံ | ရွှေစင် | စောဝင်း၊ မေရီမြ |
| ၂၁။ | ငွေလောဘ | သန်းမြင့် | သန်းမြင့် | မြင့်မြင့်ရွှေ |
| ၂၂။ | အထင်နဲ့အမြင် | အောင် | ကျော်လီဆွေ | ကျော်သန်း၊ လီလီ |
| ၂၃။ | ဓာနီသက်ထား | သီရိစန္ဒာ | ဦးရွှေထွန်း | ရဲဆွေ၊ သောင်းရွှေ၊ မြင့်မြင့်တင် |
| ၂၄။ | မြနန်းကိန္နရီ | အောင်မိတ်ဆက် | ဦးဘိုးဟန် | ဘချစ်၊ စောမူ၊ ခင်ခင်ဥ |
| ၂၅။ | အချစ်တော် | ဗမာသစ် | နေဒွန်း | စောမူ၊ ကျော်သောင်း |
| ၂၆။ | တောပုန်းသံဒိုင် | တက္ကသိုလ် | မျိုးမြင့်အောင် | ခင်မောင်ဆွေ၊ မေရီမြင့်၊ မြင့်မြင့် |
| ၂၇။ | သူရဲကောင်း | ရှေ့ဆောင် | ဦးဉာဏ | စောမူ |
| ၂၈။ | ချစ်သက်လက်ဆောင် | တက္ကသိုလ် | မျိုးမြင့်အောင် | ဖေယူ၊ မြင့်မြင့်ခင် |
| ၂၉။ | ကွမ်းတောင်ရှင် | အောင်မိတ်ဆက် | ဦးဘဖင် | ခင်မောင်စိန်၊ စိန်စိန်၊ ခင်လှဲ |
| ၃၀။ | ချစ်ဘုံဝေလေ့ | အောင်သိဂီ | မောင်လှတင် | ကျော်ဝင်း၊ ဖေယူ၊ တင်တင်မူ၊ မေရီမြ၊ မြင့်မြင့်ရွှေ |

www.burmeseclassic.com

www.burmeseclassic.com


| စဉ် | ရုပ်ရှင်ကားအမည် | ထုတ်လုပ်သူ | ဒါရိုက်တာ | တွဲဖက်သရုပ်ဆောင်များ |
|---|---|---|---|---|
| ၃၁။ | နှင်းဝေဝေ | ရွှေမြင့်မိုရ် | တက္ကသိုလ်ဝင်းဖေ | ဇေယျာ၊ သီသီ၊ ကျော်သောင်း |
| ၃၂။ | ကျားစိတ်ကျားမာန် | ရွှေဝယ်သီရိ | ဦးဘိုးဟန် | စိန်စိန်၊ နွဲ့နွဲ့ခင် |
| ၃၃။ | လက်ကိုင်တုတ် | ပဲရောက် | မောင်မောင်စိန် | မေမြင့်၊ ညိုအေးကြီး |
| ၃၄။ | စောရနက္ခတ် | ကန်တော်မိတ် | အေဝမ်းညွန့်မောင် | ခင်မောင်၊ မေမြင့် |
| ၃၅။ | ဗိုလ်တကာ့ဘုရင် | သန်းမြင့် | ဦးစိုးမောင် | မေရီမြင့်၊ ညွန့်မောင်ကြီး |
| ၃၆။ | ဇာဂ | ရန်ကုန် | ဦးအောင်မြတ် | ကျော်ဝင်း၊ စောမူ၊ ခင်ထားမေ |
| ၃၇။ | လူမိုက်အလိုရှိသည် | အောင်မိတ်ဆက် | ဦးဘိုးဟန် | စိန်စိန် |
| ၃၈။ | မမိုက်နဲ့ | ပဒေသာဖလင် | ကျားဦးသိန်းမောင် | မေမြင့် |
| ၃၉။ | ချစ်ကရုဏာ | အောင်သိဂီ | မြို့မအုန်း | ဘချစ်၊ တင်ဖေ၊ မေရီမြ |
| ၄၀။ | မြို့မဲ့လုလင် | ဆွေဗမာ | ညွန့်ရှိန် | ခင်လေးဆွေ |
| ၄၁။ | ရှင့်သား | ပဲရောက် | ပဲရောက်ဖေကြိုင် | မေချစ် |
| ၄၂။ | ထိလပ်ပိုးဥ | ရွှေမြင့်မိုရ် | ဦးဘိုးဟန် | ကျော်ဖေ၊ စိန်စိန် |
| ၄၃။ | ထူးရှဲမဆန်း | အရှေ့တိုင်း | ကိုအေးမြင့် | တင်ညွန့်၊ မေရီမြင့် |
| ၄၄။ | ဘာလဲဂုဏ် | ရွှေဝယ်သီရိ | ဦးဘိုးဟန် | စိန်စိန် |
| ၄၅။ | ကျွန်စစ်သား | သူရဿတီ | ဦးတင်အောင် | မေမြင့်၊ မေရီမြင့် |
| ၄၆။ | ချစ်ခွင့်ရယ်မကြုံ | အောင်သပြေ | ဦးကျော်မြင့် | ဇေယျာ၊ မေရီမြင့် |
| ၄၇။ | မိုးညို | အောင်ဇေညွန့် | မောင်လှတင် | ရွှေကို၊ မေရီမြင့် |
| ၄၈။ | သားဂုဏ်ရည် | သူရဿတီ | ရွှေလေးမောင် | မေရီမြ |
| ၄၉။ | တောပုန်းကြီး | အောင်ဝင်းဘရားသား | စိုးမြင့် | မေရီမြ |
| ၅၀။ | ငွေဒေါသ | သန်းမြင့် | သန်းမြင့် | မေရီမြ၊ ညိုအေးကြီး |
| ၅၁။ | ချစ်၍မုန်းသည် | အောင်မိတ်ဆက် | ဦးဘိုးဟန် | စိန်စိန် |
| ၅၂။ | ချစ်နိုင်ငံ | ဆန်းဦး | ကိုလှအောင် | ကျော်ဝင်း၊ မေချစ် |
| ၅၃။ | မင်းမဲ့မြို့တော် | သက်ရှည် | သက်ရှည် | မြင့်မြင့်ရီ |
| ၅၄။ | မုန်းသူစက်ကွင်း | အောင်ဇေညွန့် | မောင်လှတင် | ခင်ဖြူ |
| ၅၅။ | ဟယ်ဘဝ | စန်းသော်တာ | ကျား ဦးသိန်းမောင် | ရီလေး |
| ၅၆။ | ပတ္တမြားတစ်လုံး | သန်းမြင့် | သန်းမြင့် | မေမြင့်၊ စောမူ |
| ၅၇။ | ဒိုးကာလေး | ပဒေသာ | ကျား ဦးသိန်းမောင် | ရီလေး |
| ၅၈။ | မေ့ဖူးစာ | ဆန်းဦး | ကိုလှအောင် | ကျော်ဝင်း၊ စိန်စိန် |
| ၅၉။ | မင်းအောင်စွာ | သီရိစန္ဒာ | ဦးဘဇင် | ဇေယျာ၊ ခင်မာလာ |
| ၆၀။ | လူထူးလူဆန်း | ပဲရောက် | ပဲရောက်ဖေကြိုင် | ကျော်ဖေ၊ ညွန့်ညွန့်ဆွေ |
| ၆၁။ | မယ်နဲ့မောင် | သန်းမြင့် | သန်းမြင့် | ကျော်ဖေ၊ ခင်မာလာ |
| ၆၂။ | ၃၀၂ | အောင်ဇေယျ | ဦးအောင်မြတ် | ဒိုင်ဗင်တင်လှ၊ သန်းသန်းအေး၊ ခင်ခင်ဆွေ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | ရုပ်ရှင်ကားအမည် | ထုတ်လုပ်သူ | ဒါရိုက်တာ | တွဲဖက်သရုပ်ဆောင်များ |
|---|---|---|---|---|
| ၆၃။ | နှစ်ဖက်ချွန် | အောင်မင်္ဂလာ | တက္ကသိုလ်ဝင်းဖေ | ကျော်ဖေ၊ မေရှိမြင့်၊ မေရှိမြ |
| ၆၄။ | ရတနာမြေ | အောင်ဖေယျ | စိန်မြင့် | ညွှန့်တင်၊ ခင်မာလာ |
| ၆၅။ | ဟား ဟား ဟား | အောင်ဖေယျ | ဂျော်လီဆွေ | ဂျော်လီဆွေ၊ ရီရီစံ၊ နွယ်နွယ် |
| ၆၆။ | တိုင်းကျော် | ပြည်ကျော် | သန်းနွဲ့ | မြမောင်၊ မေရှိမြ၊ စိန်အေး |
| ၆၇။ | လူရိုးလူမိုက် | မော်လမြိုင် | ပန်းသာတင်ရွှေ | မြမြရီ |
| ၆၈။ | ဗီဇ | ထွန်းထွန်းဦး | ထွန်းဝင်း | တင်ညွှန့်။ မေသစ် |
| ၆၉။ | ဗိုလ်ရွှေဘော် | မော်လမြိုင် | ပန်းသာတင်ရွှေ | မြမြရီ |
| ၇၀။ | ကြွေတလက်ကြက်တခုန် | ပြည်သူ့မေတ္တာ | ကျော်မိုး | တင်ညွှန့်၊ မေသစ် |
| ၇၁။ | ပွဲကြီးပွဲကောင်း | ထွန်းထွန်းဦး | ကျော်မင်း | တင်ညွှန့်၊ မေသစ် |
| ၇၂။ | ဒါလားကွအချစ် | ပဒေသာ | ဦးဘိုးဟန် | ကြည်ကြည်ဌေး |
| ၇၃။ | ပခန်းကိုကြီးကျော် | ချစ်မင်္ဂလာ | ခင်မောင်ညွှန့် | ခင်မောင်ညွှန့်၊ မေသစ်၊ သင်းသင်းလှဲ့ |
| ၇၄။ | သုံးယောက်ပေါင်းလောင်းကျော် | တင်ညွှန့် | ကျော်မင်း | တင်ညွှန့်၊ ဒေဝ၊ နီနီအေး |
| ၇၅။ | လောကလက်ဆောင် | ထူး | ကျွန်တော်ချစ်မောင် | ဖေယျ၊ မေမြ၊ ခင်လေးဆွေ |
| ၇၆။ | လာလာလေ | ထွန်းထွန်းဦး | ကျော်မင်း | တင်ညွှန့်၊ သင်းသင်းလှဲ့ |
| ၇၇။ | အချစ်နဲ့အပြစ် | ထွန်းထွန်းဦး | ကျွန်တော်ချစ်မောင် | တင်ညွှန့်၊ မေသစ်၊ ခင်ပြုံးဇင် |
| ၇၈။ | မဟုတ်မခံ | ပြည်ကျော် | မောင်ခင်ဇော် | မြမောင်၊ မသက်ပန်၊ နီနီအေး |
| ၇၉။ | နွယ်နီနတ်ပန်း | ပြည်သူ့မေတ္တာ | ကျွန်တော်ချစ်မောင် | ကြည်ကြည်ဌေး၊ မေရှိမြ |
| ၈၀။ | ရဲဘော်သံဒိုင် | မြရွှေဂုန် | မောင်ခင်ဇော် | မြမောင်၊ နီနီအေး၊ သန်းသန်းမြင့် |
| ၈၁။ | စိန်လားဟော့မောင်တို့ | မြင့် | သန်းနွဲ့ | မြင့်အောင်၊ ကြည်ကြည်ဌေး၊ ကြည်ကြည်စိန် |
| ၈၂။ | ယောက်ျားကောင်းပီပီ | မြ | ဦးဘိုးဟန် | မေရှိမြ၊ သန်းနွဲ့ |
| ၈၃။ | မိုက်ကေရီ | မြ | ထွန်းလင်းကျော် | မေရှိမြ |
| ၈၄။ | ဗိုလ်မထား | မြ | ထွန်းလင်းကျော် | မေရှိမြ၊ မေလှဲ့ဝင်း |
| ၈၅။ | မေတ္တာရောင်ပြန် | လင်းရောင်ခြည် | ရွှေမန်းမောင်စု | ရွှေကို၊ မေရှိမြ၊ နှင်းမေ |
| ၈၆။ | မိုက်သွေးတစ်စက် | အောင်မင်္ဂလာ | တင်ညွှန့် | သင်းသင်းလှဲ့၊ ဒေဝ |
| ၈၇။ | ရဲဇာနည် | အောင်မင်္ဂလာ | တင်ညွှန့် | ဒေဝ၊ သန်းနွဲ့၊ မေလှဲ့ဝင်း |
| ၈၈။ | ကဲမာမာပဲ | အောင်စကြာ | သန်းနွဲ့ | ကျော်ဖေ၊ မေရှိမြ၊ သင်းသင်းလှဲ့ |
| ၈၉။ | တရားခံ | ကမ္ဘာကျော် | မျိုးအောင် | သီသီ၊ နုနုလွင်၊ ထွန်းသိန်း |
| ၉၀။ | စံဘဲဟော့ | စံပြ | သန်းနွဲ့ | မြင့်အောင်၊ ကြည်ကြည်ဌေး၊ မေမြ |
| ၉၁။ | တောင်တော်သခင်မ | စိန် | အေဝမ်းညွှန့်မောင် | ခင်မောင်ဇင်၊ ခင်မောင်မြင့်၊ ကြည် ကြည်ဌေး |
| ၉၂။ | ယောပြန်ဗရှိန်း | ဆွေဗမာ | အောင်မင်း | ကျော်သန်း၊ ခင်ပြုံးဇင်၊ လွင်လွင်မာ |
| ၉၃။ | ဂုဏ်ဆိုတာ | ဘကွန်း | သန်းဦး | ဘကွန်း၊ သန်းနွဲ့၊ မေသစ်၊ ဘောဘီနွဲ့ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | ရုပ်ရှင်ကားအမည် | ထုတ်လုပ်သူ | ဒါရိုက်တာ | တွဲဖက်သရုပ်ဆောင်များ |
|---|---|---|---|---|
| ၉၄။ | တရားတစ်ဖက်ဓားတစ်လက် | မင်းလွင် | ဦးဘိုးဟန် | ဗိုလ်ဗကို၊ ကြည်ကြည်ဌေး |
| ၉၅။ | အရိုင်းချစ် | လောကနိဗ္ဗာန် | ဦးအောင်ကြီး | ပဲခူးမယ်တင်တင်မြင့် |
| ၉၆။ | ရန်သူ့ကျော့ကွင်း | မန်း | တင်ညွှန့် | မြမောင်၊ သန်းဖေလေး၊ သင်းသင်းလှဲ့ |
| ၉၇။ | ကျီးကန်းပါးစပ် | ရွှေကျား | ဦးချစ်ဖေ | ကြည်ကြည်ဌေး |
| ၉၈။ | မမေ့တဲ့နိုင်အောင် | လဝန်းရောင် | ထွန်းဝင်း | ဗိုလ်ဗကို၊ တင်တင်မူ၊ ကြည်ကြည်စိန် |
| ၉၉။ | လောကခံစစ်ပွဲ | ဝင်းသီရိ | ဦးဘိုးဟန် | ကြည်ကြည်ဌေး၊ မေရီမြ |
| ၁၀၀။ | အချစ်နဲ့စစ်သား | အောင်စေညွှန့် | ရွှေဘ | သန်းသန်းဆင့်၊ မျိုးဝင်း |
| ၁၀၁။ | ပိုင်ပိုင်နိုင်နိုင် | အိုလံပစ် | ကျွန်တော်ချစ်မောင် | ခင်မောင်ဆွေ၊ ခင်လေးဆွေ၊ နီနီအေး |
| ၁၀၂။ | သူမိုက်ကိုယ်မိုက် | မော်လမြိုင် | ဘခန့် | ဒိုင်ဗင်တင်လှ၊ သူရ၊ မြမြရီ |
| ၁၀၃။ | ဗိုလ်စံဖဲ | ချစ်ကြည်ရေး | ဗိုလ်အေးမောင် | သင်းသင်းလှဲ့၊ နွဲ့နွဲ့အေး |
| ၁၀၄။ | ဗိုလ်ကျော် | စန်းသော်တာ | ထွန်းလင်းကျော် | ကျော်သန်း၊ တင်တင်ဝင်း၊<br>ကြည်ကြည်နွဲ့ |
| ၁၀၅။ | မာန်တံခွန် | ဆွေဗမာ | ဦးလွန်းဖေ | ဌေးအောင်၊ စံရှားတင်၊ နှင်းဆီ |
| ၁၀၆။ | စံရှားနဲ့ပျံလွှား | ဆွေဗမာ | ဦးလွန်းဖေ | နှင်းဆီ၊ ခင်ပြုံးဇင် |
| ၁၀၇။ | မြေကြီးနဲ့ရွှေထီး | တင်ညွှန့် | တင်ညွှန့် | တင်ညွှန့်၊ ခင်သန်းနု |
| ၁၀၈။ | တေးနဲ့သွေး | တင်ညွှန့် | ကိုကို | မြမောင်၊ သန်းဖေလေး၊ ပန်းဝါ |
| ၁၀၉။ | ရွှေဓားဗိုလ် | တင်ညွှန့် | ရွှေဘ | တင်ညွှန့်၊ စောလွင်၊ စောလွင် |
| ၁၁၀။ | လူစွမ်းကောင်း<br>ခုနစ်ယောက် | တင်ညွှန့် | တင်ညွှန့် | တင်ညွှန့်၊ မြမောင်၊ စောလွင်၊<br>ကျော်သန်း၊ စမ်းစမ်းဝင်း |
| ၁၁၁။ | ဗိုလ်ရွှေဘ | နယူးဘားမား | ရွှေဘ | သူရ၊ စန်းစန်းဝင်း၊ ခင်စိန်အေး |
| ၁၁၂။ | သတ္တိဗျတ္တိ | ပြည်ကျော် | ဒေါ်မြမြ | သန်းနွဲ့၊ နှင်းဆီ၊ ခင်မြင့်မြင့် |
| ၁၁၃။ | နန်းဆက်ရင်သွေး | ပြည်သူ့မေတ္တာ | မြင့်ဖေ | ခင်မောင်ဇင်၊ ကြည်ကြည်ဌေး၊ မေရီမြ |
| ၁၁၄။ | ရိုင်းတဲ့ဘဝ | ပေလေးပင် | နေဒွန်း | မြင့်စိုး၊ သင်းသင်းလှဲ့၊ နွယ်နွယ် |
| ၁၁၅။ | ဝရမ်းပြေးဘိုးသိန်း | ရွှေမြင့်မိုရ် | မျိုးအောင် | သင်းသင်းလှဲ့၊ မြမြရီ |
| ၁၁၆။ | သွေး | ရွှေသစ္စာ | မျိုးမြင့်အောင် | ဇော်နိုင်၊ စံရှားတင် |
| ၁၁၇။ | တောကဖိုးတုတ် | သမ္မတ | နေဒွန်း | သင်းသင်းလှဲ့၊ နွယ်နွယ် |
| ၁၁၈။ | ရဲရဲတောက် | အောင်မင်္ဂလာ | ဦးအောင်ကြီး | မေမြင့်ရီ၊ သန်းနွဲ့ |
| ၁၁၉။ | လူဆိုးကြီး | အောင်မင်္ဂလာ | ဦးအောင်ကြီး | နှင်းဆီ၊ ဒေဝ |
| ၁၂၀။ | မိန်းမဘဝ | အောင်ကျော် | ဦးဘိုးဟန် | ဖေယျူ၊ ခင်မောင်ဇင်၊ ခင်မောင်မြင့်၊<br>ကြည်ကြည်ဌေး |
| ၁၂၁။ | သေနတ်တကမ်း | ပြည်ကျော် | ကျော်နိုင် | နှင်းဆီ |
| ၁၂၂။ | အနိုင်ယူမယ် | စန်းသော်တာ | စိုးမြင့် | ကျော်သန်း၊ တင်တင်မူ၊ ခင်လေးငယ် |
| ၁၂၃။ | မုန်တိုင်းနဲ့ရောင်ခြည် | စကြာဝဠာ | မင်းနိုင် | ကြည်ကြည်ဌေး၊ ကြွယ်ကြွယ် |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | ရုပ်ရှင်ကားအမည် | ထုတ်လုပ်သူ | ဒါရိုက်တာ | တွဲဖက်သရုပ်ဆောင်များ |
|---|---|---|---|---|
| ၁၂၄။ | တုံးဆိုတိုက် | ပြည်ကျော် | ယဉ်လှ | တင်တင်လှ၊ ခင်မြင့်မြင့်၊ သန်းနွဲ့ |
| ၁၂၅။ | ဒေါသကုမ္မာ | ပြည်သူ့မေတ္တာ | မြင့်ဖေ | ကြည်ကြည်ဌေး၊ စန်းစန်းနွဲ့ |
| ၁၂၆။ | တိုင်းလုံ | မြသီတာ | ကိုလှမင်း | ဒေဝ၊ စမ်းစမ်းဝင်း |
| ၁၂၇။ | လူကောင်းတစ်ယောက် | လောကနိဗ္ဗာန် | အောင်ခင် | တင်တင်လှ |
| ၁၂၈။ | မောင်းထောင်ရွှေဘ | ဝင်းသီရိ | ဦးဝင်းမောင် | နှင်းဆီ |
| ၁၂၉။ | သတ္တိခဲ | သမ္မတ | နေဒွန်း | ကြည်ကြည်ဌေး၊ သန်းနွဲ့ |
| ၁၃၀။ | မျှော်တော်ရောင် | အောင်ကျော် | ဦးဘိုးဟန် | ခင်မောင်ဖင်၊ ကြည်ကြည်ဌေး၊ သန်းသန်းဆင့် |
| ၁၃၁။ | ဂွစာ | သမ္မတ | နေဒွန်း | သင်းသင်းလှဲ့၊ တင်တင်လှ |
| ၁၃၂။ | ဘဝဟူသည် | နေသိဒ္ဓိ | တက္ကသိုလ်မောင်လှသူ | သီသီ၊ ဇော်နိုင်၊ ခင်စိန်အေး |
| ၁၃၃။ | သဲသဲမဲမဲ | သူဇာ | မြို့မအုန်း | မြမြရီ၊ နှင်းနွယ်စိုး |
| ၁၃၄။ | တောပုန်းခင်ညို | အောင်စကြာ | သက်တင် | မြမောင်၊ စိုးစိုးရီ၊ ဝင်းဝင်းကြည် |
| ၁၃၅။ | တွေ့မရှောင် | ဖေယျာရွှေပြည် | မန်းလှဖေ | ဖေယျာ၊ နှင်းနွယ်စိုး၊ သန်းနွဲ့၊ နှင်းဆီ |
| ၁၃၆။ | မိုက်ခေတ်ကုန်ပြီ | ပဒေသာ | တင်ကြိုင် | ကြည်ကြည်ဌေး၊ နွယ်နွယ် |
| ၁၃၇။ | ချစ်လှပါသည် သို့သော် | ပဲခူး | ပဲခူးသန်းအောင် | ပဲခူးသန်းအောင်၊ ထားထားနွယ် |
| ၁၃၈။ | ပျံလေတဲ့ငှက်ခါး | ဘီဘီဘီ | ပန်းသာတင်ရွှေ | တင်တင်လှ၊ မေလှဲ့ဝင်း |
| ၁၃၉။ | နိုင် | မျိုးမြင့် | ကျော်နိုင် | ကျော်အောင်၊ နှင်းဆီ၊ ရီရီမြင့် |
| ၁၄၀။ | မင်းအာဏာ | မင်းလွင် | အုန်းမောင် | ကျော်သန်း၊ ကြည်ကြည်ဌေး၊ ပန်းဝါ |
| ၁၄၁။ | ရွှေဘုံပေါ်မှာစံချင်သူ | မောင်မောင် | မြင့်ဖေ | ရွှေကို၊ ကြည်ကြည်ဌေး |
| ၁၄၂။ | လောဘဒဏ် | မျိုးလှိုင် | ထွန်းဝင်း | မျိုးလှိုင်၊ မေလှဲ့ဝင်း၊ တင်တင်ဝင်း |
| ၁၄၃။ | လက်တကမ်း | ရန်ပုံခွင်း | ထွန်းလင်းကျော် | တင်တင်ဝင်း၊ ပါနော့က် |
| ၁၄၄။ | ရောင်ကြီးဖွေမောင်မောင်ရွှေ | ဝင်းသီရိ | ဦးဝင်းမောင် | မြမြရီ၊ တင်တင်လှ |
| ၁၄၅။ | တို့နှစ်ယောက် | သမ္မတ | နေဒွန်း | ကြည်ကြည်ဌေး၊ နှင်းနွယ်စိုး |
| ၁၄၆။ | ပြေးမလွတ် | သူဇာ | စစ်ကိုင်းဝင်းအောင် | စမ်းစမ်းဝင်း |
| ၁၄၇။ | တနေဝင်သော် | အမျိုးသားတိုးတက်ရေး | ဒဂုံမြတ်လေးနွယ် | စိုးရွှေ၊ မြမြရီ |
| ၁၄၈။ | မုန်တိုင်းထန်လေသော် | ပြည်သူ့မိတ်ဆွေ | မျိုးအောင် | မြတ်ကိုကို၊ တင်တင်ဝင်း၊ နှင်းဆီ |
| ၁၄၉။ | အတုံ့အလှည့် | ထွန်း | ထွန်းမင်း | ခင်အောင်၊ ကြည်ကြည်ဌေး |
| ၁၅၀။ | စခန်းအောင်မြေ | ပြည်ရွှေဘို | မောင်မောင်စိန် | တင်တင်လှ၊ စန်းစန်းနွဲ့ |
| ၁၅၁။ | စိမ်းရက်တယ် | ပေလေးပင် | နေဒွန်း | တင်တင်လှ၊ တင်တင်ဝင်း |
| ၁၅၂။ | သည်လမ်းအခြေအနေနှင့် သည်လမ်းမြေ | မြ | ပန်းသာတင်ရွှေ | မေရီမြ၊ မျိုးညိမ်း |
| ၁၅၃။ | အောင်နိုင်သူ | သရဖူ | မြတ်ထွန်း | တင်တင်လှ၊ တင်တင်ဝင်း |
| ၁၅၄။ | ဆန္ဒ | ဖေယျာရွှေပြည် | မန်းလှဖေ | ဖေယျာ၊ဗဂျီအောင်စိုး၊ကြည်ကြည်ဌေး |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | ရုပ်ရှင်ကားအမည် | ထုတ်လုပ်သူ | ဒါရိုက်တာ | တွဲဖက်သရုပ်ဆောင်များ |
|---|---|---|---|---|
| ၁၅၅။ | မာနခဲ | မြ | နေဝင်း | မေရှီမြ၊ မြင့်ဖေ၊ ကျော်ဇော |
| ၁၅၆။ | နှောင်ကြိုးလေးတစ်မျှင် | ဝင်းသီရိ | ဦးဝင်းမောင် | တင်တင်လှ၊ ကျော်ဇော |
| ၁၅၇။ | လက်တစ်လုံးခြား | သမ္မတ | နေဝင်း | ကြည်ကြည်ဌေး၊ ကျော်ဇော |
| ၁၅၈။ | နှစ်ကိုယ့်တချစ် | စိုးလွင်မိသားစု | မြင့်ဖေ | ကြည်ကြည်ဌေး၊ တင်တင်လှ |
| ၁၅၉။ | အကြောင်းကိုရှာသော် | ဆွေဗမာ | ကျော်ဦး | ဌေးအောင်၊ တင်တင်မူ၊ စံရှားတင် |
| ၁၆၀။ | သစ္စာရွှေပြည် | မြို့မရွှေဂုန် | ဒဂုန်မြတ်လေးနွယ် | သီသီ၊ တင့်ဆန်း |
| ၁၆၂။ | တစ်ဝက်နဲ့တစ်ခြမ်း | ရွှေညာမောင် | အေဝမ်းသိန်းဇော် | ဝင်းဆွေ၊ နွဲ့နွဲ့စမ်း၊ ကျော်ဇော |
| ၁၆၃။ | မိုးကြိုး | ဝင်းသီရိ | ဦးဝင်းမောင် | တင်တင်လှ |
| ၁၆၄။ | သူနိုင်ငါနိုင် | ရွှေတံခွန် | ကျော်နိုင် | ဒေဝ၊ မြတ်ကျော်၊ နှင်းဆီ |
| ၁၆၅။ | စုံထောက်နဲ့မိုးမှောင် | ပြည့်ရွှေဘို | မောင်မောင်စိန် | မြမြရီ |
| ၁၆၆။ | သွေးသောက်ဓား | စန်းသော်တာ | ထွန်းလင်းကျော် | ကျော်သန်း၊ တင်တင်ဝင်း |
| ၁၆၇။ | သတ္တိသွေးနှင့် တေးလုလင် | ရွှေဟသ်ာ | နိုင်ထွန်း | တွံတေးသိန်းတန်၊ ကြည်ကြည်ဌေး၊ မေယု |
| ၁၆၈။ | အမိုက်ထဲကရွှေ | သမ္မတ | နေဒွန်း | ကြည်ကြည်ဌေး |
| ၁၆၉။ | သည်တစ်ပွဲ | စန်းသော်တာ | မောင်သော်တာ | တင်တင်လှ၊ မန်းလှဖေ |
| ၁၇၀။ | တစ်ယောက်တစ်လက် | ဆွေဗမာ | ကျော်ဦး | ဌေးအောင်၊ တင်တင်လှ၊ သန်းနွဲ့ |
| ၁၇၁။ | ဤသစ်ဆုံ | မင်းလွင် | ဘုန်းမော် | ဇော်လွင်၊ စောနိုင်၊ စံရှားတင် |
| ၁၇၂။ | တို့ပိုင်တဲ့မြေ | မိုးဟိန်း | ထွန်းအောင် | မြမြရီ၊ မောင်မြင့်ဌေး |
| ၁၇၃။ | မလိမ့်တပတ် | မောင်မောင် | မြင့်ဖေ | ကျော်တင့်၊ ကြည်ကြည်ဌေး၊ တင်တင်လှ |
| ၁၇၄။ | ဗိုလ်ယက္ခ | ရွှေမြင့်မိုရ် | အေဝမ်းမောင်လှမျိုး | ဝင်းဆွေ၊ ကြည်ကြည်ဌေး၊ တင်တင်လှ |
| ၁၇၅။ | သစ္စာဖောက် | ဆန်းသော်တာ | ဘရီ | ထိန်ဝင်း၊ တင်တင်မူ |
| ၁၇၆။ | မိုက်နှောင်တ | ဝင်းသီရိ | ဦးဝင်းမောင် | တင်တင်လှ |
| ၁၇၇။ | ရင်မြေကတုတ် | ရွှေစပယ် | စန်းသွင် | တင်ဖေ၊ ဒေဝ၊ မီးမီးစံ၊ ကျော်သန်း |
| ၁၇၈။ | နောက်ဆုံးကျည်ဆံ | သမ္မတ | ရွှေဘ | သင်းသင်းလှ၊ မြင့်အောင်၊ ဌေးဝင်း၊ စံတင် |
| ၁၇၉။ | ခရီးပန်းတိုင် | မင်္ဂလာညွန့် | အေဝမ်းညွန့်မောင် | အေဝမ်းညွန့်မောင်၊ အေးအေးသန်း၊ တင်တင်လှ |
| ၁၈၀။ | သစ္စာမြေ | နဝရတ်ကိုးသွယ် | ဓာတ်ပုံသိန်းနိုင် | အေးအေးသင်း၊ ဗဂျီအောင်စိုး |
| ၁၈၁။ | ရဲစွမ်းသတ္တိ | တင်ညွန့် | တင်ညွန့် | တင်ညွန့်၊ ခင်မောင်ချင်း၊ စန္ဒာ၊ |
| ၁၈၂။ | ဖွဲ | တင်ညွန့် | တင်ညွန့် | တင်ညွန့်၊ ဇော်လွင်၊ ကိုမြင့်၊ ယဉ်ယဉ်အေး |
| ၁၈၃။ | ရွှေလဝင်းကိုခွင်းမည့်သူ | ရွှေကရဝိတ် | ဇော်ထက် | ကောလိပ်ဂျင်နေဝင်း၊ ဆွေဇင်ထိုက် ကျော်ဟိန်း၊ နွဲ့နွဲ့မူ၊ ခင်သီတာထွန်း |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | ရုပ်ရှင်ကားအမည် | ထုတ်လုပ်သူ | ဒါရိုက်တာ | တွဲဖက်သရုပ်ဆောင်များ |
|---|---|---|---|---|
| ၁၈၄။ | ဟိန်း | တင်ညွန့် | တင်ညွန့် | တင်ညွန့်၊အောင်လွင်၊စိုးရွှေ ခင်မောင်ချင်း၊ယဉ်ယဉ်အေး |
| ၁၈၅။ | မြွေမြွေချင်းခြေမြင် | မိုး | ကျော်ဆွေ | ကျော်ဆွေ၊ခင်ယုမေ၊စန်းစန်းဝင်း |
| ၁၈၆။ | တို့လူလေးများဆိုသလေ | မြတ်ကဝိန် | အောင်မြင့်ဦး | ကောလိပ်ဂျင်နေဝင်း၊ကျော်ဟိန်း၊ ထွန်းထွန်းဝင်း၊ချိုပြုံး၊ဆွေဇင်ထိုက်၊ စံရှားတင် |
| ၁၈၇။ | အောင်လံတလွင့်လွင့် | တင်ညွန့် | တင်ညွန့် | တင်ညွန့်၊သက်နောင်၊စမ်းစမ်းဝင်း |
| ၁၈၈။ | သွေးမှသတ္တိရှိသောကြောင့် | မဟာဗောဓိ | မောင်မိုးမြင့် | ရဲဘော်သက်ရှည်၊တင်ညွန့်၊မမိုးဝါ |
| ၁၈၉။ | ငါးမန်းစွယ်နှင့်ကျွန်းသန္တာ | သမ္မတ | မြတ်သိန်းထွဋ် | သင်းသင်းလှဲ့၊နွဲ့နွဲ့မူ၊ငွေးဝင်း၊စံတင် |
| ၁၉၀။ | မချစ်လဲပြုံးချစ်လဲပြုံး | ဇေယျာရွှေပြည် | မောင်မောင်မိုးမင်း | ဆိုးပေ၊မောင်မဲ၊ခင်မာလာ |

ထို့ပြင် ထုတ်လုပ်သည့် ကုမ္ပဏီ၊ ဒါရိုက်တာနှင့်တွဲဖက်ပါဝင်သည့် သရုပ်ဆောင်များ မသိရှိရသော်လည်း မင်းသားရွှေဘ ပါဝင်သရုပ်ဆောင်သော ကားများအဖြစ် (၁)ရောင်နီ (၂)မိုက်ရဲမိုက်ခဲ (၃) ငမိုး (၄) မင်းသွေး (၅) အုံပုန်းလောက (၆) ရန်ကုန်သူခိုး (၇) ဂမုန်းဘီလူး (၈) ချစ်ရင်သွေး (၉)ငွေရန်သူ (၁၀) ယမ်းငွေ့ (၁၁) ငွေမင်း ငွေချင်း (၁၂) ငွေဗိမာန် (၁၃) ဖုန်းမောင်တစ်ယောက်ထဲ (၁၄) ရှိန်းဆာယာ (၁၅) ရန်သူ့ရင်သွေး (၁၆) ဆိုးပေ (၁၇)စောရသက်ပြင်း (၁၈) တောကြောင် (၁၉) ကိုယ်ပျောက်စောရ (၂၀)ဗိုလ်ဝဲ (၂၁) လူမိုက် (၂၂)အဖေ့သား (၂၃) ချစ်မိုးညို (၂၄) လယ်သမား သူပုန် (၂၅)ယောက်ျား ဂုဏ်ရည် (၂၆) မိုက်မိုက်ကန်းကန်း (၂၇) ဘာလဲ့ဟဲ့လောကဓံ (၂၈) မေတ္တာနှင့်သစ္စာ (၂၉) ရန်ကြွေးရန်စ (၃၀) သံယောဇဉ် (၃၁) ခိုးသားလေးဆယ် (၃၂) မြွေပွေးခါးပိုက်ပိုက် (၃၃) တောကမောင်ကြီး (၃၄) ကျောက်ခေတ်လူသား (၃၅) မိုက်ဖော်မိုက်ဖက် (၃၆) ‘ဝ’တစ်လုံး (၃၇) တကျွန်းပြန် (၃၈) ဂျင်ပေါ်ကထုံး (၃၉)ရွေးရေစက် (၄၀) ရူပမာလာ (၄၁) သူပုန်မင်းသား (၄၂)စုံထောက်နှင့်မိုးမှောင်တို့ကို တွေ့ရှိရပါသည်။ ဤရုပ်ရှင်ကား (၄၂)ကားမှာ အများအားဖြင့် အသံတိတ်ရုပ်ရှင်ကားများ ဖြစ်ကြပါသည်။ သတ္တိဗျတ္တိ၊ တောပုန်းကြီးစံဖဲ (ဗိုလ်စံဖဲ)၊ ဘာလဲအချစ်နှင့် စုံထောက်နှင့်မိုးမှောင် စသည့် အသံတိတ်ရုပ်ရှင်ကားများအား အသံထွက်ရုပ်ရှင်ကားအဖြစ် ပြန်လည်ဆန်းသစ်ရာတွင် မင်းသားရွှေဘပင် ဒုတိယအကြိမ် ပြန်လည်သရုပ်ဆောင်ခဲ့ရာ ထူးခြားမှုဖြစ်သည်။ ၁၉၄၈ ခုနှစ်တွင် မင်းသားရွှေဘ၏ ပထမဆုံးရုပ်ရှင်ကား သတ္တိဗျတ္တိ (အသံတိတ်)ကို ရိုက်တင်ခဲ့ပြီး (၁၅)နှစ်ခန့်အကြာ ၁၉၆၃ ခုနှစ်တွင် မင်းသမီး၊ လူရွှင်တော်စသည့် သရုပ်ဆောင်များ ပြောင်းလဲသော်လည်း မင်းသားရွှေဘ မပြောင်းလဲဘဲ ဒုတိယအကြိမ် ပြန်လည်သရုပ်ဆောင်သည့် သတ္တိဗျတ္တိ (အသံထွက်)ကို ရိုက်တင်ခဲ့သည်။ ရုပ်ရှင်ဇာတ်ကား တစ်ကားတည်းအား မင်းသားတစ်ဦးတည်းမှ နှစ်ကာလများစွာခြားပြီး ပြန်လည်၍သရုပ်ဆောင်ခွင့်ရသည်မှာ ရှားပါးလှသည့် အခွင့်အရေး ဖြစ်ပါသည်။

မင်းသားရွှေဘ ပါဝင်သရုပ်ဆောင်ခဲ့သည့် အသံတိတ်၊ သံစုံသွင်းနှင့် အသံထွက်ရုပ်ရှင်ကားအရေအတွက် ၂၃၂ ကား တွေ့ရှိရပါသည်။ မြန်မာ့ရုပ်ရှင်အနုပညာရှင်များနှင့် စပ်လျဉ်း၍ မှတ်တမ်းထားရှိမှုစနစ် အားနည်းခြင်းနှင့် ရုပ်ရှင်သုတေသီနည်းပါးမှုတို့ကြောင့် ဤရေတွက်မှုတွင် မပါဝင်သေးသည့် ရုပ်ရှင်ကားအနည်းငယ် ကျန်ရှိနေဦးမည်ဖြစ်ရာ မင်းသားရွှေဘသည် ရုပ်ရှင်ကား ၂၅၀ နှင့်အထက် ရိုက်ကူးခဲ့သည်ဟု ခန့်မှန်းရပါသည်။ မင်းသားရွှေဘမှာ မြန်မာ့ရုပ်ရှင်သမိုင်းတစ်လျှောက်တွင် ရုပ်ရှင်ဇာတ်ဆောင်မင်းသားအဖြစ် နှစ်ပေါင်းလေးဆယ်ခန့် ရပ်တည်နိုင်မှုနှင့် ထုထည်အင်အားကြီးမားလှသော ခိုင်မာသည့်ပရိသတ်၏ အားပေးခြင်းကို အစဉ်တစိုက် ရရှိမှုနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရုပ်ရှင်ကားအရေအတွက် အများဆုံးရိုက်ကူးရသည့် မင်းသားအဖြစ် ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း မင်းသားရွှေဘအား အချို့က မြန်မာနိုင်ငံတွင် ရုပ်ရှင်ကားအများဆုံး ရိုက်ကူးခွင့်ရသည့် ရုပ်ရှင်မင်းသားအဖြစ် သတ်မှတ်ကြပြီး အချို့က မြန်မာနိုင်ငံနယ်နိမိတ်ကိုကျော်၍ ကမ္ဘာ့ ရုပ်ရှင်လောကတွင် ရုပ်ရှင်ကားအများဆုံး ရိုက်ကူးခွင့်ရသည့် ရုပ်ရှင်မင်းသားအဖြစ် ခန့်မှန်းတင်စားခဲ့ကြခြင်း ဖြစ်ပါလိမ့်မည်။ ။







စိန်မိုးယံ ရုပ်ရှင်
"လူမိုက်လမ်းဆုံး"မှ
ရွှေဘ၊ မြင့်မြင့်ခင်

www.burmeseclassic.com

www.burmeseclassic.com



# စံဖဲဆိုလျှင် ရွှေဘနဲ့မှ လိုက်သည်

ဗိုလ်အေးမောင် ရေးသော

## ဗိုလ်စံဖဲ ဝတ္ထုကို ချစ်ကြည်ရေး ဖလင်းမှ အသက်သွင်း လိုက်သည့်




ကြမ်းတာ၊ ရမ်းတာ အသားလွတ်မဟုတ်၊ ဇာတ်လမ်းအရဖြစ်သည်။

## မတ်လအတွင်း မြို့လယ်ရုံနှင့် မြို့ပတ်ရုံများတွင်

www.burmeseclassic.com

www.burmeseclassic.com



# ရွှေဘ ပါဝင်သရုပ်ဆောင်သည့် ရုပ်ရှင်ကားအချို့၏ ဇာတ်လမ်းအကျဉ်းချုပ်များ

မင်းသားရွှေဘသည် ၁၉၄၈ ခုနှစ်တွင် ပဲရောက်ရုပ်ရှင်မှ ဒါရိုက်တာဆရာခန့်၏ လက်နက်ပုန်း အသံတိတ်ရုပ်ရှင်ကား၌ ဇာတ်ပို့အဖြစ်လည်းကောင်း၊ ဒါရိုက်တာပဲရောက်ဖေကြိုင်၏ သတ္တိဗျတ္တိ အသံတိတ်ရုပ်ရှင်ကား၌ ဇာတ်ဆောင်မင်းသားအဖြစ်လည်းကောင်း သရုပ်ဆောင်ပြီး ရုပ်ရှင်လောကသို့စတင်ခြေချခွင့်ရခဲ့သည်။ ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ(၁)ရက်နေ့တွင် မင်းသားရွှေဘကွယ်လွန်ပြီးနောက် လူ့ဘဝနှင့် ရုပ်ရှင်လောကကို စွန့်ခွါခဲ့သည်။ မင်းသားရွှေဘသည် ရုပ်ရှင်လောကတွင် နှစ်ပေါင်းလေးဆယ်ခန့် ကျင်လည်ရင်း စက်မှုနည်းပညာဖွံ့ဖြိုးမှုအရ အသံတိတ်၊ သံစုံသွင်းနှင့် အသံထွက် အဖြူအမည်း ရုပ်ရှင်ကားမြောက်မြားစွာကို ရိုက်ကူးခဲ့ပြီး ပါလီမန် ဒီမိုကရေစီခေတ် (၁၉၄၈–၁၉၆၁)၊ တော်လှန်ရေးကောင်စီခေတ် (၁၉၆၂–၁၉၇၃)နှင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ် (၁၉၇၄–၁၉၈၈)တို့အား ဖြတ်သန်းခဲ့ရသည်။ စာရေးဆရာနှင့် ဇာတ်ညွှန်းရေးဆရာများသည် အများအားဖြင့် ဖြတ်သန်းနေရသောခေတ်ကာလကို မျက်ခြည်မပြတ်လေ့လာရင်း ခေတ်အဆက်ဆက်မှ နှစ်သက်ရာ ခေတ်ကာလ (ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်၊ ဂျပန်ခေတ် ...စသည်)ကို အခြေခံပြီး ဝတ္ထုများနှင့် ဇာတ်ညွှန်းများကို ရေးသားလေ့ရှိကြသည်။ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာနှင့် ထုတ်လုပ်သူတို့သည် ဖြတ်သန်းဆဲခေတ်ကာလတွင် တည်ရှိနေဆဲ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ၊ စည်းကမ်းချက်များနှင့်အညီ ရုပ်ရှင်ကားများအား ရိုက်ကူးထုတ်လုပ်ကြရာတွင် ရုပ်ရှင်ကြည့်ပရိသတ်အား ခံစားသိမြင်မှု(Message) နှင့် ဖျော်ဖြေမှု (Entertainment)တို့အား ရောစပ်ပေးလေ့ရှိကြသည်။ အများအားဖြင့် နိုင်ငံနှင့် ပြည်သူလည်းအကျိုးပြု၊ အနုပညာလည်းမြောက်ပြီး ဖျော်ဖြေမှုလည်းပါသည့် ရုပ်ရှင်ဇာတ်လမ်းများကို တင်ပြခွင့်ပြုချက်ရယူကာ ရိုက်ကူးထုတ်လုပ်လေ့ရှိကြသည်။ ရုပ်ရှင်ကားအားဖန်တီးရာတွင် ပါဝင်သည့် ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များ၏ အရည်အသွေးနှင့် ပတ်ဝန်းကျင်အခြေအနေအရပ်ရပ်ပေါ်မူတည်ပြီး ရုပ်ရှင်ကြည့် ပရိသတ်က ခံစားသိမြင်မှုနှင့် ဖျော်ဖြေမှုကို လက်ခံရရှိကြပါသည်။ မင်းသားရွှေဘ ပါဝင်သရုပ်ဆောင်ခဲ့ပြီး ဖြတ်သန်းခဲ့ရသည့် ခေတ်ကာလအလိုက် ရိုက်ကူးရုံတင်ခဲ့သော ရုပ်ရှင်ကားအချို့၏ ဇာတ်လမ်းအကျဉ်းတို့အား အမြွက်မျှခံစားသိမြင်နိုင်ကြရန် မျှဝေလိုက်ပါသည်။

မင်းသားရွှေဘ ပါဝင်သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်ကားအနည်းငယ်၏ ဇာတ်လမ်းအကျဉ်းချုပ်ကို ဖတ်ရှုရင်းမှာပင် မင်းသားရွှေဘ၏ ပရိသတ်များသည် မင်းသား

www.burmeseclassic.com

www.burmeseclassic.com



ရွှေဘ၏ သရုပ်ဆောင်အမူအရာများကို ပြန်လည်မြင်ယောင် ခံစားနိုင်ကြပါလိမ့်မည်။ မင်းသားရွှေဘအား သိမီမှုမရှိလိုက်သည့် ရုပ်ရှင်ဝါသနာရှင် ပရိသတ်များအနေဖြင့်လည်း ဇာတ်လမ်းအကျဉ်းချုပ်အား ဖတ်ရှု၍ မှန်းဆခံစားနိုင်ကြမည်ဖြစ်ပါသည်။ ထို့ပြင် ရုပ်ရှင်ကြည့်ပရိသတ်နှင့် ရုပ်ရှင်ဝါသနာရှင်တို့သည် ဇာတ်လမ်းအကျဉ်းချုပ်များကို ဖတ်ရှုချိန်တွင် မင်းသားရွှေဘ ပါဝင်သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်ကားများ၏ ရည်ရွယ်ချက်၊ ဇာတ်လမ်းတန်ဖိုး၊ အဆင့်အတန်းနှင့် ဖျော်ဖြေမှုပေးနိုင်သည့် အခြေအနေတို့ကို အကဲဖြတ်နိုင်ကြပါလိမ့်မည်။

မင်းသားရွှေဘ ပါဝင်သရုပ်ဆောင်ခဲ့သည့် သင့်နိုးရာရာ အသံတိတ်ရုပ်ရှင်ကားနှစ်ကားနှင့် မြန်မာ့ရုပ်ရှင် စည်ပင်ဖွံ့ဖြိုးချိန်ကာလမှ အသံထွက်ရုပ်ရှင်ကား ခုနစ်ကား၏ ဇာတ်လမ်းအကျဉ်းချုပ်တို့အား ဖော်ပြထားပါသည်။ လူမိုက်လမ်းဆုံး၊ ပတ္တမြားတစ်လုံး၊ လူကောင်းတစ်ယောက်၊ တရားခံ၊ ပိုင်ပိုင်နိုင်နိုင်၊ ဗိုလ်စံဖဲ၊ သွေး၊ မမေ့တဲ့နိုင်အောင်နှင့် မင်းအာဏာ ရုပ်ရှင်(၉)ကား၏ ဇာတ်လမ်းအကျဉ်းချုပ်တို့ဖြစ်ကြပါသည်။

(က) လူမိုက်လမ်းဆုံး (အသံတိတ်)

၁။ ဝတ္ထု ဇာတ်ညွှန်း
စာရေးဆရာ ဝဇီရာ

၂။ ဇာတ်လမ်းအမျိုးအစား
အချစ်နှင့် စုံထောက်ဇာတ်ကြမ်း

၃။ ဒါရိုက်တာ
မောင်မောင်စိန်

၄။ ထုတ်လုပ်သူ
စိန်မိုး ရုပ်ရှင်

၅။ သရုပ်ဆောင်များ
ရွှေဘ၊ ကျော်ဘ၊ မြင့်မြင့်ခင်၊ တင်တင်နု၊ ဦးထွန်းဝင်း၊ ဒေါ်ဖွားနှစ်၊ ကျော်သောင်းကြီး၊ ပါနောက်၊ ဝဇီရာ။

၆။ ရုံတင်သည့်ကာလ
၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်၊
(ရန်ကုန် ဘုရင့်ရုံ)

ပျဉ်းမနားမြို့မှ ဒေါက်တာလှစိုးသည် ရန်ကုန်မြို့တွင် လုပ်ငန်းဖြင့်လာရောက်စဉ် နေထိုင်ရန်အတွက် အဘိုးကြီး အဘွားကြီးဇနီးမောင်နှံပိုင်နေအိမ်လေး၌ လခပေးနေထိုင်ခဲ့သည်။ ထိုနေအိမ်သို့ ညအခါ၌ ရုတ်တရက် ရောက်ရှိလာသဖြင့် နံနက်မိုးလင်းချိန်တွင် အိမ်ရှင်၏သမီး ခင်သန်းဝင်းနှင့်တွေ့ဆုံရာ၌ သမီးပျိုရှိမှန်း ကြိုတင်မသိခဲ့သဖြင့် တစ်ယောက်နှင့်တစ်ယောက် အထင်အမြင်လွဲပြီး စကားများအချင်းပွားခဲ့ကြသည်။ လှစိုးမှာ မိန်းမပျိုများနှင့် ကင်းရှင်းစွာ နေထိုင်ဆက်ဆံလေ့ရှိ၍ ခင်သန်းဝင်းနှင့် တွေ့ဆုံတိုင်းလည်း ချောမွေ့မှုမရှိခဲ့ဘဲ အိမ်ရှင်၏ အပေါ်ထပ်အခန်းရှိ စန္ဒရားပျက်အား ပြုပြင်အသံညှိတီးစမ်းရာ၌လည်း ထပ်မံ အချင်းများကြပြန်သည်။

တစ်နေ့တွင် အိမ်အပေါ်ထပ်ရှိ လှစိုး၏အခန်းသို့ ခင်သန်းဝင်းက ကော်ဖီခွက်သွားရောက်ပို့စဉ် လှစိုးအား အမှတ်တမဲ့ ကိုကိုလှစိုးဟု ခေါ်လိုက်မိသည်။ ခင်သန်းဝင်း၏ အမှတ်တမဲ့ ကိုကိုလှစိုးဟုခေါ်လိုက်ပုံအား လှစိုးဘဝင်မကျသော်လည်း ခင်သန်းဝင်းအား ဖော်ဖော်ရွေရွေ ပြောင်းလဲဆက်ဆံပြီး သတိထားနေခဲ့သည်။ အနေအထိုင်ကြာမြင့်လာသောအခါ ခင်သန်းဝင်း၏ ခင်မင်တတ်မှု၊ အိမ်ရှင်အဘိုးကြီးအဘွားကြီး ဇနီးမောင်နှံ၏ တကျက်ကျက်ရန်ဖြစ်တတ်မှုနှင့် ရဲစုံထောက် ဦးထွန်းပေါ်နှင့် အိမ်ရှင်တို့၏ ရင်းနှီးခင်မင်မှုတို့ကို လှစိုး သိခွင့်ရခဲ့သည်။ ထို့အပြင် ဦးထွန်းပေါ်သည် ရန်ကုန်မြို့တွင် မိန်းမပျိုလေးများအား အထူးပြုရွေးချယ်သတ်ဖြတ်နေသော တရားခံကို စုံစမ်းထောက်လှမ်းနေချိန် ဖြစ်သည်။

အိမ်ရှင်များထံသို့ မကြာခဏ ဝင်ထွက်သွားလာနေရာမှ ဦးထွန်းပေါ်သည် လှစိုး ဝတ်ဆင်လေ့ရှိသော အဝတ်အစားများသည် ရာဇဝတ်ပြေးတစ်ဦးဝတ်ဆင်သော အဝတ်အစားများနှင့် ထပ်တူမျှတူညီနေသည်ကို သတိပြုလိုက်မိသည်။ ထို့နောက် ဦးထွန်းပေါ်သည် ထင်ရှားသော လူဆိုး ဖိုးတုတ်၏ သွားလာလှုပ်ရှားမှုများကို ရုပ်ဖျက်ပြီး ဟိုတယ်ကြီးတစ်ခုသို့သွားရောက်၍ လေ့လာထောက်လှမ်းစဉ် လှစိုးနှင့် လူဆိုးဖိုးတုတ်တို့ အငြင်းပွားအချင်းများပြီး ထိုးကြိတ်သတ်ပုတ်ကြသည်ကို မြင်တွေ့လိုက်ရသည်။ ဦးထွန်းပေါ်က မြင်တွေ့ခဲ့ရပုံနှင့် ဖြစ်ပေါ်နေသောသံသယအား

www.burmeseclassic.com


www.burmeseclassic.com



လုစိုး၏အိမ်ရှင်များသို့ ဖွင့်ပြောပြီး စောင့်ကြည့်နေခဲ့သည်။ အိမ်ရှင်ဇနီးမောင်နှံမှာလည်း လုစိုးအား အိမ်ငှားထားမိခြင်းအတွက် တစ်ယောက်ကိုတစ်ယောက် အပြစ်ဖို့ပြီး တကျက်ကျက် ရန်ဖြစ်လာကြသည်။

တစ်နေ့တွင် ဦးထွန်းပေါ်နှင့် အိမ်ရှင်တို့သည် လုစိုးနောက်သို့ လျှို့ဝှက်စွာ ခြေရာခံလိုက်ကြရာ၌ဇာတ်ပွဲကပြရာ ပွဲခင်းတစ်ခုသို့ ရောက်ရှိသွားကြပြီး အိမ်ရှင်မှာ မမျှော်လင့်ဘဲ မိန်းမပျိုလေးတစ်ဦးအား သတ်ဖြတ်မှုနှင့် ပက်ပင်းရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ထို့ပြင် အိမ်ရှင်မှ လူသတ်မှုကျူးလွန်သူ၏ လက်အားဖမ်းဆွဲပြီး 'ဟေ့ ... မောင်လုစိုး' ဟု ခေါ်လိုက်စဉ်မှာ အိမ်ရှင်လက်မှ လူသတ်သမားက ရုန်းထွက် ပြေးလွှားသွားခဲ့သည်။ ဦးထွန်းပေါ်အား အိမ်ရှင်မှ လက်တွင်ပေကျံနေသော သွေးများကိုပြပြီး လုစိုးရုန်းကန်ထွက်ပြေးကြောင်းကို ချက်ချင်း သတင်းပို့ခဲ့သည်။ ဦးထွန်းပေါ်မှ အိမ်ရှင်အား နေအိမ်သို့ အမြန်ဆုံးပြန်စေပြီး ပုလိပ်(ရဲ)များကိုလည်း နေအိမ်ဝန်းကျင်တွင် နေရာချကာ လုစိုးပြန်လာချိန်တွင် ဖမ်းဆီးရန် စီစဉ်ခဲ့သည်။ ဦးထွန်းပေါ်နှင့် ပုလိပ်များမှ လုစိုးအား စောင့်ပြီး ဖမ်းဆီးကြရာတွင် လုစိုးသည် ခင်သန်းဝင်းကို အကာအကွယ်ယူပြီး ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

ထို့နောက် လုစိုးက တယ်လီဖုန်းဖြင့် ခင်သန်းဝင်းအား ဆက်သွယ်ပြီး အဖြစ်သနစ်မှန်ကို ရှင်းလင်းပြောဆိုလို၍ ဗန္ဓုလပန်းခြံသို့ ညနေခင်းတွင်လာရောက်ရန် ချိန်းဆိုခဲ့သည်။ ဗန္ဓုလပန်းခြံဝင်းသို့ ခင်သန်းဝင်းရောက်ရှိ



ချစ်ကြည်ရေး ရုပ်ရှင် "မိုလိစံဖဲ" မှ ရွှေဘ၊ ကျော်ဇော၊ နွဲ့နွဲ့အေး

www.burmeseclassic.com

www.burmeseclassic.com



သွားချိန်တွင် အမှတ်မထင် ကိုကိုလှစိုးဟု ခေါ်လိုက်စဉ်မှာပင် ထိုလူက ခန္ဓာကိုယ်အား ဖမ်းချုပ်ပြီး လည်ပင်းအား သင်တုန်းဓားဖြင့် လှီးသတ်တော့မည့် အန္တရာယ်ဖြင့် ကြုံတွေ့လိုက်ရသည်။ အသက်ဘေးမှ ချမ်းသာပေးရန် ထိတ်ထိတ်ပျာပျာဖြင့် ခင်သန်းဝင်း တောင်းပန်နေစဉ် အခြားလူတစ်ယောက် ရောက်လာပြီး ခြောက်လုံးပြူးသေနတ်ဖြင့် ချိန်ရွယ်၍ ခင်သန်းဝင်းအား ကယ်တင်ခဲ့သည်။ ခင်သန်းဝင်းကို သတ်ရန်ကြံစည်သူရော၊ ကယ်တင်သူပါ ရုပ်ရည်နှင့် အဝတ်အစားတို့ တူညီလွန်းလှ၍ မည်သူ လှစိုးဖြစ်သည်ကို ခင်သန်းဝင်း ခွဲခြား၍ မရနိုင်ဘဲရှိသည်။ ထိုအခိုက်တွင် ခင်သန်းဝင်းအား ကယ်တင်သူက 'မောင်လှမိုး မင်းလက်မြှောက်လိုက်၊ မင်းဟာ လူမိုက်ဆိုတော့ လူမိုက်တို့ရဲ့ သွားရာလမ်းဆုံးရောက်အောင် လူမိုက်လမ်းဆုံးကို ပို့ပေးရတော့မှာပဲ'ဟု ပြောလိုက်မှ ခွဲခြားနားလည်သွားတော့သည်။ ခင်သန်းဝင်းအား တွန်းဖယ်ပြီး လှမိုး ထွက်ပြေးနိုင်သော်လည်း လူသတ်မှုအသစ်များ မပေါ်ထွန်းရေးအတွက် လှစိုးက ညီအရင်း လှမိုးကို ခြောက်လုံးပြူးဖြင့် ပစ်ခတ်ပြီး ဖမ်းဆီးလိုက်သည်။ ခင်သန်းဝင်း၊ အိမ်ရှင်နှင့် ဦးထွန်းပေါ်တို့ လှစိုးအနီးသို့ ဝိုင်းအုံရောက်ရှိလာစဉ် လှစိုးက 'လူဆိုးဖိုးတုတ်က လှမိုးကို မူးယစ်ရူးဆေးများကျွေးပြီး မိန်းမပျိုများအား သတ်ဖြတ်သည့် လူသတ်ကောင်ဘဝရောက်အောင် ပို့ခဲ့ကြောင်း' ကြေကွဲစွာ ရှင်းလင်းပြောကြားပြီးနောက် လှစိုးနှင့် ခင်သန်းဝင်းတို့လည်း ချစ်သူဘဝသို့ ရောက်ရှိခဲ့ကြသည်။ (လှစိုးနှင့် လှမိုး အမွှာညီအစ်ကိုအဖြစ် ရွှေဘက နှစ်ကိုယ်ခွဲ၍ လည်းကောင်း၊ ခင်သန်းဝင်းအဖြစ် မြင့်မြင့်ခင်ကလည်းကောင်း ခေါင်းဆောင် သရုပ်ဆောင်ခဲ့ကြသည်။)

(ခ) ပတ္တမြား တစ်လုံး (အသံတိတ်)

၁။ ဝတ္ထု ဇာတ်ညွှန်း
ဦးသန်းမြင့်

၂။ ဇာတ်လမ်း အမျိုးအစား
အချစ်နှင့် အမျိုးသမီး ပညာပေးဇာတ်လမ်း

၃။ ဒါရိုက်တာ
ဦးသန်းမြင့်က (ဝ) အမည်ခံသည်

၄။ ထုတ်လုပ်သူ
သန်းမြင့် ရုပ်ရှင်

၅။ သရုပ်ဆောင်များ
ရွှေဘ၊ မေမြင့်၊ စောမူ၊ ပန်ချာ၊ ညိုအေး၊ တင်နုမေ၊ ချစ်တင်၊ မမြလေး၊ ဦးညွန့်ကြီး၊ ဒေါ်ဥ

၆။ ရုံတင်သည့်ကာလ
၁၉၅၅ ခုနှစ်၊ နိုဝင်ဘာ(၁၁)ရက်၊ (ရန်ကုန် ဘုရင့်ရုံ)

မိဘမဲ့ညီအစ်မနှစ်ယောက်ဖြစ်သော မြင့်မြင့်နှင့် မူမူတို့သည် ဦးလေးဖြစ်သူ ဦးညွန့်ကြီးအား မှီခိုနေထိုင်ကြရသည်။ မြင့်မြင့်က ရုပ်ရှင်မင်းသမီးဖြစ်လိုလှ၍ နေ့စဉ်နှင့်အမျှ လေ့ကျင့်မှုအမျိုးမျိုးပြုနေပြီး မူမူက ယောက်ျားစိတ်ဝင်စားနေကာ ယောက်ျားလေးလို ဝတ်စားဆင်ယင်ပြီး နေ့စဉ်နှင့်အမျှ တယောထိုး လေ့ကျင့်နေလေ့ရှိသည်။ တစ်နေ့တွင် ဦးညွန့်ကြီးအား အသိမပေးဘဲ ရုပ်ရှင်ကုမ္ပဏီများရှိရာ ရန်ကုန်မြို့သို့ ညီအစ်မနှစ်ယောက် တိတ်တဆိတ် ထွက်ခွာလာကြရာ ရုပ်ရှင်ရုံများအောက်တွင် ရုပ်ရှင်ပိုစတာများအား ငေးမောကြည့်ရှုနေကြစဉ် မိန်းမလည်ဒေါ်ဥ၏ ဖြားယောင်း သွေးဆောင်မှုကိုခံရပြီး ဒေါ်ဥနောက်သို့ လိုက်ပါခဲ့ကြသည်။ ထို့နောက် မမျှော်လင့်ဘဲ ဒေါ်ဥ၏ လှည့်ပတ်ကြံဆောင်မှုကို ကြုံတွေ့ကြရသဖြင့် တွန်းလှန်တိုက်ခိုက်ပြီး မြင့်မြင့်နှင့် မူမူတို့ ကိုယ်လွတ်ရုန်းထွက်ပြေးခဲ့ရာမှ ဦးချစ်တင်နှင့် ဒေါ်မြလေးတို့ ဇနီးမောင်နှံက ခိုလှုံခွင့်ပေးပြီး စောင့်ရှောက်ထားခဲ့သည်။

ထို့နောက် ဦးချစ်တင်က ဒါရိုက်တာကြီးနှင့် ဆက်သွယ်ပြီး မြင့်မြင့်နှင့် မူမူတို့အား ရုပ်ရှင်ရိုက်ကွင်းရှိသည့် ရုပ်ရှင်စတူဒီယိုတစ်ခုသို့ခေါ်သွားကာ လေ့လာစေခဲ့သည်။ ရုပ်ရှင်ရိုက်ကွင်းတွင် ဒါရိုက်တာ ကံကြီးက မင်းသား ငွေလှ၊ လူကြမ်း ညိုအေး၊ မင်းသမီး ခင်ခင်နုနှင့် လူရွှင်တော် ပန်ချာတို့ဖြင့် ရုပ်ရှင်ရိုက်ကူးနေရာ မြင့်မြင့်နှင့်မူမူတို့သည် မင်းသားငွေလှအပါအဝင် သရုပ်ဆောင်များနှင့် ရင်းနှီးခင်မင်မှုရခဲ့ကြသည်။ ဦးချစ်တင်မှာ ရုပ်ရှင်ရူးမလေးများအား ဖြားယောင်းသိမ်းသွင်းကာ ကြံစည်လေ့

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်ကို မင်းသာငွေလှက သိရှိသဖြင့် ဦးချစ်တင်ထံမှ ကယ်တင်ခဲ့ပြီး ဒါရိုက်တာကံကြီးနှင့် ရုပ်ရှင်ကုမ္ပဏီတို့ထံ အပ်နှံဆက်သွယ်ပေးခဲ့သည်။ ရုပ်ရှင်ကုမ္ပဏီမှ မြင့်မြင့်အား လခစားမင်းသမီးအဖြစ် ခန့်ထားပြီး လက်ရှိမင်းသမီး ခင်ခင်နုကို အလုပ်မှ ရပ်စဲခဲ့သည်။ ခင်ခင်နုအလုပ်မှ ရပ်စဲခံရခြင်းမှာ ငွေလှ၏ပယောဂမကင်းဟု ယူဆပြီး မင်းသမီး ခင်ခင်နုနှင့် လူကြမ်းညီုအေးတို့က မကျေမနပ်ဖြစ်ကြရာမှ ငွေလှနှင့် ညီုအေးတို့အကြား ရန်ငြိုးရန်စ ပွားခဲ့ကြသည်။ ငွေလှနှင့် ညီုအေးတို့အကြားမှ ရန်ငြိုးရန်စ အေးချမ်းရေး အတွက် မြင့်မြင့်က ဒါရိုက်တာ ကံကြီးအား ဖြန်ဖြေပေးရန် အကူအညီတောင်းခံခဲ့သည်။ ဒါရိုက်တာကံကြီးက လူကြမ်း ညီုအေးအား ဖျောင်းဖျညှိနှိုင်းပေးခဲ့သော်လည်း လူကြမ်း ညီုအေးက ကျေနပ်မှုမရဘဲ အလုပ်မှ နှုတ်ထွက်သွားခဲ့ သည်။

ငွေလှနှင့် မြင့်မြင့်တို့လည်း လူငယ်ဘာ၀ ချစ် သူများဖြစ်သွားကြကာ လက်ထပ်ပြီး ရုပ်ရှင်မင်းသား မင်း သမီးအဖြစ် ဆက်လက်ရပ်တည်နေကြသည်။ ဒါရိုက်တာ အကောက်ကြံခြေထိုးမှုကြောင့် ကုမ္ပဏီပိုင်ရှင်နှင့် နား လည်မှုလွဲမှားပြီး ငွေလှနှင့် မြင့်မြင့် အလုပ်မှနှုတ်ထွက် ခဲ့ကြသည်။ အလုပ်မှနှုတ်ထွက်ပြီးနောက် အခြားကုမ္ပဏီ များဖြင့် ဆက်သွယ်အလုပ်ရှာဖွေစဉ် ငွေလှနှင့် မြင့်မြင့်မှာ ရှိသမျှပစ္စည်းတို့အား ပေါင်နှံရောင်းချ သုံးစွဲနေထိုင်ကြ သည့်ပြင် မြင့်မြင့်မှာလည်း ကျန်းမာရေး ချို့ယွင်းလာခဲ့ သည်။ ထိုစဉ် ငွေလှနှင့် မြင့်မြင့်တို့ကို အခဲမကျေသော မင်းသမီး ခင်ခင်နုက အကျိုးစီးပွားပျက်စေရန် အောက် လမ်း ဆရာများဖြင့် ကြံဆောင်ခြင်းနှင့် ငွေလှအား မာယာ ဖြင့် မြူဆွယ်ခြင်းတို့ ပြုလုပ်ခဲ့သည်။ ကုမ္ပဏီသစ်တစ်ခုနှင့် ဆက်သွယ်အလုပ်ရှာဖွေစဉ် ငွေလှမှာ ခင်ခင်နု၏ မာယာ စက်ကွင်းအတွင်းသို့ ကျရောက်ပြီး မြင့်မြင့်ထံသို့ မပြန် တော့ဘဲ ခင်ခင်နုအိမ်မှာပင် ပေါင်းသင်းနေထိုင်ခဲ့သည်။

မြင့်မြင့်၏ ကျန်းမာရေးအခြေအနေ ပိုမိုယိုယွင်း လာသည်နှင့်အမျှ စီးပွားရေးကလည်း ကျပ်တည်းလာရာ ငွေလှစွန့်ပယ်ထားစဉ် လူရွှယ်တော် ပန်ချာက မြင့်မြင့်နှင့် မူမူတို့ ညီအစ်မအား ကူညီစောင့်ရှောက်ပေးခဲ့သည်။ မြင့်မြင့်နှင့် မူမူတို့၏ စားဝတ်နေရေးနှင့် ကျန်းမာရေး ဆေးဖိုးဝါးခအတွက် ငွေကြေးကို မူမူက တယောထိုး ပန်ချာက သီချင်းဆိုပြီး ရှာဖွေလေ့ရှိကြသည်။ အိမ်ပြန် ရောက်ချိန်နောက်ကျသည့် မူမူအတွက်စိတ်ပူပြီး မြင့်မြင့် အိပ်ရာထက်မှ ဒယိမ်းဒယိုင်ထပြီး အိမ်မျက်နှာစာသို့ ထွက်စောင့်နေစဉ် မမျှော်လင့်ဘဲ မူမူအား ကားတစ်စီးက ဝင်တိုက်သည်ကို တွေ့မြင်လိုက်ရသည်။ မူမူထံသို့ အမြန်သွားရောက်၍ မြင့်မြင့်က ပွေ့ပိုက်ထားဆဲတွင် မူမူ သေဆုံးသွားသည်ကို တွေ့လိုက်ရသည်။ ညီမဖြစ်သူ မူမူ သွေးအလိမ်းလိမ်းဖြင့် မမျှော်လင့်ဘဲ ရုတ်တရက်သေဆုံး သည်ကို မြင်တွေ့ရပြီး မြင့်မြင့်မှာ စိတ်နောက် ရူးသွပ် သွားခဲ့သည်။

ပန်ချာသည် ရူးသွပ်ပြီး လမ်းတကာ လျှောက် သွားနေသော မြင့်မြင့်အား လိုက်လံရှာဖွေရင်း ငွေလှနှင့် ခင်ခင်နုတို့အား တွေ့ရှိခဲ့သည်။ ခင်ခင်နု၏နေအိမ်မှ ငွေလှ အခြားသို့ ထွက်မသွားရန် အောက်လမ်းဆရာ၏ အကူ အညီဖြင့် စီစဉ်ထားသော ကန်တော့ပွဲများအား မြင်တွေ့ သည်နှင့် ဒေါသထွက်နေသော ပန်ချာက ဖျက်ဆီးလိုက် သည်။ ပန်ချာက ငွေလှအား အကြောင်းစုံရှင်းပြပြီး မြင့်မြင့် အားရှာဖွေရန် ခေါ်ဆောင်ခဲ့သည်။ ထိုစဉ် ဦးညွှန့်ကြီးမှာ လည်း မြင့်မြင့်နှင့်မူမူတို့အား ရန်ကုန်မြို့ရှိ မိတ်ဆွေများ၏ အကူအညီဖြင့် လိုက်လံရှာဖွေနေရာမှ ငွေလှနှင့် ပန်ချာ တို့နှင့်လည်း အဆက်အသွယ်ရခဲ့သည်။ စိတ်ဝေဒနာရှင် မြင့်မြင့်ကို တွေ့ရှိကြပြီးနောက် ဦးညွှန့်ကြီးမှ ဝေဒနာကို ပျောက်ကင်းအောင်ကုသပေးရုံမျှမက မြင့်မြင့်၏မိဘများ အပ်နှံထားရစ်သည့် ရတနာပစ္စည်းများကိုပါ ပေးအပ်ခဲ့ သည်။ (ငွေလှအဖြစ် ရွှေဘ၊ မြင့်မြင့်အဖြစ် မေမြင့်၊ မူမူ အဖြစ် စောမူနှင့် ခင်ခင်နုအဖြစ် တင်နုမေတို့ ဦးဆောင် သရုပ်ဆောင်ခဲ့ကြသည်။)

(ဂ) လူကောင်း တစ်ယောက်"

၁။ ဝတ္ထု ဇာတ်ညွှန်း
ဘုရင့်နောင် ယဉ်လှ

၂။ ဇာတ်လမ်း အမျိုးအစား
ကျေးလက်ပြုပြင်ရေးနှင့် စာရိတ္တမြှင့်တင်ရေး ဇာတ်ကြမ်း

www.burmeseclassic.com

www.burmeseclassic.com



၃။ ဒါရိုက်တာ
အောင်ခင်
၄။ ထုတ်လုပ်သူ
လောကနိဗ္ဗာန် ရုပ်ရှင်
၅။ သရုပ်ဆောင်များ
ရွှေဘ၊ တင်တင်လှ၊ ကျော်ဇော၊
လှဖေ၊ ရွှေညာ၊ မျိုးဆွေ၊ ဦးငွေဇင်။

မြသွင်သည် မုဆိုးမ မိခင်ကြီးနှင့် ညီမငယ်လေးတို့အား ရိုးသားစွာ လုပ်ကိုင်ကျွေးမွေးလျက် ကျေးရွာ၏ အရေးကိစ္စ လူမှုရေးလုပ်ငန်းများကို စေတနာထက်သန်စွာ ပါဝင်လုပ်ကိုင်လျှက်ရှိသည်။ မြသွင်သည် လယ်ပိုင်ရှင် ဦးငွေဇင်နှင့် ဒေါ်သောင်းတို့၏နေအိမ်၌ လယ်စာရင်းငှား အဖြစ်လုပ်ကိုင်နေပြီး ဦးငွေဇင်နှင့်ဒေါ်သောင်းတွင် သားကြီး ရွှေညာနှင့် ရွာ၏ကွမ်းတောင်ကိုင်သမီးပျို တင်တင်လှတို့ ရှိသည်။ တင်တင်လှအား သူကြီးသားများဖြစ်သော ကျော်ဇောနှင့် လှဖေတို့ညီအစ်ကိုအပြင် လယ်ပိုင်ရှင်သား သိန်းလွင်တို့က သဘောကျ ပိုးပန်းနေကြသည်။ ကျော်ဇော၊ လှဖေနှင့် သိန်းလွင်တို့သည် တင်တင်လှအား တိုက်ရိုက် ပိုးပန်းချစ်ရေးဆိုကြသည့်ပြင် မိဘများဖြစ်သော ဦးငွေဇင်နှင့် ဒေါ်သောင်းတို့အား ချဉ်းကပ်၍တနည်း၊ အစ်ကိုဖြစ်သူရွှေညာအား စည်းရုံး၍တဖုံ တင်တင်လှကို ရရှိရေး ကြိုးပမ်းနေကြသည်။

မြသွင်မှာ သူရင်းငှားလုပ်ခလေးဖြင့် မုဆိုးမ မိခင်ကြီးနှင့်ညီမငယ်တို့စားဝတ်နေရေးအတွက်မလောက်မင သုံးစွဲရန်းကန်နေရသော်လည်း သူ့ဘဝကို သူကျေနပ်ပျော်ရွှင်နေပြီး လယ်ပိုင်ရှင်၏ လုပ်ငန်းကိစ္စအဝဝကိုလည်း မနိမကပ်ဘဲ အင်တိုက်အားတိုက် လုပ်ကိုင်ပေးလျက် ရှိသည်။ ထို့ပြင် မြသွင်သည် လယ်ပိုင်ရှင်သမီး တင်တင်လှကိုလည်း သူ၏ညီမလေးနှင့်မခြား ချစ်ခင်အလိုလိုက်လေသည်။ အချို့ရွာသားများက ဆင်းရဲတွင်းမှလွတ်မြောက်ရန် တင်တင်လှအားအရယူရန် မြှောက်ပေးကြသည်ကိုလည်း ခါးသီးစွာ ငြင်းဆန်တုံ့ပြန်လေ့ရှိသည်။ တင်တင်လှကမူ မြသွင်၏ကြိုးစားမှု၊ ရိုးသားမှု၊ ယောကျာ်းကောင်းပီသမှုတို့အပေါ်သဘောကျလျက် မြသွင်ငြင်းဆန်သည့်ကြားမှ မြသွင်အား အနေအထိုင်၊ အစားအသောက် အဆင်ပြေစေရန် အခွင့်သာလျှင်သာသလို ရက်ရောစွာ ကူညီရိုင်းပင်းလေ့ရှိသည်။

ရွာရှိ ကာလသားတချို့က မြသွင်အပေါ် တင်တင်လှ၏ ရက်ရောစွာအရေးပေးမှုကို ကျေနပ်မှုမရှိကြဘဲ ကျော်ဇော၊ လှဖေနှင့် သိန်းလွင်တို့အား မကျေမချမ်းဖြစ်စေရန် မြှောက်ပင့်သတင်းပေးကြသည်။ မြသွင်ကလည်း ကာလသားများနှင့် ကျော်ဇောတို့တစ်တွေ၏ ရန်စမှုနှင့် မထီမဲ့မြင်လုပ်မှုမှန်သမျှ ရန်မဖြစ်လို၍ ရှောင်ကြဉ်နေခဲ့သည်။ ထို့သို့မြသွင်က ရန်ကိုရန်ချင်း မတုံ့နှင်းသောအခါ သိန်းလွင်က သူကြီးသားများထက် လက်ဦးမှုယူကာ မိဘအချင်းချင်း ညှိနှိုင်းစေ့စပ်မှုပြုခဲ့သည်။ ဦးငွေဇင်နှင့် ဒေါ်သောင်းတို့ကလည်း သိန်းလွင်၏ မိဘများဘက်မှ ကျေနပ်လောက်အောင် လယ်ယာမြေနှင့် ရွှေငွေများ တင်တောင်းလာကြသဖြင့် သိန်းလွင်အား သမက်လောင်း အဖြစ် လက်ခံသဘောတူခဲ့ကြသည်။ တင်တင်လှအား လက်ထပ်ခွင့်ရတော့မည့်သိန်းလွင်မှာ အပျော်ကြီးပျော်နေရသည့်နည်းတူ ကျော်ဇောနှင့် လှဖေတို့ ညီအစ်ကိုမှာ ဝမ်းနည်းကြေကွဲနေကြရသည်။

တင်တင်လှမှာ သိန်းလွင်ကို မချစ်သည့်အပြင် သိန်းလွင်၏ မူးယစ်သောက်စားမှုနှင့် လောင်းကစားမှုတို့အား မနှစ်မြို့လွန်းလှသဖြင့် မြသွင်အိမ်သို့လိုက်သွားပြီး သိန်းလွင်နှင့် လက်မထပ်လိုကြောင်းနှင့် လက်မထပ်ဖြစ်ရန် ကူညီစေလိုကြောင်းအား တောင်းပန်ပြောဆိုခဲ့သည်။ မြသွင်က တင်တင်လှအား မိဘများ၏စီမံမှုအား လက်ခံရန်သာ ဖျောင်းဖျတောင်းပန်ပြီး မိဘများအားကျော်လွန်၍ ကူညီရန် မဖြစ်နိုင်ကြောင်း ငြင်းဆန်ခဲ့သည်။ အကြိမ်ကြိမ် တောင်းပန်သော်လည်းမြသွင်ကငြင်းဆန်မြဲငြင်းဆန်နေ၍ တင်တင်လှ စိတ်မရှည်နိုင်ဘဲ မြသွင်ကိုချစ်နေမိကြောင်း ဖွင့်ဟပြီး တောင်းပန်ပြန်သည်။ မြသွင်က တင်တင်လှအား ညီမလေးတစ်ယောက်အဖြစ်သာ ချစ်နိုင်၍ မိဘများအိမ်သို့သာ ပြန်သွားရန် အကြိမ်ကြိမ်ငြင်းဆန်သော်လည်း မရတော့သဖြင့် မြသွင်က တင်တင်လှအား မတော်တဆ တွန်းဖယ်လိုက်မိသည်။ တင်တင်လှသည် မိန်းကလေးက အကြိမ်ကြိမ်တောင်းပန်ပြီး ချစ်မိကြောင်းဝန်ခံသော်လည်း

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



မြသွင်က လက်မခံရုံမျှမက ကိုယ်ထိလက်ရောက် တွန်းဖယ်လိုက်သဖြင့် အနာတရဖြစ်ရ၍ စိတ်နာအရှက်ရပြီး မိဘများအိမ်သို့ ပြန်သွားခဲ့သည်။

မိဘများအိမ်သို ့ပြန်ရောက်သည်နှင့် တင်တင်လှက နာကျည်းစိတ်နှင့် ရှက်စိတ်ဖြင့် မိဘများနှင့် အစ်ကိုရွှေညာတို့အပြင် သိန်းလွင်ကိုပါ မြသွင်၏အပြုအမူတို့အား တိုင်တန်းပြောဆိုခဲ့သည်။ တင်တင်လှ၏တိုင်တန်းမှုကြောင့် သိန်းလွင်နှင့် ရွှေညာတို့မခံမရပ်နိုင် ဖြစ်ကြပြီး ရွာတွင်းမှ တပည့်လူယုံများအား စုခေါ်ပြီး မြသွင်အိမ်ကို ဝိုင်းကြသည်။ မြသွင်အား မခံမရပ်နိုင်အောင် အော်ဟစ်ကြိမ်းမောင်း ရန်စ စိန်ခေါ်ကြသည်။ မြသွင်က စိတ်ရှည်သည်းခံစွာဖြင့် တင်တင်လှနှင့် အဖြစ်မှန်ကို ရှင်းပြသည့်ကြားမှ ရွာသား လူမိုက်တချို့က မြသွင်၏အိမ်တွင်း ဝင်ပြီး ကိုယ်ထိလက်ရောက် ပြုကျင့်ကြသည်။ မြသွင်က တိုက်ခိုက်ထိုးနှက်မှု မပြုဘဲ ခုခံကာကွယ်မှုသာလုပ်ရင်း တောင်းပန်သည်။ မြသွင်တောင်းပန်သည့်ကြားမှ လူမိုက်များက အိမ်တွင်း အဓမ္မဝင်ရောက်လာပြီး မြသွင်အား ထိုးကြိတ်ရိုက်နှက်ကြရာ သွေးအလိမ်းလိမ်းဖြင့် မြေတွင်လဲကျသွားတော့သည်။ ထိုအချိန်တွင် တင်တင်လှ အမှားကိုသိမြင်ရောက်ရှိလာပြီး မြသွင်၏အဖြစ်ကို မကြည့်ရက်တော့၍ မြသွင်ဘက်မှ ဝင်ရောက်ကာကွယ်ရင်း လူမိုက်များကို တောင်းပန်ခဲ့သည်။ တောင်းပန်၍ မရသည့်အဆုံး၌ မြသွင်နှင့် ရွာသားတချို့ကတစ်ဘက်နှင့် သိန်းလွင်နှင့် လူမိုက်တစ်စုက တစ်ဘက် ဆက်လက်တိုက်ခိုက်ကြသည်။ မြသွင်တို့ဘက်မှ အနိုင်ရချိန်တွင် ရွာလူကြီးများရောက်လာကြကာ သိန်းလွင်လည်း သေဆုံးသွားပြီး မြသွင်နှင့် တင်တင်လှတို့ ပေါင်းဖက်ခွင့်ရလိုက်ကြသည်။ (မြသွင်အဖြစ် ရွှေဘ၊ သိန်းလွင်အဖြစ် မျိုးဆွေနှင့် တင်တင်လှအဖြစ် တင်တင်လှတို့ သရုပ်ဆောင်ကြသည်။)

(ဃ) တရားခံ

၁။ ဝတ္ထု ဇာတ်ညွှန်း
ဘုန်းမော်

၂။ ဇာတ်လမ်း အမျိုးအစား
ရပ်ရွာအေးချမ်းသာယာရေးနှင့် အချစ်နှင့် မေတ္တာဖွဲ့ဇာတ်လမ်း

၃။ ဒါရိုက်တာ
မျိုးအောင်

၄။ သရုပ်ဆောင်များ
ရွှေဘ၊ သီသီ၊ နုနုလွင်၊ ထွန်းအောင်၊ စောအောင်၊ ဦးငွေဇင်၊ ထွန်းသိန်း၊ စန်းဟန်၊ မုတ်ဆိတ်။

၅။ ရုံတင်သည့်ကာလ
၁၉၆၂ ခုနှစ်၊ ဇူလိုင်လ (၁၃)ရက်နေ့၊ (ရန်ကုန် ဘုရင့်ရုံ)

ဦးငွေဇင်ဦးဆောင်၍ သားများဖြစ်သည့် ထွန်းသိန်း၊ ထွန်းအောင်နှင့် စောအောင်တို့ပါဝင်သည့် သောင်းကျန်းသူတစ်စုသည် ခင်လယ်ရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ လှည့်လည်တိုက်ခိုက် ဆက်ကြေးယူပြီး မင်းမူနေကြသည်။ ခင်လယ်ရွာမှ ကာကွယ်ရေးအဖွဲ့ဝင် မောင်ရွှေသည် ဇနီးခင်သီ၊ သားမောင်မောင်နှင့် ညီမနုနုတို့နှင့်အတူ အေးချမ်းသာယာစွာနေထိုင်ရင်း ကျေးရွာ၏ကာကွယ်ရေးနှင့် လူမှုရေးလုပ်ငန်းများကို တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်လျက်ရှိသည်။ ထို့အပြင် ခင်လယ်ရွာ၏ စပေါင်းရှင်ပြုပွဲတွင် သားမောင်မောင်အား မောင်ရင်လောင်းအဖြစ်ပါဝင်ရန် စိုင်းပြင်းနေစဉ် သူကြီးဦးစန်းဟန်က မောင်ရွှေအား သောင်းကျန်းသူများ၏ သွားလာလှုပ်ရှားမှုကို လေ့လာထောက်လှမ်းရင်း မြို့သို့သွားရောက်ပြီး သားမောင်မောင်နှင့် မောင်ရင်လောင်းတို့အတွက် ဥသျှောင်နှင့် မကိုဋ်ဝယ်ယူရန် တာဝန်ပေးအပ်ခဲ့သည်။

မြို့သို့ မောင်ရွှေ သွားရောက်နေစဉ်အတွင်း သောင်းကျန်းသူအဖွဲ့မှ ထွန်းသိန်း၊ စောအောင်နှင့် မုတ်ဆိတ်တို့လူစုသည် ခင်လယ်ရွာသို့ ရောက်ရှိလာပြီး ကျေးရွာအတွင်း အခြေအနေနှင့် စပေါင်းရှင်ပြုပွဲအတွက် ပြင်ဆင်နေပုံကို လာရောက်လေ့လာကြသည်။ ရှင်ပြုပွဲမတ္လာပ်အနီးရောက်ရှိချိန်တွင် ခင်သီထံမှ စောအောင်က ရေတောင်းသောက်နေစဉ် ကစားဖော်မိန်းကလေးပေးသည့် ကစားစရာသေနတ်ဖြင့် မောင်မောင်က မြင်းပေါ်မှ ထွန်းသိန်း

www.burmeseclassic.com

www.burmeseclassic.com



ကိုပစ်ခတ်ဟန် ချိန်ရွယ်လိုက်သည်။ မောင်မောင်၏ သေနတ်ဖြင့် ချိန်ရွယ်မှုအား ထွန်းသိန်းကတုန်လှုပ်သွားပြီး လက်တုံ့ပြန်ပစ်ခဲ့ရာတွင် မောင်မောင်ချက်ချင်း သေဆုံးခဲ့သည်။ ထို့နောက် သောင်းကျန်းသူတစ်ဖွဲ့လုံးသည် ရွာသားများမှ တွန်းလှန်တိုက်ခိုက်မှု မလုပ်မီ ခင်လယ်ရွာမှ ထွက်ခွာသွားကြသည်။ သောင်းကျန်းသူစခန်းရောက်ချိန်တွင် မောင်မောင်အား ပစ်ခတ်မှုအတွက် စောအောင်က စောဒကတက်ပြီး မကျေမနပ်ကန့်ကွက်ရာမှ အချင်းချင်း တိုက်ခိုက်မှုဖြစ်ကြသည်။ တိုက်ခိုက်မှုတွင် ထွန်းသိန်းက အနိုင်ရပြီး ဓားဒဏ်ရာ ပြင်းထန်စွာ ရထားသော စောအောင်ကို မြင်းတစ်ကောင်ပေါ်သို့ တင်လွှတ်လိုက်သည်။

သားမောင်မောင်ကို သတ်သွားသည့် သောင်းကျန်းသူများအား မောင်ရွှေနှင့် ကျေးရွာကာကွယ်ရေးအဖွဲ့ဝင်များသည် တောတွင်း၌ လိုက်လံရှာဖွေပြီး ချေမှုန်းရန် စိုင်းပြင်းနေကြသည်။ တောတွင်းတစ်နေရာ၌မောင်ရွှေတို့ ကာကွယ်ရေးအဖွဲ့သည် ဓားဒဏ်ရာရနေသော စောအောင်အားတွေ့ရှိပြီး ရွာသို့ခေါ်၍ ဆေးဝါးကုသပေးကြသည်။ စောအောင်၏ ဓားဒဏ်ရာ ဆေးဝါးကုသရင်းမှ စောအောင်နှင့်နုနုတို့လည်း ချစ်သူဘဝသို့ ရောက်ရှိသွားကြပြီး ဒဏ်ရာပျောက်ကင်းချိန်တွင် စောအောင်သည် တောတွင်းစခန်းသို့ပြန်ပြီး အလင်းဝင် လက်နက်ချရေးကိစ္စ ညှိနှိုင်းရန် စီစဉ်ခဲ့သည်။ ထိုသို့စီစဉ်ခိုက် မောင်မောင်အား ကစားစရာ သေနတ်ပေးသည့် ကစားဖော်မိန်းကလေး ရောက်ရှိလာပြီး မောင်ရွှေအား မောင်မောင့်ကိုသတ်သူမှာ စောအောင် ဖြစ်ကြောင်း သတင်းပို့သည်။ မောင်ရွှေသည် သားငယ် မောင်မောင်ကိုသတ်သည့် တရားခံအား မိမိကယ်တင်မိရုံမျှမက ညီမနုနု၏ချစ်သူ ဖြစ်နေခြင်းအပေါ် ယူကျုံးမရ ဖြစ်ကာ ဒေါသဖြင့် စောအောင်ကိုတိုက်ခိုက်စဉ် ဇနီး ခင်သီက ဝင်ရောက်တားမြစ်ခဲ့သည်။ ထို့နောက် စောအောင်အား ကျေးရွာသူကြီးထံပို့ပြီး တရားဥပဒေအရ အရေးယူမှုမပြုမီ ဖမ်းဆီး ချုပ်နှောင်ထားခဲ့ကြသည်။

စောအောင်အား ဖမ်းဆီး ချုပ်နှောင်ထားစဉ် သောင်းကျန်းသူအဖွဲ့အား ခေါင်းဆောင်၍ ဦးငွေဖင် လိုက်လာပြီး သူကြီးဦးစန်းဟန်နှင့် သားစောအောင်အား တွေ့ဆုံသည်။ သူကြီးဦးစန်းဟန်နှင့် သားစောအောင်တို့က ဦးငွေဖင်နှင့် သောင်းကျန်းသူများအား ရပ်ရွာအေးချမ်းသာယာရေးအတွက် လက်နက်ချအလင်းဝင်ရေး စည်းရုံးတိုက်တွန်းကြသည်။ ဦးငွေဖင်နှင့် သောင်းကျန်းသူအချို့က လက်နက်ချ အလင်းဝင်ရန် လက်ခံယုံကြည်ကြသော်လည်း ထွန်းသိန်းနှင့် သောင်းကျန်းသူအချို့က လက်နက်ချ အလင်းဝင်ရန်ငြင်းဆန်ကြသည်။ မောင်ရွှေဦးဆောင်သည့် ကျေးရွာကာကွယ်ရေး တပ်ဖွဲ့ဝင်များနှင့် ထွန်းသိန်း ဦးဆောင်သည့် သောင်းကျန်းသူများ တိုက်ပွဲဖြစ်ကြရာ လက်ကျန်သောင်းကျန်းသူများ အချို့ကျဆုံးပြီး အချို့ လက်နက်ချအဖမ်းခံကြရသည်။ မောင်ရွှေနှင့် ခင်သီတို့လည်း သားမောင်မောင်ကိုသတ်သည့် တရားခံ အစစ်အမှန်မှာ ထွန်းသိန်းဖြစ်ကြောင်း သိခွင့်ရသွားကြသည်။ (မောင်ရွှေအဖြစ် ရွှေဘ၊ ခင်သီအဖြစ် သီသီနှင့် နုနုအဖြစ် နုနုလွင်တို့ ဦးဆောင် သရုပ်ဆောင်ကြသည်။)

(င) ဝိုင်ဝိုင်နိုင်နိုင်

၁။ ဝတ္ထု၊ ဇာတ်ညွှန်း
ကျွန်တော် ချစ်မောင်
၂။ ဇာတ်လမ်း အမျိုးအစား
အချစ်၊ ဇာတ်ကြမ်းနှင့် လူမှုရေး၊ ပညာပေး၊ ဟာသဇာတ်လမ်း
၃။ ဒါရိုက်တာ
ကျွန်တော် ချစ်မောင်
၄။ ထုတ်လုပ်သူ
အိုလံပစ် ရုပ်ရှင်
၅။ သရုပ်ဆောင်များ
ရွှေဘ၊ ခင်မောင်ထွေး၊ ခင်လေးဆွေ၊ နီနီအေး၊ ချစ်မောင်၊ မြင့်ဖေ၊ ဦးငွေဖင်၊ ဦးသိန်းမောင်၊ ဦးကြယ်နီ၊ ကျော်ဇော၊ ချီးပူး။
၆။ ရုံတင်သည့်ကာလ
၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလ ၂၂ရက်
(ရန်ကုန်မြို့မရုံ)

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းပြည်နယ်မှ ဘခက်နှင့် ချစ်မောင်တို့သည် ရန်ကုန်မြို့သို့ရောက်ရှိလာကြကာ ဦးကြွယ်နီ၏ ဟိုတယ်တွင် စားပွဲထိုးအဖြစ် လုပ်ကိုင်နေကြသည်။ ထိုဟိုတယ်တွင် ဦးငွေဇင်၏သမီး ခင်ခင်ဆွေနှင့် စေ့စပ်လက်ထပ်ရန် ကြံစည်နေသော ခင်မောင်မောင်က ခင်ခင်ဆွေ၏မွေးနေ့ အခမ်းအနားကို တာဝန်ယူ ကျင်းပပေးခဲ့ရာမှ ဘခက်သည် ခင်ခင်ဆွေအား တွေ့မြင်သွားပြီး နှစ်သက်သဘောကျခဲ့သည်။ ခင်ခင်ဆွေ ဟိုတယ်ဝင်းရှိ ပန်းခြံအတွင်း ခေတ္တသွားရောက်သည်ကို တွေ့မြင်သည်နှင့် ဘခက်သည် စားပွဲထိုးအဝတ်အစားများကို လဲလှယ်၍ ရှမ်းပြည်နယ်မှ လာရောက်ကာ ဟိုတယ်တွင်တည်းခိုနေသည့် ကုန်သည်အဖြစ်နှင့် မိတ်ဆက်ပြီး ရင်းနှီးအောင်ကြံဆောင်ခဲ့သည်။ ခင်ခင်ဆွေ ပန်းခြံတွင်းသို့ သွားနေခိုက်တွင် မွေးနေ့ဧည့်ခံပွဲလာမိတ်ဆွေများအား စေ့စပ်ထားသူခင်မောင်မောင်နှင့် ညီမနီနီဆွေတို့က ကူညီဧည့်ခံပေးခဲ့ကြသည်။

ဘခက်က မြင်လျှင်မြင်ချင်း ခင်ခင်ဆွေကို နှစ်သက်သဘောကျသည့်နည်းတူ ခင်ခင်ဆွေ၏ညီမ နီနီဆွေကလည်း ဘခက်ကိုတွေ့သည်နှင့် နှစ်သက်ချစ်ခင်နေမိသည်။ မွေးနေ့ပွဲအခမ်းအနားကျင်းပစဉ်အတွင်းမှာပင် ဘခက်နှင့် နီနီဆွေတို့လည်း ရင်းနှီးခင်မင်ခဲ့ကြပြီးနောက် ဆက်လက်၍ နီနီဆွေက ဘခက်နှင့် ခင်ခင်ဆွေအား ပိုမိုခင်မင်အောင် ကြားဝင်စီစဉ် ဆောင်ရွက်ပေးခဲ့သည်။ ဘခက်သည် ဖဲကစားနည်းမျိုးစုံအား ကျင်လည်စွာကစားတတ်ပြီး ဟိုတယ်တွင် ဖဲကစားတိုင်း အနိုင်ရလေ့ရှိသည်။ ထိုအနိုင်ရငွေများဖြင့် အဝတ်အထည်ကောင်းများ ဝယ်ယူဝတ်ဆင်ပြီး ခင်ခင်ဆွေနှင့် နီနီဆွေတို့အိမ်သို့ ကုန်သည်အဖြစ် သွားရောက်လည်ပတ်လေ့ရှိသည်။ ထိုသို့ မကြာခဏ သွားရောက်လည်ပတ်ရင်းဖြင့် ဘခက်နှင့်ခင်ခင်ဆွေတို့သည် ချစ်သူများဘဝသို့ ရောက်သွားကြသည်။

သူဌေးဦးသိန်းမောင်မှာ လူပျိုကြီးဖြစ်ပြီး ဦးကြွယ်နီ၏ဟိုတယ်တွင် ခင်းလေ့ရှိသော ဖဲဝိုင်းတွင် မကြာခဏ လာရောက်ကစားကာ အနိုင်ယူလေ့ရှိသည်။ ဟိုတယ်ဖဲဝိုင်းတွင် တွေ့ဆုံကြရာမှ ဦးသိန်းမောင်နှင့် ဘခက်တို့ ခင်မင်သွားကြပြီး ဦးသိန်းမောင်ကိုယ်စား ဘခက်က အခါအားလျော်စွာ ပါဝင်ကူညီ ကစားပေးရာ၌လည်း ဦးသိန်းမောင်နည်းတူ ဘခက်က အနိုင်ရလေ့ရှိသည်။ ဦးသိန်းမောင်နှင့်အတူ ဘခက် ဝင်ရောက်ကစားရာ၌ ဘခက်အနိုင်မရတော့ဘဲ ဦးသိန်းမောင်သာ အနိုင်ရသွားသဖြင့် ဘခက်တွင် ငွေကြေးအကြပ်အတည်း ကြုံတွေ့ခဲ့ရသည်။ ငွေကြေး အကြပ်အတည်းဖြစ်လာ၍ ဘခက် တယ်လီဖုန်းဖြင့် ခင်ခင်ဆွေထံ အကူအညီတောင်းရာ ခင်ခင်ဆွေက ဟိုတယ်သို့ ကိုယ်တိုင်လာရောက်ပို့ပေးမည်ဟု ပြန်ကြားကူညီခဲ့သည်။

နောက်တစ်နေ့ ဟိုတယ်သို့ ခင်ခင်ဆွေလာရောက်ငွေပို့ရာ၌ ဘခက်အပေါ် ဖဲရှုံး၍ မကျေနပ်မှုရှိနေသော မန်နေဂျာ ကျော်ဇောက ခင်ခင်ဆွေအား ဘခက်ပန်းကန်ဆေးနေသည့်နေရာသို့ ပို့ပေးခဲ့သည်။ ကုန်သည်ဟန်ဆောင်သူ ဘခက်အရှက်ရသည့်နည်းတူ ခင်ခင်ဆွေလည်း စားပွဲထိုးဘခက်အား ဒေါသဖြစ်ကာ ခါးခါးသီးသီးပြောဆိုရန်တွေ့ပြီး ပြန်သွားသည်။ ဘခက်သည် အရှက်ခွဲသည့် မန်နေဂျာ ကျော်ဇောနှင့် တပည့်များအား ဒေါသဖြစ်ထိုးကြိတ်ထားခဲ့ပြီး ခင်ခင်ဆွေ၏နောက်သို့လိုက်သွားခဲ့ရာတွင် ဘခက်အား ခင်ခင်ဆွေက ပါးရိုက်၍ နီနီဆွေက ဝင်ရောက်ဖျန်ဖြေခဲ့ရသည်။ ထို့နောက် ဘခက်သည် ဟိုတယ်မှနှုတ်ထွက်၍ ရှမ်းပြည်နယ်သို့ပြန်သွားရန် စီစဉ်သည်ကို ဦးသိန်းမောင်ကြားသိ၍ တားမြစ်ပြီး သူနှင့်အတူ နေထိုင်ရန် ခေါ်ထားခဲ့သည်။ ဘခက်ရှိရာ ဦးသိန်းမောင်၏ နေအိမ်သို့ နီနီဆွေ လာရောက်တောင်းပန်သည့်အပြင် ဘခက်နှင့် ခင်ခင်ဆွေတို့ ပြန်လည်နားလည်မှုရအောင်လည်း စီစဉ်ပေးခဲ့သည်။

ကျော်ဇော၏ သတင်းပေးမှုကြောင့် ဘခက်နှင့် ခင်ခင်ဆွေတို့ အဖြစ်သနစ်များကို ခင်မောင်မောင် သိရှိပြီးနောက် ဘခက်အား ခင်ခင်ဆွေနှင့် ဆက်ဆံမှုမပြုရန် သွားရောက် ဟန့်တားခဲ့သည်။ ဟန့်တားသည့်ကြားမှ ဘခက်နှင့် ခင်ခင်ဆွေတို့ ဆက်လက်ဆက်ဆံနေကြသည်ကို မရှုစိမ့်၍ ခင်မောင်မောင်က ကျော်ဇောတို့တစ်တွေနှင့် ပူးပေါင်းပြီး ဘခက်အား ရန်ရှာတိုက်ခိုက်ခဲ့သည်။ ခင်မောင်မောင်၊ ကျော်ဇောတို့နှင့် ဘခက် တိုက်ခိုက်သတ်ပုတ်နေကြစဉ် ဘခက်အိမ်သို့ ခင်ခင်ဆွေလာသည်နှင့်ကြုံရပြီး ခင်မောင်မောင်ပစ်ခဲ့သည့် သေနတ်ကျည်ဆံထိ၍

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ဆွေ အသက်ဆုံးခဲ့သည်။ ခင်မောင်မောင်နှင့် ကျော်ဇောတို့တစ်တွေအား ရဲတပ်ဖွဲ့က ဖမ်းဆီးသွားသည့်အပြင် ဦးသိန်းမောင်နှင့် ဦးငွေဇင်တို့၏ အစီအစဉ်ဖြင့် ဘခက်နှင့် နီနီဆွေတို့အား လက်ထပ်ပေးခဲ့ကြပြီး ဦးသိန်းမောင်က မွေးစားလိုက်သည်။ (အမေရိကန်နိုင်ငံ ယူနီဗာဆယ် အင်တာနေရှင်နယ်ရုပ်ရှင်ကုမ္ပဏီမှ ရိုက်ကူးထုတ်လုပ်သည့် MR.COPYကို မှီးယူ၍ ဘခက်အဖြစ် ရွှေဘ၊ ခင်မောင်မောင်အဖြစ် ခင်မောင်ဆွေ၊ ခင်ခင်ဆွေအဖြစ် ခင်လေးဆွေနှင့် နီနီဆွေအဖြစ် နီနီအေးတို့ ဦးဆောင်ပါဝင်သည်။)

(စ) ဗိုလ်စံဖဲ

၁။ ဝတ္ထု ဇာတ်ညွှန်း
ဝတ္ထု ဗိုလ်အေးမောင်နှင့် ဇာတ်ညွှန်းဘုန်းမော်

၂။ ဇာတ်လမ်း အမျိုးအစား
ဗြိတိသျှနယ်ချဲ့ ဆန့်ကျင်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး ဇာတ်ကြမ်း

၃။ ဒါရိုက်တာ
စာရေးဆရာ ဗိုလ်အေးမောင်

၄။ ထုတ်လုပ်သူ
ချစ်ကြည်ရေး ရုပ်ရှင်

၅။ သရုပ်ဆောင်များ
ရွှေဘ၊ သင်းသင်းလဲ့၊ နွဲ့နွဲ့အေး၊ ကျော်ဇော

၆။ ရုံတင်သည့်ကာလ
၁၉၆၃ ခုနှစ်၊ မတ်လ ၂၁ ရက်
ရန်ကုန် ဆုထူးပန်ရုံ

စံဖဲအား မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ဂုန်ညှင်းနွယ်ဘွဲ့ခြားရွာတွင် မိဘများဖြစ်ကြသော ဦးဘိုးသိန်းနှင့် ဒေါ်စံမယ်တို့မှ ၁၂၆၈ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက် အင်္ဂါနေ့၌ မွေးဖွားခဲ့သည်။ ငယ်စဉ်ကပင် မိဘများနှင့်အတူ သာစည်မြို့နယ်အတွင်းရှိ မဲတောရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ စံဖဲသည် ငယ်စဉ်ကပင် လူချစ်လူခင် များပြားခဲ့ရာ ဦးလုံးက ပျော်ဘွယ်မြို့ မြင်းတက်ရပ်ရှိ အင်္ဂလိပ်စာသင်ကျောင်းတွင် ပဥ္စမတန်းအထိ ပညာသင်ကြားပေးခဲ့ခြင်း၊ သာစည်မြို့နေ မေးဘရစ်ရှပ်သားရေကုမ္ပဏီမန်နေဂျာ မစ္စတာထရစ်က ကိတ္တိမသားအဖြစ် မွေးစားခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြသည်။

စံဖဲသည် ရိုးသား၍ကြိုးစားသော လူငယ်တစ်ယောက်အဖြစ် မစ္စတာထရစ်ထံတွင် လုပ်ကိုင်နေထိုင်ရင်း အချိန်ရလျှင်ရသလို အင်္ဂလိပ်စာသင်ကြားမှုကိုလည်း ပြုနေသည်။ မစ္စတာထရစ်ထံတွင် မှိုလုပ်ကိုင်ရင်းမှ သာစည်သူ မသိန်းရင်နှင့် စံဖဲတို့ လူငယ်သဘာဝ မေတ္တာမျှကြသည်။ ထို့နောက် စံဖဲနှင့်မသိန်းရင်တို့သည် အေးချမ်းသာယာသော အိမ်ထောင်ရှင်ဘဝကို ခံယူပြီး ကြီးပွားတိုးတက်ရေးကို မျှော်မှန်း၍ အလုပ်ကို တက်ညီလက်ညီ လုပ်ကိုင်ခဲ့ကြသည်။ နဂိုအပျိုဘဝကပင် အလှအပတွင် ထင်ရှားခဲ့သော မသိန်းရင်မှာ အိမ်ထောင်သည်ဘဝ ခံယူပြီးချိန်တွင် ပိုမိုလှပကျော့ရှင်းကာ ယောကျာ်းများ၏ ပိုမိုသဘောကျဖွယ် ဖြစ်ခဲ့ရသည်။

ထိုစဉ်က ဗြိတိသျှမျက်နှာဖြူများနှင့် ဗြိတိသျှလက်ပါးစေ မြန်မာများအား မြှောက်ပင့်အကြိုက်ဆောင်ပေါင်းသင်းဆက်ဆံပြီး အခွင့်အရေးယူနေသည့် အမျိုးသားသစ္စာဖောက် မြန်မာအနည်းငယ်ရှိခဲ့ရာ လူတွင်ကျယ်ကာလသားခေါင်း ငပုလည်းပါဝင်သည်။ ထို့ပြင် ငပုသည် နေ့စဉ်တွေ့မြင်နေရသည့် စံဖဲ၏ကာမပိုင်မယား မသိန်းရင်ကို တစ်ဖက်သတ်ချစ်ခင် ပိုးပန်းနေသူလည်း ဖြစ်သည်။ မသိန်းရင်သည် မြန်မာမိန်းကလေးဖြစ်သည့် အားလျော်စွာ စံဖဲအပေါ်သစ္စာမယွင်းဘဲ ငပု၏ ပိုးပန်းချဉ်းကပ်မှုကို လိမ္မာပါးနပ်စွာ ရှောင်ကွင်းငြင်းပယ် နေထိုင်ခဲ့သည်။ ကောက်ကျစ်သောငပုသည် ဗြိတိသျှမျက်နှာဖြူနှင့် ဗြိတိသျှလက်ပါးစေ ပုလိပ်တပ်ဖွဲ့နှင့် သူကြီးတို့နှင့်ပူးပေါင်းပြီး စံဖဲအား လက်နက်မှုဖြစ်ပွားအောင် အကွက်ဆင်ပြီး တရားစွဲအမှုဆင်ကာ ထောင်ဒဏ် ၆ လကျအောင် စီစဉ်ခဲ့သည်။ ထို့နောက် ငပုသည် မသိန်းရင်အား နည်းမျိုးစုံဖြင့် ချဉ်းကပ်ပိုးပန်းခဲ့ပြီးလျှင် စံဖဲထောင်မှလွတ်လာချိန်တွင်လည်း ဗြိတိသျှမျက်နှာဖြူနှင့် လက်ပါးစေ ပုလိပ်တပ်ဖွဲ့ဝင်များနှင့် သူကြီးတို့နှင့် ထပ်မံပူးပေါင်းပြီး စံဖဲအား ခြေချုပ်ဖြင့် ဆူးပန်းရွာသို့ ထပ်မံပို့ခဲ့သည်။ ဆူးပန်းရွာတွင် စံဖဲခြေချုပ်နှင့် နေစဉ်အတွင်း၌ ငပုသည် မသိန်းရင်အား အဓမ္မသိမ်းပိုက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စံဖဲသည် ဆူးပန်းရွှာခြေချုပ်ဘဝမှ ထွက်ပြေး လွတ်မြောက်ပြီးနောက် သာဂရရွှာမှ မိတ်ဆွေသက်ပိုင်၏ နေအိမ်တွင် သွားရောက်ခိုလှုံနေထိုင်ခဲ့သည်။ ပုလိပ်တပ်ဖွဲ့မှ ရာဇဝတ်အုပ် ဦးညီမောင်သည် သာဂရသို့လာရောက်ပြီး ဆူးပန်းရွှာ ခြေချုပ်အဖြစ်မှ ထွက်ပြေးလာသော စံဖဲအား ထပ်မံဖမ်းဆီးခဲ့သည်။ သို့သော် စံဖဲက လွယ်လင့်တကူ ဖမ်းဆီးမှုမခံဘဲ ခုခံရုန်းကန်ရင်း ဦးညီမောင်ကို ဓားဖြင့် ခုတ်သတ်ဖြတ်ပြီး ထွက်ပြေးလွတ်မြောက်သွားသည်။ ထို့နောက် စံဖဲသည် ဝရမ်းပြေးဘဝဖြင့် ကျင်လည်ရင်းရင်းနှီးခင်မင်ခဲ့ကြသော ငနီ၊ ချစ်ကောင်း၊ ကံကြီးမောင် စသူတို့နှင့် ပူးပေါင်းဦးဆောင်ပြီး လူနှင့်လက်နက်စုစည်းကာ ဗြိတိသျှနယ်ချဲ့ ဆန့်ကျင်ရေးတိုက်ပွဲကို စတင်ဆင်နွှဲခဲ့သည်။ သာစည်မြို့နယ်အပြင် ဝမ်းတွင်း၊ ပျော်ဘွယ်နှင့် မိတ္ထီလာမြို့နယ်များမှ လယ်သမားများကို စုစည်းနိုင်ခဲ့ပြီး လူပ်ရှားတိုက်ပွဲဝင်ခဲ့သည်။ ထိုကာလအတွင်း စံဖဲသည် ငပုအပါအဝင် ဗြိတိသျှမျက်နှာဖြူနှင့် လက်ပါးစေများစွာကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ပြီး မဲတောရွှာသူ အညိုနှင့် လက်ထပ်ပေါင်းသင်းခဲ့သည်။

ကာလတိုအတွင်း စံဖဲတို့၏ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများမှာ ကြီးမားကျယ်ပြန့်လာ၍ ဗြိတိသျှအစိုးရမှာ တုန်လှုပ်ချောက်ချားခဲ့သည်။ ရန်ကုန်ပုလိပ်မင်းကြီးရုံးမှ အထူးစုံထောက် ဦးအောင်ထွန်းအား စံဖဲနှင့် နောက်လိုက်နောက်ပါ တပ်ဖွဲ့ဝင်များကို နှိမ်နင်းဖြိုခွဲရန် သီးသန့်တာဝန်ပေးခဲ့သည်။ ဦးအောင်ထွန်းမှ မိတ္ထီလာ၊ မန္တလေးနှင့် ပြင်ဦးလွင်ဒေသများမှ ဗြိတိသျှစစ်သားများကို ခေါ်ယူအင်အားဖြည့်တင်းပြီး အရှိန်အဟုန်မြင့်တင် ချေမှုန်းခဲ့သည်။ ထို့ပြင် စံဖဲအား အသေဖြစ်စေ၊ အရှင်ဖြစ်စေ ဖမ်းဆီးပေးနိုင်သူအား ဆုငွေ (၂၀၀၀)ကျပ်ပေးမည်ဟုလည်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့သည်။ ဗြိတိသျှအစိုးရ၏ နှိမ်နင်းဖြိုခွင်းမှု အရှိန်အဟုန်မြင့်တင်ချိန်တွင် စံဖဲသည် လူသိရှင်ကြား ကြော်ငြာပြီး သာစည်မြို့အနောက်ဘက်ယွန်းယွန်းရှိ ရွှေရင်မျှော်ဘုရားပွဲတော်သို့ သွားရောက်၍ မြတ်စွာဘုရားအား ရွှေသင်္ကန်းကပ်ခဲ့သည့်ပြင် ဇနီးဖြစ်သူ အညိုက စံဖဲအတွက် ရင်သွေးငယ်ကိုမွေးဖွားပေးခဲ့သည်။ စံဖဲမှာ ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် ပုလိပ်တပ်ဖွဲ့ဝင်များ၏ရန်ကြောင့် ဇနီးနှင့်ရင်သွေးငယ်ကို တွေ့ခွင့်မရဘဲ ဗြိတိသျှနယ်ချဲ့အား နည်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့်တင် ဆန့်ကျင်တိုက်ခိုက်နေခဲ့သည်။

ဗြိတိသျှအစိုးရ၏ ကြီးမားသော စစ်သည်နှင့် လက်နက်အင်အား အလုံးအရင်းဖြင့် နှိမ်နင်းခြင်းကြောင့် အင်အားမမျှတစွာ ဆန့်ကျင်ခုခံရမှု၊ ဆိုးရွားသော ရာသီဥတုဒဏ်ခံစားရင်း အပြင်းအထန် ဖျားနာမှုနှင့် အမျိုးသစ္စာဖောက်တို့၏ အကြံပက်စက်မှုတို့ကြောင့် မမျှော်လင့်ဘဲ စံဖဲသည် ဗြိတိသျှစစ်တပ်၏ ဖမ်းဆီးခြင်းအား ခံခဲ့ရသည်။ ထို့နောက် ဗြိတိသျှအစိုးရမှ စံဖဲအား တရားစွဲဆိုစစ်ဆေးပြီး ၁၉၂၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ကြိုးစင်တင်ကွပ်မျက်လိုက်သည်။ ဇနီးသည်အညိုနှင့် မြန်မာပြည်သူတို့မှာ စံဖဲအတွက် ဝမ်းနည်းကြေကွဲကြရသည်။ (ဗိုလ်စံဖဲရုပ်ရှင်ကားမှာ ဖြစ်ရပ်မှန်ဝတ္ထုအား အခြေခံရိုက်ကူးခဲ့ပြီး စံဖဲအဖြစ် ရွှေဘ၊ မသိန်းရင်အဖြစ် နွဲ့နွဲ့အေး၊ အညိုအဖြစ် သင်းသင်းလှဲ့နှင့် ငပုအဖြစ် ကျော်ဇောတို့ သရုပ်ဆောင်ကြသည်။)

(ဆ) သွေး

၁။ ဝတ္ထု ဇာတ်ညွှန်း
စာရေးဆရာ၊ ဒါရိုက်တာ ဦးဉာဏ
၂။ ဇာတ်လမ်း အမျိုးအစား
ရာဇဝတ်မှုပပျောက်ရေးနှင့်
တရားဥပဒေစိုးမိုးရေး ဇာတ်ကြမ်း
၃။ ဒါရိုက်တာ
စာရေးဆရာ မျိုးမြင့်အောင်
၄။ ထုတ်လုပ်သူ
ရွှေသစ္စာ ရုပ်ရှင်
၅။ သရုပ်ဆောင်များ
ရွှေဘ၊ ဇော်နိုင်၊ စံရှားတင်၊ ပုလဲ
၆။ ရုံတင်သည့်ကာလ
၁၉၆၃ ခုနှစ်၊ ဖွန်၊ ဇူလိုင်လ ၇ ရက်၊
(ရန်ကုန် ရွှေဂုံရုံ)

ဘဂျမ်းသည် ဦးစန်းမောင်ပိုင် ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီတွင် ရှိသား၍ ကြိုးစားသောဝန်ထမ်း

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် လုပ်ကိုင်လျက်ရှိသည်။ ထို့ပြင် ဘဂျမ်းတွင် ချစ်သူအမာရှိပြီး လက်ထပ်ရန် ဆန္ဒကိုယ်စီရှိကြသော်လည်း ချမ်းသာကြွယ်ဝသော အမာ၏မိဘများက သာမန်ကုမ္ပဏီဝန်ထမ်းဖြစ်သော ဘဂျမ်းနှင့် လုံးဝ သဘောမတူသဖြင့် အခက်အခဲ တွေ့နေကြသည်။ တစ်နေ့တွင်ဦးစန်း မောင်က ဘဂျမ်းအား ရန်ကုန်မှပဲခူးသို့ မော်တော်ယာဉ် တစ်စီးဖြင့် ကုန်စည်များ တာဝန်ခံပေးပို့ရန် စေလွှတ်ခဲ့သည်။ လုပ်ငန်းတာဝန်ကို လေးစားစွာထမ်းဆောင်လေ့ရှိသော ဘဂျမ်းမှာ လမ်းခရီးတွင် ရဲတပ်ဖွဲ့၏စစ်ဆေးရှာ ဖွေခြင်းဖြင့် ကြုံတွေ့ရသည်။ ဘဂျမ်းတာဝန်ခံ သယ်ဆောင်ခဲ့သည့်ကားမှ မူးယစ်ဆေးထုပ်များ ရှာဖွေတွေ့ရှိ၍ ရဲတပ်ဖွဲ့မှ တရားစွဲဆိုခဲ့ရာ ထောင်ဒဏ်ကျခံရခြင်းနှင့် ချစ်သူအမာနှင့် ဝေးကွာခြင်းအတွက် ဘဂျမ်းမှာ ဦးစန်းမောင်အား နာကြည်းနေပြီး လက်စားချေရန် ဆန္ဒပြင်းပြနေခဲ့သည်။

ဘဂျမ်း ထောင်တွင်းနေစဉ်၌ ဦးစန်းမောင်မှာ ကြီးပွားချမ်းသာလျက်ရှိရာ မိန်းမပျိုလေးများနှင့် ပျော်ပါးလျှက်ရှိသည့်အပြင် တပည့်လူမိုက်များစွာမွေးပြီး မသမာနည်းဖြင့် စီးပွားရှာနေခဲ့သည်။ ထို့အပြင် ဘဂျမ်းချစ်သူအမာအား မိဘများမှ ရဲအရာရှိတစ်ဦးဖြစ်သော ဇော်နိုင်နှင့် စေ့စပ်ရန် စီစဉ်ခဲ့သည်။ ဇော်နိုင်နှင့် အမာတို့မှာ တစ်ယောက်နှင့်တစ်ယောက် သဘောထားနှင့် အကျင့်စရိုက်မတူကြသည့်အပြင် မျက်နှာကြောလည်း မတည့်ကြသည့် အနေအထားရှိနေကြ၍ လက်ထပ်ရန်အစီအစဉ်ကို ငြင်းဆန်နေကြသည်။

ပြစ်ဒဏ်မှ လွတ်ကင်း၍ ထောင်မှထွက်သည်နှင့် အခဲမကြေဖြစ်နေသည့် ဘဂျမ်းသည် ဦးစန်းမောင်နှင့် တွေ့ဆုံရန်သွားရာ ကုမ္ပဏီရုံး၌မတွေ့ရဘဲ ဦးစန်းမောင်အား စားသောက်ဆိုင်ကြီးတစ်ခုတွင် မိန်းမပျိုလေးများနှင့် တပည့်တပန်းများဖြင့် ပျော်ပါး၊ သောက်စားနေသည်ကိုတွေ့ရသည်။ ဘဂျမ်း၏ အခဲမကျေဒေါသစိတ်မှာ ပိုမို ပြင်းထန်လာပြီး ဦးစန်းမောင်အား ကိုယ်ထိလက်ရောက် ကျူးလွန်မိရာမှ ဦးစန်းမောင်၏ တပည့်များနှင့်ပါဆက်ပြီး ရန်ပွဲဖြစ်တိုက်ခိုက်ခဲ့ကြသည်။ တိုက်ခိုက်မှုအတွင်း ဘဂျမ်း၏လက်တွင်းမှ ဓား လွတ်ကျသွားပြီး ထိုဓားဖြင့် ဘဂျမ်းအား ရန်ပြုလာ၍ ရှောင်ရှားလိုက်စဉ် ဓားက ဦးစန်းမောင်၏ရင်ဝကိုထိုးစိုက်သွားသည်။ ဦးစန်းမောင် ဓားဒဏ်ရာဖြင့် ရုတ်ခြည်းသေဆုံးသွား၍ ဘဂျမ်းသည် ရန်ကုန်တွင် မနေရဲတော့ဘဲ သူငယ်ချင်းကျော်အေးနှင့်အတူ ပျဉ်းမနားနယ်သို့ ထွက်ပြေးခဲ့သည်။

ပျဉ်းမနားနယ်တွင် ဝရမ်းပြေးအဖြစ်နေထိုင်စဉ် သောင်းကျန်းသူ ညိုကြီးနှင့် ဗလတို့အဖွဲ့နှင့် ဘဂျမ်းတို့ဆုံစည်းမိကြသည်။ ဘဂျမ်းမှာ မမျှော်လင့်ဘဲ ဝရမ်းပြေးဖြစ်လာ၍ ညိုကြီးတို့ သောင်းကျန်းသူများထံ ခိုလှုံနေရသော်လည်း သောင်းကျန်းသူတို့၏ လုပ်ရပ်များကို တစ်နေ့တခြား စက်ဆုပ်ရွံရှာလျက်ရှိသည်။ ထို့ပြင် ညိုကြီး၏ ဘဂျမ်းအပေါ် အလေးပေးဆက်ဆံမှုကို ဗလနှင့် နောက်လိုက်များက ကျေနပ်မှုမရှိဘဲ ညိုကြီးလစ်သည်နှင့် ရန်စမှု၊ ရန်ပြုမှုတို့ရှိနေ၍ ဘဂျမ်းမှာ အမြဲလို ခုခံနေရသည်။ ထိုစဉ် ဇော်နိုင်မှာ ပျဉ်းမနားမြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသဖြင့် နှစ်ဘက်မိဘများမှ ဇော်နိုင်နှင့် အမာတို့အား လက်ထပ်ပေးလိုက်ကြသည်။ မူလကပင် လက်ထပ်ရန်အစီအစဉ်ကို ငြင်းဆန်ခဲ့ကြသူများဖြစ်၍ လက်ထပ်ပြီး ပျဉ်းမနားသို့ လိုက်ပါခဲ့သည်တိုင် သီးသန့်စီ နေထိုင်ခဲ့ကြသည့်ပြင် အမာသည် ဘဂျမ်းနှင့် ပြန်လည်ဆုံစည်းမှုကိုသာ မျှော်လင့်ဆဲရှိသည်။

နေအိမ်တွင် ဇော်နိုင်မရှိခိုက်၌ အမာတို့အိမ်အပါအဝင် အမာတို့ရပ်ကွက်အား သောင်းကျန်းသူများက စီးနင်းပြီး ရွှေငွေပစ္စည်းများအား သိမ်းဆည်းခဲ့သည်။ အမာတို့အိမ်မှ ရွှေငွေပစ္စည်းများကို သောင်းကျန်းသူတို့ သိမ်းဆည်းနေစဉ် ဇော်နိုင်ပြန်လည်ရောက်ရှိလာပြီး သောင်းကျန်းသူတို့ကို ခုခံတွန်းလှန်ရာမှ သောင်းကျန်းသူတစ်ဦး၏ မျက်နှာဖုံးစွပ် ပြုတ်သွားသဖြင့် ကြည့်လိုက်ရာ ဇော်နိုင်နှင့် အမာတို့သည် ဘဂျမ်း၏ သောင်းကျန်းသူဘဝကို မြင်တွေ့ သိရှိလိုက်ကြသည်။ တဆက်တည်းပင် အမာသည် ဇော်နိုင်နှင့် ဘဂျမ်းတို့၏ ရင်းနှီးပတ်သက်ခဲ့ကြမှုကိုလည်း သိခွင့်ရခဲ့သည်။ ထို့နောက် ညိုကြီးနှင့် သောင်းကျန်းသူတစ်စုရောက်ရှိလာပြီး ဇော်နိုင်ထံမှ ဘဂျမ်းအား ကယ်တင်လိုက်ကြ၍ ဘဂျမ်း လွတ်မြောက်သွားခဲ့သည်။

ဘဂျမ်းသည် သောင်းကျန်းသူတို့၏ လုပ်ရပ်ကို စိတ်ပျက်နေစဉ် ချစ်သူအမာတို့၏အိမ်ကို ဝင်ရောက် စီး

www.burmeseclassic.com

www.burmeseclassic.com



နင်းခဲ့မိခြင်းအတွက်လည်း ယူကျုံးမရ ခံစားနေမိသည်။ ထိုနည်းတူ ညိုကြီးနှင့် ဗလတို့ကလည်း ဘဂျမ်းနှင့်ဇော်နိုင် အမာတို့၏ ဆက်ဆံရေးကို သိရှိကာ ဘဂျမ်း၏လှုပ်ရှားမှု မှန်သမျှ စောင့်ကြည့်နေကြသည်။ ထိုစဉ် တာဝန်အရ ခရီးထွက်လာသော ဇော်နိုင်နှင့်အဖွဲ့အား ဗလဦးဆောင်သည့် သောင်းကျန်းသူအဖွဲ့မှ တိုက်ခိုက်ခဲ့ကြရာ ဇော်နိုင်အား သောင်းကျန်းသူစခန်းတွင် ဖမ်းဆီးချုပ်နှောင်ထားစဉ် ညိုကြီးတို့တစ်တွေက အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းကြသည်ကို ဘဂျမ်းက မကြည့်ရက်သည့်နည်းတူ ညိုကြီး၏ သမီးပုလဲကလည်း သနားကြင်နာပြီး ဇော်နိုင်အား တိတ်တခိုး ကူညီနေသည်။

ဇော်နိုင်၏ဒဏ်ရာများသက်သာချိန်တွင် ဘဂျမ်းနှင့် ပုလဲတို့၏အကူအညီဖြင့် ချုပ်နှောင်ထားရာမှ ဇော်နိုင် လွတ်မြောက်ခဲ့သည်။ ဘဂျမ်းနှင့် ပုလဲတို့က ဇော်နိုင်အား ကယ်တင်ပြီးချိန်တွင် ဗလကသိရှိပြီး လိုက်လံတိုက်ခိုက်လာ၍သုံးယောက်စလုံးခုခံပြေးလွှားကြရသည်။ ဘဂျမ်းက ဗလနှင့်သောင်းကျန်းသူများအား ခုခံရင်း သောင်းကျန်းသူစခန်းအား မီးရှို့နိုင်ခဲ့၍ သောင်းကျန်းသူများမှာ စခန်းမီးဘေးကာကွယ်ရေးကိုသာ ဦးစားပေးလုပ်ဆောင်ကြရသဖြင့် ဘဂျမ်း၊ ဇော်နိုင်နှင့်ပုလဲတို့လည်း သောင်းကျန်းသူများလက်မှ လွတ်မြောက်ခဲ့ကြသည်။ ဘဂျမ်းနှင့်အမာတို့ ပြန်လည်ဆုံစည်းခွင့်ရကြသည့်နည်းတူ ဇော်နိုင်နှင့်ပုလဲတို့လည်း လက်တွဲခွင့်ရခဲ့ကြသည်။ (ဗြိတိသျှဘားမားရုပ်ရှင်မှ ၁၉၄၀ပြည့်နှစ်တွင် ဝတ္ထုဇာတ်ညွှန်း ဦးဉာဏနှင့် ဒါရိုက်တာ ကျားဦးသိန်းမောင်တို့က ‘သွေး’ အသံတိတ်ရုပ်ရှင်ကားအား ပထမအကြိမ်ရိုက်ကူးခဲ့ပါသည်။ ဒုတိယအကြိမ် ရိုက်ကူးသည့် ‘သွေး’ အသံတိတ်ရုပ်ရှင်ကားတွင် ဘဂျမ်းအဖြစ် ရွှေဘနှင့် အမာအဖြစ် စံရှားတင်တို့ ခေါင်းဆောင် သရုပ်ဆောင်ကြသည်။)

(၈) မမေ့တဲ့နိုင်အောင်

၁။ ဝတ္ထု၊ ဇာတ်ညွှန်း
ထွန်းဝင်း

၂။ ဇာတ်လမ်း အမျိုးအစား
ရာဇဝတ်မှုပပျောက်ရေးနှင့် သောင်းကျန်းသူချုပ်ငြိမ်းရေး အချစ်ဇာတ်ကြမ်း။

၃။ ဒါရိုက်တာ
ထွန်းဝင်း

၄။ ထုတ်လုပ်သူ
လဝင်းရောင် ရုပ်ရှင်

၅။ သရုပ်ဆောင်များ
ရွှေဘ၊ ဗိုလ်ဗကို၊ တင်တင်မူ၊ ကြည်ကြည်စိန်

၆။ ရုံတင်သည့်ကာလ
၁၉၆၂ ခုနှစ်၊ ဩဂုတ်လ(၁၇)ရက်၊
(ရန်ကုန် ဆုထူးပန်ရုံ)

ပျဉ်းမနားနယ်တွင် ဒေါက်တာစိုးအောင်သည် လူနာများအပေါ် မေတ္တာစေတနာထားရှိ ကုသမှုကြောင့် ကျော်ကြား၍ လူချစ်လူခင်များသည့်အပြင် ပျဉ်းမနားမြို့ မျက်နှာဖုံးနှင့်လုကေရီ အပြုး၏ အချစ်ကိုလည်း ထူးခြားစွာရရှိထားသည်။ ထို့ပြင် အပြုး၏ဖခင်ကြီးမှာ နလုံးရောဂါသည်ဖြစ်၍ ဒေါက်တာစိုးအောင်က ဂရုပြုကုသပေးနေရသည်။ အပြုး၏မိထွေးက မိဘများနှင့် ရင်းနှီးနေသော သစ်စက်သူဌေး ရာဘနှင့် လက်ထပ်ပေးရန် ဆန္ဒပြင်းပြနေသည်။ ချစ်သူအပြုး၏ဖခင်နှင့် ပျဉ်းမနားမြို့မှ လူနာများအား နေ့ရောညပါ ဂရုစိုက်ကုသပေးနေသော ဒေါက်တာစိုးအောင်ထံသို့ ပေါင်းလောင်းမြစ်ဖျား တောတွင်း၌ အသည်းအသန်ဖြစ်နေသော ဖခင်အား လိုက်လံကုသပေးရန် မာလာအမည်ရှိ မိန်းမပျိုလေးက အရေးတကြီး လာရောက်ပင့်ဆောင်သည်။ ဒေါက်တာစိုးအောင်ကလည်း ဆရာဝန်ကောင်းပီသစွာ မာလာခေါ်ဆောင်သည့် လူနာ ဦးမြဟန်ရှိရာ ပေါင်းလောင်းမြစ်ဖျားဒေသသို့ ကြည်ဖြူစွာပင် လိုက်ပါလာခဲ့ရာ လူနာကိုတွေ့ရချိန်၌ သောင်းကျန်းသူစခန်းဖြစ်နေသည်ကို သိလိုက်သည်။ ထို့နောက် ဒေါက်တာစိုးအောင်အား ပျဉ်းမနားသို့ ပြန်သွားခွင့်မပေးတော့ဘဲ လူနာကျန်းမာရေးကောင်းမွန်မှ ပြန်ပို့ပေးမည်ဟု ပြောဆိုတားမြစ်ထားကြသည်။ ဒေါက်တာစိုးအောင်သည် သောင်းကျန်းသူစခန်း၌ နေထိုင်စဉ်အတွင်း သောင်းကျန်းသူတို့သည် မူးယစ်ဆေးဝါးကူးသန်းမှု၊ ပြန်ပေးမှု၊ လုယက်မှုနှင့် ဓားပြမှု စသည့် ရာဇဝတ်မှုမျိုးစုံ ကျူးလွန်နေကြသည်ကို

www.burmeseclassic.com

www.burmeseclassic.com



သိရှိခဲ့ရပြီး သောင်းကျန်းသူခေါင်းဆောင် လူနာ ဦးမြပှန်၏သမီး မာလာက တစ်ဖက်သတ် ချစ်နေသည့်အဖြစ်ကိုလည်း ရိပ်စားမိခဲ့သည်။

အပြုံးနှင့် ပျဉ်းမနားမြို့မှလူနာများက ဒေါက်တာစိုးအောင်ပြန်လည်ရောက်ရှိမလာခြင်းအတွက် ပူပင်သောကရောက်ရှိနေကြသည့်ပြင် အပြုံး၏ဖခင် ကျန်းမာရေးအခြေအနေမှာ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားနေသည်။ ဖခင်ကြီး၏ ဆေးဝါးကုသမှုအား အပြုံးနှင့်အတူ မိထွေးဖြစ်သူနှင့် မိတ်ဆွေ သစ်စက်သူဌေး ရာဘတို့က ကူညီပေးကြသည်။ ထိုစဉ် လူနာဦးမြပှန်၏ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာ၍ မာလာက ဒေါက်တာစိုးအောင်အား ပျဉ်းမနားသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။ ခရီးရောက်မဆိုက်ပင် ဒေါက်တာစိုးအောင်သည် အပြုံးထံသို့ အပြေးအလွှား ရောက်ခဲ့သော်လည်း အပြုံး၏ဖခင် အသုဘအခမ်းအနားကိုသာ ပက်ပင်းတွေ့ခဲ့ရသည်။ ထို့ပြင် ဒေါက်တာစိုးအောင်မှာ အပြုံး၏ နာကြည်းမှုနှင့် စိမ်းကားမှုတို့ပါဝင်သော အမုန်းများကို လက်ခံရပြီးနောက် သစ်စက်သူဌေး ရာဘ၏ အောင်ပွဲရပုံကိုလည်း တွေ့ခဲ့ရသည်။

ထို့နောက် ဒေါက်တာစိုးအောင်သည် အပြုံး၏ မုန်းတီးမှုကို မခံနိုင်တော့၍ ပျဉ်းမနားမှဆေးခန်းကိုပိတ်ကာ ပေါင်းလောင်းမြစ်ဖျားမှ သောင်းကျန်းသူစခန်းသို့ လှမိုးအမည်သစ်ဖြင့် စိတ်ပြေလက်ပျောက် သွားရောက်နေထိုင်ခဲ့သည်။ လှမိုးသည် သောင်းကျန်းသူစခန်းတွင် မာလာ၏ ကူညီရိုင်းပင်းမှုနှင့် ပြုစုစောင့်ရှောက်မှုဖြင့် စိတ်ဖြေဖျောက်နေစဉ် ပေါင်းလောင်းမြစ်ဖျားသို့ ထွန်းဝင်းနှင့် မြဒင်တို့ ညီအစ်ကိုဦးဆောင်သည့် ရွှေရှာဖွေရေးအဖွဲ့ ရောက်ရှိလာကြသည်။ သောင်းကျန်းသူအဖွဲ့မှာ ရွှေရှာဖွေရေးအဖွဲ့အား လိုလားမှုမရှိဘဲ စောင့်ကြည့်နေပြီး အနှောင့်အယှက်အမျိုးမျိုး ပေးကြရာ၌ ရွှေရှာဖွေရေးအဖွဲ့မှ ပြန်လည်ခုခံတွန်းလှန်မှုကိုလည်း ခံနေကြရသည်။ ထို့ကြောင့် သောင်းကျန်းသူအဖွဲ့မှ မကျေမနပ်ဖြစ်ပွားပြီး အစ်ကိုဖြစ်သူထွန်းဝင်းအား ရက်ရက်စက်စက် သတ်ပစ်လိုက်ကြသည်။ အစ်ကိုဖြစ်သူ အသတ်ခံရမှုအတွက် ညီဖြစ်သူ မြဒင်မှာ အခဲမကျေဖြစ်ပြီး အခြေအနေပေးက ရဲတပ်ဖွဲ့နှင့်ပူးပေါင်းပြီး သောင်းကျန်းသူအဖွဲ့အား ဖြိုခွဲနှိမ်နင်းရန်လည်း ပိုင်းဖြတ်ခဲ့သည်။

ထိုစဉ် လှမိုးနှင့်မြဒင်တို့ ဆုံစည်းရာမှ လှမိုး၏ သေနတ်ပစ်ကျွမ်းကျင်မှုအား မြဒင်က သဘောကျပြီးမြဒင်၏သတ္တိကို လှမိုးကလေးစားကာ ချစ်ခင်ရင်းနှီးသွားကြသည်။ သောင်းကျန်းသူများမှ အခွင့်သာလျှင် သာသလို မြဒင်တို့အား နှောင့်ယှက်တိုက်ခိုက်ကြတိုင်း အခြေအနေပေးလျှင်ပေးသလို လှမိုးက ဟန့်တားပြီး မြဒင်ကိုကူညီခဲ့သည်။ မြဒင်၏အသက်ကို ကယ်တင်သည့်အထိ လှမိုး၏ ကျေးဇူးက ကြီးမားခဲ့ပြီး မြဒင်ကလည်း အစ်ကိုရင်းတမျှ လှမိုးကို လေးစားချစ်ခင်လာခဲ့သည်။ လှမိုးနှင့်မြဒင်တို့၏ ဆက်ဆံရေးအပေါ် သောင်းကျန်းသူအချို့က သံသယဝင်ပြီး မကျေမနပ် ဖြစ်လာကြသော်လည်း ဦးမြပှန်နှင့် မာလာတို့က ဆေးဝါးကုသပေးခဲ့မှုကိုထောက်ထား၍ လှမိုးဘက်မှ ရပ်တည်ကာကွယ်ပေးခဲ့သည်။

လက်ထပ်ရန် စေ့စပ်ထားသော ရာဘမှာ မော်တော်ကားမှောက် သေဆုံးသွားသဖြင့် အပြုံးမှာ ဒေါက်တာစိုးအောင်ပြန်လာမည့်အချိန်ကို စောင့်စားရင်း သတင်းရသည်နှင့် လိုက်လံရှာဖွေလေ့ရှိသည်။ စိုးအောင်အား ပေါင်းလောင်းမြစ်ဖျားဒေသတွင် လိုက်လံရှာဖွေစဉ် အပြုံးကို သောင်းကျန်းသူများမှ နှောင့်ယှက်ကြရာတွင် မြဒင်နှင့် တွေ့ရှိပြီး ရှုပ်ရှုပ်ချုံချုံ ကယ်တင်ပေးခဲ့သည်။ အပြုံးနှင့် မြဒင်တို့ မိတ်ဆွေဖြစ်သွားကြပြီးနောက် အပြုံး၏ စိုးအောင်ရှာပုံတော်တွင် မြဒင်က ကူညီပါမည်ဟု ကတိပေးလိုက်သည်။ မြဒင်သည် သောင်းကျန်းသူနယ်မြေတွင် ရောက်ရှိနေသော လှမိုးအား ဆရာဝန်စိုးအောင်ဖြစ်နိုင်သည်ဟု စဉ်းစားမိသလို သောင်းကျန်းသူနယ်မြေတွင် ကျင်လည်နေသည့် လူရည်သန့် လှမိုး၏အဖြစ်ကိုလည်း မရှုစိမ့်ဖြစ်နေသည်။ ထို့ကြောင့် ရဲတပ်ဖွဲ့နှင့်ဆက်သွယ်၍ မြဒင်နှင့် ရှာဖွေရေးအဖွဲ့သည် သောင်းကျန်းသူစခန်းအား စီးနင်းဖြိုခွဲလိုက်ကြသည်။ သောင်းကျန်းသူအဖွဲ့အား ဖြိုခွဲစဉ်မှာပင် မာလာနှင့်လှမိုး ကျဆုံးခဲ့ကြ၍ မြဒင်က အပြုံးအား ကြေကွဲစွာသတင်းပို့ရင်း အားပေးနှစ်သိမ့်မှု ပြုလိုက်ရတော့သည်။ (မြဒင်အဖြစ် ရွှေဘ၊ ဒေါက်တာစိုးအောင်(လှမိုး)အဖြစ် ဗိုလ်ဗကို၊ အပြုံးအဖြစ် တင်တင်မူနှင့် မာလာအဖြစ် ကြည်ကြည်စိန်တို့ ပါဝင်သရုပ်ဆောင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



(၅) မင်းအာဏာ

၁။ ဝတ္ထု ဇာတ်ညွှန်း
ဦးဉာဏ

၂။ ဇာတ်လမ်း အမျိုးအစား
တရားဥပဒေစိုးမိုးရေးနှင့် မေတ္တာဖွဲ့ဇာတ်ကြမ်း

၃။ ဒါရိုက်တာ
ဘုန်းမော်

၄။ ထုတ်လုပ်သူ
မင်းလွင် ရုပ်ရှင်

၅။ သရုပ်ဆောင်များ
ရွှေဘ၊ ကျော်သန်း၊ ကြည်ကြည်ဌေး၊
မြတ်ကိုကို၊ ပန်းဝါ

၆။ ရုံတင်သည့်ကာလ
၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ (၉)ရက်၊
(ရန်ကုန်၊ ရွှေဂုံရုံ)

BURMESE CLASSIC .com

ချစ်ရွှေနှင့် ကျော်ညွှန့်တို့ ညီအစ်ကိုနှစ်ယောက်မှာ ငယ်စဉ်ကပင် မိဘများ ကွယ်လွန်သွားသဖြင့် သထုံမြို့မှ ဦးလေးဖြစ်သူက စောင့်ရှောက် ထိန်းသိမ်းပေးခဲ့သည်။ မိဘမဲ့ဖြစ်၍ ညီအစ်ကိုနှစ်ယောက်မှာ တစ်ယောက်နှင့် တစ်ယောက် သာမန်ထက်များစွာ ချစ်ခင်တွယ်တာကြသော်လည်း ပင်ကိုစရိုက်မှာမူ ခြားနားကြသည်။ ငယ်စဉ်ကပင် ကျော်ညွှန့်မှာ ပေပေတေတေ နေထိုင်ခဲ့ပြီး ချစ်ရွှေကမူ အနာဂတ်အတွက် ရည်မှန်းချက်ကြီးစွာ ထားရှိကြိုးစားခဲ့သည်။ ချစ်ရွှေသည် ပေပေတေတေနေသည့် ကျော်ညွှန့်အား ဆုံးမပဲ့ပြင်လေ့ရှိပြီး လူပေလူတေ ညီလေး ကျော်ညွှန့်ကို အလွန်ချစ်ခင် ဦးစားပေးလေ့ရှိသည်။

အရွယ်ရောက်ချိန်တွင် ချစ်ရွှေမှာ ဒုရဲအုပ်ဖြစ်လာပြီး သထုံမြို့မျက်နှာဖုံး သူဌေးသမီး ခင်မြရင်နှင့် လူငယ်ဘာဝ ချစ်ကျွမ်းဝင်ခဲ့ကြသည်။ သို့သော် ခင်မြရင်၏ မိဘများမှာ မိဘမဲ့ ဒုရဲအုပ်လေးချစ်ရွှေနှင့် ချစ်ကျွမ်းဝင်နေမှုကို မလိုလားဘဲ ချမ်းသာသော မိဘအသိုက်အဝန်းမှ ရဲအရာရှိ ချစ်တင်နှင့် စေ့စပ်ပေးရန် ရည်မှန်းထားကြသည်။ ခင်မြရင်တွင်လည်း မောင်ငယ် မြတ်ကို တစ်ဦးတည်းသာရှိပြီး မိသားစုတစ်ခုလုံးက အချစ်ပို အလိုလိုက်ထားကြသည်။ အရွယ်ရောက်လာသော်လည်း ကျော်ညွှန့်မှာ အလုပ်အကိုင်မရှိဘဲ လေလွင့်နေသဖြင့် ဦးလေးနှင့်အဒေါ်က မကြည်ဖြူတော့ဘဲ နေ့စဉ်လို ဆူပူကြိမ်းမောင်းလျက်ရှိသည်။ ထို့ကြောင့် ကျော်ညွှန့်သည် ဆူပူမခံလိုတော့၍ ရန်ကုန်သို့ အလုပ်ရှာရန် ထွက်လာခဲ့သည်။ ချစ်ရွှေမှာ လုပ်ငန်းတာဝန်အား ကျေပွန်စွာ ထမ်းဆောင်သဖြင့် ရဲအုပ်ရာထူး တိုးမြှင့်ခံခဲ့ရသည်။

ရန်ကုန်တွင် ကျော်ညွှန့်အား သူဌေးသား သူငယ်ချင်းတစ်ယောက်မှ လက်ခံထားပြီး အလုပ်ရရှိရေးကိုလည်း ကူညီခဲ့သည်။ ကျော်ညွှန့်၏ ထိုသူငယ်ချင်းမှာ ပန်းသည်မလေး ပန်းဝါနှင့် ရည်ငံနေစဉ်တွင် မြတ်ကိုကလည်း မိသားစု၏ ချမ်းသာကြွယ်ဝမှုနှင့် အလိုလိုက်မှုကို အသုံးချပြီး ပန်းဝါ၏အချစ်ကိုရရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိသည်။ တစ်ညတွင် မြတ်ကိုက ပန်းဝါကိုခိုးယူပြေးရာမှ ကျော်ညွှန့်တို့နှင့် မြတ်ကို အချင်းများခဲ့ကြပြီး ကျော်ညွှန့်က မြတ်ကိုအား ဓားဖြင့် ထိုးလိုက်မိသည်။ ရန်ကုန်သို့ လိုက်လာသည့် ခင်မြရင်တို့သားအဖမှာ မမျှော်လင့်ဘဲ နေအိမ်တွင် မြတ်ကို ဓားဒဏ်ရာဖြင့် ကွယ်လွန်နေသည်ကို တွေ့ရ၍ ရဲတပ်ဖွဲ့သို့ပို့၍ အမှုဖွင့်ခဲ့ကြသည်။

ခင်မြရင်တို့သားအဖ သထုံမြို့သို့ ပြန်လည်ရောက်ရှိချိန်တွင် ရဲတပ်ဖွဲ့မှ မြတ်ကိုအား သတ်သည့်တရားခံဖော်ထုတ်ရေးအတွက် ချစ်ရွှေအား ရန်ကုန်သို့ စေလွှတ်တာဝန်ပေးအပ်ထားပြီး ဖြစ်သည်။ ရန်ကုန်သို့ရောက်သည်နှင့် ချစ်ရွှေသည် ညီဖြစ်သူအား ဦးစွာခေါ်ယူတွေ့ဆုံပြီး မြတ်ကိုသေဆုံးမှုတွင် သဲလွန်စရရှိရေးအတွက် ကြိုးပမ်းခဲ့သည်။ ကျော်ညွှန့်က အစ်ကိုဖြစ်သူချစ်ရွှေ၏ တာဝန်ကို ကြိုးပမ်းထမ်းဆောင်မှုအပေါ် လေးစားအထင်ကြီးလာပြီး အဖြစ်မှန်ကို လှီးလွှဲဖုံးကွယ်နေရသည့် အဖြစ်ဆိုးနှင့် ကြုံတွေ့နေရသည်။

တာဝန်သိသူများ၏ သတင်းပေးမှုအရ ချစ်ရွှေနှင့် ရဲတပ်ဖွဲ့သည် ကျော်ညွှန့်အား စစ်ဆေးမေးမြန်းမှုပြုရန်အတွက် ကျော်ညွှန့်၏နေအိမ်ကိုဝိုင်းကြရာ ရဲများဝိုင်းရံထားသည့်ကြားမှ ကျော်ညွှန့်သည် စွန့်စားလွတ်မြောက်သွားခဲ့သည်။ ကျော်ညွှန့် ပုန်းခိုနိုင်မည့် နေရာအသီးသီးကို စုံစမ်းထောက်လှမ်းပြီး ချစ်ရွှေ နည်းအမျိုးမျိုးဖြင့် ဖမ်းဆီးရန်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးပမ်းခဲ့သော်လည်း ကျော်ညွန့်၏ လျှင်မြန်ဖျတ်လတ်မှုနှင့် စွန့်စားမှုကြောင့် အကြိမ်ကြိမ် လွတ်မြောက်သွားခဲ့ရသည်။ ထို့နောက် ကျော်ညွန့်သည် ရန်ကုန်မြို့တွင် ဆက်လက်နေထိုင်မှု မပြုနိုင်တော့၍ နယ်သို့ လှည့်လည်တိမ်းရှောင်နေထိုင်ခဲ့ရသည်။ သတင်းအရ ချစ်ရွှေသည် သထုံနယ်သို့ လိုက်လံထောက်လှမ်း ရှာဖွေခဲ့ရာ၌ ချစ်သူခင်မြရင်မှ လူသတ်တရားခံအား ဖြစ်သည့်နည်းဖြင့် ဖမ်းဆီးပေးရန် အကြိမ်ကြိမ်ပူဆာခဲ့သည်။ ချစ်ရွှေကလည်း လူသတ်တရားခံအား ဖမ်းဆီးပေးမည်ဟု ကတိပေးခဲ့သည်။ ထိုအချိန်ထိ ချစ်ရွှေသည် လူသတ်တရားခံအဖြစ် ကျော်ညွန့်အား မရိပ်စားမိသေးချေ။ ရအောင်ဖော်ထုတ်ဖမ်းဆီးပေးမည်ဟုသာ ကတိပေးခဲ့သည်။

သထုံမြို့သို့ ချစ်ရွှေရောက်ရှိနေကြောင်းသတင်းရ၍ ဝရမ်းပြေးကျော်ညွန့်သည် ချစ်ရွှေအား သွားရောက်တွေ့ဆုံခဲ့ရာ၌ မြတ်ကိုအား သတ်သည့်တရားခံ ဖော်ထုတ်ဖမ်းဆီးရေးတွင် အခက်အခဲကြုံတွေ့ရပုံ၊ တွေ့ကြတိုင်း ချစ်သူခင်မြရင်မှ တရားခံဖမ်းဆီးပေးရေး ပူဆာနေကာ တရားခံဖော်ထုတ်ပြီးမှ လက်ထပ်ရန်စီစဉ်ကြပုံ၊ တရားခံဖမ်းဆီးဖော်ထုတ်ရေး ကြန့်ကြာနေခြင်းအတွက် ရဲအရာရှိဦးချစ်တင်မှ ကြိမ်းမောင်းလျှက်ရှိပုံ၊ မှူခင်းတိုင်းတွင် တရားခံကိုဖော်ထုတ်နိုင်၍ နာမည်ကောင်းရခဲ့သော်လည်း ယခု မြတ်ကိုသတ်မှုတွင် နာမည်ပျက်ကိန်းရှိပုံ၊ ခင်မြရင်အား မိဘများမှ ရဲအရာရှိ ဦးချစ်တင်နှင့် စေ့စပ်ရန် စီစဉ်နေကြပုံတို့ကို သိခဲ့ရသည်။ ကျော်ညွန့်သည် အစ်ကိုဖြစ်သူ ချစ်ရွှေ၏ အကြပ်အတည်းကို ရိပ်စားမိပြီး အစ်ကိုအားချစ်လွန်း၍ လူသတ်တရားခံအား ဖမ်းဆီးနိုင်မည့်နေ့ရက်၊ အချိန်နှင့် နေရာကို ကိုယ်တိုင်စာရေးပြီး လျှို့ဝှက်သတင်းပေးခဲ့သည်။

BURMESE CLASSIC .com

ကျော်ညွန့်၏သတင်းပေးချက်အရ တရားခံအားသွားရောက်ဖမ်းဆီးခဲ့ရာတွင် ပစ်ခတ်မှုဖြစ်ပွားပြီး ချစ်ရွှေ၏ပစ်ခတ်မှုဖြင့်ပင် လူသတ်တရားခံကျော်ညွန့်အား ဖမ်းဆီးနိုင်ခဲ့သည်။ ချစ်ရွှေသည် ကျော်ညွန့်မှန်းမသိဘဲ ပစ်ခတ်ဖမ်းဆီးလိုက်ရ၍ ကြေကွဲဝမ်းနည်းမှု ကြီးမားစွာဖြစ်ခဲ့ရသည်။ တရားရုံးမှ ချမှတ်သည့်ပြစ်ဒဏ်အား ခံစားပြီး၍ အကျဉ်းထောင်မှ ကျော်ညွန့်လွတ်မြောက်လာသောအချိန်တွင် ရာထူးတိုးမြှင့်ခံရပြီးဖြစ်သည့် ချစ်ရွှေ၊ ဇနီးခင်မြရင်နှင့်မိသားစုက လာရောက်ကြိုဆိုကြသည်။ (ကျော်ညွန့်အဖြစ် ရွှေဘ၊ ချစ်ရွှေအဖြစ် ကျော်သန်း၊ ခင်မြရင်အဖြစ် ကြည်ကြည်ဌေး၊ မြတ်ကိုအဖြစ် မြတ်ကိုကိုနှင့် ပန်းဝါအဖြစ် ပန်းဝါတို့ သရုပ်ဆောင်ခဲ့ကြသည်။)

**ချစ်ကြည်ရေး ရုပ်ရှင် "ဗိုလ်စံဖဲ"မှ ရွှေဘ၊ သင်းသင်းလှ၊ နွဲ့နွဲ့အေး**



www.burmeseclassic.com

www.burmeseclassic.com

## ညှိနှိုင်းကိုးကားသည့် စာအုပ်စာတမ်းနှင့် ဆောင်းပါးများ

၁။ ဒဂုဏ်ပ ဦးဘတင် — ကျွန်ုပ်နှင့် မြန်မာရုပ်ရှင်လောက
၂။ ပြည့်စုံ — ကျွန်တော့်ဇာတ်လိုက် ချစ်ရွှေကြီး
၃။ ရွှေလေးမောင် — ပြည်သူတွေချစ်ခဲ့သော ရုပ်ရှင်အနုပညာရှင်ကြီးများ
၄။ သိမ်ဖြူ ကြွယ်ဝ — နှစ်(၅၀)ခရီး မြန်မာ့ရုပ်ရှင်အနုပညာရှင်များ
၅။ စစ်ကိုင်း လှရွှေ — ရုပ်ရှင်ဂီတနှင့် ကျွန်တော်
၆။ စစ်ကိုင်း လှရွှေ — ခေတ်ဟောင်းရုပ်ရှင် စတန့်မင်းသား(၁၀)ဦး
၇။ ချစ်နိုင် (စိတ်ပညာ) — သူတို့ ဘာကြောင့်အောင်မြင်
၈။ မိုးမြင့်ဦး — အကျော်ကြားဆုံးနှင့် ပရိသတ်အင်အားအများဆုံး မင်းသားများ
၉။ ကျော်သန်းမြင့်(ဖန်းမော်) — မြန်မာ့ရုပ်ရှင်ငွေကြယ်ပွင့်တို့ ရုပ်ပုံလွှာများ
၁၀။ ပထမအကြိမ်မြောက် ရုပ်ရှင်နှီးနှောဖလှယ်ပွဲစာတန်းများ (၁၉၆၈)
၁၂။ မောင်သူရိန် — စတန့်မင်းသား ရွှေဘ (ရုပ်ရှင်အောင်လံ ၁၉၈၉ ဇန်နဝါရီ)
၁၃။ မြတ်လေး — မင်းသားရွေးနည်း ထိုတစ်နည်း (ရွှေအမြုတေ ၁၉၉၉ ဒီဇင်ဘာ)
၁၄။ မောင်ခိုင်လတ် — လွမ်းတတ်သူ ရသစာတမ်း (မဟေသီ ၂၀၀၄ ဇန်နဝါရီ)
၁၅။ ကျော်သန်းမြင့်(ဖန်းမော်) — သမိုင်းဖြစ်စဉ်ထဲက သင်းသင်းလဲ့ (ရွှေအမြုတေ ၂၀၀၅ ဧပြီ)
၁၆။ ဖိုးသောကြာ (ခေတ်+မိုး) — ရုပ်ရှင်ဇာတ်ရုပ်တွေ အဟုတ်ပဲပေါက်နေကြပြီလား (အလင်းတန်းဂျာနယ် ၁၆–၈–၂၀၀၇)
၁၇။ ဖိုးသောကြာ (ခေတ်+မိုး) — ဦးရွှေဘနာမည်မပါလို့ မကျေနပ်ဘူး (အလင်းတန်းဂျာနယ် ၁၃–၉–၂၀၀၄)
၁၈။ တက္ကသိုလ် ခင်မောင်လေး — သုံးပွင့်ဆိုင် စကားပြောခြင်း (ရုပ်ရှင်သစ္စာ ၁၉၈၅ ဩဂုတ်)
၁၉။ ဗိုနန်း — ဗာဒံရိပ် စကားဝိုင်း (ရုပ်ရှင်သစ္စာ ၁၉၈၅ စက်တင်ဘာ)
၂၀။ တက္ကသိုလ် မြတ်ဖင် — သန်းသန်းဆင့်ရဲ့ မင်္ဂလာဆောင်း (ရုပ်ရှင်သစ္စာ ၁၉၈၉ ဖေဖော်ဝါရီ)
၂၁။ ထွန်းလှိုင် — ရုပ်ရှင်နယ်မှ ချစ်စရာလေးများ (ရုပ်ရှင်ကြေးမုံ ၁၉၈၈ မေလ)
၂၂။ စိန်ခင်မောင်ရီ — ဒါဖတ်ပြီးမှ ရုပ်ရှင်ကြည့်ပါ (သောင်းပြောင်းထွေလာ ၁၉၈၃ စက်တင်ဘာ)
၂၃။ သော်တာဆွေ — ရုပ်ရှင်မင်းသားရွှေဘမှ ဗွီဒီယိုသို့ (သောင်းပြောင်းထွေလာ ၁၉၈၇ ဇန်နဝါရီ)
၂၄။ ဘုန်းမြင့် (ရွှေမင်းဝံ) — ပဲရော့ဦးဆန်နီ (ရုပ်ရှင် ၁၉၈၅ ဖေဖော်ဝါရီနှင့် မတ်)
၂၅။ ဂျကြိုင် (မဟာဝိဇ္ဇာ သမိုင်းအဓိက) — သမိုင်းဝင် မြန်မာ့ဆေးရောင်စုံရုပ်ရှင်များ (ရုပ်ရှင်အောင်လံ ၁၉၈၅ မတ်)

www.burmeseclassic.com

www.burmeseclassic.com


၂၆။ ဂျေကြိုင် (မဟာဝိဇ္ဇာ သမိုင်းအဓိက) ဝင်ငွေကောင်းခဲ့သော ဇာတ်ကားများနှင့် အများဆုံးရိုက်ကူးခဲ့ရသည့် မင်းသား၊ မင်းသမီးများ (ရုပ်ရှင်အောင်လံ ၁၉၇၉ ဖေဖော်ဝါရီ)

၂၇။ ဂျေကြိုင် (မဟာဝိဇ္ဇာ သမိုင်းအဓိက) မြန်မာရုပ်ရှင်သမိုင်းမှ သံစုံသွင်းဇာတ်ကားများ (ရုပ်ရှင်အောင်လံ ၁၉၉၂ စက်တင်ဘာ)

၂၈။ ဂျေကြိုင် (မဟာဝိဇ္ဇာ သမိုင်းအဓိက) ခေတ်ကြေးမုံကိုဖော်ပြသော ရုပ်ရှင်ကားများ (ရွှေအောင်လံ ၁၉၉၆ စက်တင်ဘာ)

၂၉။ ဂျေကြိုင် (မဟာဝိဇ္ဇာ သမိုင်းအဓိက) ဒါရိုက်တာ တက္ကသိုလ်ဝင်းဖေ (ရွှေအောင်လံ ၂၀၀၃၊ စက်တင်ဘာနှင့် အောက်တိုဘာ)

၃၀။ ဂျေကြိုင် (မဟာဝိဇ္ဇာ သမိုင်းအဓိက) အသံထွက်ခေတ် မြန်မာ့ရုပ်ရှင်သမိုင်းမှတ်တိုင်များ (ရတီ၊ ၂၀၀၉ မတ်)

၃၁။ နန်းညွန့်ဆွေ ဒါရိုက်တာ ဦးနေဒွန်း (ရုပ်ရှင် ၁၉၈၈၊ ဖေဖော်ဝါရီ)

၃၂။ အောင်သျှံဝိုင်း (ကျိုက်မရော) သမ္မတလူကြမ်း လှဖေကြီး (ရုပ်ရှင် ၁၉၈၈၊ ဖေဖော်ဝါရီ)

၃၃။ မြင့်သီဟစိုး မင်းသားသက်ရှည်တဲ့ ရဲဘော်သက်ရှည် (ရုပ်ရှင် ၂၀၀၂၊ အောက်တိုဘာ)

၃၄။ တင်နိုင်တိုး ရေပန်းစားခဲ့သူ သရုပ်ဆောင်မင်းသားရွှေဘ (Weekly Eleven ၆–၅–၂၀၀၉)

၃၅။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၇၉)

## ညှိနှိုင်းအထောက်အထားယူသည့် မဂ္ဂဇင်းများ

(၁) ရုပ်ရှင်မျက်မှန်၊ (၂) ရုပ်ရှင်၊ (၃) ရုပ်ရှင်သစ္စာ၊ (၄) ရုပ်ရှင်အောင်လံ၊ (၅) ရွှေအောင်လံ၊ (၆) ရုပ်ရှင်ရှေ့ဆောင်၊ (၇) ရုပ်ရှင်သစ်၊ (၈) ဖလင်ရုပ်စုံမဂ္ဂဇင်းများတွင် ဖော်ပြခဲ့ကြသည့် လက်လှမ်းမီသမျှ ရုပ်ရှင်သတင်းများ၊ ရုပ်ရှင်မှတ်တမ်းများနှင့် ကြော်ငြာများ။

## တွေ့ဆုံဆွေးနွေး အကူအညီပေးသည့် ပုဂ္ဂိုလ်များ

၁။ စာရေးဆရာ၊ သွေးသောက်မဂ္ဂဇင်းတည်းဖြတ်ထုတ်ဝေသူ၊ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာ ပြည့်စုံ

၂။ စာရေးဆရာ၊ ရုပ်ရှင်မျက်မှန်မဂ္ဂဇင်း၊ တာဝန်ခံစာတည်း၊ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာ မောင်ရွှေစွန်

၃။ စာရေးဆရာ၊ အနုပညာကြေးမုံမဂ္ဂဇင်းနှင့် မှခင်းသတင်းဂျာနယ် တာဝန်ခံအယ်ဒီတာ၊ ဒါရိုက်တာ မောင်ယဉ်ကျော်

၄။ စာရေးဆရာနှင့် ရုပ်ရှင်သုတေသီ ဂျေကြိုင် (မဟာဝိဇ္ဇာ သမိုင်းအဓိက)

၅။ ဒေါ်တင်တင်ညို(မင်းသားရွှေဘ၏ဇနီး ရုပ်ရှင်မင်းသမီး သင်းသင်းလဲ့)

www.burmeseclassic.com

www.burmeseclassic.com

## ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီမှ ထုတ်ဝေသော
## စာအုပ်များ

၁။ ကင်းဝန်ခြေရာ လိုက်၍သာ (အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း)
အမျိုးသားစာပေဆု (စာပဒေသာ) ၁၉၉၈ ခုနှစ်၊
၂။ သင့်ရဲ့စွမ်းရည် မိုးသို့မီ (ကျော်ညွှန့်မိုး)
၃။ သဘာဝသမားတော် (မောင်သာမညှ)
(အမေ့ရွှာစာပျိုးခင်းဆု) ၂၀၀၄ ခုနှစ်
၄။ ဈေးကွက်ရှာဖွေထူထောင်ခြင်းဆိုင်ရာမှုကြီးများ (မောင်စူးစမ်း)
၅။ ထိပ်ဆုံးမှာ တွေ့ကြမယ် (ခင်မောင်ညို–ဘောဂဗေဒ)
၆။ ဥတုဘောဇနသင်္ဂဟကျမ်း (ယောမြို့စားအတွင်းဝန် ဦးဘိုးလှိုင်)
၇။ ခေါင်းဆောင်မှုစွမ်းရည် ဥပဒေသများ (မောင်မြင့်ကြွယ်)
၈။ အကြွင်းမဲ့ခေါင်းဆောင်မှု သဘောတရား (မောင်မြင့်ကြွယ်)
သုတစွယ်စုံစာပေဆု (ဘာသာပြန်) ၂၀၀၆ ခုနှစ်
၉။ စက်ဝန်းပြည့်ခေါင်းဆောင်မှု အတတ်ပညာ (မောင်မြင့်ကြွယ်)
၁၀။ ဤကမ္ဘာလောကနှင့် ရေနံစွမ်းအင်ပြဿနာ
(အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်)
သုတစွယ်စုံစာပေဆု (နိုင်ငံတကာရေးရာ) ၂၀၀၇ ခုနှစ်
၁၁။ ကမ္ဘာ့အရင်းရှင်စနစ် အသံတိတ်နန်းသိမ်းပွဲ (မြရင်)
၁၂။ အကောင်းမြင်စိတ်စွမ်းအား (မောင်ဆုရှင်)
၁၃။ MY WORD! (Essays on English Usage) (U Ko Ko - SUNSIT)
၁၄။ အိမ်တွင်းသမားတော် (မောင်ဆုရှင်)
၁၅။ ခန္ဓာသန်စွမ်း စိတ်ရွှင်လန်းဖို့ လေ့ကျင့်ခန်းများ (မောင်ဆုရှင်)

www.burmeseclassic.com

www.burmeseclassic.com

## ထွန်းဖောင်ဒေးရှင်းစာပေဆုရ
## စာအုပ်များ

၁၆။ ရန်အောင်၏ စာပေခရီးတစ်ခု (လှတိုး–စိတ်ပညာ)
၁၇။ လက်ရာအစုံ နဂါးရုံ (မင်းဘူးအောင်ကြိုင်/ Taung Goe)
၁၈။ မြန်မာ–မဏိပူရစစ်သမိုင်း (မောင်နွယ်သန်း)
၁၉။ ပျူမြို့ပြယဉ်ကျေးမှုသမိုင်း (ဌေးဝေ)
၂၀။ ကျပင်းဘုန်းကြီး မေတ္တာစာ (ကိုကြီးကျော်)
၂၁။ ကျန်းမာ ချမ်းသာပါစေ (ကိုဇော်ဌေး–ယဉ်ကျေးမှု)
၂၂။ စံပယ်တစ်ကုံး ကြယ်တစ်ကုံး ကလေးကဗျာများ (မင်းချမ်းမွန်)
၂၃။ မြင်းခြံမြို့ ဆရာကြီးဦးအေးနှင့် တိမ်မြုပ်နေသော သူ့စာပေများ (မောင်မောင်ညွန့်–မန်းတက္ကသိုလ်)
၂၄။ ဦးပဂျိုငို (တိုးတက်ရေးဦးစိန်) သူ့ဘဝ၊ သူ့စာ၊ သူ့တရား (မင်းလှမြတ်ထွေး)
၂၅။ Kinwun Mingyi And Dhammathats (အောင်သန်းထွန်း–မုံရွာ)
၂၆။ ရှေးဟောင်းမွန်ခေါင်းလောင်းစာမှ စာပေအထောက်အထားများ (မြမြချို)
၂၇။ Myanmar and The Europeans (ဦးလှသိန်း)
၂၈။ ကုန်းဘောင်ခေတ် ယောဒေသ (ဦးကျော်၊ သမိုင်းပါမောက္ခ)
၂၉။ သံသာချိုလွင် ကလေးကဗျာများ (လူမွန်၊ ပခုက္ကူ)
၃၀။ သစ်သီးဝလံ ပန်းမန်သစ်ပင်နှင့် မြန်မာ့အတွေးအမြင် (မခင်နု၊ ဒဿန)

**ဖြန့်ချိရာဌာန**
**ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီ**
အမှတ်–၅၃/၆၁၊ သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့်၊
ဖုန်း–၀၁ ၂၉၆၃၂၅၊ ၀၁ ၂၉၆၂၆၁၊ ၀၉ ၇၃၁၀ ၄၄၈၇

www.burmeseclassic.com